# ရွှေဥဒေါင်း

# ဝတ္ထုတိုပေါင်းချုပ်တတိယတွဲ

## (ဘဝကြွမ္မာ ဆန်းကြယ်ရာ ဝတ္ထုတိုများ)




mgyoe.com

mgyoe.com

# ရွှေဒေါင်း

# ဝတ္ထုတိုပေါင်းချုပ် တတိယတွဲ

(ဘဝကြမ္မာ ဆန်းကြယ်ရာ ဝတ္ထုတိုများ)




ISBN 9789997114129
SOD4
9 789997 114129
4,000.00KS

mgyoe.com

မြန်မာစာပေနယ်တွင် အရေးအသား၏ ကောင်းမွန်မှုအရ ရော အတွေးအခေါ်၏ထက်မြက်မှုအရပါ ယနေ့ထိ စံထားရဆဲ စာရေးဆရာကြီးရွှေဥဒေါင်း၏ စာပေလက်ရာများ အနက် စုံထောက်မောင်စံရှား၊ စုံထောက်ဦးစံရှား ဝတ္ထုတို များမှအပ ကျန်ဝတ္ထုတိုလက်ရာတို့ကို တစ်စုတစည်း တည်းဖြစ်စေရန် ရွှေဥဒေါင်းဝတ္ထုတိုပေါင်းချုပ်ဟူ၍ အတွဲ များခွဲပြီး စိတ်ကူးချိုချိုမှ ပြန်လည်ထုတ်ဝေလျက် ရှိပါ သည်။

ယခု ရွှေဥဒေါင်းဝတ္ထုတိုပေါင်းချုပ် တတိယတွဲ အဖြစ် စုစည်းထုတ်ဝေရာတွင် ဝတ္ထုတို(     )ပုဒ် ပါဝင်ပြီး ပါဝင်သော လက်ရာများကို ခြုံငုံလိုက်ဖက်ညီမည့် **'ဘဝ ကြမ္မာ ဆန်းကြယ်ရာ ဝတ္ထုတိုများ'** ဟူသော အမည် တစ်ခုဖြင့်လည်း ဤတတိယတွဲကို အမှတ်အသားပြုပေး လိုက်ပါသည်။

ဆရာကြီး၏ ဝတ္ထုတိုများကို ပြန်လည်စုစည်း ရာတွင် စာအုပ်တိုက်အနေဖြင့် ခုနှစ်အားဖြင့် ဖြစ်စေ၊ ရသ လက်ရာ ဇာတ်လမ်း စသည်ဖြင့် မျိုးတူစု၍ ဖြစ်စေ အတွဲခွဲ စုစည်းသင့်သည်မှန်သော်လည်း အဆိုပါတာဝန်ကို ပြည့်စုံ အောင် ထမ်းဆောင်နိုင်ခြင်းမရှိသေးဘဲ *(စာအုပ်တိုက် အသီးသီးမှ မူကွဲအမျိုးမျိုးဖြင့် ကိုယ့်မူနှင့်ကိုယ် စီစဉ် စု စည်းထုတ်ဝေခဲ့ကြပြီး စာအုပ်အမျိုးမျိုးတွင် အကြိမ်ကြိမ် ပါဝင်လျက် ရောရောထွေးထွေးရှိနေသော ဆရာကြီး၏ ဝတ္ထုတိုအားလုံးကို)* စာဖတ်ပရိသတ်များ အဆင်ပြေဖွယ် ရာ စုံစုံလင်လင် စုစုစည်းစည်း အတွဲခွဲ၍ တင်ဆက်ပေး လိုသော ရည်ရွယ်ချက်ကိုသာ ဦးတည်နိုင်ခဲ့ကြောင်း ဝန်ခံ အပ်ပါသည်။



mgyoe.com

mgyoe.com



mgyoe.com

ရွှေဥဒေါင်း ဝတ္ထုတိုပေါင်းချုပ် စာတိုက်မပတ္တဲ့

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၄၇၇၀၆၀၄ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၅၇၂၀၆၀၅ တို့ဖြင့်

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးထွန်းထွန်းဦး၊ အင်ကြင်းဦး ပုံနှိပ်တိုက်၊ ကျွန်းတောလမ်း၊ ရန်ကုန်တို့က ပထမအကြိမ် စောင်ရေ-၅၀၀ ရိုက်နှိပ်ကာ ၂၀၀၆ ခု၊ ဩဂုတ်လတွင် တန်ဖိုး ၄၀၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုမြင့်

mgyoe.com

mgyoe.com

# မာတိကာ


၁။ မျိုးရိုးဗီဇ ၇
၂။ အာဠဝကလိုဏ်ခေါင်းဝတ္ထု ၂၈
၃။ လက်မတင်ကလေး ၄၂
၄။ လူဝါးဝတဲ့မြင်း ၆၇
၅။ ဇာတိနှင့် ပဝတ္တိ ၈၄
၆။ ထင်းတုံးမြင့်တုံ မြက်မြင့်တုံ ၁၀၁
၇။ ဝက်ကပြီ ဖော်ရော့ ၁၁၈
၈။ သံတူရုပ်ကွဲ ၁၃၀
၉။ အသည်းထိတ်ဖွယ် ကြောက်စရာကြီး ၁၄၉
၁၀။ ဦးစံရှားကို နမူနာယူသောရှေ့နေ ၁၆၃
၁၁။ ရှစ်သောင်းတန်ဘယက် ၁၇၂
၁၂။ ကြောက်လေ ကြောက်လေ ၁၉၀
၁၃။ မီးရထားကုမ္ပဏီကို မိုက်ကြေးခွဲပုံ ၂၀၂
၁၄။ မကောင်းကြံ မကောင်းဖြစ် ၂၁၆
၁၅။ စေတစ်လုံးရသူ ၂၂၉
၁၆။ နိဗ္ဗာဒါသူရဲ ၂၄၄
၁၇။ ရွှေမန်းမယ်ရွေးပွဲ၏ နောက်ဆက်တွဲ ၂၆၃
၁၈။ နောက်ပိတ် အိတ်နှင့်လွယ် ၂၉၃
၁၉။ ပုစွန်ထားလို့ လက်မှအနိုင်နိုင် ၃၂၁
၂၀။ လူသတ်မှုအရုပ်အထွေး ၃၄၁
၂၁။ ပြည်တန်ပတ္တမြား ၃၅၈
၂၂။ ပျိုကြီးမူးစိန်ကြီးအကြောင်း ၃၈၂
၂၃။ ပြန်ဆုံမိခြင်း ၄၀၇
၂၄။ မင်းတုန်းမင်း၏ရွှေဖလား ၄၂၉
၂၅။ တခဲဏှာပွတ်ညဏ် ၄၄၅


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မျိုးရိုးဗီဇ

"သဘာဝစမ္မတာဆိုတာ ခက်ဘိခြင်းဗျ၊ မိဘလုပ်တဲ့လူက မွတ်လွန်းပြီဆိုမှဖြင့် သားသမီးကျရင် အူတူတူ အတတ ပေါက်ဖွားတတ်တယ်၊ အခါခပ်သိမ်းတော့လည်း မဟုတ်ပေဘူးပေါ့ဗျာ၊ အဖေကလည်း လူလည်၊ သားကလည်း လူလည်၊ ဒီလိုဟာမျိုးလည်း ရှိတာပေါ့။ သို့သော် အများအားဖြင့် ကျုပ်တွေ့ဖူးတာကတော့ အဖေလုပ်တဲ့လူက မရမက၊ ကတ်ကတ်သတ်သတ်ရှာပြီး ပစ္စည်းတွေချန်ထားခဲ့ပေမဲ့ သားလက်ထက်မှာ ဘာမှမကြာဘူး။ ခဏကလေးနဲ့ ပြောင်သွားတာတွေ တွေ့ရပေါင်းများလှပြီ"

အထက်ပါ စကားများသည် ဝတ်လုံတော်ရ ဦးဘစိက ကျွန်ုပ်အား မကြာခဏ ဖော်ထုတ်ပြောပြလေ့ရှိသည့် ထင်မြင်ချက်ပင် ဖြစ်လေသည်။ ဦးဘစိမှာ မျိုးရိုးဇာတိအကြောင်းကို လေ့လာလိုက်စားသော အထုံဝါသနာပါရှိသူ တစ်ယောက်ဖြစ်၍ ကပ်စေးနဲ့ဖခင်၏အမွေကို ရော်ရမ်းသော သားသမီးက သုံးဖြုန်းပစ်တတ်သည်ဆိုသော သဘာဝကို ယုံကြည်သူဖြစ်သဖြင့် ကျွန်ုပ်နှင့် တွေ့ရသောအခါတိုင်း ဤအကြောင်းကို ဆွေးနွေးလေ့ရှိ၏။

နုပ် ။ ။ "ဟုတ်နိုင်ပါ့မလားဗျ၊ အနောက်တိုင်း လောကဓာတ်ဆရာတွေက မျိုးရိုးလိုက်တယ်လို့ ဝန်ခံထားတယ် မဟုတ်လားဗျာ"

စိ ။ ။ "မျိုးရိုးလိုက်တာတော့ လိုက်တာပဲလေ၊ သို့သော် ဘိုးဘေးအစဉ်အဆက် ကပ်စေးနဲ့တွေချည်း ဖြစ်ကုန်ရင် လောကမှာ ပစ္စည်းပျံ့နှံ့ဖို့ ဘယ်မှာ အခွင့်အလမ်း ရရှိနိုင်တော့မှာလဲဗျ၊ သူတို့တစ်တွေရဲ့ လက်ထဲချည်း ရောက်ကုန်ရတော့မှာပေါ့၊ ဒါကြောင့် သဘာဝစမ္မတက မဲတင်းပေးတဲ့ အနေမျိုးနဲ့ သူတို့အထဲမှာ လူဖြုန်းတစ်လှည့်တစ်ပတ် ပေါ်ပေါ်ပေးရတာပေါ့ဗျာ"

mgyoe.com

mgyoe.com

နုပ် ။ ။ "ဒါဖြင့် မိဘက သုံးဖြုန်းတတ်ရင် သားသမီးမှာကျတော့ စုဆောင်းတတ်ကရောလားဗျာ"

စီ ။ ။ "ဟာ ဒီလိုတော့ ဘယ်ဟုတ်မလဲဗျ၊ ကောင်းလွန်းရင် တစ်ချက်တစ်ချက် စုန်းပြူးထွက်တတ်တဲ့အကြောင်းကိုသာ ကျုပ် ပြောပါတယ်။ ညံ့ချင် ဖျင်းချင်ပြီ ဆိုမှဖြင့် လေးငါးဆယ်ဆက် ဆက်လက်ပြီး ညံ့နိုင်တာမျိုးပဲဗျ"

နုပ် ။ ။ "ခင်ဗျားဟာက ကြောက်စရာကြီးဗျာ၊ လူတွေကို အောက်ဆွဲချတဲ့ ဝါဒကိုးဗျ၊ အထက်တက်တယ်လို့တော့ မရှိရတော့ဘူးလားဗျာ"

စီ ။ ။ "နတ်ပြည်တက်တဲ့လူ တစ်ယောက်ရှိတိုင်း အပါယ်လေးဘုံကျတဲ့လူ ဘယ်နှယောက်ရှိတယ် ထင်သလဲ၊ အောက်ဆင်းတာကတော့ သဘာဝပဲဗျ၊ ဒါကြောင့်လည်း သံသရာကြီးဟာ ကြောက်ဖို့ကောင်းတယ် မဟုတ်လား"

နုပ် ။ ။ "ခင်ဗျားဝါဒနဲ့ ကိုက်ညီတဲ့ ဥဒါဟရုဏ်တစ်ခုလောက် ပြစမ်းဗျာ"

စီ ။ ။ "ဥဒါဟရုဏ်ပြဖို့ မခက်ပါဘူး၊ သူ့ကို သတိရလို့ ဒီစကားကို ကျုပ် ဆိုခြင်းပါပဲ၊ ကျုပ်တို့ ပုဇွန်တောင်က ပွဲစားကြီး ဦးအောင်ကျော်ရဲ့ သား မောင်မင်းမောင် ကြည့်စမ်းပါတော့လားဗျ၊ ဘယ့်နှယ်နေသလဲ"

နုပ် ။ ။ "ဟုတ်ကဲ့၊ ဦးဘိုးကာရဲ့သား မောင်ညွန့်တင်နဲ့ ယှဉ်လိုက်ရင်တော့ တူတယ်လို့ ဆိုရပေမှာပေါ့ဗျာ၊ သို့သော် အစအဆုံး ကြည့်ပါဦးလေ၊ နောက်ဆုံးကျတော့ ဘယ်သူ ထောင်တက်မယ်၊ ဘယ်သူ စိုက်ဆင်းမယ် မပြောနိုင်သေးပါဘူးဗျာ"

ကျွန်ုပ်နှင့် ဝတ်လုံတော်ရ ဦးဘစီတို့ စကားစပ်မိ၍ ပြောကြသော မောင်မင်းမောင်နှင့် မောင်ညွန့်တင်တို့မှာ ခေတ်အမြင်အားဖြင့် လွန်စွာ စိတ်ဝင်စားဖွယ်ကောင်းလှသည့် လူငယ်နှစ်ယောက် ဖြစ်ပေ၏။ စပါးပွဲစားကြီး ဦးအောင်ကျော်မှာ ဆန်စပါးလောကတွင် ပြိုင်ဘက်ရှားအောင် ပါးနပ်သူဖြစ်၍ မြန်မာများ အနားသို့မျှ မသီနိုင်ခဲ့သော 'ဘူလင်ဂျာပူးလ်' ၏အာဝါသကို ခိုလှုံခြင်းအားဖြင့် သားကလေး အရွယ်ရောက်လာသောအချိန်တွင် မြန်မာပွဲစားများအနက် ထိပ်ဆုံးတန်းစာရင်းဝင်တစ်ယောက် ဖြစ်ခဲ့၏။ မြန်မာပွဲစားများအနက် ဆန်ဈေး၊ စပါးဈေးကို ရက်သတ္တ တစ်ပတ်နှစ်ပတ်မျှ ကြိုတင်ခန့်မှန်းနိုင်လျှင် လူတော်လူတတ်လုပ်ခဲ့ကြရာ ဦးအောင်ကျော်မှုကား ဤနှစ် စပါးပေါ်သော အချိန်တွင် ဈေးနှုန်း မည်မျှနှင့် စပေါ်လိမ့်မည်ကို ဝါဆိုဝါခေါင်ကတည်းက မှန်းနိုင် ခန့်နိုင်လေသည်။ ထို့ကြောင့် ဘေးထိုးရင်ကျပ်နာဖြင့် ရုတ်တရက်

mgyoe.com

mgyoe.com

ကွယ်လွန်သောအခါတွင် ဦးအောင်ကျော်တွင် တစ်ဦးတည်းသောသား မောင်မင်းမောင်အတွက် စပါးစက်နှင့် ဆီစက်တို့အပြင် တိုက်လေးငါးလုံးနှင့် ဘဏ်တိုက်တွင် ငွေသိန်းပေါင်းများစွာ ထားခဲ့နိုင်ခြင်းဖြစ်လေသည်။

ဦးအောင်ကျော်၏သူငယ်ချင်း ဦးဘိုးကာမှာ ပထမ၌ ဦးအောင်ကျော်ကဲ့သို့ အခြေမတောင့်တင်းသော်လည်း ဦးအောင်ကျော် တစ်ကျပ်ဝင်လျှင် တစ်မတ်ဝင်အောင် ရှာတတ်သည်တစ်ကြောင်း၊ ဦးအောင်ကျော်၏သား မောင်မင်းမောင်ကဲ့သို့ ကမ္ဘာအနံ့အပြား လှည့်လည်သုံးဖြုန်းသော သားမျိုးလည်း မရှိသည်တစ်ကြောင်း၊ ဖာဖာထေးထေး စီမံတတ်သော အိမ်ရှင်မ၏အကူအညီကြောင့်တစ်ကြောင်း ဦးဘိုးကာ မျက်စိမှိတ်သောအခါတွင် တစ်ဦးတည်းသောသား မောင်ညွှန့်တင်အတွက် စပါးစက်တစ်လုံးနှင့် တိုက်နှစ်လုံး ထားခဲ့နိုင်ပေသည်။

ဦးအောင်ကျော်မှာ ကုန်သည်ပွဲစားလောက၌ အပါးနပ်ဆုံးလူတစ်ယောက်အဖြစ်ဖြင့် နာမည်ကြီးခဲ့သလောက် သားမောင်မင်းမောင်မှာ ဖခင်အမွေအနှစ်များကို ခံယူရရှိပြီးသည့်နောက်တွင် အလွန်ထူသော အသော လူတစ်ယောက်အနေဖြင့် ကဲ့ရဲ့ရှုတ်ချခြင်း ခံရ၏။ အဘယ်ကြောင့်ဆိုသော် မောင်မင်းမောင်သည် ဖခင်ထားခဲ့သော စက်နှစ်လုံးကို ကိုယ်တိုင်အုပ်ချုပ်စီမံရန် မတတ်နိုင်သည်ဖြစ်၍ မောင်ညွှန့်တင်သို့ မျက်နှာလွှဲ ခဲပစ် ရောင်းချလိုက်ရုံမျှမက ပွဲခကိုပင် မောင်ညွှန့်တင် မခံရဘဲ မောင်မင်းမောင်က ပေးဆောင်ရသောကြောင့် ဖြစ်လေသည်။ စက်ဖိုးပေးချေရာတွင်လည်း မောင်ညွှန့်တင်က တစ်ခါတည်း ပေးဆပ်နိုင်သည်မဟုတ်၊ အရစ်ကျပေးဆပ်ရသည်ဖြစ်၍ သူ့အမြတ်နှင့် သူ့ ပြန်ပေးပြီးလျှင် ငါးကြင်းဆီနှင့် ငါးကြင်းကြော်သည်ဟု ပွဲစားလောက၌ ပြောစမှတ်ဖြစ်ကျန်ရစ်ပေတော့သည်။ သို့ဖြစ်၍ မောင်ညွှန့်တင်သည် စက်နှစ်လုံးကို မောင်မင်းမောင်ထံမှ အလကားရသကဲ့သို့ ပြောကြ၍ မောင်ညွှန့်တင် လှီးချင်တိုင်း လှီး၍ ခံနေရသော လူအတစ်ယောက်အနေဖြင့် အသိအမှတ်ပြုကြလေသည်။

စက်နှစ်လုံး အရောင်းအဝယ်ဖြစ်ကြရာတွင်လည်း မောင်ညွှန့်တင်က ကြိုတင်စီမံထားသည့်အတိုင်း သူငယ်ချင်းနှစ်ယောက်တို့ ဟိုတယ်၌ စားစားသောက်သောက် တွေ့ဆုံကြ၍ ပြောင်သလို ချော်သလို ကရော်ကမည်ပြောကြရာမှ အတည်ဖြစ်၍ လက်မှတ်ထိုးဝယ်ယူသောအခြေသို့ ရောက်သွားတော့သည်ဆို၏။ မောင်ညွှန့်တင်က လက်မှတ်ထိုးဝယ်ယူရာတွင် ရှုံးနေသော လုပ်ငန်းတစ်ခုကို ဝယ်ယူရခြင်းကဲ့သို့ ရောင်းသူက ကျေးဇူးတတင် ရောင်းချရသည်ဟူ၍လည်း ပြောကြ၏။ အလုံးစုံ ပေါင်းစပ်ဆင်ခြင်လိုက်သော် ဤစက်ကြီး

mgyoe.com

နှစ်လုံး ရောင်းဝယ်မှုတွင် မောင်မင်းမောင်မှာ မောင်ညွန့်တင်ပြသမျှ ခံနေရသည့် လူအလူနကြီးတစ်ယောက် ဖြစ်ရလေတော့သည်။ ဤအရေးတွင် "ဖခင်ဦးအောင်ကျော်နှင့် ကွာလှချေရဲ့၊ အဖေကြီး ပါးနပ်သလောက် သားက ထုပ်ါ၊ အပါပေရဲ့၊ သွားလေသူ ဦးအောင်ကျော် မြင်ရလျှင် ရင်ကျိုးပြီး နှစ်ခါပြန်သေလောက်ပါရဲ့" စသည်ဖြင့် ပြောကြသည်။

မောင်မင်းမောင်နှင့် မောင်ညွန့်တင်တို့မှာ တစ်ရွယ်တည်း တစ်ရပ်တည်းသားဖြစ်ကြ၍ ကျောင်းနေဖက်သူငယ်ချင်း လူကုံထံသားအချင်းချင်းလည်း ဖြစ်ကြသည့်အလျောက် ပြိုင်ဘက်အနေဖြင့် ရင်ဆိုင်ရသော ကိစ္စများလည်း မကြာခဏ ပေါ်ပေါက်ခဲ့၏။ တစ်ခါက ရုံးအုပ်စာရေးကြီး ဦးထင်ပေါ်၏သမီး ခင်လှကြည်ကို မောင်မင်းမောင်နှင့် မောင်ညွန့်တင်တို့ နှစ်ယောက်စလုံး အပြိုင်အဆိုင် ပိုးပန်းခဲ့ကြ၏။ ခင်လှကြည်မှာ လစာနှင့်မလောက်အောင် နေထိုင်တတ်သောမိဘများ၏ တစ်ဦးတည်းသောသမီး ဖြစ်၍ အလွန်ဘိုဆန်သည့်အလျောက် ဝတ်ချင် စားချင် လှချင် ပချင်သော မိန်းကလေးဖြစ်၏။ ဘိုဆန်သောမိဘများ၏ ခေတ်ပညာတတ် သမီးချောကလေး ဖြစ်သည့်အလျောက် မောင်မင်းမောင်နှင့် မောင်ညွန့်တင်တို့၏မော်တော်ကားများသည် ဦးထင်ပေါ်၏နေအိမ် ဆင်ဝင်အောက်၌ တစ်လှည့်စီ ဆိုက်ကပ်နေကြတော့သည်။ မောင်မင်းမောင်၏မော်တော်ကား ထွက်သွား၍ နာရီဝက်မကြာမီ မောင်ညွန့်တင်၏ကား ဆိုက်ရောက်လာပြန်သဖြင့် အိမ်နီးချင်းများက "ကားစိမ်းနှင့် ကားနီ တစ်လှည့်စီဆိုက်နေသော အိမ်" ဟူ၍ ပြောကြလေသည်။

မောင်ညွန့်တင်မှာ အလုံးအရပ် ထောင်ထောင်မောင်းမောင်း ဂိုက်ကောင်း ဆိုက်ကောင်း ဖြစ်သည့်အလျောက် ဗလင်တီနိုဟု အမည်ပေးခြင်းခံရသူ တစ်ယောက် ဖြစ်သည့်အပြင် နှုတ်လျှာသွက်လက်လှ၍ ရှည်ကော့ကော့ မျက်တောင်ကြီးဖြင့် ဓာတ်လိုက်ဘတင့်ကဲ့သို့ မျက်လုံးများ ပုတ်ခတ်ပုတ်ခတ်လုပ်ကာ ကြည့်လိုက်ရာတွင် အတော်အတန်မိန်းမများ မခံမရပ်နိုင်အောင် ရှိလှသည်ဟု လူငယ်များ ပြောတတ်ကြလေသည်။

မောင်မင်းမောင်၏ ရုပ်လက္ခဏာမှုကား မောင်ညွန့်တင်နှင့် ကွာချင်တိုင်း ကွာလေတော့သည်။ နဂိုအားဖြင့် အရုပ်ဆိုးသည်မဟုတ်၊ သနားကမားရှိသည်ဟု ဆိုရမည်ဖြစ်သော်လည်း မောင်ညွန့်တင်နှင့် ယှဉ်လိုက်သောအခါတွင် ညှပ်တတ်တတ် သေးတေးတေးဖြစ်နေ၍ မောင်ညွန့်တင်၏ ကော့စင်းရှည်လျားသော မျက်တောင်ကြီးများသည် မောင်မင်းမောင်၏ ပါးလျားတိုတောင်းသော မျက်တောင်များကို အရုပ်ဆိုးအောင် ဖန်တီးသကဲ့သို့ ဖြစ်ရလေတော့သည်။

mgyoe.com

mgyoe.com

လသာမီးအိမ်သည် သူ့အလင်းရောင်နှင့်သူ တင့်တယ်လှသော်လည်း ဓာတ်မီးရောင် ပေါ်လာသောအခါ၌ မှေးမှိန် နုပ်စုပ်သွားရခြင်းကဲ့သို့ပင်။

ခင်လှကြည်သည် မောင်မင်းမောင်နှင့် မောင်ညွန့်တင်တို့ နှစ်ယောက်စလုံးကို ကြည်ဖြူစွာ လက်ခံသော်လည်း စပ်ကြားမှာ အကဲခတ်လျက်ရှိသော အိမ်နီးချင်း ပရိသတ်ကမူ မောင်ညွန့်တင်ဘက်မှ တစ်ပေးကြ၏။ ခင်လှကြည်၏ မိဘများကမူ နှစ်ယောက်စလုံးပင် စက်ပိုင်ရှင်များဖြစ်သောကြောင့် မည်သူကိုမှ သဘောတူသည်ဟု ဆုံးဖြတ်သည့် လက္ခဏာမရှိဘဲ မိချင်သော ငါး မိစေ၊ ပိုက်ကွန်ချရကျိုးနပ်တော့သည် ဆိုသကဲ့သို့ နှစ်ဦးလုံးကို လွတ်လပ်ရေး ပေးထားတော့သည်။ ခင်လှကြည်တို့နေထိုင်သော ရပ်ကွက်မှာ အများအားဖြင့် ဘိုကပြားများနှင့် မင်းမှုထမ်းများ ပေါများသောကြောင့် တစ်ရပ်လုံး ဘိုဆန်နေကြသဖြင့် ခင်လှကြည်၏အမူအရာကို ထူးဆန်းသည် မထင်ကြဘဲ စိတ်ဝင်စားသောအနေဖြင့် စောင့်၍ အကဲခတ်ကြည့်ရှုမျှသာ ရှိလေသည်။ ခင်လှကြည်ကိုယ်တိုင်မှာလည်း လေ့နံ နှစ်ဖက်နင်းသောအနေမျိုးဖြင့် လူငယ်နှစ်ယောက်ကို အကဲခတ်ရင်း မျက်နှာကြီးငယ်မလိုက်ဘဲ နှစ်ယောက်လုံးကို အလိုလိုက်လျက်ရှိလေသည်။

ပြောရန် တစ်ခုကျန်သေးသည်ကား ခင်လှကြည်၏ဖခင် ဦးထင်ပေါ်သည် မြင်းသမားကြီးတစ်ယောက်ဖြစ်၍ ရှူးဝါးတစ်များ ချော်သည့်အခါ လူငယ်နှစ်ယောက်အနက် မည်သူ့ထံမှ 'ငွေလှည့်' ရပါမည်နည်းဟု စဉ်းစား၏။ ၎င်းနှစ်ယောက်အနက်တွင် မောင်ညွန့်တင်က နှုတ်လျှာရွှင်သောကြောင့် လွယ်ကူလိမ့်မည်ထင်သည်နှင့် 'လှည့်စမ်း' ရာ ငွေငါးရာကို အလွယ်တကူ ထုတ်ချေးသောကြောင့် ငွေကျပ်သည့်အခါတိုင်း မောင်ညွန့်တင်ထံမှ ချေးယူကာ အဆက်လိုဖြစ်နေလေတော့သည်။ သို့သော် ဦးထင်ပေါ်သည် နိုင်သောအခါများတွင် ပြန်ဆပ်သည်ဖြစ်၍ ယူချည်ဆပ်ချည်ဖြင့် စုစုပေါင်းငွေ (၁၀၀၀ိ–၁၅၀၀ိ) ထက်ပို၍ ကြွေးတင်သည် မဟုတ်ချေ။ မောင်ညွန့်တင်ကမူ စက်ပိုင်တစ်ယောက်ဖြစ်၍ ဤမျှလောက်သောငွေကို အရေးမကြီး ဂရုမစိုက်လေဟန် အထင် ပေးနိုင်လေသည်။ မောင်မင်းမောင်နှင့်မူကား ငွေရေးကြေးရေးနှင့် ပတ်သက်၍ ဆက်ဆံဖူးသည် မရှိ။ ဂူနမားလ်ပိုးတိုက်မှ အထည်ဆန်းများရောက်ချိန်တွင် တစ်ထည်၊ နှစ်ထည် ဝယ်ယူ၍ ခင်လှကြည်အား လက်ဆောင်ပေးခဲ့ဖူးခြင်း မျှလောက်သာ ရှိ၏။ ဤမျှလောက်ဆိုလျှင် မောင်ညွန့်တင်ကလည်း မန္တလေး ပိုးထည်၊ ကတ္တီပါဖိနပ် စသည်များဖြင့် လက်ဆောင်ပေးဖူးသည်သာ ဖြစ်၍ ပြောပလောက်အောင် မရှိချေ။

mgyoe.com

mgyoe.com

ဤနည်းဖြင့် လူငယ်နှစ်ယောက်သည် သူလိုလို၊ ငါလိုလိုနှင့် ခင်လှကြည်အား ပိုးပန်းလျက်ရှိကြရာ ခင်လှကြည်နှင့် မိဘများကိုယ်တိုင် မည်သူ့ကို 'ပုံသေကားကျ' သဘောထားကြရမည်ကို မဝေခွဲနိုင်သေးသည့်အခြေအနေ၌ ရှိနေပေသေးသည်။

ခင်လှကြည်၏ရုပ်လက္ခဏာမှာ တစ်ကြိမ်မျှ တွေ့မြင်ရလျှင် စိတ်ထဲ၌ ယီးတီးယားတားဖြစ်ကျန်ရစ်သည့် မိန်းကလေးအမျိုးအစားထဲက ဖြစ်တော့သည်။ ယီးတီးယားတားဆိုရာ၌ မြန်မာဝတ္ထုများနှင့် မဂ္ဂဇင်းမျက်နှာဖုံးများတွင် ဆေးရောင်စုံဖြင့် ဖော်ပြပါရှိသည့် မိန်းကလေးမျိုးနှင့် ခပ်ဆင်ဆင်တူသောကြောင့် မည်သည့်နေရာ၌ မြင်ဖူးပါလိမ့်ဟူ၍ တွေးတောစဉ်းစားမိတတ်ခြင်းကို ဆိုလိုပေသည်။ အကြောင်းမူကား ခင်လှကြည်၏ကိုယ်လုံးကိုယ်ပေါက်မှာ အနောက်တိုင်းသူအချိုးအစားဖြစ်၍ ဝတ်စားဆင်ယင်ပုံမှာလည်း ခေတ်ဆန်ရုံသာမက ခေတ်၏ရှေ့ဆုံးတန်းမှ အမြဲ ပြေးလျက်ရှိသည်ဟု ဆိုလောက်သောကြောင့်ပေတည်း။ အချို့သော ပန်းချီဆရာများသည် စိတ်ကူးယဉ်သောအနေနှင့် မြန်မာမိန်းကလေးများ မဝတ်ဖူးသေးသည့် အဝတ်အစားမျိုးဖြင့် မဂ္ဂဇင်းမျက်နှာဖုံးတွင် မိန်းမရုပ်များ ခြယ်လှယ်တတ်ကြပေရာ ခင်လှကြည်သည် ၎င်းကို အတုအပလိုက်၍ ဝတ်ဆင်တတ်သောကြောင့် ကာလသားများက ခင်လှကြည်အား 'မဂ္ဂဇင်းမျက်နှာဖုံး' ဟူ၍ မှည့်ခေါ်ထားကြလေသည်။ ခင်လှကြည်သည် ဤအကြောင်းကို ကြားသိရသောအခါ လွန်စွာကျေနပ်နှစ်သိမ့်၍ ဘိုဆန်လေတော့သည်။ ဤကဲ့သို့ ခေတ်ဆန် ဘိုဆန်ရာ၌ မောင်မင်းမောင်နှင့် မောင်ညွန့်တင်တို့၏လက်ဆောင်များသည် ကြီးစွာသော အထောက်အပံ့ ဖြစ်ကြလေသည်။

ကွန်ဗင့်ကျောင်းမှ မက်ထရစ်အောင်၍ ကောလိပ်သို့ ပို့မည့်နှစ်တွင် ခင်လှကြည်သည် ကျူတာလောင်းတစ်ယောက်နှင့် ဘာလိုလိုဖြစ်သည်ဟု မိဘများထင်ကြသည်နှင့် ဤမျှလောက်မက မျှော်လင့်သော သမီးချောကလေးဖြစ်သောကြောင့် ကောလိပ်သို့ မပို့တော့ဘဲ အိမ်တွင် 'ရွက်အုပ်သီး' အနေဖြင့် ထိန်းသိမ်း စောင့်ရှောက်ထားခဲ့ကြ၏။ သို့သော် ဆင်ယင်ပုံ ဂိုက်ဆိုက်နှင့် တကွ လှပပြေပြစ်သော ခင်လှကြည်၏ရုပ်လက္ခဏာတို့သည် 'ရွက်အုပ်သီး' အဖြစ်မျိုးကို အမြဲကြွေးကြော် တော်လှန်လျက် ရှိပေရကား၊ ဖယောင်းတိုင်သို့ တိုးဝင်မိကြသော ပိုးဖလံများအနက်တွင် မောင်မင်းမောင်နှင့် မောင်ညွန့်တင်တို့သည် ရှေ့ဆုံးတန်းမှ လိုက်ပါလာကြတော့သည်။ အတိအလင်းဖော်ပြရသော် ခင်လှကြည်ကို ပိုးပန်းကြသော ကောလိပ်ကျောင်းသားနှင့် စာရေးစာချီ ကုန်သည်ပွဲစားများအနက်တွင် မောင်ညွန့်တင်နှင့် မောင်မင်းမောင်တို့သည် မျက်နှာသာ

mgyoe.com

m gyoe.com

ပေးခြင်းကို ခံယူရရှိသော လူငယ်နှစ်ယောက်မျှသာ ဖြစ်လေသည်။ ခင်လှကြည်အား မေတ္တာစာတစ်စောင်၊ နှစ်စောင် မပေးဖူးသော နေ့ကျောင်းသား ကောလိပ်ပညာသင်များ၊ အတွင်းဝန်ရုံး စာရေးများဟူ၍ ၎င်းရပ်ကွက်တွင် တစ်ယောက်တလေမျှပင် ကျန်ကောင်းမှ ကျန်ပေမည်။ ခင်လှကြည်ကိုယ်တိုင်ကလည်း မေတ္တာစာအများဆုံး ပေးခြင်းခံရသော မိန်းကလေးတစ်ယောက်ဟူသော ဂုဏ်ပုဒ်ကို အလိုရှိသည့်လက္ခဏာနှင့် စာများ ယူလေ့ရှိရာ ယုတ်စွအဆုံးအားဖြင့် တစ်စောင်တလေ 'လက်တည့်စမ်း' သဘောနှင့် ပေးကြဖူးသည်သာ များလေသည်။

ဖော်ပြခဲ့ပြီးသည့်အတိုင်း ပိုးပန်းကြသူများအနက်တွင် မောင်ညွန့်တင်မှာ အများဆုံး တစ်ပေးခံရသူဖြစ်သော်လည်း တစ်နေ့စောစောတွင် ခင်လှကြည်နှင့် ကိုမင်းမောင်တို့ လက်ထပ်တော့မည်ဟူသော သတင်းတစ်ရပ် ထွက်ပေါ်လာသည်ဖြစ်၍ ရပ်ကွက်သူ ရပ်ကွက်သားတို့မှာ များစွာ အံ့အားသင့်ခဲ့ကြလေသည်။ ကျွန်ုပ်မှာ 'အာဟာရဖြင့် ကျန်းမာနည်း' ခေါ် စာအုပ်ကို ရေးထုတ်ကတည်းက ၎င်းစာအုပ်၏ကျေးဇူးကြောင့် မိတ်ဆွေအများအပြားတိုးတက်လာခဲ့ရာ ၎င်းတို့အနက်တွင် မောင်ညွန့်တင်လည်း တစ်ယောက်အပါအဝင်ဖြစ်၍ ၎င်း၏အစာမကြေသောရောဂါကို စာအုပ်ပါနည်းနာဖြင့် ကုသပျောက်ကင်းဖူးသည့်အတွက်ကြောင့် ကျွန်ုပ်ကို အလွန် ခင်မင်ရင်းနှီးလျက် ရှိ၏။ အမှန်မှာ မောင်မင်းမောင်ရော မောင်ညွန့်တင်ပါ ကျွန်ုပ်ကို 'ပုဏ္ဏားတိုင်' ထား၍ အစစအရာရာတွင် တိုင်ပင်လေ့ရှိကြသည့်အလျောက် နှစ်ယောက်လုံးကပင် ခင်မင်လေးစားကြပါပေသည်။

မောင်မင်းမောင်နှင့် ခင်လှကြည်တို့ လက်ထပ်ပြီး၍ တစ်လကျော်ခန့်ရှိရာတွင် ကျွန်ုပ်သည် မောင်ညွန့်တင်နှင့် တွေ့ဆုံမိသည်နှင့် ထွေရာလေးပါးစကားပြောကြရင်း

နုပ် ။ ။ "ဘယ့်နှယ်လဲ၊ မောင်မင်းမောင်က ဒီတစ်ချက် လူရေးသာသွားပါကောလား၊ ကျုပ်တို့တကာဖြင့် သိပ်အံ့ဩနေကြတော့တာပဲ မောင်ရေ့"

တင် ။ ။ (မခံချင်သောအမူအရာမျိုး မဖော်ပြဘဲ) "ဒီလိုပါ ဦးရယ်၊ နေရာတကာမှာ ကိုယ်ချည်းပဲ တစ်ဆွဲချင်လို့ ဘယ်ဖြစ်မလဲခင်ဗျာ၊ စရိတ်ကုန်လည်း မခံချင်ဘူး ပွဲဦးပွဲဖျားလည်း စားချင်လို့ ဘယ်မှာ နေရာကျမလဲ"

နုပ် ။ ။ "ဘယ့်နှယ်ပြောတာလဲ မောင်"

mgyoe.com

mgyoe.com

တင် ။ ။ "ဟား ဟား ကျွန်တော် အလကားနောက်တာပါ ဦးရယ်၊ အမှန်ကတော့ ခင်လှကြည်လို မိန်းကလေးမျိုးဟာက ကျွန်တော်တို့လိုကောင်နဲ့ မဟပ်စပ်မိပါဘူးခင်ဗျာ၊ ပေါ့ပေါ့နေ၊ ကောင်းကောင်းစား၊ ကြွားကြွားဝတ်ဆိုတဲ့ အထဲကမို့ ကိုမင်းမောင်တို့လို ဗိမ်သမားထဲကမှ ဟန်ကျပါတယ်၊ ကျွန်တော်နဲ့ဆိုရင် ခဏကလေး ပျော်လိုက်ကြပြီး တော်တော်ကြာတော့ တကျက်ကျက်နဲ့ ပွက်လောရိုက်ကုန်မှာပဲ ဦးရဲ့"

ကျွန်ုပ်မှာ အရွယ်ပင်ငယ်သော်လည်း ယောကျ်ား မိန်းမတို့အကြောင်းကို အတော်သဘောပေါက်ဟန်ရှိသော မောင်ညွန့်တင်ကိုကြည့်လျက် ငေးနေမိတော့သည်။ ဤတွင် မောင်ညွန့်တင်က ဆက်လက်၍...

တင် ။ ။ "ဘိုင်စကုပ်တွေ ရုံစေ့အောင်ကြည့်လိုက်၊ ဇာတ်ပွဲဆိုရင်လည်း လက်မလွတ်၊ ဆပ်ကပ်ရောက်လာရင်လည်း ရှေ့ဆုံးတန်း၊ လုံချည်ကို အဆင်ဆန်းရုံနဲ့ အားမရဘဲ ကိုယ်စီးတဲ့ မော်တော်ကားနဲ့ အရောင်အသွေးဟပ်ဦးမှဆိုတဲ့ မိန်းကလေးမျိုးသာ ကိုမင်းမောင်တို့လို ဗိမ်သမားမျိုးနဲ့မှ ဟန်ကျမှာပေါ့ ဦးရဲ့၊ ကျွန်တော်တို့လို ကြီးပွားရေးရှေ့ထားပြီး အလုပ်လုပ်တဲ့ လူစားမျိုးနဲ့ ဘယ်တော့ဖြစ်နိုင်မှာလဲ ခင်ဗျာ၊ သူ့အဖေက စပါးစက်တစ်လုံး၊ ဆီစက်တစ်လုံး ထားပစ်ခဲ့တာ ခု ဘယ်ရောက်ကုန်ပြီလဲ၊ ဦးလည်း သိတယ် ဟုတ်လား"

နုပ် ။ ။ "ကြားပါတယ် မောင်၊ သူ့အမြတ်နဲ့ သူ့ပြန်ဆပ်ပြီး စက်ကြီးနှစ်လုံး ရလိုက်တယ် မဟုတ်လား"

တင် ။ ။ "ဦးလည်း တော်တော်နားပါးသားကပဲ၊ ဟီ... ဟီ... ဟီ... ဟီ... မိန်းမဆိုတာ ကိုယ်လိုချင်တဲ့အချိန် ယူနိုင်တာပေါ့ ဦးရယ်၊ ကြီးပွားဖို့ ဆိုတာက အခွင့်သာတဲ့အခိုက်မှာ လှော်ခတ်နိုင်မှ နေရာကျမှာကိုး ဦးရဲ့"

နုပ် ။ ။ "ဟုတ်ပါပေ့ မောင်"

၀

တစ်နေ့သ၌ မောင်ညွန့်တင်သည် ကျွန်ုပ်၏နေအိမ်သို့ဝင်လာ၍ ဆန်စေးနှင့်အသားကို အဘယ်ကြောင့် အတူတွဲဖက်၍ မစားထိုက်ကြောင်း မေးမြန်းစုံစမ်းသဖြင့် ကျွန်ုပ်က ကျေနပ်အောင် အဖြေပေးပြီးနောက် ယခင်က စကားစပ်ကလေးကို ဆက်လိုက်သေးသည်နှင့်

mgyoe.com

mgyee.com


နုပ် ။ ။ "မောင်မင်းမောင်တို့ လင်မယားနဲ့ တွေ့သေးလား မောင်"

တင် ။ ။ "တွေ့ပါတယ် ဦးရယ်၊ ခဏ ခဏ တွေ့ပါတယ်၊ ဒါထက် ကိုမင်းမောင်ရဲ့အဖေ ဦးအောင်ကျော်ကို ဦး သိတယ်မဟုတ်လား"

နုပ် ။ ။ "သိတာပေါ့ မောင်၊ သူ့ခေတ်က အမွှတ်ဆုံးလူကြီးတစ်ယောက် ပေါ့"

တင် ။ ။ "အစစ်ပေါ့ ဦးရဲ့၊ ဒါနဲ့များ ကိုမင်းမောင်လိုသားမျိုး မွေးထား ခဲ့တာ အံ့ဩပါရဲ့ ဦးရယ်၊ တင်းနစ်ရိုက်ဖို့၊ စန္ဒရားတီးဖို့၊ တေးကြီး ဘွဲ့ကြီးတွေ ဆိုတတ် တီးတတ်ဖို့ ဒါလောက် လုံးပန်းနေတဲ့လူပဲ၊ စီးပွားရေးဆိုရင် သူ့တိုက်လခတောင် မှန်မှန်ရအောင် တောင်း ချင်တဲ့လူ မဟုတ်ဘူး၊ ခင်လှကြည်နဲ့တော့ သိပ်ဖက်မိတာပေါ့လေ၊ လင်မယားနှစ်ယောက်ကတော့ ပျော်ပျော်နေတတ်တဲ့ နေရာမှာ တရားလွန်ကျနေတာပဲ၊ ပျော်ပျော်နေ သေခဲဆိုတဲ့ စကားအတိုင်း သာဖြင့် သူတို့လင်မယားနှစ်ယောက် သက်တမ်းဖောက်ကြမလား မဆိုနိုင်ဘူး"

နုပ် ။ ။ "ဒီအကြောင်းကို ကျုပ်မိတ်ဆွေ ဝတ်လုံတော်ရ ဦးဘစိန်နဲ့ ခဏ ခဏ ဆွေးနွေးမိကြတယ်၊ ဦးဘစိန်က အဖေလုပ်တဲ့လူ သိပ်လည် ရင် သားမွေးတော့ အူတူတူ အတတမွေးတတ်တယ်တဲ့၊ ခုပုံတော့ သူပြောတဲ့စကား သိပ်မှန်နေပုံပေါ်တယ်"

တင် ။ ။ "ဒီလိုလည်း မဟုတ်သေးပေါင်လေ၊ ကျွန်တော့် ဘယ့်နှယ်လုပ် မလဲ၊ ကျွန်တော့်အဖေကလည်း လူလည်၊ သားလည်း လူလည် မဟုတ်ဘူးလား ဦးရဲ့"

နုပ် ။ ။ "မောင့်ကျတော့လည်း သူ့တွက်ကိန်း မမှန်ဘူးပေါ့"

တင် ။ ။ "ကိုမင်းမောင်တို့ ခက်တာက ဘာမှ အစီအစဉ် မရှိဘူးခင်ဗျ၊ ဖြစ်ကတတ်ဆန်း ကျပန်းဆိုသလို နေထိုင်သွားချင်တတ်တယ်၊ ကျွန်တော်တို့ကတော့ ဒီလို ဟုတ်ရိုးလားခင်ဗျာ၊ နေရာတကာမှာ အစီအစဉ်ကလေးထားပြီး အလုပ်လုပ်သွားတာကိုး၊ ဒါကြောင့် အောင်မြင်တာပါ ခင်ဗျာ"

နုပ် ။ ။ "မအောင်မြင်တာ တစ်နေရာတော့ ရှိတယ်လေ"

တင် ။ ။ "ဦးက ထင်တာကိုး၊ ကျွန်တော့်နည်းနဲ့ ကျွန်တော် အောင်မြင်တာ ပါပဲ ခင်ဗျာ"

နုပ် ။ ။ "ဟုတ်သေးဘူးလေ ပြိုင်ပွဲဝင်ပြေးရင် ပန်းဆွတ်နိုင်မှ ဟုတ်တာ ကိုး"

mgyee.com

mgyoe.com

တင် ။ ။ "လူသိ သူသိ အောင်မြင်မှ ကျေနပ်တမ်းလား ခင်ဗျာ"

နုပ် ။ ။ "ဘယ်လိုပြောလိုက်တာလဲ မောင်"

တင် ။ ။ "ဟား ဟား ဟား ဟား... အလကားပြောတာပါ ဦးရယ်... ကျွန်တော်တို့က စီးပွားရေးသမားဆိုတော့ စီးပွားရေးအောင်မြင်မှ ဝန်ခံချင်တတ်တဲ့ ဝါသနာမို့ပါခင်ဗျာ"

၀

တစ်နေ့သ၌ ကျွန်ုပ်သည် မောင်မင်းမောင်နှင့် ဆူးလေဘုရားလမ်းထောင့်တွင် ဆုံမိ၍ မောင်မင်းမောင်သည် ကျွန်ုပ်ကိုမြင်သည်နှင့် တစ်ပြိုင်နက် ကားကို ရပ်ပြီးလျှင် ကွန်တင်နင်တယ် ဟိုတယ်တွင်းသို့ ဖိတ်ခေါ်သွားလေသည်။ နို့အေး တစ်ခွက်စီနှင့် ကိတ်မုန့်များ စားသောက်ကြရင်း မောင်မင်းမောင်က ယခု တစ်လောတွင် ကိုညွန့်တင်သည် ၎င်းတို့နေအိမ်သို့ မကြာမကြာ လာရောက် လည်ပတ်ကြောင်းပြောသည်နှင့် ကျွန်ုပ်စိတ်ဝင်စားမိသည်။ ကျွန်ုပ်မှာ ခင်လှကြည်နှင့် မောင်ညွန့်တင်တို့ အရောတဝင်ဆက်ဆံခြင်းကို မြန်မာပီပီ မနှစ်သက် သော်လည်း မောင်မင်းမောင်မှုကား ကိစ္စမရှိဟု ယူဆဟန်တူ၏။ စင်စစ်မှာ မိမိတို့အိမ်သို့ မောင်ညွန့်တင်ဝင်ထွက်သည့်အတွက် ကျေးဇူးတင်ရဦးမယောင် မောင်မင်းမောင်က ပြောသေး၏။

မောင် ။ ။ "လင်မယားဟာ ရခါစတော့ တစ်တွဲတည်း တွဲပြီး တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်နေရရင် ကျေနပ်ချင်သော်လည်း တော် တော်ကလေးကြာလာတော့ ပျင်းချင် ပျင်းပေမပေါ့ခင်ဗျာ၊ ခင်လှ ကြည်က ပျော်တတ်တယ်ခင်ဗျ၊ ရယ်စရာ ပုံတိုပတ်စကလေးတွေ ပြောတတ်တဲ့ ကိုညွန့်တင်နဲ့ဆိုတာတော့ ဟန်ကျနေတာပေါ့၊ ကျွန် တော်က သူ့လို မပြောတတ်ဘူး ဦးရဲ့၊ ဒါကြောင့် ကိုညွန့်တင် လာလာပြီး ခင်လှကြည်ကို အပျင်းဖြေဖော်ရလို့ ကျွန်တော့်မှာ ဝမ်းသာနေရတယ်"

ခင်လှကြည်ကို နှစ်ယောက်သား ပြိုင်တူ ပိုးပန်းခဲ့ဖူးသည့် အဖြစ်အပျက် ကို သိပြီဖြစ်သော ကျွန်ုပ်မှာ မောင်မင်းမောင်ကို အလွန်ရိုးသားသူတစ်ယောက် ဖြစ်သောကြောင့်ပေလော၊ သို့တည်းမဟုတ် မယားက ဘိုဆန်သလောက် အလိုလိုက်၍ ဘိုဆန်သောလူတစ်ယောက် ဖြစ်လေသလောဟု မဆုံးဖြတ်နိုင် အောင် ရှိတော့သည်။ ကျွန်ုပ်အကဲခတ်ရသလောက်မှာ မောင်မင်းမောင်သည် မိမိတို့အိမ်သို့ သူငယ်ချင်း မောင်ညွန့်တင် ဝင်ထွက်နေသည့်အတွက်ကြောင့်

mgyoe.com

စိတ်ထဲ၌ ညှိုခြင်း ကွက်ခြင်း ရှိပုံမရ။ တကယ်တော်ခြင်းလော၊ မတော်ခြင်းလော ကျွန်ုပ်ကိုယ်တိုင် မဆုံးဖြတ်နိုင်အောင် ရှိတော့သည်။

## ၀

မောင်မင်းမောင်မှာ ဖခင်ရှိစဉ်က လည်းကောင်း၊ ဖခင်ဖြစ်သူ ရုတ်တရက် ကွယ်လွန်သွားသည့်နောက်၌ လည်းကောင်း စီးပွားရေးနှင့်ပတ်သက်၍ တစ်စုံတစ်ရာမျှ တာဝန်ယူချင်သောစိတ်မရှိဘဲ တင်းနစ်ရိုက်ကာ၊ ဘိုင်စကုပ်ကြည့်ကာဖြင့် အေးအေးဆေးဆေးနေထိုင်ပြီးလျှင် ဖိမ်ခံဖို့အတွက် လူဖြစ်လာခဲ့သည့် 'အဟောင်းစား' တစ်ယောက်နှင့် တူလှတော့သည်မို့ မောင်မင်းမောင်၏ ပွင့်ပွင့်လင်းလင်း အပျော်ကြိုက်တတ်သော သဘောကို အပြစ်ဆိုဖို့ သတိမရဘဲ သူတတ်နိုင်သရွေ့ သူနေခြင်း ဖြစ်သည်ဆိုကာ လူတိုင်းက ချစ်ခင်ကြလေသည်။ ဤအကြောင်းကို စကားစပ်မိ၍ ကျွန်ုပ်က ပြောသောအခါ မောင်မင်းမောင်က

မောင် ။ ။ "တတ်နိုင်ဘူး ဦးရယ်၊ ကျွန်တော်က နက်နက်နဲနဲကြီး သိပ်ပြီး စဉ်းစားချင်တဲ့ကောင် မဟုတ်ဘူးခင်ဗျ၊ ဦးတို့ပြောတဲ့ ပေါ်ကြော့ အတန်းအစားထဲက ထားလိုက်ပါတော့ ဦးရယ်" ဟု ဝန်ခံဖူးလေသည်။

စားသောက်ပြီးကြသောအခါ မောင်မင်းမောင်က "ဦးလည်း ကျွန်တော်တို့အိမ်မရောက်တာ ကြာသွားပြီလေ၊ လာပါ လိုက်ခဲ့ပါဦး" ဟု ဆိုကာ ကားပေါ်သို့ တက်သွားသည်နှင့် ကျွန်ုပ်လည်း လိုက်ပါသွားတော့သည်။ ပတ် (က) လိမ်း၌ရှိသော မောင်မင်းမောင်၏အိမ်ဆီသို့ လမ်းကြားကလေးမှ ဖြတ်၍ ဝင်သွားစဉ် မောင်ညွန့်တင်၏ပို့မော်ဒ်လ်ကားကလေး ဆိုက်ထားသည်ကို မြင်လိုက်ရုံသာမက အိမ်ရှေ့ဆင်ဝင်အောက်ရှိ ဆိုဖာကြီးတစ်ခုပေါ်၌ အတူထိုင်ကာ ဓာတ်ပုံတစ်ခုကို ကြည့်နေကြသော မောင်ညွန့်တင်နှင့် ခင်လှကြည်တို့ကိုလည်း ရိပ်ခနဲမြင်လိုက်ရသည်။ ကျွန်ုပ်မှာ နံဘေး၌ ထိုင်၍ ကားမောင်းလျက်ရှိသော မောင်မင်းမောင်၏မျက်နှာကို ဖျတ်ခနဲ စောင်းကြည့်လိုက်၏။ မောင်မင်းမောင်ကား ခဲထားသော ဆေးပြင်းလိပ်ကို ပါးစပ်မှဖြုတ်၍ လွှင့်ပစ်လိုက်လေသည်။

ဝင်းထဲသို့ ဝင်သွားကြသောအခါ ခင်လှကြည်သည် ကားသံကြားဟန်နှင့် ရုတ်တရက် ဆိုဖာမှ ထလိုက်သော်လည်း မောင်ညွန့်တင်မူကား သွားဖြဲကာ ပြုံး၍ သူငယ်ချင်းအား ခေါင်းညိတ်ကာ နှုတ်ဆက်လေသည်။ ဒီထိအောင် အေးစက်စက်ရှိသော လူငယ်တစ်ယောက်ပါပေတည်း။ ခင်လှကြည်မှာမူ ငှက်ပျောသီးခိုးစားသည်ကို မိခြင်းကဲ့သို့ အနည်းငယ်မှုပျက်သော်လည်း မောင်မင်း

mmyoe.com

mgyoe.com

မောင်သည် ဘာကိုမှ အမှတ်မထားသော လူငယ်တစ်ယောက်၏အမူအရာမျိုးဖြင့် ခပ်ရွှန်းရွှန်းမျက်နှာထားလျက် "ဘာများလဲ ဆရာကြီးတို့၊ ကျုပ်တို့ကားဝင်လာတာတောင် သတိမပြုနိုင်လောက်အောင် ဘာတွေများ စိတ်ဝင်စားနေကြလို့လဲ" ဟု ရွှန်းပျက်ပျက်နှင့် မေးလိုက်သေးသည်။ ခင်လှကြည်မှာ မျက်နှာအနည်းငယ်နီမြန်းသွားသော်လည်း မောင်ညွှန့်တင်ကမူ ပြုံးပြုံးကြီးရှိနေသောမျက်နှာကို ရယ်ချလိုက်၍ "ဟုတ်ပါဘူးဗျာ၊ ကျွန်တော်ငယ်ငယ်တုန်းက ဘောင်းဘီတိုကလေးနဲ့ ရိုက်ထားတဲ့ဓာတ်ပုံကို ကျောင်းသားအုပ်စုထဲက ခွဲထုတ်နိုင် မထုတ်နိုင် အလောင်းအစားလုပ်နေကြတာပါ" ဟု ပြန်ပြောလေသည်။

မောင် ။ ။ "မှန်းစမ်း ခင်ဗျားဓာတ်ပုံ"

သူငယ် (၅၀) ခန့်ပါဝင်သော ဓာတ်ပုံကို အားလုံး ဝိုင်းကြည့်ကြသည်။ ကျွန်ုပ်တို့ မရွေးချယ်နိုင်သော်လည်း မောင်မင်းမောင်က မောင်ညွှန့်တင်၏ပုံကို ထောက်၍ ပြနိုင်သောကြောင့် ချက်ချင်းပင် မောင်ညွှန့်တင်က အိတ်ထဲမှ ငွေစီးကရက်ဘူးကို ထုတ်၍ မောင်မင်းမောင်အား ဆုအဖြစ် ချပေးလိုက်သောကြောင့် ရယ်ကာမောကာဖြင့် ကိစ္စပြီးသွားကြတော့သည်။

ထိုခေတ်အခါက ဂျင်မခါနာကလပ်၌ မျက်နှာဖြူအရာရှိကြီးများ၏ သတင်းများ ခေတ်စားခြင်းနှင့် အတူ မောင်မင်းမောင်၊ ခင်လှကြည်၊ မောင်ညွှန့်တင်တို့၏ သတင်းစကားသည် ဝတ်လုံ၊ ဝန်ထောက်တရားသူကြီး၊ ပွဲစား အစရှိသော အထက်တန်းစား မြန်မာများအနက်တွင် ခေတ်စားကြ၏။ တစ်နေ့သ၌ ခင်လှကြည်သည် မိဘများ၏နေအိမ်သို့ အလည်အပတ်သွားဦးမည်ဆို၍ အိမ်မှ ထွက်လာပြီးနောက် ဂလုပ်ဘိုင်စကုပ်ရုံ၌ မောင်ညွှန့်တင်နှင့်အတူ ဘိုင်စကုပ်ကြည့်၍ ထွက်လာသည်ကို မောင်မင်းမောင်နှင့် သူငယ်ချင်းတစ်ယောက်က တွေ့လိုက်သဖြင့် မောင်မင်းမောင် အံ့အားသင့်သွားသည့် သတင်းတစ်ရပ်၊ အခြားတစ်နေ့၌ ၎င်းသူငယ်ချင်းနှင့် မောင်မင်းမောင်တို့သည် မောင်မင်းမောင်၏ နေအိမ်သို့ ကားနှင့်ဝင်သွားကြသောအခါ မောင်ညွှန့်တင်နှင့် ခင်လှကြည်တို့သည် ဧည့်ခန်းထဲတွင် တစ်ထောင့်စီ အဝေးကြီး ထိုင်ကြလျက် အဘိဓမ္မာတရားတော်အကြောင်း ဆွေးနွေးနေကြသည်ကို တွေ့ရသည့်သတင်းတစ်ရပ်သည်ကား လူကုံထံလောက၌ ထိုစဉ်က သောလုံးများအနေဖြင့် လက်ဆင့်ကမ်း ပြောတတ်ကြလေသည်။

မောင်မင်းမောင်ကိုယ်တိုင် ကျွန်ုပ်အားပြောပြသော သတင်းတစ်ရပ်မှာလည်း မောင်မင်းမောင်သည် မောင်ညွှန့်တင်ကို မိမိ၏နေအိမ်၌ တွေ့သဖြင့် ခြံထဲသို့ ခေါ်သွားလိုက်ပြီးလျှင်...

mgyoe.com

"သူငယ်ချင်း ကျုပ် တစ်ခုပြောမယ်၊ စိတ်မဆိုးနဲ့နော်"

"ပြောပါလေ စိတ်မဆိုးပါဘူး"

"ခင်ဗျားကလည်း ကျုပ်အကြောင်းကို သိပြီးပဲဗျ၊ ကျုပ်က သဘောထားကြီးတဲ့ကောင်ပါ၊ ဒါပေမဲ့ ဟိုလူ ဒီလူတွေက မေးငေါ့တော့ မကောင်းဘူးဗျ"

"ဘာ မေးငေါ့စရာရှိလို့လဲဗျ"

"ကျုပ်မရှိတဲ့အခိုက်မှာ ကျုပ်အိမ်ကို ခင်ဗျားလာလည်တာဟာ တပည့်တပန်းတွေ ဘာတွေက တောင်ပြော မြောက်ပြော ပြောတော့ မကောင်းဘူးဗျ"

"ဘယ်ကောင်က ဘာပြောလို့တုံး ကိုမင်းမောင်၊ ကျုပ်နဲ့ ခင်လှကြည်နဲ့ဆိုတာ ခင်ဗျားသိတဲ့အတိုင်း ငယ်ငယ်လေးကတည်းက ခင်ဗျားနဲ့ ခင်သလို ခင်မင်လာခဲ့ကြတယ် မဟုတ်လားဗျ၊ ကျုပ်တို့ မောင်လို နှမလို..."

"ခင်ဗျားတို့ကတော့ ဟုတ်ပါတယ်၊ ကျုပ်လည်း စိတ်ချပါတယ်၊ နို့ပေမဲ့ အစေခံတွေ ပါးစပ်ဆိုတာ ကြောက်ရတယ်ဗျ၊ သူတို့က ဟိုလိုဒီလို ပြောရော၊ တစ်ဆင့်စကား တစ်ဆင့်နား..."

"တော်ပါဗျာ ကိုမင်းမောင်၊ ခင်ဗျား မကြိုက်ဘူးဆိုရင် ကျုပ်က ရှောင်ကြဉ်ရုံ ရှိတာပေါ့၊ ဒါနဲ့များ ကျုပ်ကို ခြံထဲခေါ်ပြီး တိုးတိုးတိတ်တိတ် ကျိတ်ပြောနေလိုက်တာ၊ ကျုပ်က ဘာများလဲလို့... ဟား ဟား ဟား တကယ့်လူပါပဲဗျာ"

ဤတွင် မောင်ညွန့်တင်သည် မောင်မင်းမောင်၏ပခုံးကို ကိုင်လှုပ်လျက် မျက်နှာချင်းဆိုင်ကာ ရယ်မောလိုက်ရာ မောင်မင်းမောင်မှာ သူငယ်ချင်းတစ်ယောက်အား ပြစ်မှားမိချေပြီလောဟု ဝမ်းနည်းလျက် "ပြောသာ ပြောရတယ်၊ ခင်ဗျား သဘောအတိုင်းပါပဲဗျာ" ဆိုကာ နောက်ဆုံး၌ လျှော့ချလိုက်ရသည်ဆို၏။ မောင်ညွန့်တင်ကား လာမြဲတိုင်း လာတုန်းပင်။

ထိုအချိန်မှစ၍ မောင်မင်းမောင်၌ အမူအရာပြောင်းလဲလျက် ရှိခြင်းကို မိတ်ဆွေများ သတိပြုမိကြလေသည်။ တရားဝန်ကြီးများ၏တင်းနစ်ရိုက်ပွဲ စသည်တို့၌ အမြဲတမ်း ဗိုလ်ဆွဲလာခဲ့သော မောင်မင်းမောင်သည် ဘောလုံးကို တောင်ရိုက် မြောက်ရိုက် ရိုက်နေသည် ဟူ၍ လည်းကောင်း၊ ပထမတန်း ကျားကစားတတ်သူ တစ်ယောက်ဖြစ်လျက် ကျားကို တောင်ရွှေ့ မြောက်ရွှေ့ ရွှေ့သည်ဟူ၍ လည်းကောင်း၊ ဘိလိယက်ချန်ပီယံလုပွဲ၌ ရှေးဦးစွာ ပြုတ်ကျသွားသည် ဟူ၍ လည်းကောင်း လူတိုင်းကပြော၍ လူတိုင်းက အံ့သြလျက်ရှိရာ စိတ်သိလူများက ဦးခေါင်းယမ်းကာ ဆိတ်ဆိတ်နေတတ်ကြလေသည်။ လူနောက်များကမူ ဒိန်းဒလိန်းနတ်ဖမ်းသည်ဟု တီးတိုးပြောကာ ရယ်လှောင်ကြ၏။ တစ်နေ့သ၌

mdyoe.com

မောင်မင်းမောင်သည် မင်းကြီးကတော်ဒေါ်မြမေ၏ ညေ့ခံပွဲတွင် ဖန်အင်တုံ ကြီးနှင့် ထည့်ထားသော ရွှေငါးများကို အင်တုံပါ တိုက်လှဲလိုက်သဖြင့် ရွှေငါး များကို တစ်ကောင်စီ ကော်ဇောပေါ်မှ လိုက်၍ ကောက်ယူပေးရကာ ညေ့သည် များ၏ ပြောင်လှောင်သရော်ခြင်းကို ခံ၍ မဆုံးနိုင်အောင် ရှိတော့သည်။ ဒရိုင်ဘာ ငှား၍ ကားမောင်းစေသော လူတန်းစားဖြစ်သော်လည်း ကားမောင်းရန်ဝါသနာ ပါသောကြောင့် ဒရိုင်ဘာကို နောက်တွင် ထိုင်စေလျက် ဘိုဟန်ပါပါနှင့် ကိုယ် တိုင်မောင်းလေ့ရှိသော မောင်မင်းမောင်မှာ လန်ချားသုံးလေးစီးနှင့် ဆက်၍ တိုက်ခဲ့သဖြင့် လျော်ရဖန်များသောကြောင့် ဒရိုင်ဘာအား မောင်းစေရတော့ သည်။ ထိုခေတ်၌ ဥရောပတိုက်သား အရာရှိများသည် သူတို့ကလပ်နှင့် သူတို့ ဝိုင်းဖွဲ့ပျော်ပါးကြစဉ် ဆာဘိုးသာ အစရှိသော လူကုံထံကြီးများကို အမှုူးပြု လျက် မြန်မာအရာကြီးများနှင့် စပါးပွဲစားကြီးများသည်လည်း တစ်နည်းတစ်ဖုံ တွေ့ဆုံဖျော်ဖြေကြလေသည်။ ထိုသို့သော အခမ်းအနားသို့ မောင်မင်းမောင် နှင့် ခင်လှကြည်တို့လည်း ဖိတ်မန္တကပြုခြင်း ခံကြရကား တစ်ဆိတ်ပြောစရာ ရှိလျှင် တစ်အိတ်ဖြစ်အောင် ချဲ့ထွင်ခြင်းခံရသူများ ဖြစ်လေသည်။

ထိုရက်များအတောအတွင်း မောင်မင်းမောင်သည် အိမ်မြဲသော လူတစ် ယောက်ဟူ၍ နာမည်ရခဲ့ရာမှ ဘောလုံးပွဲသို့ မသွားဘဲ မနေနိုင်သော လူတစ် ယောက်ဖြစ်လာခဲ့ရာ အဆိုပါ တစ်နာရီခွဲခန့်မျှသော အချိန်ကာလအတောအတွင်း ၌ မောင်ညွန့်တင်လည်း နေအိမ်သို့ ရောက်မိအောင် ရောက်တော့သည်သာ ဖြစ်သည်ဟု အစေခံများက ပြောကြ၏။ ခင်လှကြည်မှာ လက်ထပ်ခါစ၌ ဘောလုံးပွဲဝါသနာပါသလိုလိုနှင့် နေ့စဉ်လိုက်၍ ကြည့်ဖူးသော်လည်း ထိုနောက် ၌ ပျင်းသည်ဆို၍ အိမ်၌သာ ချန်နေရစ်လေ့ရှိလေသည်။

ကျွန်ုပ်သည် ဘိုဆန်ဆန် မြန်မာအမြောက်အမြား တွေ့ဖူးသော်လည်း လင်မယားရေးကိစ္စ၌ မောင်မင်းမောင်ကဲ့သို့ ဘိုဆန်သောလူငယ်ကို တစ်ခါမျှ မတွေ့ရဖူးချေ။

ကိုယ့်ကိုယ်ကိုယ်ပင် မပိုင်ဆိုင်သော ဤလောကတွင် လင်က မယား ကိုပိုင်ဆိုင်သည်ဆိုခြင်းမှာ သဘာဝကျနိုင်ပါမည်လော ဟူ၍ပင် ထပ်ဆင့်၍ သဘောထားကြီးလိုက်ချေသေး၏။ မောင်မင်းမောင်သည် စိတ်ထဲ၌ ယုံမှား သံသယ မကင်းခြင်းကား ဧကန္တဖြစ်၏။ သို့ရာတွင် ထို့အတွက်ကြောင့် ဘောလုံး ပွဲသို့ မသွားဘဲ နေခဲ့လျှင် မိမိသဘောထားသေးခြင်းကို ကိုယ်ဟာကိုယ် ဝန်ခံရာ ရောက်လိမ့်မည်ဆို၍ ဘောလုံးပွဲသို့ အချိန်မှန်မှန်ကြီးသွား၏။ သို့သော် ပွဲပြီး သောအခါ ဤနေရာ ထိုနေရာသို့ မဝင်တော့ဘဲ အိမ်သို့ တည့်တည့်တန်း၍

mdyoe.com

m g

ပြန်လာတတ်လေသည်။ ပြန်ရောက်သောအခါ၌ မောင်ညွှန့်တင်ကို မတွေ့သော်လည်း အခြေအနေကို အကဲခတ်ခြင်းအားဖြင့် မောင်ညွှန့်တင် လာသွားသည်ဟု ရိပ်မိ၏။ သို့သော် ဟုတ်ပါလေစဆို၍ ခင်လှကြည်ကိုလည်းကောင်း၊ အခြားသူကို လည်းကောင်း မေးမြန်းခြင်း မပြုရုံသာမက မသင်္ကာသောအမူအရာမျိုးလည်း လုံးဝဖော်ပြဖူးသည် မရှိချေ။ အတော်ဆန်းကြယ်သော သဘာဝရှိသည့် လူငယ်တစ်ယောက်ပေတည်း။ သို့သော် ဤမျှမက ဆန်းကြယ်ခြင်းကို တွေ့ရပေဦးမည်။

ကျွန်ုပ်မှာ မောင်မင်းမောင်နှင့် မောင်ညွှန့်တင် နှစ်ယောက်လုံးအား တူသားသဖွယ် သဘောထားသည်ဖြစ်၍ မျက်စိအောက်၌ ဖြစ်ပျက်နေသော ဤအခြင်းအရာများတွင် တစ်နည်းနည်းဖြင့် စွက်ဖက်သင့်သည်ဟု သဘောရသည်နှင့် မည်သို့ပြုရပါမည်နည်းဟု အကြံထုတ်မိပေ၏။ သို့ဖြစ်၍ တစ်နေ့သ၌ ကျွန်ုပ်၏အိမ်ရှေ့မှဖြတ်၍ ကားမောင်းသွားသော မောင်ညွှန့်တင်ကို ရိပ်ခနဲမြင်လိုက်သည်နှင့် လက်ခုပ်တီးခေါ်၍ မောင်ညွှန့်တင် ဝင်လာသည်တွင် ကျွန်ုပ်သည် ပြောချင်အားကြီးနှင့် စကားပလ္လင်မခံတော့ဘဲ တဲ့တိုးပြောလိုက်မိတော့သည်။

နုပ် ။ ။ "ခေတ်လူနဲ့ ရှေးလူဆိုတာ မိန်းမနဲ့ပတ်သက်လို့ သဘောထားပုံချင်း မတူချင် မတူပေဘူးပေါ့ မောင်ညွှန့်တင်။ သို့သော် ကျုပ်ကတော့ ပြောချင်တဲ့စကားရှိရင် ပြောရမှ ကျေနပ်တဲ့ဝါသနာအတိုင်း ပြောလိုက်တော့မယ်၊ မောင်ကတော့ သဘောရိုးနဲ့ ဝင်တာထွက်တာ ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ တစ်ဖက်သားမှာ စိတ်ကဒေါက်ကဒက် ဖြစ်နေရှာပြီ မောင်ရဲ့"

တင် ။ ။ (မျက်ခုံးချီလျက်) "ဘယ်သူ့ပြောတာလဲ ဦးရဲ့"

နုပ် ။ ။ "ဘယ်သူ့ပြောရမလဲ၊ မောင့်ကို ပြောတာပေါ့"

တင် ။ ။ "ဟုတ်ပါပြီ၊ ဘယ်သူ့အိမ် ဝင်ထွက်တာ ပြောတာလဲခင်ဗျာ"

နုပ် ။ ။ "မောင်မင်းမောင်အိမ် ပြောတာပေါ့၊ တစ်ရပ်လုံးက မောင်တို့ကို မေးငေါ့လှပြီ မောင်ရဲ့၊ သိရဲ့လား"

တင် ။ ။ "ဩော်... ဒီလိုလား၊ ကျွန်တော်လည်း သူငယ်နုပ်စားအရွယ်မှတ်လို့ ဦးရယ်၊ ကိုယ့်ဟာကိုယ် သိတာပေါ့၊ ကိုယ်ကောင်းရင် ခေါင်းဘယ်မှ မရွေ့ဘူးတဲ့၊ ဘယ်သူတွေ မေးငေါ့ရုံမကလို့ လည်ပင်းပါစောင်းသွားသွား ကျွန်တော် လုပ်စရာရှိတာသာ ကျွန်တော် လုပ်မှာပဲ ခင်ဗျာ၊ ပွင့်ပွင့်လင်းလင်း ပြန်ပြောရမှာပဲခင်ဗျာ"

mgyde.com

mgyoe.com

နုပ် ။ ။ "ဘယ်သူ့မှာ ဘယ်လောက်နစ်နာ နစ်နာလား"

တင် ။ ။ "သူများနစ်နာတာ ကျွန်တော်နဲ့ ဘာဆိုင်တုံး၊ ကျွန်တော် မနစ်နာရအောင်လုပ်ဖို့ ကျွန်တော့်တာဝန် မဟုတ်လား"

နုပ် ။ ။ "ကောင်းလှပါ မောင်"

ထို့နောက်၌ ကျွန်ုပ်သည် မောင်မင်းမောင်ကို သတိပေးဖို့ အကြံဖြစ်လေ၏။ သို့သော် မသိချင်၍ မျက်စိမှိတ်နေသော လူတစ်ယောက်ကို သတိပေးရန် နည်းလည်းမရှာတတ်သည်နှင့် စဉ်းစားနေခိုက် တစ်နေ့သ၌ ဝတ်လုံဦးဘစိနှင့်တွေ့ဆုံ၍ စကားစပ်မိကြလေသည်။

စိ ။ ။ "မောင်ညွန့်တင်အကြောင်းကို ကြားပြီးပြီလား ဦးသိန်းမောင်"

နုပ် ။ ။ "ဘာဖြစ်လို့လဲ"

စိ ။ ။ "သီဟိုဠ်ကျွန်းကို ဘုရားဖူးသွားမလို့ ဆိုပါကလား"

နုပ် ။ ။ "ဘယ်တော့တဲ့လဲ"

စိ ။ ။ "(၁၈) ရက်နေ့ထွက်မယ့် သင်္ဘောနဲ့ လိုက်မလို့ လက်မှတ်ယူပြီးပြီကြားတယ်"

ထို့နောက် ကျွန်ုပ်သည် ပင်လယ်ကူးသင်္ဘောကုမ္ပဏီ၌ အလုပ်လုပ်သော စာရေးကြီးကို သိသဖြင့် ၎င်း၏အလုပ်တိုက်သို့ သွား၍ (၁၈) ရက်နေ့တွင် ရန်ကုန်ဆိပ်ကမ်းမှ ထွက်ခွာမည့် သင်္ဘောတွင် လိုက်ပါမည့် ခရီးသည်များ၏ အမည်စာရင်းကို တောင်းယူကြည့်ရှုရာ မောင်ညွန့်တင်ဟူသော နာမည်ကို မတွေ့ရသော်လည်း အခန်းနံပါတ် (၅) ၌ မောင်ဘထွန်းနှင့် အခြားတစ်ယောက်ဟူ၍ ရေးသားထားသည်ကို တွေ့ရလေသည်။ မောင်ဘထွန်းဆိုသူ၏ ပုံသဏ္ဌာန်ကို မေးကြည့်ရာ မောင်ညွန့်တင်၏ပုံပန်းနှင့် ကိုက်ညီနေသည်ကို တွေ့ရသဖြင့် အခြားတစ်ယောက်ဆိုသည်မှာ မည်သူပေနည်းဟု စဉ်းစားမိ၏။ ကျွန်ုပ်၏ စိတ်ထဲ၌ကား မသင်္ကာလျက် ရှိလေပြီ။

၀

ထိုနေ့ညနေ၌ ကျွန်ုပ်သည် မောင်မင်းမောင်ကို တွေ့အောင်ရှာ၍ ဆိုရှယ်ကလပ် ပိုကာဝိုင်းမှ ဆွဲထုတ်လာပြီးလျှင် ကျွန်ုပ်၏နေအိမ်သို့ အတင်းခေါ်လာခဲ့လေသည်။

"ဘာကိစ္စတုံး ဦးရဲ့"

"အရေးသိပ်ကြီးလို့ ခေါ်လာခဲ့ရတာပေါ့၊ မောင့်ကို ကျုပ် တစ်ခုပြောချင်တယ်"

mgyoe.com

"ဘုရား ဘုရား လွဲပါစေ ဖယ်ပါစေ၊ ခင်လှကြည်အကြောင်း မဟုတ်ပါစေနဲ့ဗျာ"

"ဘာကြောင့် ဒီလိုတွေးမိတာလဲ"

"လူတိုင်းက ခင်လှကြည်အကြောင်းကို သတိပေးနေကြတယ်၊ အမှန်ကတော့ ရိုးရိုးတန်းတန်းနဲ့ တူပါတယ်၊ ဖောက်လွဲဖောက်ပြန် ဟုတ်ဟန် မတူပါဘူး၊ မိန်းမဆိုတာ လင်ယောကျ်ားနဲ့ အမြဲပူးပြီး ချည်ထားချင်လို့ ခံနိုင်ပေမလားခင်ဗျား၊ ကျွန်တော်တို့ အရှေ့တိုင်းသားတွေက မိန်းမကို ကျွန်လောက်သဘောထားကြတာကလား ဦးရဲ့"

"မောင်က အနောက်တိုင်းစာအုပ်တွေ ဖတ်ထားတယ်ထင်တယ်"

"ဖတ်တယ်လေ၊ သဘောလည်း ကျတယ်၊ ဘာဖြစ်သလဲ"

"အနောက်တိုင်းသူတွေ ဖောက်ပြန်တာ မကြားဖူးဘူးလား"

"ကျွန်တော်တို့ မြန်မာမိန်းမတွေက ဒီလိုမဟုတ်ပါဘူး ဦးရယ်၊ လင်ကို အင်မတန်ကျိုးနွံကြပါတယ်"

"ကိုယ့်လင်ထက် တခြားယောကျ်ားကို ခင်မင်လို့ ဘယ်ဟန်ကျမလဲ"

"ဘယ့်နှယ်လုပ်မလဲ၊ ကိုယ်ကမှ သူ့လို အာမရွှင်ဘဲ၊ ခြောက်တောက်တောက်အကောင်ပေကိုးခင်ဗျ"

"သူ အာရွှန်းတိုင်း အိမ်လာလာပြီး ပြောချင်တာပြောလို့ တော်နိုင်ရိုးလား မောင်"

"နေပါဦး ဦးရဲ့၊ ကိုညွန့်တင် ခင်လှကြည်ကို ဘာတွေများ ပြောလို့တဲ့တုံး ခင်ဗျာ"

"ဒီလူ ခက်နေပါပြီ၊ ပြောလို့ နားမလည်နိုင်ဘဲဟာကိုး"

"နားလည်ပါတယ် ဦးရဲ့၊ ကိုညွန့်တင်ဟာ ကျွန်တော်ရဲ့ သူငယ်ချင်းနံပါတ်တစ်ပါ၊ ကျွန်တော့်အပေါ်မှာ မတော်တရော် မကြံစည်ပါဘူးခင်ဗျာ"

"ခက်တော့တာပဲကိုး ဒီလူတော့၊ ဒါဖြင့် (၁၈) ရက်နေ့မှာ သီဟိုဠ်ကျွန်းကို မောင်ညွန့်တင် လိုက်မလို့ဆိုတာ သိရဲ့လား"

"ကျွန်တော် ကြားသားပဲ"

"အဖော်တစ်ယောက်နဲ့တဲ့"

"ဟုတ်ပါတယ် သူ့သူငယ်ချင်းတစ်ယောက်နဲ့လို့ ကြားပါတယ်"

"နာမည်လွှဲပြီး လက်မှတ်ယူထားသတဲ့"

"ဒါ ဘာဖြစ်သလဲ၊ နိုင်ငံခြားခရီးသွားတဲ့အခါမှာ တချို့လူတွေ ဒီလိုလုပ်တတ်တယ်ဆိုတာပဲ"

mgyoe.com

mgyoe.com

ကျွန်ုပ်ကား လက်လျှော့ခဲ့ရပေပြီ သွားခါနီး၌...

"ဩဂုတ် ဒါထက် (၁၇) ရက်နေ့ညမှာ ညွှန့်ခံပွဲကလေးတစ်ခု ကျွန်တော် စီစဉ်ထားတယ်၊ ဦးလည်း ကြွပါ။ ကျွန်တော် ယခု ဖိတ်လိုက်ခြင်းပါပဲ၊ ကိုညွန့် တင်လည်း လာပါလိမ့်မယ်၊ တစ်နည်းအားဖြင့် သူ့အဖို့ နှုတ်ဆက်ပွဲဆိုပါတော့"

မောင်မင်းမောင်မှာ ခင်လှုကြည်နှင့် လက်ထပ်ပြီးသည့်နောက် အကြောင်း တစ်ခုခုရှာ၍ မကြာမကြာ ညွှန့်ခံပွဲလုပ်တတ်သည့် ဝါသနာရှိခဲ့ရာ ထိုအခမ်းအနား မလုပ်ခဲ့သည်မှာ အတန်ကြာခဲ့လေပြီ။ ကျွန်ုပ် လာပါမည်ဟု ကတိပေးလိုက် ပြီးနောက် မောင်မင်းမောင်လည်း ဆင်းသွားလေသည်။

၀

ထိုခေတ်အခါက အထက်တန်း မြန်မာများသည် ဘိလပ်သား အရာရှိ ကြီးများ၏ အတုအပလိုက်၍ ဤအခမ်းအနား ဟိုအခမ်းအနား စသည်ဖြင့် ကျင်းပတတ်ကြလေရာ မောင်မင်းမောင်၏ ညဉ့်အချိန် 'ဂါးဒင်းပါတီ' အခမ်း အနားမှာ ပြောစမှတ်ပြုရလောက်အောင် စည်ကားခမ်းနားလှပေသည်။ ပစ္စည်း လေးငါးသိန်းဖိုးမျှ အမွေရရှိ၍ (ထိုခေတ်ငွေတစ်သိန်းသည် လွန်စွာ အရာ ရောက်သည်) ဘိုတုခိုး၍ ဘိုပျော်ပျော်ချင်သော မောင်မင်းမောင်တို့လင်မယား မှာ ညွှန့်ခံသည့်နေရာတွင် အလွန်ရက်ရောသည်ဟု နာမည်ရသူများဖြစ်သည့် အလျောက် မြန်မာ၊ တရုတ်၊ ကုလားနှင့် အင်္ဂလိပ်ကပြားများအနက်မှ မျက်နှာ ကြီးဆို၍ မကျန်တော့သလောက် လာရောက်ကြလေသည်။ လူတိုင်း မတတ်နိုင် သော 'ဂါးဒင်းပါတီ' ကို ညဉ့်အချိန်၌ ကျင်းပခြင်းဖြစ်၍ ဝင်းခြံကြီးအတွင်းရှိ သစ်ပင်များတွင် ရောင်စုံစက္ကူ မီးအိမ်များလည်း ဓာတ်မီးများသွင်း၍ ထွန်း ထားသဖြင့် နတ်ဘုံနတ်နန်းတမျှ လှပဆန်းကြယ်လှတော့သည်။ ပရိသတ်များ အား တစ်နေရာ၌ အငြိမ့်ပွဲဖြင့် ဖျော်ဖြေသော်လည်း စုရုံးထိုင်ကြည့်ရန် မရည် ရွယ်ဘဲ ဝင်းခြံအတွင်း ကြိုက်ရာနေရာ၌ ထိုင်၍ စားသောက်နိုင်ကြရန် စားဖွယ် သောက်ဖွယ်များကို စားပွဲကလေးများဖြင့် အနှံ့အပြား ပြင်ဆင် တည်ခင်းလေ သည်။

မောင်မင်းမောင် စီမံလိုက်လျှင် (ဘိလပ်ပြန်တစ်ယောက် ဖြစ်သည့် အလျောက်) အလွန်ခမ်းနားပေသည်ဟု လူချီးမွမ်းခံရစေခြင်းငှာ မြန်မာပြည်၌ သူတစ်ပါးတို့ မလုပ်ဖူးသေးသည့် အစီအရင်တစ်ခုခုပါရှိသည်သာ ဖြစ်၏။ ၎င်းညဉ့်အခမ်းအနား၌ လူငယ်များတို့အဖို့ ဖြေဖျော်ရန် စီမံချက်တစ်ခုမှာ ဝင်းခြံကြီးအတွင်းတစ်နေရာတွင် ခြောက်လုံးပြူး သေနတ်ပစ်ပြိုင်ပွဲတစ်ခု ပြု

mgyoe.com

mgyoe.com

လုပ်၍ ယောကျ်ားများအတွက် ပီအောတိုက်မှ ငွေစီးကရက်ဘူးတစ်ဘူး၊ မိန်းကလေးများအတွက်မူ ရွှေလက်ပတ်နာရီတစ်လုံးကို ပထမဆုပေးရန် ဖြစ်လေသည်။

ကျွန်ုပ် ရောက်သွားသောအခါ အခြားဧည့်သည်များ အတော်အတန်ရောက်နေကြပြီဖြစ်၍ မောင်ညွှန့်တင်လည်း ရောက်နှင့်လေပြီ။ မောင်ညွှန့်တင်မှာ ဘယ်ခါမဆို ခင်လှကြည်နှင့် တပူးတွဲတွဲ နေတတ်သော်လည်း ထိုနေ့၌ တစ်ကွဲစီနေကြ၍ တစ်ယောက်ဘက်သို့ တစ်ယောက် မျက်နှာလှည့်သည်ကိုပင် ကျွန်ုပ် မတွေ့ရပေ။ ခင်လှကြည်သည် ကျွန်ုပ်အား ဦးလေးသားချင်းတစ်ယောက်သဖွယ် နှုတ်ဆက်သော်လည်း ၎င်း၏အမူအရာမှာ နေမထိထိုင်မသာ ရှိနေသည်ဟု ကျွန်ုပ် အကဲခတ်မိ၏။ တစ်ခါတစ်ရံ စကားပြောသင့်သည်ထက် ပိုပြော၍ တစ်ချက်တစ်ချက်တွင် နှုတ်ဆိတ်လွန်းသည်ဟု ကျွန်ုပ် ထင်မိသည်။ မောင်မင်းမောင်မူကား အထူးရွှင်ပျလျက် လာသမျှသော ဧည့်ပရိသတ်ကို နှုတ်မဆက်စဖူး သွက်လက်စွာ စကားပြောဧည့်ခံလျက် ရှိလေသည်။ ကျွန်ုပ်ကိုမူကား မောင်မင်းမောင်သည် မည်သည့်အကြောင်းကြောင့် မသိ၊ မျက်နှာ ခပ်လွှဲလွှဲလုပ်နေသည်ကို တွေ့ရ၏။

ဧည့်သည်များအနက် အင်္ဂလိပ်ကပြားမများနှင့် အရာရှိကြီးများ၏သမီး၊ မျက်နှာဖြူမိန်းကလေးများသည် သေနတ်ပစ်ပြိုင်ပွဲတွင် အထူး စိတ်ဝင်စားကြ၍ ပြိုင်ပွဲပြုလုပ်ရန် ပြင်ဆင်ထားသည့် စက်ကွင်းအနီးမှ မခွာနိုင်ဘဲ ရှိကြတော့သည်။ ပြိုင်ပွဲဝင်ကြမည့် ဧည့်သည်များမှာ လူငယ်များဖြစ်၍ လူကြီးပိုင်းကမူ ကြည့်ရန်အတွက်သာ ထိုင်စောင့်နေကြလေသည်။

မောင်မင်းမောင်၏ဝင်းခြံနောက်ပိုင်းတွင် ဘုန်းကြီးကျောင်းဝိုင်း ရှိ၍ လက်ခုပ်တစ်ဖောင်ခန့်မြင့်သော အုတ်တံတိုင်းကြီးရှိရာ စက်ကွင်းမှာ အုတ်တံတိုင်းကို မှီလျက် ထောင်ထားသောကြောင့် ကျည်ဆန်များသည် အုတ်တံတိုင်းကို ထိမှန်ပြီးနောက် ဖောက်ထွင်းရန် မဖြစ်နိုင်သဖြင့် ဘေးအန္တရာယ် မရှိချေ။

သေနတ်ပစ်ပွဲ စသည်နှင့် တစ်ပြိုင်နက် အငြိမ့်ပွဲကြည့်သော ပရိသတ်အနည်းငယ်မှတစ်ပါး ပြိုင်ပွဲသို့ ရောက်လာကြ၏။ ပစ်ရမည့်သေနတ်မှာ နှစ်လက်ဖြစ်၍ တစ်လက်မှာ မောင်မင်းမောင်၏သေနတ်၊ အခြားတစ်လက်မှာ စစ်ဗိုလ် သွန်မဆင်၏သေနတ်ကြီး ဖြစ်လေသည်။ မောင်မင်းမောင်၏သေနတ်မှာ အငယ်စားခြောက်လုံးပြူးဖြစ်၍ မိန်းမများအတွက်ဖြစ်ရာ ယောကျ်ားများ မှာမူ မေဂျာသွန်မဆင်၏သေနတ်နှင့် တစ်ချက်စီပစ်ကြရန် ဖြစ်သည်။

အစီအစဉ်အရမှာ မိန်းမတစ်ယောက်သည် မောင်မင်းမောင်၏သေနတ်

mgyoe.com

နှင့် ကိုက် (၂၀) ခန့်တွင်ရှိသော စက်ဝိုင်းကို ပစ်ပြီးနောက် ယောကျ်ားတစ်ယောက် ထွက်လာ၍ မေဂျာ၏သေနတ်ဖြင့် ၎င်းစက်ဝိုင်းကို ပစ်ရန်ဖြစ်လေသည်။ စက်ဝိုင်းမှာ အလယ်တွင် ဒိုးလုံးခန့်ရှိ အနက်စက်ကလေးရှိ၍ ၎င်းကို အနီရစ်၊ အပြာရစ်၊ အဝါရစ်၊ အစိမ်းရစ် စသည်ဖြင့် အဆင့်ဆင့်ရစ်ပြီးလျှင် ကျယ်သည်ထက် ကျယ်ပြန့်သွားသောအဝိုင်းများ ရှိကြလေသည်။ အကျယ်ဆုံးသောအရစ်မှာ အစိမ်းရောင်ဖြစ်၍ ၎င်းကို ထိမှန်လျှင် တော်လှပေပြီ။ သို့သော် ထိုထက် အဝါရစ်၊ ထိုထက် အပြာရစ်၊ ထိုထက် အနီရစ်၊ ထိုထက် ဒိုးလုံးနက်စသည်ဖြင့် အဆင့်ဆင့်သေးငယ်သွားမှ ဒိုးလုံးကို မှန်သူမှာ အတော်ဆုံးဖြစ်လေသည်။

ဧည့်သည်အများအပြား လာရောက်ကြသော်လည်း ပြိုင်ပွဲသို့ လူငယ်များသာ ပါဝင်သည်ဖြစ်၍ မိန်းမ (၆) ယောက်နှင့် ယောကျ်ား (၇) ယောက်မျှသာ ရှိလေသည်။ မိန်းမများမှာ ဘိုကပြားမသုံးယောက်၊ တရုတ်မတစ်ယောက်၊ ကုလားမတစ်ယောက်နှင့် မြန်မာအမျိုးသမီးများအနက်မှ ခင်လှကြည် တစ်ယောက်သာ ပါဝင်လေသည်။ ယောကျ်ားများအနက်မှ မျက်နှာဖြူအရာရှိများနှင့် ကုလားတစ်ယောက်အပြင် မောင်ညွန့်တင်နှင့် မောင်မင်းမောင်တို့ ပါဝင်ကြလေသည်။

ယောကျ်ားတစ်လှည့် မိန်းမတစ်လှည့် ပစ်ကြ၍ ထိမှန်သောအရစ်ကို မှတ်သားထားရာ အစိမ်းရစ်၊ အဝါရစ်၊ အပြာရစ်တို့ကို ထိမှန်ကြသော်လည်း အနက်လုံးကို ထိမှန်သူဟူ၍ စစ်ဗိုလ်တစ်ယောက်သာပါရှိသေးသည်။ မောင်ညွန့်တင်သည် မဲချသည့်အစဉ်အတိုင်း နံပါတ် (၆) ဖြစ်၍ မိမိအလှည့်တွင် စက်ဝိုင်းကို ပစ်လိုက်သောအခါ မည်သည့်အရစ်မျှ မထိမှန်ဘဲ အရစ်များ၏အပြင်သို့ ရောက်သွားသဖြင့် ရယ်မောကြလေသည်။ ခင်လှကြည်ပင်လျှင် အကျယ်ဆုံးသော အစိမ်းရစ်ကို ထိမှန်သေးသည်။ နောက်ဆုံးတွင် မောင်မင်းမောင်၏အလှည့် ရောက်၍ မောင်ညွန့်တင်၏လက်မှ သေနတ်ကို လှမ်းယူစဉ် ပရိသတ်က (၆) ချက် ပစ်ပြီးပြီ ဖြစ်သောကြောင့် ယမ်းထောင့်အသစ်ထိုးဖို့ သတိပေးကြ၏။ မောင်မင်းမောင်သည် အလွန်ကြည်ရွှင်သောမျက်နှာထားဖြင့် မောင်ညွန့်တင်၏ လက်မှ သေနတ်ကို လှမ်းယူ၍ ယမ်းထောင့်အသစ်ထိုးမည်လုပ်ရင်း နောက်ပြောင်သောအမူအရာဖြင့် မောင်ညွန့်တင်ကို ချိန်လိုက်ရာ ဒိုင်းခနဲမြည်သော အသံ ထွက်ပေါ်လာသည်နှင့် ပရိသတ်များ လန့်သွားကြ၏။ နောင်တစ်ခဏ၌ မောင်ညွန့်တင်သည် ရင်ဘတ်ကို လက်နှင့်ဖိကာ မျက်နှာကို နံဘေးသို့ စောင်းလိုက်ရာမှ မြေပေါ်သို့ ထိုးလဲကျသွား၏။ မောင်မင်းမောင်က "ဆောရီး

mgyoe.com

mgyoe.com

သူငယ်ချင်း" ဟု ပြောလိုက်သောအသံကိုပင် မောင်ညွန့်တင် ကြားဟန်မရှိချေ။ အဘယ်ကြောင့်ဆိုသော် ကျည်ဆန်သည် အနီးမှ တေ့ကပ်၍ မောင်ညွန့်တင်၏ နှလုံးသားကို ဖောက်ထွင်းသွားသဖြင့် တစ်မုဟုတ်ချင်း အသက်ပျောက်နိုင်သည် ဖြစ်သောကြောင့်ပေတည်း။

ပရိသတ်များသည် အုံ့သြစွာနှင့် ပြေးလာကြ၍ "ဘယ့်နှယ်လဲ၊ ဘာဖြစ်တာလဲ၊ (၆) ချက် ပစ်ပြီးပြီမဟုတ်လား၊ ယမ်းထောင့် မထိုးဘဲနဲ့ ကျည်ဆန် ထွက်နိုင်သလား" စသော မေးခွန်းများဖြင့် ဆူညံနေကြလေပြီ။ ပရိသတ်များ အနက်တွင် ဆရာဝန်တစ်ဦးပါသဖြင့် သွေးစမ်းကြည့်ရာ မောင်ညွန့်တင်မှာ လုံးဝ အသက်ပျောက်ခဲ့လေပြီ။

စုံစမ်းသိရှိရသည်မှာကား မေဂျာသွန်မဆင်၏သေနတ်မှာ ရိုးရိုး ခြောက်လုံးပြူး မဟုတ်၊ ယမ်းတောင့် (၇) တောင့် ထိုးရသော ရှေးနမူနာ သေနတ်ကြီး ဖြစ်လေသည်။ ထိုညဦးက မေဂျာသွန်မဆင်မှာ ကိစ္စတစ်ခုနှင့် ပြန်သွားရ၍ ၎င်း၏သေနတ်အကြောင်းကို မောင်မင်းမောင်အား ပြောထားခဲ့သည် မှန်၏။ သို့သော် မောင်မင်းမောင်၏သတိနည်းခြင်းအကြောင်းကို မိတ်ဆွေအားလုံးက သက်သေခံဖို့ အသင့်ရှိ၍ သူ၏သတိနည်းမှုကြောင့် လျော်ကြေးရဖူးသည့် လူကြီးလူကောင်း သက်သေနှစ်ယောက်၏ အစစ်ခံချက်သည်ပင်လျှင် နာမည်ကျော် ဝတ်လုံတော်ရကြီးအဖို့ လျှောက်လဲရန် ဆင်ခြေကောင်း ရထားပြီဖြစ်ရကား ဟိုက်ကုတ်တရားသူကြီးများသည် မောင်မင်းမောင်ကို တရားသေလွှတ် ရန်မှတစ်ပါး အခြားနည်းလမ်း မရှိတော့ချေ။

ဝ

တစ်နေ့သ၌ ကျွန်ုပ်သည် ဝတ်လုံတော်ရ ဦးဘစိန်နှင့်တွေ့၍...

"ဘယ့်နှယ်လဲဗျ ဦးဘစိ၊ ဖအေပါးရင် သား ထူတတ်တယ်လို့ ခင်ဗျား ပြောပြောနေတာ၊ မောင်မင်းမောင်ကိစ္စမှာ ဘယ့်နှယ်နေသလဲဗျ"

"ဟုတ်ပေ့ဗျာ၊ တကယ်ပါးပြီဆိုမှဖြင့် ထူချင်ယောင်ဆောင်လို့လည်း ဖြစ်ပေတာကိုးဗျ"

[လျှို့ဝှက်သည်းဖို၊ အောက်တိုဘာ ၁၉၆၂]

mgyoe.com

mgyoe.com

# အာဠဝကလိုဏ်ခေါင်း ဝတ္ထု

အောက်ပါ ဒိုင်ယာရီမှတ်တမ်းမှာ ကျွန်တော်၏မိတ်ဆွေ ပင်စင်အငြိမ်းစား သစ်တောဝန်ထောက် ဦးသူတော်၏ဒိုင်ယာရီစာအုပ်မှ ထုတ်နုတ်ဖော်ပြခြင်း ဖြစ်လေရာ ဦးသူတော်မှာမူ ၁၉၃၀–ခုနှစ်၊ ဒီဇင်ဘာလအတွင်းတွင် ကသာဒိစတြိတ် ထီးချိုင့်မြို့၌ နှလုံးရောဂါဖြင့် သေဆုံးခဲ့ရှာလေပြီ။ ၎င်း၏မှတ်တမ်းမှာ အင်္ဂလိပ် ဘာသာဖြင့် ရေးသားထား၍ မြန်မာဘာသာဖြင့် ပြန်ဆိုရေးသားရခြင်း ဖြစ်ပေသည်။ ဤမှတ်တမ်းကိုဖတ်ရှုရသော ကျွန်တော်နှင့်တကွ ဦးသူတော်၏မိတ်ဆွေ အပေါင်းက ဤမှတ်တမ်းတွင်ပါရှိသော အကြောင်းအရာများသည် ဧကန်စင်စစ် ၎င်းကိုယ်တိုင်ကြုံတွေ့ရသော အဖြစ်အပျက်များ ဟုတ်သည်၊ မဟုတ်သည်ကို မပြောနိုင်အောင် ရှိကြသော်လည်း ၎င်းဦးသူတော်မှာ ဝတ္ထုရေးဆရာလည်း မဟုတ်။ စိတ်ကူးဖြင့် တီထွင်တတ်သူတစ်ယောက်လည်း မဟုတ်။ မဖြစ်တန် လောက်သော အကြောင်းအရာများ၌ ယုံကြည်ခြင်း မရှိတတ်သူတစ်ယောက် ဖြစ်ကြောင်းကိုကား တညီတညွတ်တည်း ဝန်ခံနိုင်ကြပေသည်။ ဦးသူတော် သည် သေခါနီးဆဲဆဲအခါ၌ ၎င်း၏မယားဖြစ်သူ ဒေါ်ဖွားရှင်အား မိမိသေသည့် နောက်၌ ၎င်း၏ဒိုင်ယာရီမှတ်တမ်းကို ကျွန်တော့်ထံ ပေးပို့ရစ်ဖို့ မှာထားချက်အရ ခရေပွင့်တံဆိပ်ရေးမှတ်ထားသော အောက်ပါအကြောင်းအရာကို ကျွန်တော် ဖတ်ရှုမိရာတွင် အလွန်တရာ ထူးဆန်းအံ့သြဖွယ်ကောင်းကြောင်း တွေ့ရှိရသဖြင့် လူအများတို့ သိစိမ့်သောငှာ မြန်မာဘာသာဖြင့် ပြန်ဆိုရေးသားရခြင်း ဖြစ်ပေသည်။ ဦးသူတော်၏ဒိုင်ယာရီမှတ်တမ်းကို ဖတ်ရှုရပြီးနောက် ကျွန်တော်သည် အာဠဝကလိုဏ်ခေါင်းရှိရာအရပ်သို့ ကိုယ်တိုင် သွားရောက်စုံစမ်းခဲ့သေးသည် ဖြစ်ရာ ထိုနယ်သားတို့၏ထွက်ဆိုချက်မှာလည်း အဆိုပါမှတ်တမ်းတွင် ဖော်ပြ ပါရှိသည့် အဖြစ်အပျက်နှင့် တစ်သဝေမတိမ်းအောင် ကိုက်လျက်ရှိကြောင်း

mgyoe.com

m

ကိုလည်း တွေ့ခဲ့ပေသည်။ ဤမျှလောက် စကားပလ္လင် ခံပြီးနောက် မှတ်တမ်းတွင် ပါရှိသည့်အတိုင်း အပိုအယုတ် မရှိဘဲ အတိအကျ ပြန်ဆိုရေးသားဖော်ပြပေအံ့။

၁

ဧပြီလ (၁၇) ရက်နေ့။ ။ ဆရာဝန်များက ကျွန်ုပ်အား တောင်ကုန်းအရပ်ဒေသသို့ သွားရောက်နေထိုင်ရန် အကြံပေးသည့်အတိုင်း ဤအရပ်သို့ ဆိုက်ရောက်လာခဲ့ရာ လေကောင်းလေသန့်ကို ရှူရှိုက်လိုက်ရသည့်အတွက်ကြောင့် ကျွန်ုပ်၏နှလုံးရောဂါမှာ အတော်အတန်သက်သာခွင့်ရ ခဲ့ပေသည်။ ဤအရပ်ဆိုသည်မှာ သပိတ်ကျင်းမှ မိုးကုတ်သို့သွားသောလမ်းရှိ ဝါးဖြူတောင်အရပ်မှ တောင်ဘက် (၁၀) မိုင်ကွာတွင်ရှိသော ဝါးနက်ကုန်းရွာ ဖြစ်လေသည်။ ကျွန်ုပ်သည် သပိတ်ကျင်းမြို့တွင် တောအုပ်လုပ်စဉ်က ဤရွာသို့ တစ်ကြိမ်ရောက်ဖူး၍ တောင်များ ဝိုင်းရံလျက် စိမ့်စမ်းတသွင်သွင်စီးဆင်း၍ လေပြည်တဖြူးဖြူးရှိနေသော ဤရွာကလေးကို နှစ်သက်ဖူးသဖြင့် ဆရာဝန်က တောင်ကုန်းအရပ်တွင်နေထိုင်ရန် အကြံပေးသည်နှင့်တစ်ပြိုင်နက် ဝါးနက်ကုန်းရွာကလေးကို သတိရ၍ လာရောက်နေထိုင်ခဲ့ခြင်း ဖြစ်လေသည်။

ကျွန်ုပ်တည်းခိုနေသော နေအိမ်မှာ ကျွန်ုပ်၏လက်အောက်၌ လုပ်ကိုင်ဖူးသော တောခေါင်းမောင်သော်တာ မိခင်၏ နေအိမ်ဖြစ်ရာ ကျွန်ုပ်နှင့်အတူ အစေခံတစ်ယောက် ပါလာသဖြင့် ၎င်းက ကျွန်ုပ်အား ချက်ပြုတ်ကျွေးမွေး ပြုစုစောင့်ရှောက်လျက်ရှိပေ၏။ ထိုရွာမှ လမ်းမကြီးသို့သွားသော လမ်းကလေးမှာ အလွန်တရာ သာယာလှသည်ဖြစ်သောကြောင့် ကျွန်ုပ်သည် တုတ်ကောက်တစ်ချောင်းနှင့် ညနေတိုင်းပင် လမ်းလျှောက်လေ့ရှိ၏။ ထိုအရပ်ဒေသ၏ထူးခြားသော အခြင်းအရာတစ်ခုမှာ မြေကြီးသည် အပေါ်ယံ၌ တင်းမာ၍ ကျောက်ဆောင်များနှင့် ရောပြွမ်းလျက်ရှိနေသော်လည်း အတွင်း၌ကား လိုဏ်ခေါင်းကြီးများရှိနေ၏။ သို့ဖြစ်သောကြောင့် အလွန်တရာကြီးမားသော တူကြီးတစ်ချောင်းနှင့် ၎င်းမြေကြီးကို ထုနှက်ခဲ့သည်ရှိသော် ဖားစည်ကြီးသဖွယ် နက်ကျယ်လှသော အသံဖြင့် မြည်ဟိန်းမည်ဖြစ်လေသည်။ အချို့သောနေရာတို့၌ စမ်းချောင်းများသည် မည်သည့်နေရာ၌မျှ ထွက်ပေါ်လာတော့သည်မရှိဘဲ ဖြစ်လေရာ လိုဏ်ခေါင်းကြီးများအတွင်း၌ ပင်လယ်ကြီးသဖွယ် ရေမျက်နှာပြင်ဖြစ်နေလိမ့်မည် ဟူ၍ ခန့်မှန်းဖွယ်ရာ ရှိလေသည်။

တစ်ခါတစ်ရံ၌ ကျွန်ုပ်သည် စမ်းချောင်းများ စိမ့်ဝင်၍ သွားသော

myoe.com

mgyoe.com

တောင်ခေါင်းများအတွင်းသို့ လက်နှိပ်ဓာတ်မီးတစ်ခုနှင့် ဝင်သွားပြီးလျှင် မီးကို မှိတ်လိုက်သောအခါ၌ကား မှောင်အတိဖြစ်၍ မီးကို တစ်ချက်နှိပ်လိုက်ပြန်သောအခါ၌ကား အမိုးမှစိမ့်ကျသော ရေစက်တို့သည် လိုဏ်ခေါင်း၏အမိုး၌ ကျောက်ဖြူတိုင်ကြီးများသဖွယ် ဖြစ်စေလျက် အောက်၌ကား ကျောက်ဖြူဖြင့် ထုလုပ်ထားသောပလ္လင်သဖွယ် အဆင့်ဆင့်ဖြစ်ပေါ်လျက်ရှိသည်များကို ဆန်းဆန်းကြယ်ကြယ် တွေ့မြင်ရပေ၏။

အဆိုပါ ဥမင်လိုဏ်ခေါင်းကြီးများအနက် အကြီးဆုံးဖြစ်၍ အဆုံးသို့တိုင်အောင် ရောက်ဖူးသေးသောသူ မရှိသေးသည့် လိုဏ်ခေါင်းကြီးမှာကား အာဠဝကလိုဏ်ခေါင်းဟူ၍ ထိုနယ်သားတို့က မှည့်ခေါ်ထားကြလေသည်။ အခါတစ်ပါး၌ စွန့်စားသော ရွာသားနှစ်ယောက်တို့သည် ဖယောင်းတိုင်တစ်ထုပ်နှင့် ထိုလိုဏ်ခေါင်းကို ဝင်ကြလေရာ ဖယောင်းတိုင်လေးတိုင် ကုန်သည့်တိုင်အောင် လျှောက်ဝင်သွားကြသော်လည်း လိုဏ်ခေါင်းမဆုံးသေးသည်ဖြစ်၍ ကျန်သော ဖယောင်းတိုင်လေးတိုင်နှင့် တစ်ဖန် ထွက်လာကြရကြောင်းနှင့် ရွာသားများက ပြောကြဖူးလေသည်။ ဤ ဧပြီလ (၁၇) ရက်နေ့ ညနေခင်းအချိန်၌ ကျွန်ုပ်သည် အာဠဝကလိုဏ်ခေါင်းဝမှ ရပ်လျက် လိုဏ်ခေါင်းအတွင်းသို့ လက်နှိပ်ဓာတ်မီးနှင့် ထိုး၍ကြည့်ပြီးလျှင် ကောင်းမွန်စွာ ကျန်းမာလာသောတစ်နေ့၌ ဤလူပြောများသော လိုဏ်ခေါင်းကြီးကို ဝင်ကြည့်အံ့ဟု ဆုံးဖြတ်မိလေသည်။

ထိုကဲ့သို့ကြည့်လျက်ရှိစဉ် ၎င်းရွာသားတို့အနက် အတော်အတန် အကြားအမြင်များသော သစ်ခုတ်သမား မောင်မျှားနှင့်တွေ့၍

မျှား ။ ။ "ဝန်ထောက်မင်းတော့ မကြောက်ဘူး မှတ်တယ်"

ကျွန်ုပ် ။ ။ "ဘာကြောက်ရမှာလဲကွဲ့"

မျှား ။ ။ (လိုဏ်ခေါင်းကို မေးငေါ့လျက်) "အာဠဝကလိုဏ်ခေါင်းဆိုတာ ဒီဟာပေါ့ ဝန်ထောက်မင်း"

ကျွန်ုပ် ။ ။ "အာဠဝကဆိုရုံနဲ့ ကြောက်ရတော့မှာလားကွဲ့။ မင်းတို့ မှည့်ချင်တိုင်း မှည့်ထားပြီး နာမည်ကြီးတာနဲ့ ငါတို့က ကြောက်ရမှာလားကွဲ့ မောင်မျှားရဲ့"

မျှား ။ ။ "ကုသိုလ်ကံဆိုတာ မသိနိုင်ဘူး ဝန်ထောက်မင်း။ ဟိုလူနှစ်ယောက်က ဖယောင်းတိုင်ထုပ်နဲ့ဝင်လို့ ဘာမှ မတွေ့ခဲ့ရပေမဲ့ ကံမကောင်းတဲ့လူကျရင် ဒီအပေါက်ဝမှာ ရပ်တာနဲ့တောင် ဒုက္ခများတတ်ပါတယ် ဝန်ထောက်မင်း"

mgyoe.com

ထိုအခါက ဤအာဋဝကလိုဏ်ခေါင်း၏အကြောင်းကို မောင်မှူးအား မေးမြန်းစုံစမ်းလေရာ အောက်ပါအတိုင်း သိရှိရပေသည်။

၎င်းရွာ၌ ရုံဖန်ရုံခါ ကျွဲများ၊ နွားများသည် အလောင်းကောင်ရှာ၍ မတွေ့အောင် တစ်ခါတည်း ပျောက်ဆုံးတတ်ကြောင်း၊ အကယ်၍ ကျားချီယူသွားခဲ့ပါမူ ကျားတို့မည်သည်မှာ ဦးချိုနှင့် အရိုးမျှ မကျန်အောင် စားနိုင်သည် မရှိသဖြင့် ဦးချိုများ၊ အရိုးများကို တွေ့ဖို့သင့်ကြောင်းနှင့် အစချီ၍ ပြောဆိုလျှင် ကျွန်ုပ်က ကျွဲနွားတို့မည်သည်မှာ ချောက်ကြိုချောက်ကြားမှ လိမ့်ကျသဖြင့်လည်း အသေကောင်ရှာမတွေ့အောင် ပျောက်ဆုံးနိုင်ကြောင်းနှင့် ဖြေဆိုရာတွင် မောင်မှူးက သဘောမကျနိုင်ချေ။ အကြောင်းကိုဆိုသော် တစ်ခါတစ်ရံ၌ သွေးအိုင်များကို တွေ့ရသည့်ပြင် သစ်ပင်များ ချုံများနှင့် ပွတ်တိုက်မိသဖြင့် ၎င်းကျွဲနွားတို့၏အရေများ စုတ်ပြတ်ကပ်ငြိလျက် ကျန်ရစ်ခဲ့သည်များကို တွေ့ရကြောင်း၊ ကျွဲနွားများ ပျောက်ဆုံးတတ်သော အချိန်အခါမှာကား လလည်း မထွက်၊ ကြယ်မျှလည်း မပေါ်၊ မိုးမှောင်ကျသဖြင့် အလွန်တရာ မှောင်မိုက်သောညများ၌ ဖြစ်တတ်ကြောင်းများနှင့် ပြောဆိုပြီးလျှင် နောက်ဆုံး၌ အချုပ်စကားအားဖြင့် မောင်မှူးကပြောပြသည်မှာ ဤအာဋဝကလိုဏ်ခေါင်းဝ၌ ကြာရှည်စွာသည်းခံ၍ စောင့်နိုင်သူများမှာ မိုးချုန်းသံနှင့် တူ၍ အလွန်တရာ နက်ကျယ်လှသော အသံဆိုးကြီးများကို လိုဏ်ခေါင်းတွင်းမှ ကြားရတတ်ကြောင်းများနှင့် ပြောပြလေ၏။ ထိုအခါ ကျွန်ုပ်က ဥမင်လိုဏ်ခေါင်းအတွင်း မည်သည်မှာ သေးငယ်သောအသံပင်လျှင် အလွန်တရာ နက်ကျယ်ဘိသကဲ့သို့ ထင်မှတ်ရသောကြောင့် လိုဏ်ခေါင်းအတွင်းရှိ ရေထဲသို့ ကမ်းပါးပြို၍ ကျခဲ့သော် နက်ကျယ်စွာသောအသံကို ဖြစ်စေတတ်ကြောင်းနှင့် ရှင်းလင်းပြောပြသောအခါ မောင်မှူးက "ဝန်ထောက်မင်းတို့က အယုံတရား တယ်ပြီးနည်းတဲ့ လူမျိုးပဲ" ဟု ပြောပြီးနောက် ထွက်သွားလေ၏။

ထူးဆန်းသောအခြင်းအရာတစ်ခု စတင်ဖြစ်ပေါ်လာပုံမှာ ကျွန်ုပ်သည် မောင်မှူးထွက်သွားပြီးနောက် ၎င်းပြောသွားသောစကားများကို ပြန်လှန်တွေးတောရင်း မယုံကြည်နိုင်သော စိတ်သဘောမျိုးနှင့် လိုဏ်ခေါင်းဝတွင် ထိုင်ကာ ကျန်ရစ်ခဲ့၍ နာရီဝက်ခန့်ကြာသောအခါ အလွန်ဆန်းကြယ်လှသော အသံကြီးတစ်မျိုးကို လိုဏ်ခေါင်းအတွင်းမှ ကြားလိုက်ရလေ၏။ ထိုအသံကြီးသည် လိုဏ်ခေါင်းအတွင်း အလွန်ဝေးသောအရပ်မှ ထွက်လာသည့် လက္ခဏာရှိသည်ဖြစ်ရာ ဝေးပင်ဝေးလှသော်လည်း အလွန်တရာပင် နက်ကျယ်လှချေ၏။ ထို့ပြင် ၎င်းအသံသည် တစ်စုံတစ်ခု လဲပြို၍ ကျရာ၌ ဖြစ်ပေါ်

myanmarbook.com

mgyoe.com

တတ်သည့် ဗုန်းခနဲ ဝုန်းခနဲ အသံမျိုးလည်း မဟုတ်ချေ။ အလွန်တရာ စူးရှရှည်လျားနက်ကျယ်လှသည်ဖြစ်၍ အနည်းဆုံးအားဖြင့် ဥပမာဆောင်၍ ပြရမည်ဆိုသော် မြင်းကောင်ရေတစ်ရာခန့်တို့သည် တစ်ပြိုင်နက် တစ်ချက်တည်းသံကုန်ဟစ်၍ ဟီလိုက်သောအသံနှင့် တူလှပေ၏။ ထိုအသံကြီးကို ကြားလိုက်ရသောအခိုက်၌ကား ကျွန်ုပ်မှာ မောင်မှူး၏စကားကို ရုတ်တရက် သတိရ၍ အတော်အတန် တုန်လှုပ်မိသည်ဟု ဝန်ခံရပေမည်။ သို့ပါသော်လည်း နဂိုအားဖြင့် ကြောက်လန့်တတ်သောသူတစ်ယောက် မဟုတ်သောကြောင့် ကြောက်မက်ဖွယ်တစ်စုံတစ်ရာကို မျက်မြင်ဒိဋ္ဌ မတွေ့မမြင်ရဘဲနှင့် ကြောက်လန့်ခြင်းမဖြစ်မူ၍ လိုဏ်ခေါင်းဝ၌ပင် ထိုင်ကာ တစ်နာရီခန့်မျှ ဆက်လက်စောင့်ဆိုင်းနေပါသော်လည်း မည်သည့်အရာကိုမျှလည်း မမြင်မတွေ့ရ။ ထိုအသံကိုလည်း ဆက်လက်၍ မကြားရတော့ချေ။ ယင်းသို့ဖြစ်ရကား ကျွန်ုပ်သည် ကျန်းမာလာသောတစ်နေ့၌ ထိုလိုဏ်ခေါင်းကြီးအတွင်းသို့ ဝင်ရောက်စုံစမ်းအံ့ဟု ယခင်ကဆုံးဖြတ်သည့်အတိုင်း ထပ်မံ၍ ဆုံးဖြတ်ပြီးလျှင် နေအိမ်သို့ ပြန်လာခဲ့လေ၏။

ဧပြီလ (၂၀) ရက်နေ့။ ။ လွန်ခဲ့သော သုံးရက်အတွင်း ကျွန်ုပ်သည် လက်နှိပ်ဓာတ်မီးတစ်ခုနှင့် အာဠဝကလိုဏ်ခေါင်းအတွင်းသို့ အတော်အတန် ခရီးပေါက်ရောက်သည်တိုင်အောင် ဝင်၍ ကြည့်ခဲ့ရာ တစ်စုံတစ်ရာမျှ ထူးထူးခြားခြား မတွေ့မမြင် မကြားမသိခဲ့ရချေ။ သို့ဖြစ်သောကြောင့် ယခင်အခါက ကျွန်ုပ်ကြားခဲ့ရသောအသံမှာ မောင်မှူး၏ပြောစကားကြောင့် ကျွန်ုပ်၏စိတ်ထဲ၌ စွဲလမ်းသည့်အတွက် စိတ်ကူးသက်သက်မျှသာ ဖြစ်သည်ဟု ထင်မှတ်စပြုလာခဲ့၏။ သို့ရာတွင် ထူးခြားသောအချက်တစ်ခုမှာ လိုဏ်ခေါင်း၏အဝင်ဝ၌ရှိသော ချုံများ၌ အလွန်ကြီးမားသောကိုယ်ကာယဖြင့် တိုးရွေ့သွားသည့် အထိမ်းအမှတ် လက္ခဏာများကို တွေ့မြင်ရသည့်ပြင် တစ်ခုသောသစ်ကိုင်း၌ နွား၏ သားရေနှင့် အသားအနည်းငယ် ငြိတွယ်လျက် ကျန်ရစ်သည့်အဖြစ်ကို တွေ့မြင်ရပေသည်။ နွားများသည် မျက်စိလည်လမ်းမှား၍ ချောက်ကမ်းပါးသို့ ကျပြီးလျှင် ချုံနှင့်ငြိ၍ အရေအသားစုတ်ပြတ်ကျန်ရစ်သည်ဟု တွေးတောမိဆဲတွင် ချုံနှင့် မနီးမဝေး၌ သွေးအိုင်ကြီးတစ်အိုင်ကို မြင်ပြန်သဖြင့် အစဉ်းစားရကျပ်ပြန်၏။ သို့ဖြစ်လျှင် ဤလိုဏ်ခေါင်းကြီးအတွင်း၌ ကျွဲနွားများကို မြေ၌ တရွတ်မဆွဲဘဲ တစ်ကိုယ်လုံးမြှောက်ချီ၍ သွားနိုင်လောက်သော သတ္တဝါကြီး တစ်မျိုးမျိုးပင် နေထိုင်သလော။ လိုဏ်ခေါင်းအတွင်းမှလည်း ညှီဟောက်ဟောက်နံစော်သော အနံ့ရသည်ဟု ကျွန်ုပ်၏စိတ်၌ မှတ်ထင်မိပေ၏။

mgyoe.com

m.g


ထိုအခြင်းအရာများကို တွေ့မြင်ရသောအခါ၌ ကျွန်ုပ်မှာ ကိုယ်ကာယ မကျန်းမာသည့်အခိုက်ဖြစ်သဖြင့် စိတ်၊ ခွန်အားနည်းပါးသည်ဖြစ်သောကြောင့် လိုဏ်ခေါင်းသို့ဝင်ရန် အကြံကို လက်လျှော့တော့မည်ဟု အောက်မေ့မိ၏။ သို့ရာတွင် အိမ်သို့ရောက်သောအခါ၌ကား ထင်သည့်အတိုင်း ဟုတ်၊ မဟုတ်ကို စုံစမ်းလိုသောစိတ်ဖြစ်ပေါ်လာပြန်သောကြောင့် နက်ဖြန် သွားရောက်မည်ဟု ဆုံးဖြတ်မိပေ၏။

ဧပြီလ (၂၂) ရက်နေ့။ ။ ယမန်နေ့က အာဠဝကဥမင်လိုဏ်ခေါင်းအတွင်း၌ တွေ့မြင်ခဲ့ရသမျှကို စုံလင်စွာ ရေးသားဖော်ပြပေအံ့။ ကျွန်ုပ်သည် မနေ့က ညနေစောင်းအချိန်တွင် လိုဏ်ခေါင်းသို့သွားရောက်၍ အဝသို့ရောက်သောအခါ၌ အနည်းငယ်တုန်လှုပ်မိသည် မှန်ပေ၏။ ကျွန်ုပ်၏အစေခံကို ခေါ်ခဲ့ရသော် သင့်လျော်လိမ့်မည်ဟူ၍လည်း အောက်မေ့မိ၏။ ကျွန်ုပ်သည် လက်နှိပ်ဓာတ်မီးအပြင် လိုလိုမည်မည်သဘောနှင့် ဖယောင်းတိုင်တစ်ထုပ်နှင့် မီးခြစ်တစ်ဘူးကိုလည်း ဆောင်ယူခဲ့၏။

ကျွန်ုပ်သည် လက်နှိပ်ဓာတ်မီးကို နှိပ်လျက် လိုဏ်ခေါင်းဝမှ ဝင်သွား၍ ပေ (၅၀) ခန့်မျှ သွားမိလေလျှင် ကြမ်းပြင်မှာ ကျောက်လုံး ကျောက်ခဲကလေးများ ခင်းကျင်းလျက်ရှိသည်ကို တွေ့ရ၏။ ထိုမှတစ်ဖန် လက်ယာဘက်သို့ ချိုးသွားသောလမ်းအတိုင်း လိုက်သွားပြန်ရာ ပေတစ်ရာခန့်မျှ သွားမိသောအခါတွင် လက်နှိပ်ဓာတ်မီးသည် ရုတ်တရက် ဖန်သီးပျက်သွားသဖြင့် ဂူကြီးအတွင်း မှောင်အတိပြီးလျက် ကျန်ရစ်ခဲ့၏။ ဖန်သီးပြောင်းလဲ၍ တပ်ရန်ကား မပါ။ ဖယောင်းတိုင်သာလျှင် ပါသည်ဖြစ်သောကြောင့် ဖယောင်းတိုင်တစ်တိုင်ကို ထွန်းညှိလျက် ဆက်လက်လျှောက်သွားပြန်လေ၏။ ထိုနေရာ၌ကား ကြမ်းပြင်၌ ကျောက်ခဲများ မရှိ။ အလွန်မာချောသောကျောက်မျိုးဖြင့် တစ်ပြင်တည်း ခင်းကျင်းထားဘိသကဲ့သို့ ရှိနေ၏။ ပေ (၂၀၀) ခန့်မျှ သွားမိပြန်သော် အလွန်ကျယ်ဝန်းသော အခန်းကြီးသဖွယ်ရှိနေသည့်နေရာသို့ ရောက်ခဲ့လေရာ ထိုအခန်းကြီးမှာ လိုဏ်ခေါင်းများကို သုံးဌာနခွဲ၍ သွားကြ၏။

ကျွန်ုပ်မှာ ထိုအခန်းကြီး၏အလယ်၌ ရပ်လျက် ထိုနေရာမှ ပြန်ရချေမည်လော။ ဆက်လက်၍ သွားရချေမည်လော။ အကယ်၍ ဆက်လက်သွားခဲ့ပါလျှင် ထိုအပေါက်သုံးပေါက်အနက် မည်သည့်အပေါက် လိုက်ချေမည်နည်းဟု စဉ်းစားလျက်ရှိနေစဉ် ကျွန်ုပ်၏ခြေရင်း၌ ထူးဆန်းလှသော အခြင်းအရာတစ်ခုကို တွေ့မြင်ရလေ၏။

mgyoe.com

mgyoe.com

ထိုနေရာ၌ လိုဏ်ခေါင်းအမိုးမှ ရေစိမ့်၍ ကျဖူးသောကြောင့် နို့နံ့များသည် ကြမ်းပြင်၌ ပြန့်လျက် ခြောက်သွေ့စွာရှိနေသည်ဖြစ်ရာ (၈) ပေပတ်လည်ခန့်ရှိသော ထိုရွှံ့ခြောက်အတွင်း၌ အရာကြီးတစ်ခုကို တွေ့မြင်ရလေ၏။ ထိုအရာသည် ကျောက်တုံးကြီးတစ်တုံး ဖိ၍ ချထားသောအရာနှင့် တူသော်လည်း ထိုအနီးအနား၌ ကျောက်တုံးလည်း မရှိသောကြောင့် ကျောက်တုံးရာလည်း မဟုတ်နိုင်ချေ။ အကယ်၍ တိရစ္ဆာန်၏ခြေရာ ဖြစ်ပါလျှင်လည်း ထို (၈) ပေပတ်လည်ခန့်အတွင်း၌ ခြေရာတစ်ရာ ရှိနေခြင်းမှာ အလွန်ခြေလှမ်းကျယ်သဖြင့် မယုံကြည်နိုင်လောက်အောင် ကြီးမားသော တိရစ္ဆာန်၏ခြေရာ ဖြစ်ရချေမည်။ ထိုသို့ ဖြစ်နိုင်မည်ဟူ၍လည်း ကျွန်ုပ် မမှတ်ယူနိုင်ဘဲ ရှိခဲ့၏။ သို့ရာတွင် ကျွန်ုပ်သည် ထိုအရာကြီးကို သေချာစွာငုံ့၍ ကြည့်ရှုရာမှ ထလိုက်သောအခါ၌ကား အလွန်တရာနက်လှသော ဥမင်လိုဏ်ခေါင်းထဲ၌ တစ်ယောက်တည်းရှိနေသည့်အဖြစ်ကို စဉ်းစားသတိရသဖြင့် အတော်အတန် ထိတ်လန့်ပြီးလျှင် လက်၌ကိုင်ထားသော ဖယောင်းတိုင်သည် ဆတ်ဆတ်တုန်လျက် ရှိချေ၏။

သို့ပါသော်လည်း မည်သည့်နည်းနှင့်မျှ ဤမျှလောက် ကြီးမားသော တိရစ္ဆာန်ဟူ၍ မရှိနိုင်ကြောင်းဖြင့် စိတ်ကို တင်းလိုက်ရာတွင် ကြောက်လန့်ခြင်း ပြေပျောက်ပြန်လေရကား ကျွန်ုပ်သည် ယခင်က ဖော်ပြခဲ့သော အပေါက်သုံးပေါက်အနက် အလယ်ပေါက်ကို ရွေးချယ်ပြီးလျှင် ဖယောင်းတိုင်ကို ဦးခေါင်းပေါ်တွင် မြှောက်ကာ ကိုင်လျက် ဆက်လက်လျှောက်သွားပြန်လေ၏။

ထိုကဲ့သို့လျှောက်သွား၍ လက်ဝဲဘက်သို့ တစ်ကြိမ်၊ လက်ယာဘက်သို့ တစ်ကြိမ် ချိုးဝင်လိုက်သွားပြီးနောက် လိုဏ်ခေါင်းကို ဖြတ်၍ စီးလျက်ရှိသော စမ်းချောင်းငယ်တစ်ခုသို့ ရောက်လေ၏။ ထိုစမ်းချောင်းမှာ ပေ (၂၀) ခန့်မျှ ကျယ်ဝန်းသည်ဖြစ်ရာ ကျွန်ုပ်မှာ ညနေခင်းအချိန်တွင် ရေထဲမှ ဖြတ်ဆင်းရန် အလိုမရှိသဖြင့် ခုန်လွှား၍ ကူးကျော်နိုင်သောနေရာကို တွေ့ချေမည်လောဟု စမ်းချောင်း၏အောက်ဘက်သို့ လျှောက်လိုက်သွားလေ၏။ ပေတစ်ရာခန့်မျှ သွားမိသောအခါ စမ်းချောင်း၏အလယ်၌ ကျောက်လုံးတစ်လုံး တည်လျက်ရှိသည်ကို တွေ့ရသည်ဖြစ်ရာ ကျွန်ုပ်မှာ ထိုကျောက်လုံးသို့ တစ်ထစ်လှမ်း၍ ခုန်ရလျှင် ခြေထောက်ကို ရေမစွတ်ဘဲ အခြားဘက်သို့ ခုန်နိုင်ရန်ရှိကြောင်း တွေ့ရှိရလေ၏။ သို့ဖြစ်သောကြောင့် ကျွန်ုပ်သည် ဖယောင်းတိုင်ကို လက်ယာဘက်တွင် ကိုင်လျက် စမ်းချောင်းအလယ်၌ရှိသော ကျောက်လုံးသို့ လှမ်းခုန်လိုက်ရာ ကျွန်ုပ်၏ခြေတစ်ဖက်သည် ကျောက်လုံးနှင့် ထိသည်နှင့် တစ်ပြိုင်နက် ကျောက်လုံးမှာ အောက်ခြေ၌ ရေစား၍ထားသောကြောင့် စောင်းငဲ့၍ သွားပြီး

mgyoe.com

mgyoe.com

လျှင် ကျွန်ုပ်မှာ ရေထဲသို့ လိမ့်သွားလေ၏။ လက်၌ရှိသော ဖယောင်းတိုင်မှာလည်း ရေထဲသို့ လွတ်ကျ၍ မီးငြိမ်းသွားသောကြောင့် မှောင်အတိပြီးလျက် ရှိလေ၏။ သို့ရာတွင် ကျွန်ုပ်သည် အနည်းငယ်မျှ စိုးရိမ်ခြင်း မဖြစ်သေးဘဲ မိမိ၏အဖြစ်ကို ပြုံးရယ်ကာဖြင့် ရေထဲမှ လူးလဲကာထပြီးလျှင် ဖယောင်းတိုင်ထုပ်ကို အင်္ကျီအိတ်ထဲမှ ထုတ်ယူလိုက်လေ၏။ ၎င်းနောက် မီးခြစ်ကို ထုတ်ယူ၍ ခြစ်တော့မည်ပြုသောအခါမှ မီးခြစ်ဘူးမှာ ရေစိုလျက်ရှိသောကြောင့် ခြစ်၍ မရနိုင်တော့သည့်အဖြစ်ကို သိရှိရလေ၏။

ထိုအခါ၌ကား ကျွန်ုပ်မှာ ရင်ထဲ၌ နွေးခနဲဖြစ်၍ သွားလေ၏။ အမှောင်သည်ကား အတိပြီးလျက်ရှိသည်ဖြစ်သောကြောင့် လက်ဖြင့်စမ်းသပ်လျက်ပင် စမ်းမိ ကိုင်မိတော့မည့်အလား မှတ်ထင်ရပေ၏။ ကျွန်ုပ်သည် စမ်းချောင်း၏ အလယ်၌ ရပ်လျက် လိုဏ်ခေါင်း၏အခြေအနေကို စိတ်ထဲ၌ စဉ်းစားပြီးလျှင် မှောင်ရိပ်အတွင်း၌ပင် လိုဏ်ခေါင်းဝသို့ရောက်အောင် တစ်ဖန်ပြန်၍ ထွက်အံ့ဟု အကြံဖြစ်ခဲ့၏။ သို့ရာတွင် စမ်းချောင်းမှတက်၍ နံရံကို လက်ဖြင့် စမ်းသပ်ကာ အနည်းငယ်မျှသွားမိသည်နှင့် တစ်ပြိုင်နက် ဤမျှလောက် အကွေ့အကောက်များ၍ လမ်းပေါင်းအသွယ်သွယ်ရှိသော လိုဏ်ခေါင်းကြီးအတွင်း၌ မီးတိုင်မပါဘဲ အပြင်သို့ရောက်အောင် မည်သည့်နည်းနှင့်မျှ ထွက်နိုင်ဖို့ မရှိသည့်အဖြစ်ကို သိရသဖြင့် စိတ်ထဲ၌ ပြင်းထန်စွာတုန်လှုပ်မိ၏။

သို့ဖြစ်၍ ကျွန်ုပ်သည် စမ်းချောင်းနံဘေးရှိ ကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်လျက် ကျွန်ုပ်၏အဖြစ်အပျက်ကို စဉ်းစားစိတ်ကူးမိ၏။ ကျွန်ုပ်ထွက်လာသောအခါ၌ အိမ်သူအိမ်သားတို့အား ဤလိုဏ်ခေါင်းသို့ သွားမည်ဟု မှာထားခဲ့ခြင်း မရှိသောကြောင့် ဤနေရာသို့ လာရောက်ရှာတွေ့ကြလိမ့်မည်ဟု မျှော်လင့်ဖွယ်ရာ မရှိချေ။ ကျွန်ုပ်ကိုယ်တိုင် ကြံဖန်၍ ထွက်ဖို့သာလျှင် ရှိချေမည်။ ကျွန်ုပ်၏အားကိုးရာသည်ကား မီးခြစ်ဘူးသာလျှင် ရှိချေ၏။ မီးခြစ် မခြောက်သွေ့သေးသမျှ ကာလပတ်လုံး တစ်စုံတစ်ရာမျှ ကျွန်ုပ် မတတ်နိုင်ချေ။

ကျွန်ုပ်သည် ရေထဲသို့ ကျသောအခါ၌ မီးခြစ်ဘူးထည့်ထားသော လက်ယာဘက် အင်္ကျီအိတ်သည်သာလျှင် ရေထဲသို့နစ်၍ စွတ်စိုသွားသည်ဖြစ်ရာ လက်ဝဲဘက်လက်၌ ထည့်၍ ယူလာခဲ့သော ဘီစကွတ်မုန့်များမှာမူ ရေမစွတ်ချေ။ သို့ဖြစ်၍ ကျွန်ုပ်သည် မီးခြစ်ဘူးကို လက်ဝဲဘက် ချိုင်းကြားတွင် ယူဆောင် ညှပ်ထားပြီးနောက် ဘီစကွတ်မုန့်ခြောက်ကို စားရင်း စောင့်ဆိုင်းနေခဲ့ရာ မကြာမီ ငိုက်မျဉ်းလာသဖြင့် ကျောက်လုံးကို ခေါင်းအုံးလျက် အိပ်ပျော်သွားခဲ့လေ၏။

mgyoe.com

mgyoe.com


ထိုကဲ့သို့ အိပ်ပျော်ခြင်းမှာ တစ်နာရီကြာမည်လည်း မသိ၊ နာရီများစွာကြာမည်လည်း မသိ။ ကျွန်ုပ်သည် ရုတ်တရက်လန့်နိုးလာ၍ ဝေါက်ခနဲထ၍ထိုင်ပြီးလျှင် တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက် နားစွင့်ကာ ရှိနေလေ၏။ တစ်စုံတစ်ခုသောအသံကို ကြားရ၍ နိုးလာရသည့်အကြောင်းမှာကား ယုံမှားဖွယ်ရာ မရှိချေ။ ထိုအသံသည် ကျွန်ုပ်နိုးလာသောအခါ၌ ရပ်စဲ၍ သွားငြားသော်လည်း နားထဲ၌ စွဲလျက်ပင် ရှိနေသေး၏။ ကျွန်ုပ်ကို လိုက်၍ရှာသော လူစု၏အသံ ဖြစ်လေသလော၊ အကယ်၍ ကျွန်ုပ်အား လိုက်လံရှာဖွေကြပါမူ ဟစ်အော်ခေါ်ငင်ကြမည်ဖြစ်ချေ၏။ သို့ရာတွင် ကျွန်ုပ်ကြားရသောအသံသည် လူသံလည်း မဟုတ်နိုင်ချေ။ ကျွန်ုပ်သည် ရင်ထဲ၌ တဒိန်းဒိန်းမြည်လျက် မြေပေါ်၌ ထိုင်ကာ နားထောင်လျက်ရှိစဉ် သတ္တဝါကြီးတစ်မျိုး၏ ခြေလှမ်းသောအသံဖြင့် သိမ့်ခနဲ သိမ့်ခနဲရှိသည့်အဖြစ်ကို ကြားသိရပြန်သည်ဖြစ်ရာ ထိုအသံကို ထောက်ခြင်းအားဖြင့် ၎င်းသတ္တဝါသည် လေးလံသော ကိုယ်ကာယရှိသော်လည်း နူးညံ့သော ခြေဖဝါးရှိဟန် လက္ခဏာမျိုး ရှိချေ၏။ မှောင်အတိပြီးလျက်ရှိသော ထိုလိုဏ်ခေါင်းကြီးအတွင်း၌ ၎င်းအသံသည် ကျွန်ုပ်ထံသို့ နီးလျက်နီးလျက် လာခဲ့လေ၏။

ကျွန်ုပ်မှာ တစ်ကိုယ်လုံး တုန်လှုပ်ကာ ကြက်သီးမွေးညင်းထလျက် နားစွင့်၍ နေရာတွင် ထိုအသံ၏ လျင်မြန်စွာ နီးကပ်၍လာသောအဖြစ်ကို ထောက်ခြင်းအားဖြင့် ၎င်းသတ္တဝါသည် မှောင်ရိပ်ထဲတွင် မြင်နိုင်သော သတ္တဝါမျိုးဖြစ်သည်ဟု ကျွန်ုပ် ခန့်မှန်းမိလေ၏။ ထိုခြေသံကြီးသည် နီးသည်ထက် နီးကပ်လာသောအခါ၌ ကျွန်ုပ်သည် ကျောက်တုံးများ၏အကြားတွင် ပြားပြားဝပ်ကာ နားထောင်လျက်ရှိရာ ခြေသံသည် စမ်းချောင်းအနီးသို့ ရောက်လာပြီးနောက် တပျပ်ပျပ်နှင့် ရေသောက်သောအသံကို ကြားရလေ၏။ ၎င်းနောက် ရေသောက်သောအသံကို ရပ်စဲ၍ အနံ့ခံသောအနေဖြင့် ရှုံးရှုံးရှားရှား ကြားရပြန်လေရာ ကျွန်ုပ်မှာ ကျွန်ုပ်၏အနံ့ကို ထိုသတ္တဝါ ရသွားမည်စိုးသောကြောင့် ကျောက်တုံး၏အကြား၌ ပြားသည်ထက် ပြားအောင်ဝပ်ကာ ရှိနေလေ၏။ ထိုသို့ရှိနေစဉ် ကျွန်ုပ်၏နှာခေါင်း၌ကား ညှီဟောက်ဟောက်အနံ့ ရရှိခဲ့၏။ ၎င်းနောက် စမ်းချောင်းကို ဖြတ်ကူးသည့်အသံကြားရပြီးနောက် ခြေသံသည် ကျွန်ုပ် ပုန်းကွယ်နေသောဘက်သို့ ဆိုက်ရောက်လာလေရာ ကျောက်တုံးကလေးများ ပြား၍ ဝင်သွားသောအသံကိုပင် ကြားရသဖြင့် ကျွန်ုပ်မှာ အသက်မျှမရှူဝံ့ဘဲ မြေပေါ်တွင် အလျားမှောက်လျက်နေရလေ၏။ ၎င်းနောက် ခြေသံသည် ကျွန်ုပ်အနီးမှ ခွာသွားပြီးလျှင် စမ်းချောင်းကို ဖြတ်ကူး၍ ဝေးသည်ထက် ဝေးသွားပြန်လေ၏။ ထို့နောက်မှ လိုဏ်ခေါင်း

mgyoe.com

mgyaw.com

အတွင်းတွင် ပျောက်သွား၍ နောက်ဆုံးတွင် ဆိတ်ငြိမ်စွာ ရှိနေရစ်ခဲ့လေ၏။

သို့ပါသော်လည်း ကျွန်ုပ်သည် လှဲနေရာမှ မထနိုင်သေးဘဲ ကြားရသော အသံအကြောင်းကို လည်းကောင်း၊ မောင်မှူးပြောသော စကားအကြောင်းကို လည်းကောင်း၊ ရွံ့ခြောက်ပေါ်၌ တွေ့ရသော ခြေရာအကြောင်းကို လည်းကောင်း စဉ်းစားရာမှ ယခုတစ်ဖန် နီးကပ်စွာ တပ်အပ်သေချာ ကြားလိုက်ရသောအသံ အကြောင်းကို ဆက်စပ်စဉ်းစားလိုက်သောအခါ၌ ဤလိုဏ်ခေါင်းအတွင်းတွင် ထူးဆန်းသောသတ္တဝါကြီးတစ်မျိုး ရှိနေကြောင်းကို ကောင်းစွာ ယုံကြည်မိလေ၏။

၎င်းနောက် ကျွန်ုပ်သည် လှဲရာမှ ထ၍ ချိုင်းကြားတွင် ညှပ်ထားသော မီးခြစ်ဘူးကို ထုတ်ယူစမ်းသပ်ရာတွင် ကောင်းမွန်စွာ သွေ့ခြောက်လျက်ရှိ ကြောင်းကို တွေ့ရလေ၏။ ထိုအခါ ကျွန်ုပ်သည် မီးခြစ်ဆံတစ်ချောင်းကို ထုတ်ယူ၍ ဘူး၌ ခြစ်လိုက်ရာ မီးတောက်၍လာသဖြင့် ဖယောင်းတိုင် တစ်တိုင် ကို ထွန်းညှိလေ၏။

၎င်းနောက် ကျွန်ုပ်သည် ထိုင်ရာမှထ၍ ထိုသတ္တဝါကြီး တစ်ဖန် ထွက် ပေါ်၍ လာဦးမည်ကိုပင် ကြောက်ရွံ့စိုးရိမ်လျက် လာခဲ့သည့်လမ်းအတိုင်း မရပ် မနားဘဲ လျင်မြန်စွာ ထွက်ခွာလာခဲ့ရာ နောက်ဆုံး၌ လိုဏ်ဝသို့ရောက်၍ ချုံကြားမှ တိုးထွက်ပြီးလျှင် မောဟိုက်စွာဖြင့် မြေပေါ်တွင် ပစ်လှဲ နားနေမိလေ၏။

ကျွန်ုပ်မှာ နေအိမ်သို့ ဆိုက်ရောက်လာသောအခါ၌ ညဉ့် (၁၂) နာရီ အချိန်ရှိနေပြီဖြစ်ရာ အိပ်ရာသို့ ဝင်ပြီးနောက် ကျွန်ုပ် တွေ့ကြုံခဲ့ရသော အဖြစ် အပျက်ကို ရွာသားများအား ပြောပြရန် စိတ်မကူးဘဲ အကြားအမြင် ဗဟုသုတ များသော လူအချင်းချင်းသာလျှင် တိုင်ပင်အံ့ဟု ဆုံးဖြတ်မိလေ၏။

ဧပြီလ (၂၅) ရက်။ ။ အာဠဝကလိုဏ်ခေါင်းမှ ပြန်လာပြီးနောက် စိတ်နှလုံး ပြင်းစွာတုန်လှုပ်ခြင်း ဖြစ်ခဲ့သည့်အတွက်ကြောင့် နှစ်ရက်တိုင်တိုင် အိပ်ရာ၌ လဲနေခဲ့၍ ကျွန်ုပ်၏အကြံအစည်အတိုင်း သပိတ်ကျင်းမြို့သို့ ဆင်း သွားပြီးလျှင် တစ်နယ်တည်းအတူ အမှုထမ်းဖူးသော သပိတ်ကျင်းမြို့အုပ် ကိုဘအုန်းထံ သွားရောက်တိုင်ပင်လေ၏။ မြို့အုပ်ကိုဘအုန်းသည်လည်း ကျွန်ုပ် ပြောပြသောအဖြစ်အပျက်များကို စိတ်ရှည်စွာနှင့် နားထောင်ပြီးနောက် ကျွန်ုပ်၏ စကားအဆုံး၌ ဤသို့သောအကြောင်းကို မိတ်ဆွေတစ်ယောက်ထံ သွားရောက် တိုင်ပင်ရန် အကြံပေးလိုက်၏။ သို့ဖြစ်၍ ကျွန်ုပ်သည် မြို့အုပ်အိမ်မှ ဆင်းလာ ပြီးလျှင် ညွှန်ကြားလိုက်သောအိမ်သို့ သွားရောက်လေရာ လမ်းခရီး၌ လူတစ် ယောက်နှင့်တွေ့၍ မြို့အုပ်၏မိတ်ဆွေ နေအိမ်ကို တစ်ဆင့်မေးမြန်းရာတွင်

mgyaw.com

mgyoe.com

ထိုသူက "အရှးကုဆရာကြီး ဦးလူတုတ်အိမ်ဟာ ဟောဟိုဘက်က အိမ်ပဲ ခင်ဗျာ" ဟု ပြော၍ လက်ညှိုးညွှန်ပြလေ၏။ ထိုအခါ ကျွန်ုပ်မှာ အရှးကုဆရာကြီးဟူသော စကားကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် ထိတ်လန့်ခြင်းဖြစ်၍ မြို့အုပ်ကိုဘအုန်း၏အကြံအစည်ကို ရိပ်မိပြီးလျှင် ထိုနေရာမှာပင် လှည့်၍ ပြန်ခဲ့ရ၏။ အကြောင်းသော်ကား မြို့အုပ်ကိုဘအုန်းသည် ကျွန်ုပ်အား ရူးသွပ်သောကြောင့် ကယောင်ချောက်ချားနှင့် ထင်မိထင်ရာ ပြောသည်ဟု မှတ်ထင်သဖြင့် ထိုဆရာထံ စေလွှတ်လိုက်ခြင်း ဖြစ်ပေသောကြောင့်တည်း။ သို့ဖြစ်၍ ကျွန်ုပ်သည် လက်နှိပ်ဓာတ်မီးအတွက် ဖန်သီးအသစ်နှစ်ခုနှင့် ဓာတ်ခဲများကို ဝယ်ယူပြီးလျှင် ဝါးနက်ကုန်းရွာသို့ တစ်ဖန် တက်လာခဲ့ပြန်လေ၏။

ဧပြီလ (၂၇) ရက်။ ။ ကျွန်ုပ်သည် ကျောင်း၌နေစဉ်အခါမှ စ၍ ကြောက်ရွံ့ခြင်းမရှိတတ်ကြောင်းနှင့် နာမည်ရခဲ့ဖူးသည်ဖြစ်ရာ မည်သည့်အိမ်၌ တစ္ဆေခြောက်သည်ဟု ကြားရသည့်အခါတိုင်း တစ်ယောက်တည်း သွားရောက်စောင့်အိပ်ခဲ့ဖူးသည်သာလျှင် ဖြစ်လေသည်။ ယခုအခါ၌မူကား အရွယ်ကြီးရင့်သောကြောင့်လေလော၊ မကျန်းမမာသောကြောင့်လေလော မသိ၊ ထိုလိုဏ်ခေါင်း၏အကြောင်းကို စဉ်းစားကာမျှနှင့်ပင် ကြောက်လန့်ခြင်း ဖြစ်ခဲ့၏။ သို့ရာတွင် အထူးအဆန်းကို လိုလားနှစ်သက်တတ်သော ဝါသနာရှိသည့်အတိုင်း တစ်ခုသောကိစ္စ၌ ဆုံးခန်းတိုင်ရောက် မလိုက်ရလျှင်၊ ဇွဲကို မလျှော့တော့အံ့ဟု ဆုံးဖြတ်ထားပြန်ရ၏။ သို့ရာတွင် ဤအကြိမ်၌ကား မိမိကိုယ်ကို ကာကွယ်နိုင်လောက်သည့် လက်နက်တစ်စုံတစ်ခု ဆောင်ယူသွားအံ့ ဟူ၍လည်း စိတ်ကူးမိ၏။

မေလ (၃) ရက်နေ့။ ။ လွန်ခဲ့သော ရက်များအတောအတွင်း ညဥ့်တိုင်းလိုပင် မိုးမှောင်ကျသဖြင့် ကျွဲနွားများသည်လည်း ညဥ့်တိုင်းလိုပင် ထိုရွာ၌ ပျောက်ဆုံးကြပြန်ရာ တစ်နေ့သ၌မူကား ထင်းခုတ်သမား မောင်မျှားကိုယ်တိုင် မည်သည့်အရပ်သို့ သွားသည် မသိ။ တစ်ခါတည်းပျောက်ကွယ်၍ သွားလေ၏။ မောင်မျှားမှာ သားမယားကို ချစ်ခင်တတ်သောသူ တစ်ယောက်ဖြစ်သည့်ပြင် ကြွေးမြီလည်း မရှိသဖြင့် အရပ်တစ်ပါးသို့ ထွက်သွားတိမ်းရှောင်နေသည်ဟူ၍ တွေးတောဖွယ်ရာ မရှိချေ။ ရွာသားအားလုံးတို့သည် တောနင်း၍ ရှာပါသော်လည်း ၎င်း၏အလောင်းအစအနကိုမျှ တွေ့မြင်ရသည် မဟုတ်ချေ။ ထိုသတင်းကို ကျွန်ုပ်ကြားရသောအခါ၌ အာဠဝကလိုဏ်ခေါင်း၏အကြောင်းကို စုံစမ်းလိုစိတ်သည် သာ၍ပင် ထက်သန်သည် ဖြစ်ပေါ်လာခဲ့ပြန်လေ၏။

mgyoe.com

mgyoe.com

**ဇွန်လ (၁ဝ) ရက်နေ့။** ။ ကျွန်ုပ်သည် ဤအဖြစ်အပျက်များကို ဆေးရုံ၌ တနင်္ဂနွေလေးပတ်တိုင်တိုင် တက်ခဲ့ရပြီးသည့်နောက်မှ ရေးသားခြင်း ဖြစ်၏။ ကျွန်ုပ်သည် အာဠဝကလိုဏ်ခေါင်း၏ အရုပ်အထွေးကို ရှင်းလင်းခဲ့ချေပြီ။ သို့ရာတွင် နံရိုးနှစ်ချောင်းနှင့် လက်တစ်ဖက်ကျိုးပြီးမှ ရှင်းလင်းနိုင်ခြင်း ဖြစ်၍ အတော်ပင် အရင်းဝင်သောကိစ္စဟု ဆိုရချေမည်။ ကျွန်ုပ် တွေ့မြင်ခဲ့ဖူးသော အခြင်းအရာကို အသက်ရှင်လျက်ရှိသော အခြားလူသားသည် တွေ့မြင်ဖူးမည် မထင်ချေ။ မောင်များသည် မြင်ဖူးဟန်ရှိ၏။ သို့ရာတွင် ၎င်းကား မရှိတော့ချေ။

**လွန်ခဲ့သော မေလ (၃) ရက်နေ့။** ။ ညဥ့်သည်ကား လကွယ်ည ဖြစ်သည့်ပြင် မိုးမှောင်ကြီးလည်း ကျလျက်ရှိသည် ဖြစ်သောကြောင့် ကျွန်ုပ်၏ အကြံအစည်အတွက် အထူးသဖြင့် သင့်လျော်သော အချိန်အခါဖြစ်လေရကား ကျွန်ုပ်သည် စာတစ်စောင်ရေးသားထားခဲ့ပြီးလျှင် ညဥ့် (၁၁) နာရီထိုးသည်နှင့် တစ်ပြိုင်နက် နှစ်လုံးပြူးသေနတ်ကို ထမ်းလျက် လက်နှိပ်ဓာတ်မီးနှင့် ထွက်လာခဲ့လေ၏။

အာဠဝကလိုဏ်ခေါင်းဝသို့ ရောက်သောအခါ ကျွန်ုပ်သည် ချုံနှင့် (၁၅) ပေခန့်တွင်ရှိသော ကျောက်တုံးတစ်တုံး၏နောက်မှ ကွယ်လျက် လက်နှိပ်ဓာတ်မီးကို မှိတ်ပြီးလျှင် သေနတ်ကို နံဘေးတွင်ချ၍ စောင့်နေလေ၏။ မှောင်မိုက်လှသော ညဥ့်အခါတွင် မည်သည့်ရန်သူမျိုး ထွက်ပေါ်လာမည် ဟူ၍မျှလည်း တပ်အပ်သေချာ မသိရဘဲ နာမည်ဆိုးလှသော ဤလိုဏ်ခေါင်းဝ၌ တစ်ယောက်တည်း စောင့်ဆိုင်းနေရခြင်းသည်ကား မည်မျှလောက် ကြောက်မက်ဖွယ်ကောင်းကြောင်းကို ဖော်ထုတ်ရေးသားရန် လိုမည် မဟုတ်ချေ။

(၁၂) နာရီထိုး၍ သန်းခေါင်တိုင် ရောက်သော်လည်း တစ်စုံတစ်ရာမျှ ထူးခြားခြင်း မရှိချေ။ နာရီပြန်တစ်ချက် နှစ်ချက် ထိုးခဲ့ပြန်ရာ ညဥ့်သည် အလွန့်အလွန် မှောင်မိုက်လျက် ရှိ၏။ လေသည် ချုံကြီးချုံကြားတို့၌ တညင်းညင်းတိုက်ခတ်သဖြင့် သစ်ရွက်သစ်ကိုင်းတို့သည် ဖြည်းညင်းသောအသံကို ဖြစ်စေ၏။ ထိုအသံမှတစ်ပါး အခြားသောအသံဟူ၍ ကျွန်ုပ် မကြားရချေ။ ထိုခဏအတွင်း အသံတစ်ခုကို ရုတ်တရက် ကျွန်ုပ်ကြားရ၏။ လိုဏ်ခေါင်း၏ အတွင်း ဝေးလွန်းလှသောအရပ်မှ ယခင်က ကြားရဖူးသည့် လေးလံသောခြေသံကြီးကို ကျွန်ုပ်ကြားရ၏။ ထိုခြေသံသည် တစ်ခဏထက် တစ်ခဏ နီးကပ်လာ၏။ ထို့နောက် ချုံများကို တိုးဝှေ့သဖြင့် ဂျုန်းခနဲမြည်သံကို ကြားရပြီးနောက် အလွန်ကြီးမားလှသော ကိုယ်ကာယကြီးသည် ရုတ်တရက် ထွက်ပေါ်

mgyoe.com

လာခဲ့ရာ ကျွန်ုပ်မှာ အံ့သြလွန်းအားကြီးသည်ဖြစ်၍ ကြက်သေ သေလျက်ရှိ၏။ မပေါ်လာမီအခါကမူ သေနတ်ကို ဆုပ်ကိုင်၍ ထားသော်လည်း တကယ်ပေါ်လာသောအခါ၌မူ ချထားသောလက်ကို မြှောက်ရန်မျှ သတိမရဘဲ ရှိနေလေ၏။ ထိုသို့ ရှိနေသည်အတွင်း ကိုယ်ကာယကြီးသည် လိုဏ်ခေါင်းဝမှ လျင်မြန်စွာ ထွက်ခွာသွားသဖြင့် မှောင်မိုက်သောညဥ့်နှင့် ရောစပ်ကွယ်ပျောက်သွားလေ၏။

ငင်း ထွက်ခွာသွားသဖြင့် ကွယ်ပျောက်သွားသည်နှင့် တစ်ပြိုင်နက် ထိုသတ္တဝါပြန်လာသောအခါတွင် မည်သည့်နည်းနှင့်မျှ ယခင်ကကဲ့သို့ သတိမလစ်စေရဟု ကျွန်ုပ်၏စိတ်ထဲတွင် အောက်မေ့လျက် မောင်းတင်ပြီး သေနတ်ကို မြဲမြံစွာ ဆုပ်ကိုင်ကာ စောင့်ဆိုင်း၍ နေလေ၏။

ယင်းကဲ့သို့ ပြင်ဆင်ထားလျက်နှင့်ပင် သတိလစ်မတတ် ဖြစ်သွားသေး၏။ နာရီတစ်ဝက်ခန့် ကြာသောအခါ ထိုသတ္တဝါသည် ကျွဲနှင့်တူသော တိရစ္ဆာန်တစ်ကောင်ကို ဦးချိုမှ ကိုင်ဆွဲလျက် ရုတ်တရက်ပေါ်လာပြီးလျှင် လိုဏ်ခေါင်းဝသို့ ဝင်လေ၏။ ကျွန်ုပ်သည် ထိုသတ္တဝါ၏ကျောပိုင်းကို သေနတ်နှင့် ချိန်ရွယ်၍ မောင်းကို ဖြုတ်ပါသော်လည်း ကြောက်အားကြီးလှသည် ဖြစ်သောကြောင့် မောင်းကိုကုပ်သော လက်ချောင်းသည် ဆတ်ဆတ်ခါလျက်ရှိ၏။ သို့ရာတွင် ထိုသတ္တဝါကြီးလိုဏ်ခေါင်းတွင်းသို့ မဝင်နိုင်မီ သေနတ်သည် ဒိုင်းခနဲ ထွက်သွားလေရာ သေနတ်မှ မီးပွင့်သောအလင်းရောင်တွင် ကျယ်ပြန့်ကြီးမားလှသော ကျောကုန်းကြီးကို မြင်လိုက်ရ၏။ သေနတ်သံထွက်သွားသည်နှင့် တစ်ပြိုင်နက် ထိုသတ္တဝါသည် ထိတ်လန့်တုန်လှုပ်သည့်လက္ခဏာနှင့် တစ်ဟုန်တည်းပြေးဝင်သွားလေရာ ထိုအခါ၌ကား ကျွန်ုပ်သည် ကြောက်ရွံ့သောစိတ်ကွယ်ပျောက်၍ မုဆိုးစိတ်ဝင်လာပြီးလျှင် သေနတ်တစ်ဖက် လက်နှိပ်ဓာတ်မီးတစ်ဖက် ကိုင်လျက် လိုဏ်ခေါင်းတွင်းသို့ ပြေးဝင်၍ လိုက်လေ၏။ ထိုသတ္တဝါသည်လည်း ရပ်တန့်ခြင်းမရှိဘဲ ရှေ့မှပြေးသွားလေရာ ကျွန်ုပ်ကလည်း နောက်မှ လက်နှိပ်ဓာတ်မီးဖြင့် ထိုးလျက် အတင်းလိုက်လေ၏။

ထိုသတ္တဝါသည်လည်း လျင်မြန်စွာ ပြေးလွှားနိုင်ရုံမက ပါးနပ်ခြင်းလည်း ရှိပေ၏။ အကြောင်းကိုဆိုသော် ကျွန်ုပ်က နောက်မှ လိုက်သွား၍ ငင်းက ရှေ့မှပြေးရာတွင် တစ်ခုသော ထောင့်ချိုးသို့ရောက်သဖြင့် မျက်ခြည်ပြတ်သွားရာမှ ယခင်က ဖော်ပြခဲ့ဖူးသည့် အခန်းကြီးသဖွယ်ရှိနေသော နေရာသို့ ရောက်သောအခါ၌ ကျွန်ုပ်က အမှတ်တမဲ့ပြေးဝင်သွားရာတွင် ထိုသတ္တဝါသည် ငင်းနေရာတွင် တန့်ရပ်လျက် ကျွန်ုပ်ဘက်သို့ မျက်နှာမူကာ စောင့်ဆိုင်း၍ နေလေ၏။ ထိုအတောအတွင်း ကျွန်ုပ်၏လက်နှိပ်ဓာတ်မီးရောင်သည် ငင်း၏တစ်ကိုယ်

mgyoe.com

mgyoe.com


လုံးသို့ ရှေ့မှ တည့်တည့်ထိုးဝင်လျက်ရှိရာ ကျွန်ုပ်မှာ အောက်ပါအခြင်းအရာတို့ကို တွေ့မြင်ရလေ၏။

ထိုသတ္တဝါသည် လူ၏ကိုယ်ကာယမျိုးရှိ၍ အမြင့် (၁၀) ပေခန့်ရှိလေရာ ၎င်း၏ထုထည်သည်ကား အရပ်ထက်ပင် ကြီးသေးသည်ဖြစ်သောကြောင့် ပုကွကွ ဟူ၍ပင် ထင်မှတ်ရ၏။ ၎င်း၏တစ်ကိုယ်လုံး၌ကား ဝက်ဝံ၏အမွေးကဲ့သို့ မည်းနက်ရှည်လျားသောအမွေးများဖြင့် ဖုံးအုပ်လျက်ရှိရာ တစ်ဖက်သော လက်၌ ကျွဲသေကောင်ကို ဦးချိုမှ ကိုင်ဆွဲလျက် တစ်ဖက်သောလက်သည်ကား လင်းကွင်းခန့် ကျယ်ဝန်း၍ အစိမ်းရောင်ရှိလျက် အပြင်သို့ပြူးထွက်နေသော မျက်လုံးကြီးများကို မီးရောင် မထိစေခြင်းငှာ ကွယ်လျက်ရှိလေ၏။ ကျွန်ုပ်မှာ အရှိန်မသတ်နိုင်သည်ဖြစ်သောကြောင့် ၎င်း၏ခြေထောက်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ဝင်၍ တိုက်မိလေရာ နောက်တစ်ခဏ၌ အလွန်လေးလံလှသော ဝန်ကြီးဖြင့် ဖိနှိပ်လိုက်သကဲ့သို့ ခံစားလိုက်ရပြီးနောက် ကျွန်ုပ်မှာ သတိလစ်၍ သွားလေ၏။

သတိရလာသောအခါ ကျွန်ုပ်မှာ သပိတ်ကျင်းမြို့နယ်ဆေးရုံ၌ ရောက်နေခဲ့လေပြီ။ နံရိုးနှစ်ချောင်းနှင့် လက်ဝဲဘက်လက်သည် ကျိုးလျက်ရှိ၏။ အကျိုးအကြောင်းကို စုံစမ်းသိရှိရသည်မှာ ကျွန်ုပ်၏အိမ်သားများသည် ကျွန်ုပ် ပြန်မလာသောအခါ၌ ကျွန်ုပ်ရေးခဲ့သောစာကို ဖတ်ရှု၍ တစ်ရွာလုံး လူစုလျက် လိုဏ်ခေါင်းတွင်းသို့ လိုက်လာကြရာ မြေပေါ်၌လဲနေသော ကျွန်ုပ်ကို တွေ့သဖြင့် ဆေးရုံသို့ တင်ပို့လိုက်ခြင်း ဖြစ်လေသည်။ ကျွန်ုပ်တွေ့မြင်လိုက်ရသော သတ္တဝါကြီးကိုကား ၎င်းတို့ မတွေ့ရချေ။ ကျွန်ုပ် အသက်ချမ်းသာရခြင်းမှာ ထိုသတ္တဝါကြီး၏မျက်လုံးများသည် မှောင်မိုက်အတွင်းမြင်နိုင်၍ မီးရောင်ကို မခံမရပ်နိုင်ဘဲ ရှိသဖြင့် ကျွန်ုပ်၏မီးရောင်သည် မျက်လုံးများသို့ တည့်တည့်ထိုးဝင်သည်တွင် ကျွန်ုပ်ကို လက်ဖြင့် ဖိနှိပ်ပြီးနောက်တွင် ပြေးဟန်တူပေ၏။

ယခုအခါ၌ကား အာဠဝကလိုဏ်ခေါင်းသည် အမည်သာလျှင် ရှိချေတော့၏။ အကြောင်းကိုဆိုသော် ရွာသူရွာသားများသည် ကျွန်ုပ်ပြောပြသော အဖြစ်အပျက်များကို ကြားရသောအခါ တစ်ရွာလုံး လူစု၍ (၁၀) ပေခန့်မျှ ဖြစ်သော လိုဏ်ခေါင်းဝကို ကျောက်တုံးကျောက်ခဲကြီးများနှင့် သုံးရက်တိုင်တိုင် ပိတ်ဆို့လိုက်လေပြီ ဖြစ်သောကြောင့်တည်း။

[သူရိယမဂ္ဂဇင်း၊ အတွဲ-၁၇၊ အမှတ်-၉၊ နိုဝင်ဘာလ ၁၉၃၃]

mgyoe.com

mgyoe.com

# လက်မတင်ကလေး

## (၁)

ယခု ရေးသားသောအချိန်၌ တောက်ထွန်းဝင်းသည် ဝတ္ထုရေးခြင်းအလုပ်၌ အလေ့အကျင့်ပြုလုပ်ခဲ့သည်မှာ သုံးလေးနှစ်မျှ ရှိပြီဖြစ်ရာ ထိုအတောအတွင်း၌ မဂ္ဂဇင်းနှစ်စောင်တွင် ဝတ္ထုတိုသုံးလေးပုဒ်နှင့် ဝတ္ထုရှည်တစ်ပုဒ် စွံခဲ့ဖူးလေပြီ။ မစွံသောဝတ္ထုများမှာ ၎င်းအရေအတွက်ထက် သုံးလေးဆမျှ များပြား၏။

ပထမ၌ ဝတ္ထုလေးငါးပုဒ် ပို့ကာမှ တစ်ပုဒ်မျှသာ ရွေးချယ်ထည့်သွင်းခြင်းခံရသော်လည်း စိတ်ပျက်ခြင်းမရှိဘဲ ဆက်လက်ရေးသားပေးပို့ခဲ့ရာ ဤနောက်ပိုင်း၌မူ နှစ်ပုဒ်လျှင် တစ်ပုဒ်ခန့်စွံလာပြီဖြစ်၍ အားတက်လျက် ရှိခဲ့လေပြီ။

တောက်ထွန်းဝင်းသည် ညတိုင်းလိုပင် စားပွဲတွင် ထိုင်လျက် အလုပ်လုပ်စဉ် တစ်ခါတစ်ရံ တိုက်ရှေ့၌ မော်တော်ကားရပ်၍ တိုက်ပေါ်သို့ တက်လာသောခြေသံများကို ကြားရ၏။ မိမိ၏လှေကားသို့ တက်လာသော ခြေသံများကြားရသောအခါ မိမိထံသို့လာသော ဧည့်သည်များ ဖြစ်လေသလောဟု နားစွင့်မိ၏။ သို့ရာတွင် အများအားဖြင့် မိမိ၏အခန်းနှင့် တံခါးချင်း မျက်နှာချင်းဆိုင်ရှိသောအခန်းဘက်သို့ ဝင်သွားသည်ကိုသာ ကြားရ၏။ တစ်ခါကမူ လှေကားမှ လူသုံးလေးယောက်၏ခြေသံများ တက်လာ၍ တစ်ယောက်က ဘဝသံသရာရုပ်ရှင်ကားထဲမှ "ဖြစ်ချင်တာလည်း မဖြစ်ရပါ။ မဖြစ်ချင်တာလည်း ဖြစ်ရတာ" ဟူသော တေးချင်းတစ်ပုဒ်ကို ရွှင်ပျသောအသံမျိုးဖြင့် သီဆိုရင်း တက်လာသည်တွင် အခြားတစ်ယောက်က "တော်ပါတော့ မသင်းကြည်ရယ်။ မေသစ်ဆိုလို့ ကောင်းတိုင်း ညည်းဆိုတော့ ကောင်းမယ်ထင်သလား၊

mgyoe.com

mgyoe.com

တစ်ခါလာလည်း ဒါပဲ၊ ဆိုလိုက်ရတာ နားကိုငြီးလို့" ဟု ပြောလိုက်သည်နှင့် သီဆိုသောသူက "တော်စမ်းပါကွယ်၊ ငါက မေသစ်လို နာမည်မကြီးသေးလို့ ပါ၊ နာမည်ကြီးလာတဲ့ တစ်နေ့ကျတော့ ဆိုစမ်းပါဦး ကောင်မရယ်လို့ တိုက် တွန်းတတ်တာ ညည်းလိုကောင်မမျိုးတွေပဲ၊ ဟုတ်ဘူးလား ဒေါ်တင်ရယ်" ဟု ပြန်ပြောလေသည်။ သီချင်းဆိုသော သူငယ်မသည် အခန်းတံခါးကို သော့ဖွင့် ရင်း စကားပြောခြင်းဖြစ်လေရာ တံခါးဖွင့်ပြီးနောက် မျက်နှာချင်းဆိုင်အခန်း ဘက်သို့ ဝင်သွားကြလေ၏။ ထိုစကားသံကို ကြားလိုက်ရသော တောက်ထွန်း ဝင်း၏စိတ်ထဲ၌ကား ထိုအသံရှင် မသင်းကြည်ဆိုသူမှာ အသံကြား သနားပါစေ ဟူသော စကားပုံကဲ့သို့ သနားကရုဏာဖြစ်ခြင်း မဟုတ်သော်လည်း ထိုအသံရှင် ကို မြင်ချင်ပါဘိဟူသောဆန္ဒ ပြင်းထန်စွာ ဖြစ်ပေါ်လာခဲ့လေ၏။

ပူအိုက်လှသော တစ်ညဉ့် တောက်ထွန်းဝင်းသည် လေယပ်ကို ဖွင့်၍ ဓာတ်ဘူးထဲမှ ရေခဲရေကို မကြာခဏ ငှဲ့သောက်ရင်း စားပွဲတွင် စာရေးလျက် ရှိစဉ် လှေကားတံခါးကို အပြင်မှ ခြစ်ကုတ်သံကြားသည်နှင့် ထ၍ ဖွင့်ကြည့် လိုက်ရာတွင် ကြောင်ကလေးတစ်ကောင်သည် အခန်းတွင်းသို့ စွတ်ခနဲ ဝင်ပြေး လာ၏။ မျက်နှာချင်းဆိုင်အခန်းတံခါးမှာ ပိတ်လျက်ရှိရာ တောက်ထွန်းဝင်း သည် မသင်းကြည်၏ကြောင်ကလေးဖြစ်လိမ့်မည် ထင်သော်လည်း ဟုတ်ခဲ့လျှင် လာယူလိမ့်မည်ဟု အောက်မေ့ကာ တံခါးကို ပိတ်လျက် ကြောင်ကလေးကို ချော့ဖမ်းလေ၏။ ထို့နောက် နို့ဆီကို ရေနှင့် ဖျော်၍ ကြောင်ကလေးအား တိုက် ကျွေးလျက်ရှိစဉ် အညို၊ အဝါ၊ အနက်၊ အဖြူတို့ဖြင့် လေးရောင်စပ် ရောနှော လျက်ရှိသောကြောင့် ကြောင်ကလေးကို ကြည့်ရင်း 'မျက်နှာများ' သောမိခင်မှ ပေါက်ဖွားသော ကြောင်ကလေးတစ်ကောင် ဖြစ်ဟန်တူသည်ဟု စဉ်းစားမိသည် နှင့် ပြုံးလိုက်မိသေးသည်။ ထို့နောက် ကြောင်ကလေးကို ရင်ခွင်ထဲ၌ ထားကာ ဆက်လက်စာရေးပြန်ရာ လှေကားမှ ခြေသံကြား၍ တစ်ဖက်အခန်းသို့ ဝင်သံ ကြားလိုက်ရ၏။ မကြာမီ တစ်ဖက်ခန်းမှ မြည်တွန်တောက်တီးသံများ ကြားရ ပြီးနောက် "ပူစိ ပူစိ ပူစိ" ဟူ၍ မသင်းကြည်၏အသံဖြင့် ခေါ်သံများ ကြားရ ပြန်သည်တွင် တောက်ထွန်းဝင်းသည် ထိုင်ရာမှ ထ၍ တံခါးကိုဖွင့်ကြည့်လိုက် သည်နှင့် တစ်ပြိုင်နက် မသင်းကြည်နှင့် မျက်နှာချင်းဆိုင် ရပ်လျက် ရှိနေကြ လေတော့သည်။ တောက်ထွန်းဝင်း၏လက်ထဲတွင်ကား ကြောင်ကလေးပွေ့လျက် ပါရှိလေသည်။

တောက်ထွန်းဝင်းနှင့် မသင်းကြည်တို့သည် ပထမအကြိမ် မျက်နှာချင်း ဆိုင်မိကြခြင်း ဖြစ်သော်လည်း တစ်ယောက်အပေါ်၌ တစ်ယောက် စိတ်ဝင်စား

mgyoe.com

mgyoe.com

မှ ရှိကြခြင်းကား ထင်ရှားလှ၏။ မသင်းကြည်သည် တောက်ထွန်းဝင်းအား ရဲရဲတင်းတင်းကြည့်၍ တောက်ထွန်းဝင်းမူကား ရှုံ့တွန့်တွန့် ဖြစ်နေသဖြင့် ယောကျ်ားနှင့်မိန်းမ ပြောင်းပြန်ကဲ့သို့ ဖြစ်နေ၏။ ထိုအခြင်းအရာကို မသင်းကြည်က ချက်ချင်းသိဟန်ရှိ၍ တောက်ထွန်းဝင်းက နောက်မှ သိပုံရသည်။

"ဟဲ့ ပူစီ... နင် ဘယ်ရောက်နေတာလဲ... ဟင်"

"ဒီဘက်က တံခါးကို လာခြစ်လို့ ဖွင့်ကြည့်လိုက်တော့..."

"ဩော်... ရှင်က ဒီအခန်းမှာ တစ်ယောက်တည်းနေတဲ့ လူပျိုကြီးဆိုတာလား"

"ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်က..."

(ကြောင်ကို လှမ်းယူရင်း) "လက်စသတ်တော့ ပူစီက ကျွန်မတို့ကို မိတ်ဆက်ပေးသလို ဖြစ်နေပြီကော၊ ကျေးဇူးတင်ပါတယ်ရှင်၊ ပူစီများ ပျောက်သွားရင်တော့ ကျွန်မတော့ ဒုက္ခပဲ၊ ကံကောင်းလို့ပါလား" ဟု ပြောရင်း မသင်းကြည်သည် တောက်ထွန်းဝင်း၏အခန်းတွင်းသို့ လှမ်းကြည့်လိုက်ပြီးနောက် "ရှင်က ဒီအချိန်ထိအောင် စာရေးတုန်းလား ဘာစာတွေ ရေးနေတာလဲရှင့်" ဟု ပြောပြောဆိုဆို ကြောင်ကိုပိုက်ကာ တောက်ထွန်းဝင်း၏အခန်းထဲသို့ ဝင်ကြည့်လေ၏။ စားပွဲပေါ်တွင် နို့အနည်းငယ်ကျန်ရှိသော ပန်းကန်ပြားကို တွေ့သည်နှင့် "အောင်မယ်... ရှင်က ပူစီကို နို့တွေဘာတွေ တိုက်လို့ပါကလား၊ ကျေးဇူးတင်ပါတယ်ရှင်" ဟု ဆိုကာ၊ နို့ပန်းကန်ပြားကို ဖယ်ရှားလျက် စားပွဲပေါ်တွင် တင်ပါးလွှဲထိုင်လိုက်၏။ တောက်ထွန်းဝင်းက ကုလားထိုင်ပေးဖို့ စိတ်ကူးမှာ နောက်ကျခဲ့လေပြီ။

မသင်းကြည်သည် ကြောင်ကလေးကိုပွေ့ပိုက်ကာ ခြေနှစ်ဖက်ကို လှုပ်ယမ်းရင်း အခန်း၏အခြေအနေကို တစ်ချက်တလေ လှမ်းကြည့်ပြီးနောက်...

"လူပျိုကြီးဆိုတော့ ဖြစ်တတ်သလို နေရတာပေါ့လေ၊ ထမင်းတော့ ဘယ်မှာ စားသလဲ"

"ထမင်းဆိုင်မှာ စားပါတယ်"

"သောက်တော့ ရေအိုးစင်လား၊ ဟားဟား"

"ဟိုတုန်းကတော့ ဘုန်းကြီးကျောင်းမှာတောင် နေခဲ့ရပါသေးတယ်"

"တကယ်လား"

"တကယ်ပါဗျာ"

"စိတ်ဝင်စားစရာ လူတစ်ယောက်ပါကလား၊ နာမည်က ဘယ်လိုခေါ်သလဲ"

mgyoe.com

mgyoe.com

"တောက်ထွန်းဝင်းပါတဲ့"

"မြတ်စွာဘုရား ကယ်တော်မူပါ၊ တောက်လည်း တောက်၊ ထွန်းလည်း ထွန်း၊ ဝင်းလည်း ဝင်းဆိုတော့ ကြည့်ဝံ့စရာတောင် မရှိပါကလား"

"ဘာကြောင့်လဲဗျ"

"မျက်စိကျိန်းမှာ ကြောက်ရတာပေါ့၊ တည့်တည့်ပြောရရင် ရှင့်လူပုံနဲ့လည်း မလိုက်ပါဘူး၊ လူပုံကတော့ သနားကမားပါပဲ၊ နို့ပေမဲ့ အသားက ညိုတယ်၊ ဒါကြောင့် ကျွန်မက ကိုညိုလို့ ခေါ်ချင်တယ်၊ တိုတိုတုတ်တုတ် မကောင်းဘူးလားရှင်"

"ခေါ်ချင်သလိုသာ ခေါ်ပါဗျာ"

"အောင့်သက်သက် မလုပ်ပါနဲ့၊ လူပုံနဲ့ လိုက်အောင် မှည့်တာပါ၊ ရှင် အညာသား မဟုတ်ဘူးလား"

"ဘယ့်နှယ်လုပ် သိသလဲ၊ အသားညိုလို့လား"

"အောက်မှာလည်း အသားညိုတာတွေ ပြည့်လို့၊ ဒါကြောင့် မဟုတ်ဘူး၊ လူဟန်ကို ကြည့်ပြောတာပဲ၊ ဒီရောက်တာ ဘယ်လောက်ကြာပြီလဲ"

"သုံးလေးနှစ် ရှိသွားပါပြီ"

"မရသေးဘူး နောက်ကို သုံးနှစ်လောက်နေမှ ရောသွားမယ်ထင်တယ်"

"နာမည်က မသင်းကြည်ခေါ် မဟုတ်လား"

"အလို... ရှင် ဘယ့်နှယ်သိသလဲ"

တောက်ထွန်းဝင်းခေါ် မောင်ညိုမှာ အပြောရခက်သည်နှင့် မျက်နှာပျက်လျက် ရှိ၏။

"အသားညိုပေမဲ့ သွေးဖြန်းတော့လည်း မျက်နှာ နီသွားပါကလား၊ မပြောချင်လည်း ရှိပါစေတော့ရှင်၊ တိုတိုတုတ်တုတ်နဲ့ ပြီးအောင် ကျွန်မကို 'ကြည်' လို့ ခေါ်ပေါ့၊ ရှင့်ကိုလည်း 'ညို' လို့ ခေါ်မယ်၊ ကြိုက်ရဲ့လား"

"ကြိုက်ပါ့ဗျာ"

"နာမည်ကို ပြောတာနော်"

အချို့ 'လူလည်' များသည် "အားလုံးပါပဲ" ဟု ပြောကြမည် ဖြစ်သော်လည်း မောင်ညိုမူကား တောသား လူရိုးဖြစ်သည့်ပြင် သစ္စာလည်းရှိသည်နှင့် ထိုကဲ့သို့ မပြောဘဲ "ဟုတ်ပါတယ်ဗျာ" ဟုသာ ပြော၏။

"ဒါထက် အညာသားတော့ ဟုတ်ပါပြီ၊ ဘယ်နယ်သားလဲ မန္တလေးသားတော့ ဟုတ်မယ် မထင်ဘူး"

"ဘာကြောင့်လဲဗျ"

mgyoe.com


"မန္တလေးသား ဒီလောက်မအပါဘူး၊ နာသွားသလား ကိုညို"

"မနာတတ်ပေါင်ဗျာ၊ မှန်ပါတယ်၊ ရွှေဘိုနယ်သားပါ"

"အဲ ထင်သားပဲ"

"အနီတွေ အနာတွေ ပြောလို့လား"

"ရှင့်အဖေအမေများ ပြောချင်ရင် ပြောမယ်၊ ရှင်ကတော့ အင်္ဂလိပ်ကျောင်းထွက်ကိုး၊ ဒါထက် အလုပ်အကိုင်က ဘယ်ဘက်မှာလဲ"

"ဘဏ်တိုက်မှာ လုပ်ပါတယ်"

"ဘဏ်တိုက်အလုပ်က အိမ်မှာတောင် ယူလုပ်ရသလား"

"မဟုတ်ပါဘူး၊ ဒါက တခြားအလုပ်ပါ"

"ဘဏ်တိုက်အလုပ်မှာ ပျော်ရဲ့လား"

"မပျော်ပေါင်ဗျာ၊ ငြီးငွေ့လှပါပြီ၊ ဒါကြောင့် စာရေးကြည့်စမ်းနေတာပါ"

"ဘာတွေ ရေးတာလဲ"

"ဝတ္ထုကလေး ဘာလေးပေါ့ဗျာ"

"အလို ရှင်က ဝတ္ထုရေးဆရာလား"

"ကြိုးစားတုန်း ရှိပါသေးတယ်"

ဤတွင် မသင်းကြည်သည် မောင်ညို၏ မျက်နှာကို စူးစိုက်စွာ လှမ်းကြည့်လိုက်ပြီးနောက်...

"ရှင့်ပုံပန်းက ရုပ်ရိုးကြီးပဲ၊ ဝတ္ထုရေးဆရာနဲ့ မတူပေါင်၊ ဆိုင်းဘုတ်ကလေး ဘာလေး ချိတ်ထားဦးမှ ထင်တယ်"

"ကျေးဇူးတင်ပါတယ်ဗျာ"

"ဘာကြောင့်လဲ"

"ရုပ်ရိုးကြီးဆိုလို့လေ၊ ဒီခေတ်မှာ လူရိုးရှားတယ် မဟုတ်လား၊ ခင်ဗျားတို့ ရန်ကုန်မှာ သာပြီး ရှားဦးမယ်"

"ရုပ်ရိုးကြီးဆိုလို့ မနာတတ်ဘူးပေါ့ ဟုတ်လား"

"အဝေးကြီးဗျား၊ ဂုဏ်တောင်ယူသေး"

"ဟီ ဟီ ရုပ်ရိုးကြီးဆိုပေမဲ့ သနားကမားတော့ ရှိပါတယ်၊ နှာတံက ခပ်ပေါ်ပေါ်၊ မျက်ခုံးကလည်း တန်းလို့၊ မျက်လုံးကလည်း သိပ်လည်တယ်"

"တကယ်လားဗျ စိတ်ကြီးဝင်ကုန်ပါဦးမယ်"

"တကယ့်ကိုပါ တော်တော်ကြည့်ကောင်းတဲ့ လူတစ်ယောက်ပဲ"

"ကျေးဇူးပါပဲဗျာ"

"ကျေးဇူးပါပဲမလုပ်နဲ့၊ လက်ဖက်ရည်ကလေး ဘာလေး ဖျော်တိုက်ဦးမှပေါ့"

mgyoe.com

mgyoe.com


"ဖျော်လိုက်မယ်နော်"

"နေပါစေ တော်ပါပြီ အိုက်က အိုက်သနဲ့"

"ဒါဖြင့် ရေခဲရေ သောက်ပါဗျာ"

မောင်ညိုသည် ဓာတ်ဘူးထဲမှ ရေခဲရေကို ငှဲ့၍ပေး၏။ မသင်းကြည်လည်း ရေခဲရေကို သောက်ပြီးနောက်...

"ဩ့ဝတ်မကျေလိုက်တဲ့ လူတစ်ယောက်ပဲ၊ ဖွင့်ပြောမှ ပေးတော့တယ်"

"လူရိုး လူအမို့ပါဗျာ၊ သည်းညည်းခံပါ"

"ရှည်လိုက်တာရှင်၊ သည်းခံပါဆို၊ တော်ရောပေါ့၊ နာမည်ကလည်း ရှည်၊ လူကလည်း ရှည်၊ စကားလုံးတွေကလည်း ရှည် အားလုံး အရှည်ချည်းပဲကိုး၊ ဟီ ဟိ ဟီ ဟိ"

"ဟား ဟား ဟား ဟား ကိုင်းဗျာ၊ ဒီက အကြောင်းတွေတော့ တော်တော်သိလောက်ပါပြီ၊ ခင်ဗျားအကြောင်းကော မမေးရဘူးလားဗျာ"

"မေးပါရှင်"

"ကြည့်ရတာ ကိုယ့်ဝမ်းကိုယ် ထိန်းကျောင်းနေရတာနဲ့ တူပါတယ်၊ ဘာအလုပ် လုပ်ပါသလဲဗျာ"

"တွေးစမ်း ရှင် တွေးစမ်း"

"ပြဇာတ်မင်းသမီးလား၊ ရုပ်ရှင်မင်းသမီးလား၊ တစ်ခုခုပဲ ထင်တယ်"

"မှန်တယ် ရုပ်ရှင်ဘက်ကပဲ၊ လူကဖြင့် ရိုးပုံ ရိုးလက်နဲ့ တော်တော်မျက်မှန်းတတ်သားကပဲ၊ ရှင်က ရုပ်ရှင် အကြည့်နည်းတယ်ထင်တယ်"

"တစ်ခါတလေ အင်္ဂလိပ်ရုပ်ရှင်ကလေး ဘာလေး ကြည့်ပါရဲ့၊ မြန်မာရုပ်ရှင်တော့ ကြည့်ခဲတယ်ဗျာ၊ ဘယ်နှကား ရိုက်ပြီးပြီလဲဗျာ"

"ဓာတ်လိုက် မဟုတ်သေးပါဘူး၊ ဆိုက်ပက်ကလေး ဘာလေး ရှိပါသေးတယ်"

"ဒီလိုရုပ်မျိုး ဒီလိုအမူအရာမျိုးနဲ့တော့ မကြာခင် နာမည်ကြီးမင်းသမီးတစ်ယောက် ဖြစ်လာမှာပါဗျာ"

"ကိုင်း... ကျေကြရော၊ တစ်ယောက်တစ်ယောက် မြှောက်စတမ်းပေါ့လေ၊ ဟုတ်လား"

"ဒီကတော့ မြှောက်တာ မဟုတ်ပါဘူးဗျာ၊ တကယ့်ကို ပြောတာပါ"

"တကယ်ပြောတာဖြင့် ကျွန်မရုပ်က ဘာချောလို့လဲရှင့်"

"တစ်ခုစီတော့ ချီးမွမ်းစရာ ရှာမတွေ့ဘူး၊ နို့ပေမဲ့ အားလုံးပေါင်း

mgyoe.com

mgyoe.com


ကြည့်လိုက်ရင်တော့ ဒီလောက် ချစ်စရာကောင်းတဲ့မျက်နှာနဲ့ ဒီလောက်သွက်လက်တဲ့ အမူအရာမျိုး..."

"တော် တော် တော် လူရိုးဘာသာ မနေဘဲနဲ့ ဆန်းလာရင်တော့ ခွကျကုန်လိမ့်မယ်"

"ဘယ်လိုခွကျမှာလဲဗျ"

"တော်ကြပါစို့လေ၊ ရှင်လည်း အလုပ်ပျက်နေတော့မယ်၊ နောက်များတော့ တွေ့ကြသေးတာပေါ့"

မသင်းကြည်သည် စားပွဲပေါ်တွင် ထိုင်နေရာမှ လျှောဆင်းကာ အခန်းကို လှည့်ကြည့်လိုက်ရာတွင် ယခင်က ကျောခိုင်းလျက်ရှိသော ဓာတ်ပုံတစ်ခုကို မြင်သည်နှင့် စူးစိုက်စွာ ကြည့်နေပြီးနောက်–

"ဒါက ဘယ်သူ့ဓာတ်ပုံလဲ"

မောင်ညိုသည်လည်း ဓာတ်ပုံကိုကြည့်ရာမှ မျက်နှာထားတစ်မျိုးဖြစ်ကာ တွေဝေလျက်ရှိ၏။

"ပြောစမ်းပါရှင်၊ ဘယ်သူ့ဓာတ်ပုံလဲ၊ ဘယ့်နှယ် ငိုင်နေတာလဲ"

"တွေးချင်ရာ တွေးနေမိလို့ပါဗျာ"

"တွေးနေတာ ပြောမနေပါနဲ့၊ မြင်ပါတယ်၊ ဘယ်သူ့ဓာတ်ပုံလဲ ပြောစမ်းပါ"

"ဒီပုံထဲကဟာလား၊ မိန်းကလေးတစ်ယောက်ပါပဲ"

"ယောကျ်ားကလေး မဟုတ်မှန်း သိပါတယ်၊ ကျွန်မမှာ မျက်စိပါပါတယ်၊ ဘယ်သူ့ပုံလဲ မေးတာပါ"

"မျက်စိပါမှန်းလည်း သိပါတယ်၊ မျက်စိပါရုံမက အရောင်တဖိတ်ဖိတ်နဲ့ သိပ်ကြည်လင်ပြီး သမင်မျက်လုံးလို အစဉ်ပြုံးနေတဲ့ မျက်လုံးမျိုးပါပေဗျာ"

"ခုနတုန်းကတော့ တစ်ခုစီ ချီးမွမ်းစရာ မရှိဘူးဆို"

"ဒါကတော့ မျက်စိလျှမ်းသွားလို့ပါဗျာ"

"ဒါတွေ လုပ်မနေပါနဲ့၊ ကျွန်မမေးတာကို ဖြေပါဦး၊ ကျွန်မမျက်လုံးကို ချီးမွမ်းတာ ဓာတ်ပုံရှင်က ကြားသွားရင် ရှင့်ကို ရန်ထောင်နေပါဦးမယ်" (ပြုံး၍ ကြည့်လိုက်သည်)

မောင်ညိုသည် မသင်းကြည်၏ရွှင်ပြုံးသော မျက်နှာကို မျက်လုံးချင်းဆိုင်ကာ စူးစိုက်၍ ကြည့်ပြီးနောက် မျက်နှာပိုးသတ်လျက်...

"ရန်မထောင်တတ်ရှာပါဘူးဗျာ၊ မသင်းကြည်ရဲ့မျက်လုံးကို ချီးမွမ်းတာ သူကြားရင် ဘယ်လိုပြောမလဲဆိုတော့ ချီးမွမ်းချင်တိုင်း ချီးမွမ်းပါ။ မောင့်ကို

mgyoe.com

mgyoe.com

ကျွန်မယုံပါတယ်။ မသင်းကြည်ဟာ ချစ်စရာကောင်းလွန်းလို့ မောင်တွင်မက ကျွန်မပါ ချစ်ပါတယ်လို့ ပြောမှာပါဗျာ"

မသင်းကြည်လည်း ရုတ်တရက် ပြန်မပြောဘဲ၊ စဉ်းစားဟန်နှင့် စိုက်လျက် ရှိ၏။

"တကယ်ကို သူက ဒီလိုပြောမတဲ့လား"

"တကယ်ပြောမှာပါ။ သူ့စိတ်ကို ဒီက သိပါတယ်။ ရိုးရိုးကလေးပါ"

"ရှင့်လိုပဲပေါ့"

"မှန်ပါတယ်"

မသင်းကြည်သည် ဓာတ်ပုံကိုတစ်လှည့် မောင်ညိုကို တစ်လှည့် လှမ်းကြည့်ပြီးနောက်...

"သူ့ကို ရှင်က သိပ်ချစ်တာပဲလား"

"ဟုတ်ပါတယ်"

"ဒီမှာလေ ကိုညို"

"ဗျာ မသင်းကြည်"

"သူက အခု ဟိုအဝေးကြီးမှာ ရှိနေတာ မဟုတ်ဘူးလား"

မသင်းကြည်သည် မောင်ညိုအား တောက်ပသောမျက်လုံးများဖြင့် မော့ကြည့်လျက်ရှိရာ မောင်ညိုကလည်း တည်ကြည်သောမျက်လုံးများဖြင့် တည့်တည့်ကြီး ပြန်ကြည့်လျက် ရှိ၏။

"ဒီကအဖို့မှာတော့ ဝေးတယ်လို့ မထင်ပါဘူး။ အချိန်မရွေး အနီးအနားမှာ ကပ်နေတယ်လို့ ထင်ပါတယ်"

မသင်းကြည်သည် ရုတ်တရက် ပြန်မပြောသေးဘဲ ဟက်ဟက်ပက်ပက် ရယ်မောပြီးမှ...

"ကိုင်း... အစ်မလေး သွားဦးမယ် မောင်ကလေး၊ နောက်များတော့ တွေ့ကြသေးတာပေါ့"

"ကောင်းလှပါပြီ အစ်မလေးဗျား"

မောင်ညိုက တံခါးကိုဖွင့်ပေးရာတွင် မသင်းကြည်သည် ပွေ့ပိုက်ထားသော ကြောင်ကလေးအား မိမိ၏ပါးနှင့်ကပ်ကာ မောင်ညိုကို တစ်ချက်လှမ်းကြည့်ပြီးနောက် ခြေတစ်လှမ်းချင်း ထွက်သွားလေ၏။

၀

mgyoe.com

mgyoe.com

(၂)

နောက်နေ့များ၌ မောင်ညိုနှင့် မသင်းကြည်တို့သည် မကြာခဏ တွေ့ဆုံကြ၏။ မသင်းကြည်သည် အပြင်မှ ပြန်လာသောအခါများတွင် မောင်ညို၏ အခန်းသို့ ဝင်၍ စကားပြောလေ့ရှိ၏။ နေ့အချိန်များတွင် မောင်ညိုသည် အလုပ်သွားရသည်ဖြစ်၍ ညခင်းများ၌သာ တွေ့ကြခြင်း ဖြစ်လေသည်။ ညအချိန်များ၌ မောင်ညိုသည် စာရေးလျက်ရှိစဉ် လှေကားမှ တက်လာသော ခြေသံများ ကြားရတိုင်း မသင်းကြည်ဖြစ်လေမည်လောဟု စောင့်မျှော်မိ၏။ အပေါ်ထပ်သို့ မတက်လာဘဲ ဒုတိယအထပ်သို့ ဝင်သွားသည်ဖြစ်စေ၊ တတိယအထပ်သို့ တက်လာသော်လည်း တစ်ဖက်အခန်းသို့ ဝင်သွားသည်ဖြစ်စေ မောင်ညိုမှာ မသင်းကြည်မဟုတ်ကြောင်း သိရသည်နှင့် ခြောက်သွေ့ငြီးငွေ့သကဲ့သို့ ဖြစ်မိလေတော့သည်။

တစ်ညသ၌ မသင်းကြည်သည် အခန်းတွင်းသို့ ဝင်လာ၍ စားပွဲ၌ စာရေးလျက်ရှိသော မောင်ညိုသည် ထိုင်ရာမှ ထလိုက်လေရာ မသင်းကြည်သည် ထုံးစံအတိုင်း စားပွဲပေါ်တွင် ခြေတွဲလောင်းချကာ ထိုင်လေ၏။

"မောင်လေးတစ်ယောက်ဖြင့် တစ်ရေးတည်း ထိုင်ရေးနေတော့တာပဲကိုး၊ မညောင်းဘူးလားဟင် တစ်ခါတလေများ အနားယူဦးမှပေါ့"

"နားတော့လည်း နားဦးမှာပေါ့ အစ်မလေးရယ်"

"ဘယ်တော့ နားမှာလဲ"

"ကိုယ့်ဝတ္ထုတွေ ရေးတိုင်းစွဲပြီဆိုတော့ နားဦးမှာပေါ့ အစ်မလေးရဲ့"

"ဘယ်လိုနားမှာလဲ မောင်လေး"

"ဟိုဟိုဒီဒီ လျှောက်လည်မှာပေါ့ဗျာ"

"ရွှေဘိုတို့ ဘာတို့လား"

"အဲဒီလည်း ရောက်မှာပေါ့"

"အစ်မလေးတို့ကတော့ ရန်ကုန်ကလွဲပြီး ဘယ်မှ မသွားချင်ဘူး၊ ရန်ကုန်လောက် ပျော်စရာကောင်းတဲ့နေရာ ဘယ်မှာမှ မရှိဘူး။ နိုင်ငံခြားတော့ မပြောတတ်ဘူးပေါ့"

"မောင်လေးတို့တော့ ဒီလိုမဟုတ်ပေါင်ဗျာ၊ ကြီးပွားရေးအတွက်ကြောင့်သာ နေရတယ်၊ တတ်နိုင်ရင်တော့ ကိုယ့်နေရာကလေးမှာ ကိုယ်နေချင်တာပဲ"

"ဟိုဟာထဲက လောက်လိုလား"

"ဆိုချင်လည်း ဆိုတော့ဗျာ၊ အစ်မလေးတို့ မြို့ကြီးသူ မြို့ကြီးသားတွေ

mgyoe.com

mgyoe.com
ဟာက တကယ့်ကြင်ကြင်နာနာ ရှိတတ်ကြတာ မဟုတ်ပါဘူး၊ အပေါ်ယံ ရွှေမှုန်ကြဲဆိုတာမျိုးတွေပါ"

"အောင်မယ် ဒီက မကြင်နာတတ်ဘူး ဆိုချင်သလား"

"အစ်မလေးတစ်ယောက်ကတော့ ဟုတ်ပါတယ်၊ ကန်တော့ပါရဲ့ဗျာ"

"ကန်တော့ချင်လည်း ကန်တော့ ငရဲမကြီးပါဘူး၊ ကိုယ့်ထက်အကြီးပဲ"

"ဒီလို တကယ်ကြီးသလား၊ အသက် ဘယ်လောက်ရှိလို့လဲ"

"၂၅ နှစ် ရှိပါပြီ"

"အင်း... ဟုတ်သားပဲ၊ ဒီက ၂၇ နှစ် ရှိပြီ"

"မထင်မိပေါင်ဗျာ။ ၂၀ ကျော်ရုံလောက် ထင်မိတယ်၊ သိပ်နုတာပဲကိုး"

"ဒါတောင် ကျစ်ဆံမြီး မထိုးသေးလို့ ဟီ ဟီ၊ ဒါထက် နေစမ်းပါဦး၊ မောင်လေးတို့ဆီမှာ ဘာများ ပျော်စရာရှိလို့လဲ၊ ဟိုဓာတ်ပုံရှင်ကို ဖယ်ထားရင် ပြောပါတယ်"

"ပျော်စရာလို့တော့ ဟုတ်ရိုးလားဗျာ၊ ကိုယ့်ပန်းခြံကလေးနဲ့ ကိုယ့်နွားကိုယ့်မြင်းနဲ့၊ ကိုယ့်ဝင်း ကိုယ့်ခြံနဲ့၊ လယ်တောကလေး လျှောက်ပြန်ရင်လည်း စိမ်းတဲ့အချိန်မှာ စိမ်း၊ ဝါတဲ့အချိန်မှာ ဝါ ဘယ်လောက်များ သာယာသလဲဗျာ"

"ဖွီ... ပျင်းစရာကောင်းလိုက်တာ၊ ပျော်စရာ တစ်ကွက်မှ မရှိဘူး"

"ပျော်စရာတော့ မဟုတ်ဘူး၊ နို့ပေမဲ့ ငြိမ်းချမ်းမှုရှိတယ်၊ မလေးရဲ့"

"မောင်လေးက စိတ်ကူးယဉ်တဲ့ ဝတ္ထုရေးဆရာကိုး၊ ဟုတ်မှာပေါ့၊ ဒါထက် သူ့နာမည် ဘယ့်နှယ်ခေါ်သလဲ"

"ဘယ်သူ့နာမည်လဲ"

မသင်းကြည်သည် နောက်၌ရှိသော ဓာတ်ပုံဘက်သို့ မေးစောင်းကာ 'ဟင်း' ဟု ပြလိုက်၏။

"မနန်းသူပါတဲ့ မလေး"

"အောင်မယ်လေး အရပ်ကတို့ရေ၊ တောဆန်လိုက်တာကြီးပါလား"

မောင်ညိုကြလည်း မျက်နှာပျက်သွား၏။

"မခံချင်ဘူးလား မောင်လေး"

"မခံချင်လို့တော့ ဟုတ်ပါဘူးဗျာ၊ နားချင်း မတူကြလို့ပါ၊ ဒီကလူရဲ့ နားထဲမှာတော့ သိပ်ယဉ်တဲ့နာမည်ကလေးပဲ"

"ဟုတ်ပေမှာပေါ့လေ"

မသင်းကြည်သည် စားပွဲပေါ်မှဆင်း၍ ဓာတ်ပုံအနီးသို့ ချဉ်းကပ်ပြီးလျှင် စေ့စပ်စွာ ကြည့်နေပြီးနောက်...
mgyoe.com

mgyoe.com

"ဒီမလေ ကိုညို"

"ဘာလဲ မလေး"

"သူ့အသက် ဘယ်လောက်ရှိပြီလဲ"

"ခုချိန်ဆိုရင် ၂၃ နှစ်ပေါ့"

"ကြိုက်ကြတာ ဘယ်လောက်ကြာပြီလဲ"

"၆ နှစ်လောက် ရှိပါပြီ"

"အသားက ဘယ်လိုနေသလဲ"

"အသားလတ် ဆိုပါတော့"

"မလေးနဲ့ ဘယ်သူက ဖြူသလဲ"

"ဟိုနယ်မှာ အသားဖြူ ရှားပါတယ်၊ မလေးက ဖြူတာပေါ့"

"အရပ်အမောင်းက"

"မလေးထက် နည်းနည်းမြင့်လိမ့်မယ်"

"ရှေ့သွားနောက်လိုက် ညီတယ်ပေါ့လေ ဟုတ်လား"

"တော်ပါပြီ ဒီပြင်စကား ပြောကြပါစို့ဗျာ"

မသင်းကြည်သည် ဓာတ်ပုံကို ကြည့်လျက်ရှိရာမှ မောင်ညိုဘက်သို့ ချာခနဲလှည့်လျက်...

"သိပ်မုန်းစရာကောင်းတဲ့လူပဲ၊ ဘယ်လိုလူနဲ့များ လာတွေ့နေရပါလိမ့်၊ တကယ့်ကို ရွံ့စရာ မုန်းစရာကောင်းတဲ့လူပါလားကွယ်တို့" ဟု ပြောပြောဆိုဆို နှင့် မသင်းကြည်သည် စားပွဲပေါ်တွင် အလျားမှောက်ကာ လက်နှစ်ဖက်ပေါ်တွင် မျက်နှာတင်လျက် ရှိုက်ကြီးတငင် ငိုလေတော့သည်။

မောင်ညိုသည် အံ့အားသင့်သော မျက်နှာထားနှင့် အနီးသို့ ချဉ်းကပ်၍ "ဘာဖြစ်တာလဲ မလေးဗျာ" ဟု ဆိုကာ မသင်းကြည်၏ပခုံးကို ဖြည်းညင်းစွာ ကိုင်လိုက်မိလေရာ မသင်းကြည်သည် ဆတ်ခနဲထကာ မောင်ညို၏လက်ကို ပယ်ပစ်လျက်...

"မထိနဲ့ မထိနဲ့၊ ကျုပ်ကို မထိနဲ့" ဟု ဆိုကာ တံခါးကိုဖွင့်၍ ထွက်ပြီးနောက် ဂျောင်းခနဲ ဆောင့်ပိတ်ခဲ့လေ၏။

မောင်ညိုမှာ အံ့အားသင့်စွာနှင့် ငေး၍ ကြည့်နေပြီးနောက် ကုလားထိုင်ပေါ်သို့ ပြန်ထိုင်၍ ဆေးတံကို မီးညှိ ရှူဖွာလျက်ရှိလေ၏။

နာရီဝက်ခန့်ကြာသောအခါ မသင်းကြည်သည် ရဲရဲနီသော မျက်လုံးများနှင့် အခန်းတွင်းသို့ ဝင်လာ၍ သနားဖွယ်ကောင်းသော ပြုံးခြင်းမျိုးဖြင့် မောင်ညို၏မျက်နှာကို ကြည့်ကာ ရပ်လျက်ရှိသည်တွင် မောင်ညိုသည် ထိုင်ရာမှ ဆတ်
mgyoe.com

mgyoe.com

ခနဲ ထပြေး၍ "မလေး" ဟု ခေါ်ကာ ချဉ်းကပ်လာလေ၏။ မသင်းကြည်သည် ရှေ့သို့ မတိုးခဲ့ရန် လက်ဖြင့်ဟန့်တားလျက်...

"မလေးကို စိတ်မရှိပါနဲ့နော် မောင်လေး၊ ခုနက တော်တော်လျှော်သွားတယ်၊ ဖြစ်မှဖြစ်ရလေ ဟုတ်ပါရဲ့"

"ဘာတွေလျှောက်ပြောနေတာလဲ မလေးရယ်၊ ဘယ်သူမှ မလျှော်ပါကလား"

"ဒီက လျှော်ပါတယ်၊ ကိုညိုဟာ တကယ်တော်တဲ့ သူတော်ကောင်း တစ်ယောက်ဖြစ်လို့မို့၊ မလေးမှားမိကြောင်း ဝန်ခံပြီး တောင်းပန်ပါတယ်ရှင်"

မောင်ညိုလည်း တောင်းပန်စရာမရှိကြောင်း ပြောမည်ဟု စကားလုံးရွေးလိုက်ရှိစဉ် မသင်းကြည်သည် လက်ပြလျက် အခန်းပြင်သို့ ပြန်ထွက်သွားလေ၏။

ထိုညဥ့်မှစ၍ မသင်းကြည်သည် မောင်ညို၏အခန်းသို့ မပေါ်လာဘဲ ရှိခဲ့ရာ မောင်ညိုမှာ ပျင်းရိငြီးငွေ့ဖွယ်ကောင်းလှသော ရန်ကုန်မြို့ကြီးပေတကားဟု တညည်းတွားတွားနှင့် ရှိနေတော့သည်။ အခြားဘက်အခန်းမှာလည်း အပြင်မှ သော့ခတ်လျက်ရှိ၏။ မနေနိုင်လှသည့်အဆုံး၌ မောင်ညိုသည် ရုပ်ရှင်ကုမ္ပဏီများအကြောင်းကို စုံစမ်းလေရာ အောင်ချမ်းသာဖလင် ရုပ်ရှင်ကုမ္ပဏီတစ်ခုမှာ ရှမ်းပြည်နယ်ဘက်သို့ 'အောက်ဒိုး' အခန်းများ ရိုက်ကူးရန် ထွက်သွားသည် ဆိုသောကြောင့် မသင်းကြည်တစ်ယောက် ပါသွားဟန်ရှိသည်ဟုသာ တွေးဆလျက် ရှိရလေတော့သည်။

၀

(၃)

ထိုရက်များအတောအတွင်း၌ မောင်ညိုမှာ စားပွဲတွင် ထိုင်၍ စာရေးပါသော်လည်း စိတ်လေလွင့်လျက်ရှိသောကြောင့် အလုပ်မတွင်ဘဲ ဖြစ်နေ၏။ တစ်ခါတစ်ရံတွင် (၂) နာရီကျော်ကျော် ထိုင်သော်လည်း ဖူးစကတ်တစ်မျက်နှာမျှပင် မပြည့်ဘဲ ဖြစ်နေ၏။ ရေးပြီးသောစာများကို ဖတ်ကြည့်ရာတွင်လည်း ဝါကျအနေအထားလည်း ဟန်မရ၊ စကားလုံးများလည်း မပြောင်၊ ဇာတ်ကွက်အဆက်အစပ်လည်း အဆင်မပြေဖြစ်နေခြင်းများကို တွေ့ရ၏။ ဤသို့ဖြစ်ရခြင်းမှာ မည်သို့သောအကြောင်းကြောင့် ဖြစ်သည်ဟု ဝမ်းထဲက သိသော်လည်း ကိုယ့်ဟာကိုယ် ဝန်မခံချင်ဘဲ ဖြစ်နေ၏။ တစ်ချက်တစ်ချက်တွင် မောင်ညို

mgyoe.com

သည့် ထိုင်ရာမှ ထ၍ ဓာတ်ပုံအနီးသို့သွားကာ မနန်းသူ၏မျက်နှာကလေးကို ကြည့်လျက် "တယ်မိုက်တဲ့ အကောင်ပဲ၊ နင် ဘာဖောက်ပြန်ချင်တာလဲ" ဟု ရေရွတ်ကာ မိမိကိုယ်ကို အပြစ်တင်ပါသော်လည်း ဓာတ်ပုံကို ကြည့်နေသည့် အထဲမှာပင် မနန်းသူ၏မျက်နှာလေးပျောက်၍ မသင်းကြည်၏မျက်နှာ ရောက်လျက် ရှိလေတော့သည်။ ဤတွင် "ဂိုးတူပဲလ်" ဟု ရေရွတ်၍ မောင်ညိုသည် ကြိမ်တုတ်ကလေးကိုဆွဲကာ အခန်းတံခါးကို သော့ပိတ်၍ တိုက်ပေါ်မှ ဆင်းလာခဲ့ပြီးလျှင် ဘိုင်စကုပ်ရုံများပေါများသော လမ်းဆီသို့ လျှောက်လာခဲ့လေ၏။

ရုပ်ရှင်ရုံများ၌ နောက်ဆုံးပတ် ပွဲကြည့်ပရိသတ်များသည် လက်မှတ်ဝယ်လျက် ရှိကြသည်ကို တွေ့ရ၍ မောင်ညိုသည် အင်္ဂလိပ်ရုပ်ရှင်ကားပြသော ရုံတစ်ရုံ၌ လက်မှတ်ဝယ်ပြီး ကြည့်ဦးမည် ကြံစည်ဆဲတွင် လမ်းထောင့်၌ ရပ်၍ စီးကရက်တစ်လိပ်ကို မီးညှိလျက်ရှိသော မသင်းကြည်အား ဘွားခနဲ မြင်လိုက်ရသည်နှင့် ကပျာကသီလျှောက်သွား၏။

"မလေးလား"

"ဟင် မောင်လေးပါလား"

မသင်းကြည်၏မျက်နှာ၌ အံ့အားသင့်ခြင်းနှင့်အတူ ဝမ်းသာသော အခြင်းအရာကိုလည်း မြင်လိုက်ရသည်ဟု မောင်ညို အကဲခတ်မိသည်။

"ဘယ်ဆီများ ပျောက်နေတာလဲ မလေးရာ၊ အံ့သြပါရဲ့ဗျာ"

"မလေးကို အောက်မေ့နေသလား မောင်လေးက"

"အောက်မေ့နေတာတော့ မပြောနဲ့တော့ စာကိုရေးလို့ မဖြစ်ပါဘူးဗျာ"

"ဒီလောက်တောင်ပဲလား မောင်လေး"

"ဘယ်ဆီသွားနေတာလဲဗျ မလေး"

"ရှမ်းပြည်နယ်ဘက်သွားပြီး ရုပ်ရှင်ရိုက်နေတာ ဒီကနေ့မှ ပြန်ရောက်တယ်"

"မလေးလည်း ပါသလား"

"ဟုတ်ကဲ့ ပါတယ်ဆိုပါတော့"

"ကိုင်း... လာဗျာ မလေးကို ဟိုတယ်မှာ တစ်ခါလောက်ကျွေးပါရစေ"

"ဘယ်ဟိုတယ်လဲ"

"စထရင်းဟိုတယ်မှာ ကျွေးမယ်ဗျာ"

"အလို... လူကဖြင့် ထီများ ပေါက်လာလို့လား"

"ထီပေါက်လို့တော့ မဟုတ်ပါဘူးဗျ။ ဟိုတစ်ပတ်က ဝတ္ထုကလေး တစ်ပုဒ်အတွက် ပိုက်ဆံထုတ်ထားလို့ ဒီတစ်ညတည်းနဲ့ ကုန်ချင် ကုန်ပစေဗျာ"

mgyoe.com

mgyoe.com

"တယ် ရက်ရောလိုက်ပါကလား၊ နေဦး ခေါ်တင့်ကြီးကို ပြန်လွှတ်လိုက်ဦးမယ်"

မသင်းကြည်သည် အဖော်မိန်းမကြီးကို ပြန်လွှတ်လျက်ရှိစဉ် မောင်ညိုသည် တက္ကစီတစ်စီးကို ခေါ်ယူလေ၏။ တက္ကစီပေါ်သို့ တက်၍ ထိုင်မိကြသောအခါ...

"မောင်လေးက ဒီညတော့ သိပ်ဖြုန်းနေတာပါလား"

"ဒီညအဖို့တော့ ကုလားလို 'ဘရားဒင်း' ပေါ့ မလေးရာ"

စထရင်းဟိုတယ်သို့ရောက်၍ ဝင်ကြသောအခါ ဘွိုင်ကုလားများသည် မသင်းကြည်အား ဆလံပေးကြခြင်းကို လည်းကောင်း၊ အချို့ဧည့်သည်များက မသင်းကြည်အား မြင်တွေ့နေကျအနေဖြင့် လှမ်းကြည့်ကြခြင်းကို လည်းကောင်း မောင်ညိုသည် လုံးဝ သတိမပြုမိဘဲ ကျေးလိုဇာနှင့် ပျော်လျက် ရှိလေ၏။

ချောင်ကျသောနေရာတစ်ခု၌ ထိုင်ကြ၍ ဘွိုင်ကုလား ချဉ်းကပ်လာရာတွင် မောင်ညိုသည် 'မီနူး' စာရင်းကို ကောက်ကြည့်၍ အဖိုးတန်သောစားစရာများကို ရွေးချယ်မှာထား၏။

"ဟေး ဆရာရဲ့၊ ဒီလောက်တော့ ဗိုက်မဆံ့ပါဘူး၊ အစားတွေချည်း သိပ်ပြီး မှာမနေပါနဲ့၊ ပို့တဝိုင်ကလေး ဘာလေးလည်း မှာပါဦး"

မောင်ညိုမှာ ဘီယာမှတစ်ပါး အရက်မသောက်တတ်သေးသော်လည်း ပို့တဝိုင်တစ်ပုလင်းကို အံ့သြစွာနှင့် မှာလိုက်၏။

စားသောက်စရာများ ရောက်လာ၍ စားသောက်ကြရင်း...

"မလေး ရှမ်းပြည်နယ်ရောက်ခဲ့ပေါ့လေ ဟုတ်လား"

"အင်းလေးဘက် ရောက်ခဲ့တယ်"

"ပျော်စရာကြီးလားဗျာ"

"ချွဲ၊ အလကား၊ ရန်ကုန်က လွဲရင် ဖွဲနဲ့ ဆန်ကွဲချည်းပဲ၊ မောင်လေးတို့သာ တောမှာ ပျော်တတ်တာပဲ၊ ဘယ့်နှယ်လဲ တောကို ပြန်ချင်လှပြီလား"

"အမှန်ပြောရရင် ခုတစ်လောတော့ဖြင့် တောကို သတိမရဘူး ရန်ကုန်တောင် ခပ်ကြိုက်ကြိုက်ဖြစ်နေပြီ မလေးရေ့"

မသင်းကြည်သည် ဏ္ဍေကြီးသော မျက်နှာထားနှင့် မောင်ညိုအား လှမ်းကြည့်လိုက်ပြီးနောက်...

"ဒီသူငယ် ဖောက်ပြန်စပြုလာပြီထင်တယ်၊ သတိထားနော်၊ မောင်လေး"

"တကယ်ပြောတာဗျ၊ ကျွန်တော် မမူးပါဘူး"

"မူးတာပြောတာ မဟုတ်ဘူး၊ ဒါထက် မဂ္ဂဇင်းထဲက ရှင့်ဝတ္ထုနာမည်က ဘယ်လိုလဲ"

mgyoe.com

mgyoe.com

"စာအုပ်အရွယ် ဝတ္ထုရှည်ဗျ၊ သုံးလွန်းတင်တဲ့"

"အလို ဒါဖြင့် စာရေးဆရာ ဝင်းထွန်းတောက်ဆိုတာ မောင်လေးလား၊ ဟုတ်သားပဲ၊ နာမည်ရင်းကို ပြောင်းပြန်လုပ်ထားတာပါကလား၊ မီးရထားပေါ်မှာ အဲဒီဝတ္ထုကို မလေးဖတ်ခဲ့ရတယ်၊ တော်တော်ကောင်းပေသားပဲ"

"မလေးက ကောင်းတယ်ဆိုရင် လူတစ်ရာက ချီးကျူးတာထက် ဝမ်းသာသဗျာ"

"သြော် နေဦး အကြံတစ်ခု ရလာပြီ၊ ဒီဝတ္ထုကို ဘိုင်စကုပ်အတွက် ဇာတ်ညွှန်းပြန်ရေးရရင် ဘယ့်နှယ်နေမလဲ"

"ဇာတ်ညွှန်းတော့ မရေးဖူးဘူး၊ ကောင်းတယ်ဆိုရင်တော့ ကြိုးစားကြည့်ရတာပေါ့ မလေး"

"ကြိုးစားစမ်းပါ၊ ရှင့်မဂ္ဂဇင်းတွေက အလကား၊ ပိုက်ဆံ ဘာမှမရဘူး၊ ဇာတ်ညွှန်းတစ်ခုဆိုရင် တော်တော် စို့စို့ပို့ပို့ ရနိုင်တယ်"

"စမ်းကြည့်ပါ့မယ်ဗျာ"

"စမ်းကြည့်ဖို့ ဒီလိုလုပ်ပေတော့၊ အောင်ချမ်းသာဖလင် ကုမ္ပဏီပိုင်ရှင်က ဇာတ်ညွှန်းကောင်းကောင်းတစ်ခုရရင် သူကိုယ်တိုင် ဇာတ်လိုက်လုပ်ပြီး ဝင်ပါချင်သတဲ့၊ ရှေးကလည်း သူပါဖူးတယ်၊ ဇာတ်ညွှန်းကို သူနဲ့ လိုက်အောင် ပြင်ရေးပေတော့၊ မလေး သင်ပေးမယ်လေ"

"ကောင်းသားပဲဗျ၊ ဘယ်လို သင်ပေးမှာလဲ"

"ဒီလိုလေ အောင်ချမ်းသာဖလင်ကုမ္ပဏီပိုင်ရှင်က ကိုစိန်ဝင်းတဲ့"

"ဦးစိန်ဝင်းဆိုပါတော့"

"မလေးကတော့ ကိုစိန်ဝင်းပဲခေါ်တယ်၊ သူ့ကို တွေ့ဖူးသလား"

"ဘဏ်တိုက်မှာ တစ်ခါတစ်ခါ လာတာ မြင်ဖူးပါရဲ့၊ လူချင်းတော့ မသိပါဘူး"

"လူချောတစ်ယောက် ဟုတ်လား"

"ဟုတ်ကဲ့ သနားကမားပါပဲ၊ ဂိုက်ဆိုက်ကတော့ တော်တော်ကောင်းတယ်"

"အဲဒီတော့ မောင်လေးရဲ့ 'သုံးလွန်းတင်' ထဲက ဟီးရိုးက ဘယ်သူတဲ့၊ အဲ... ဝင်းကြည်တဲ့၊ ဟုတ်လား၊ ဒီတော့ ဝင်းကြည်ရဲ့အခန်းမှာ ကိုစိန်ဝင်းနဲ့ ကိုက်အောင် အချက်ကလေးတွေ ပြင်ဆင်ဖြည့်စွက်ပြီး ထည့်ရေးပေတော့ မလေးက တစ်ပေးမယ်၊ ကြားလား"

"နေရာကျပြီ မလေးရေ့ သိပ်ပြီးနိပ်တယ်ဗျ၊ ဇာတ်ညွှန်းရေးလို့ အောင်မြင်ရင် မလေးကို ကော်မရှင်ပေးဖို့ မမေ့ပါဘူးဗျ"

mgyoe.com

"ကော်မရှင်ကို သဘောမထားပါဘူး၊ ခင်မင်တဲ့ မိတ်ဆွေတစ်ယောက်ကို ကူညီရတယ်ဆိုရင် ဝမ်းသာတာပါပဲ"

"ခင်မင်တယ်ဆိုတာက ဘယ်သူ့လဲဗျာ၊ ကိုစိန်ဝင်းလား"

"နှစ်ယောက်စလုံးပဲ ထားပါတော့လေ"

ဟိုတယ်မှ ထွက်လာကြသောအခါ မောင်ညိုသည် တက္ကစီတစ်စီးကို ခေါ်သဖြင့် မသင်းကြည်က "နီးနီးကလေးပဲ၊ လမ်းလျှောက်သွားရောပေါ့ မောင်လေးရယ်" ဟု ပြောသေး၏။ သို့သော် မောင်ညိုက "ကိစ္စမရှိပါဘူး၊ ဒီနေ့ညအတွက်တော့ ကုန်ချင်တိုင်း ကုန်စမ်းပါစေဗျာ" ဟု ပြန်ပြောလေသည်။

ကမ်းနားလမ်းတစ်လျှောက် မောင်းလာကြစဉ် မသင်းကြည်သည် တစ်ဖက်သောထောင့်၌ ထိုင်ကာ တိတ်ဆိတ်စွာနှင့် ကုပ်ကုပ်ကလေးလိုက်ပါလာရာ မောင်ညိုသည် ပုံ့ပုံ့ကလေး ထိုင်လျက်ရှိသော မသင်းကြည်ကို လှမ်းကြည့်လိုက်စဉ် ပွေ့ဖက်ချင်သောစိတ် ပြင်းထန်စွာဖြစ်ပေါ်လာသော်လည်း အောင့်အည်းချုပ်တည်း၍ ထားလိုက်ရ၏။ ထိုခဏ၌ တက္ကစီသည် ကမ်းနားမှ ဘုရားကင်းလမ်းသို့ ဆတ်ခနဲကွေ့ဝင်လိုက်သည်တွင် တစ်ဖက်ထောင့်၌ ထိုင်လိုက်လာသော မသင်းကြည်မှာ ကိုယ့်ကိုယ်ကိုယ် မဟန်နိုင်သည်နှင့် ယိမ်းငဲ့သွားပြီးလျှင် မောင်ညို၏ရင်ခွင်ထဲသို့ ပစ်သွင်းလိုက်သည့်နှယ် တစ်ကိုယ်လုံးပုံလျက်ကျသွားလေ၏။ မောင်ညိုလည်း ဆာလောင်သော ငါးပါးစပ်သို့ သားတစ်ပစ်သွင်းလိုက်သဖြင့် ဗျတ်ခနဲဟပ်လိုက်ခြင်းကဲ့သို့ မသင်းကြည်တစ်ကိုယ်လုံးကို သိမ်းကျုံးကာ ဖက်လိုက်မိလေတော့သည်။ မသင်းကြည်သည် မည်သို့မျှ ငြင်းပယ်ကာကွယ်ခြင်း မပြုဘဲ တောက်ပသောမျက်လုံးများဖြင့် မောင်ညို၏ မျက်နှာကို မော့ကြည့်လျက်ရှိ၏။ မောင်ညိုသည် မိမိ၏မျက်နှာကို ငုံ့လိုက်တော့မည်ပြုရာတွင် တက္ကစီသည် ရုတ်တရက် အရှိန်သတ်လိုက်သဖြင့် မိမိပြောထားသော တိုက်နံပါတ်သို့ ဆိုက်ရောက်လာကြောင်း သတိရသည်နှင့် ပွေ့ထားသော မသင်းကြည်အား အခြားဘက်ထောင့်သို့ ယုယစွာ ပြန်ပို့လိုက်လေ၏။

တက္ကစီမှ ဆင်းကြ၍ တိုက်လှေကားမှ တက်လာကြစဉ် မောင်ညိုသည် မသင်းကြည်၏လက်တစ်ဖက်ကို ကိုင်ကာ တစ်ချက်တစ်ချက်တွင် ဖျစ်ညှစ်မိသော်လည်း မသင်းကြည်က ရုန်းဖယ်ခြင်း မပြုသည့်ပြင် တုံ့ပြန်၍ပင် ဖျစ်ညှစ်လေသေး၏။ လက်ချင်း ဖျစ်ညှစ်ရာမှ ပခုံးချင်းထိလာကြ၍ ကိုယ်လုံးချင်းအပ်တော့မတတ်ရှိသော အခြေအနေတွင် သုံးထပ်သို့ရောက်လာကြ၍ အခန်းဝ၌ ပစ်ချထားသော စာတစ်စောင်ကို မောင်ညိုတွေ့သဖြင့် ငုံ့၍ ကောက်ယူလိုက်၏။

mgyoe.com

mgyoe.com


မည်သူ့ထံမှ စာဖြစ်ကြောင်းကို နှစ်ယောက်လုံး တွေးမိဟန် တူသော်လည်း မသင်းကြည်သည် ဘာမှမပြောဘဲ မောင်ညို၏မျက်နှာကိုသာ မော့ကြည့်လျက်ရှိရာ မောင်ညိုမူကား ရင်ထဲ၌ ဒိတ်ခနဲဖြစ်သွား၍ တစ်ကိုယ်လုံး တုန်လှုပ်သွားပုံရလေသည်။ မသင်းကြည်သည် ရေကြည်ဝိုင်းလျက် တဖိတ်ဖိတ် အရောင်တောက်သော မျက်လုံးများဖြင့် မောင်ညိုအား ကြည့်လျက်ရှိရာ မောင်ညိုမှာ ရုတ်တရက် ဇက်သတ်လိုက်သောမြင်းကဲ့သို့ တန့်ခနဲဖြစ်သွား၍ "ကိုင်း နောက်တော့ ဘာ့ကြသေးတာပေါ့ မလေး" ဟု နှုတ်ဆက်သောသဘောနှင့် ပြောလိုက်သဖြင့် မလေးသည် ချာခနဲလှည့်ကာ မိမိ၏အခန်းတံခါးကို ခေါက်လေတော့သည်။ သို့နှင့်ပင် မောင်ညိုက မိမိ၏အခန်းသော့ကို မဖွင့်သေးဘဲ မသင်းကြည်အား ရပ်လျက်ကြည့်နေစဉ် မသင်းကြည်သည် မိမိ၏အခန်းသို့ ဝင်ခါနီး၌ မောင်ညိုဘက်သို့ ဖျတ်ခနဲလှည့်ကာ လျှာကိုထုတ်ပြလျက် လက်ညှိုးကလေးတစ်ချောင်းကို ကောက်၍ ကောက်၍ ပြသွားလေတော့သည်။

ဝ

(၄)

နောက်တစ်နေ့ညမှစ၍ မောင်ညိုသည် မိမိ၏ 'သုံးလွန်းတင်' ဝတ္ထုကို ရုပ်ရှင်ဇာတ်ညွှန်းဖြစ်အောင် သဲသဲမဲမဲ ရေးလေတော့ရာ မသင်းကြည်လည်း မကြာမကြာ လာ၍အားပေးလေ၏။ ရုပ်ရှင်ဇာတ်ညွှန်း ရေးပုံရေးနည်းကို အင်္ဂလိပ်စာတစ်အုပ်မှ ဖတ်ဖူးသော်လည်း လက်တွေ့မရှိသေးသူဖြစ်၍ မသင်းကြည်က ကူညီပြောပြပေး၏။ ဤမျှသာမကသေး၊ ဇာတ်လိုက်လုပ်မည့် ကိုစိန်ဝင်းအကြောင်းကိုလည်း (ကတိထားဖူးသည့်အတိုင်း) မသင်းကြည်က ပြောပြသေး၏။

"ဒီမလေ မောင်လေး၊ ကိုစိန်ဝင်းက သူ့လက်မောင်းကို သူ သိပ်ပြီး အသားယူတဲ့ လူတစ်ယောက်ပဲ၊ စပို့ရှပ်ဝတ်တဲ့အခန်းမျိုး ခဏခဏထည့်ပေးနော်"

"ဘယ်လိုလက်မောင်းမျိုးမို့လဲ မလေး"

"ဆင်နှာမောင်းလိုပဲတဲ့တော်၊ သူ့ဟာသူ သိပ်ပြီးကြည်နူးတာပဲ"

"ဟုတ်ကဲ့လား"

"ပြီးတော့ သူက ဂေါက်သီးလည်း ရိုက်တတ်တယ်၊ ဂေါက်သီးရိုက်တဲ့အခါမှာ သူ့ရဲ့ကိုယ်ဟန်အနေအထားနဲ့၊ လက်လွှဲပုံကို လူတိုင်းက အတုခိုးရတယ်တဲ့၊ ဒီတော့ ဂေါက်သီးရိုက်တဲ့အခန်းလည်း ပါပစေနော်"

mgyoe.com

mgyoe.com

"ဟုတ်ကဲ့ မလေး"

"ဘိလိယက်ထိုးတဲ့အခါမှာ သူ့ရဲ့ကိုယ်နဲ့ပုံကို ချန်ပီယံတွေကတောင် ချီးကျူးရတယ်တဲ့၊ ဘိလိယက်ထိုးခန်းလည်း ထည့်ပေးနော်"

"ဟုတ်ကဲ့ မလေး"

"ပြီးတော့ တစ်ခုရှိသေးတယ်၊ အင်္ဂလိပ်စကားပြောတဲ့ နေရာမှာလည်း သူက ဘိလပ်ရောက်ဖူးလေတော့ ဒိုပြင် မြန်မာတွေထက် ပီအောင် ပြောနိုင်တယ်တဲ့၊ ဒီတော့ အင်္ဂလိပ်စကားတစ်ခွန်းတလေ ညှပ်ပြောတဲ့အခန်းကလေးတွေလည်း ထည့်ပေးနော်"

"ဟုတ်ကဲ့ မလေး"

ဤသို့ဖြင့် မသင်းကြည်က 'တစ်' ပေးလိုက်သည့်အတိုင်း မောင်ညိုသည် ဇာတ်ညွှန်းရေးသားလေရာ နောက်ဆုံး၌ 'သုံးလွန်းတင်' ဝတ္ထုထဲမှ ဇာတ်လိုက်မဟုတ်တော့ဘဲ ကိုစိန်ဝင်းသာလျှင် ကွင်းကွင်းကွက်ကွက် ပေါ်ထွက်လျက်ရှိလေတော့သည်။ မောင်ညိုသည် ရေးပြီးသမျှသော အပိုင်းများကို မသင်းကြည်အား ဖတ်ပြလေရာ မသင်းကြည်လည်း အလွန်သဘောကျသည်နှင့် "ဟုတ်ပြီ ဟုတ်ပြီ သူပဲ သူပဲ" ဟူ၍ လက်ခုပ်လက်ဝါးတီးကာ ရယ်မောလေ၏။

တနင်္ဂနွေနေ့တစ်နေ့၌ မောင်ညိုသည် ဇာတ်ညွှန်းကို အပြီးသတ်ချောပြီးသဖြင့် စာအိတ်ကြီး၌ ထည့်ကာ အောင်ချမ်းသာဖလင်ကုမ္ပဏီပိုင်ရှင် ကိုစိန်ဝင်း၏နေအိမ်သို့ သွား၏။ မသင်းကြည်က နေအိမ်ကို ညွှန်းထားပြီးဖြစ်သည့်ပြင် ကိုစိန်ဝင်းအားလည်း ဇာတ်ညွှန်းအကြောင်း ပြောထားနှင့်ပြီးလေပြီ။ ကိုစိန်ဝင်းသည် မောင်ညိုလာမည့်အကြောင်းကို သိနှင့်ပြီး၍ စောင့်မျှော်လျက်ရှိရာ မောင်ညိုရောက်သွားသောအခါ စာအိတ်ကြီးကို အသာချထားပြီး လူချင်းအကျွမ်းဝင်အောင် စကားပြောနေကြသေး၏။ ကိုစိန်ဝင်းသည် မောင်ညိုကို ပုဂ္ဂိုလ်အနေအားဖြင့် အတော်သဘောကျလျက်ရှိရာ မောင်ညိုကမူ ကိုစိန်ဝင်းအား ဟန်ပန်လေသံများသော လူကြွားတစ်ယောက်ဟူ၍ အကဲခတ်မိ၏။ နာရီဝက်ခန့် စကားပြောကြပြီးနောက် ကိုစိန်ဝင်းက...

"ဒီဟာ သုံးလွန်းတင်ဇာတ်ညွှန်း မှတ်တယ် ဟုတ်စ"

"မှန်ပါတယ် ကျွန်တော် ဖတ်ပြမယ်လေ"

"ရှိပါစေ၊ ကျွန်တော့်ဟာ ကျွန်တော် ဖတ်ကြည့်ပါရစေ၊ အဲဒီမှာ စီးကရက်ဘူး၊ သောက်ပါဦး ဖြည်းဖြည်းပေါ့"

မောင်ညိုသည် စီးကရက်သောက်ရင်း ကိုစိန်ဝင်း၏မျက်နှာကို အကဲခတ်လျက် ကြည့်နေရာ ပထမ၌ ထူးခြားချက် မမြင်ရသော်လည်း ဇာတ်လိုက်

mgyoe.com

mgyoe.com

ပါသောအခန်းသို့ ရောက်သောအခါ၌မူ တရွှင်ရွှင် တပြုံးပြုံး ဖြစ်လာသော ကိုစိန်ဝင်း၏မျက်နှာထားကို မြင်ရတော့သည်။

"ကောင်းတယ်ဗျို့၊ ဟုတ်တယ်ဗျို့၊ ဂေါက်သီးရိုက်ခန်းလည်း ပါသကိုး၊ အလိုအလို အင်္ဂလိပ်စကားလုံးတွေလည်း ပါပါကလား၊ ဒီပြင်ဇာတ်လိုက်ဆိုရင် ဒုက္ခပဲ၊ အောင်မယ်၊ ဘိလိယက်ထိုးခန်းတောင် ပါပါသေးကလား၊ ကျွန်တော်နဲ့တော့ အံကိုက်နေတာပဲဗျို့၊ ကျွန်တော်က ဘရိတ်ကြီးကြီး မလုပ်နိုင်ပေမဲ့ ကျူကိုင်တဲ့နေရာမှာတော့ ရှားတယ်ဗျ၊ ခင်ဗျားချန်ပီယံတွေ အလကား၊ 'ပွိုင့်' ရအောင်လောက်ပဲ ထိုးတတ်တာပဲ၊ တစ်ဆိတ်မှ ကြည့်မကောင်းဘူး၊ ကျွန်တော့်အကြောင်းကို ကလပ်ကလူတိုင်း သိကြပေမဲ့ တစ်တိုင်းပြည်လုံးက မြင်ရအောင် ထိုးပြလိုက်ရမှာ ဟန်ကျသဗျို့။ ကျွန်တော့်အဖို့တော့ ကွမ်းသီးကြိုက်တောင်ငှုပို့ ဆိုတာလို ဖြစ်တော့တာပဲဗျို့"

ထို့နောက် ကိုစိန်ဝင်းသည် ဇာတ်ညွှန်းကို ဆက်လက်ဖတ်ရှုပြန်လေရာ မောင်ညိုမှာ မိမိ၏ဇာတ်ညွှန်းကို လက်မခံမည် မစိုးရတော့ဘဲ၊ ဤအတွက် ရသောငွေနှင့်နေရပ်သို့ အလည်အပတ်သွားဖို့ကိုပင် စိတ်ကူးယဉ်လျက် ရှိလေတော့သည်။

ဝ

(၅)

သုံးလွန်းတင် ဇာတ်ကားကို ရုံတင်ပြသသောအခါ အကြီးအကျယ် အောင်မြင်လှသည်။ ရုပ်ရှင်ရုံသုံးရုံ တင်ပြ၍ ပထမပတ်တွင် သုံးရုံလုံး ကြိတ်ကြိတ်တိုး စည်ကားလှ၏။ တစ်ဇာတ်ကားလုံးတွင် အခြားသောအခန်းများထက် ဇာတ်လိုက် ကိုစိန်ဝင်း၏အခန်းများမှာ အထူးသဖြင့် အောင်မြင်၍ တစ်ဇာတ်လုံးကို ကိုစိန်ဝင်းက 'သယ်' သွားသည်ဟုလည်း ပြောကြ၏။ အမှန်မှာ ကုမ္ပဏီပိုင်ရှင် ကိုစိန်ဝင်းကိုယ်တိုင် ဇာတ်လိုက်ဟောင်း လူကောင်းတစ်ယောက်ဖြစ်၍ အတန်ကြာပါဝင်ခြင်းမပြုဘဲ နေခဲ့ရာမှ ဤဇာတ်ကားတွင်မှ တစ်ဖန် ပါဝင်ပြန်ခြင်းဖြစ်၍ ရန်ကုန်ရုပ်ရှင်ကြည့်ပရိသတ်က နာမည်ကြီး ကိုစိန်ဝင်း ပါဝင်ခြင်းကို ကြည့်လိုကြခြင်းသည်လည်း စည်ကားဖို့ အကြောင်းကြီးတစ်ရပ် ဖြစ်လေသည်။ ကိုစိန်ဝင်းပါလျှင် ဘာမဆို ကြည့်မည်ဆိုသူများလည်း ရန်ကုန်၌ အတိုင်းမသိ ပေါများလေရာ ဇာတ်ကွက်ကိုယ်၌ကား ကိုစိန်ဝင်း၏ ဂိုက်ဆိုက်ကောင်းခြင်းကို အချက်ကျအောင် ဖော်ပြနိုင်စေရန် ရည်ရွယ်ရေးထားခြင်းဖြစ်ပေရကား ကိုစိန်ဝင်းအား 'အသည်းကျော်'ဆိုသူများ စည်ကားခြင်းမှာ အံ့သြ

mgyoe.com

ဖွယ်ရာ မဟုတ်ပါပေ။ ကျွမ်းကျင်နားလည်သူအချို့က ဇာတ်ညွှန်းရေးဆရာ၏ 'ဝါန' ခြင်းအတွက် ချွတ်ယွင်းချက်များကို ထောက်ပြကြသော်လည်း အလုံးစုံ ပေါင်းကြည့်လိုက်ပါက စာရေးဆရာ ဝင်းထွန်းတောက်အဖို့ မမျှော်လင့်နိုင်လောက် သော အောင်မြင်ခြင်းကြီးတစ်ရပ် ဖြစ်ပါပေသည်ဟု ဝန်ခံရေးသားကြလေသည်။

ပထမညဦး၌ အောင်ချမ်းသာဖလင်ကုမ္ပဏီပိုင်ရှင် ဇာတ်လိုက်ကိုစိန်ဝင်း သည် သတင်းထောက်များနှင့်တကွ အခြားကုမ္ပဏီများမှ ဒါရိုက်တာလူကြီးများ၊ ဇာတ်လိုက်မင်းသား မင်းသမီးများ၊ မြို့မျက်နှာဖုံးလူကြီးများ၊ မိတ်ဆွေအရာရှိ ကြီးများအား စထရင်းဟိုတယ်သို့ ဖိတ်ကြား၍ 'ဒင်နာပါတီ' ကျွေးလေရာ မောင်ညိုမှာလည်း ကိုစိန်ဝင်းအနီး၌ ထိုင်ရ၍ ဧည့်သည်များက တစ်ယောက်ပြီး တစ်ယောက် 'ကွန်ဂရက်ကျူလေးရှင်း' လုပ်ကြသည်မှာ လက်မောင်းပြုတ်မတတ် ရှိလေတော့သည်။ အခြား ရုပ်ရှင်ကုမ္ပဏီဒါရိုက်တာများက မောင်ညို (တောက် ထွန်းဝင်း သို့မဟုတ် ဝင်းထွန်းတောက်) အား အသိမိတ်ဆွေဖွဲ့ကြခြင်း၊ အလည် အပတ် ဖိတ်ခေါ်ခြင်း၊ မိမိတို့အတွက် ဇာတ်ညွှန်းတစ်ပုဒ် ရေးပေးဖို့ စရန်ပေး လိုကြခြင်းများဖြင့်လည်း မိုးမွှန်လျက် ရှိလေတော့သည်။ စာရေးဆရာ အသင်း ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကလည်း တောက်ထွန်းဝင်းအား အနုပညာသည် တစ်ယောက်အနေဖြင့် ဝမ်းမြောက်ဝမ်းသာ ခရီးဦးကြိုဆိုပါကြောင်း အစရှိသည့် မိန့်ခွန်းများဖြင့် လက်ခုပ်သံ တညံညံအတွင်း ပြောဆိုလျက် ရှိကြလေတော့ သည်။

ထိုညဥ့်အဖို့၌ ဟီးရိုးဖြစ်နေသော ကျွန်ုပ်တို့၏မိတ်ဆွေ မောင်ညိုမှာ ထိုအခြင်းအရာများအတွက်ကြောင့် ခြေထောက်နှင့်ကြမ်း ထိရမှန်း မသိသလောက် ဖြစ်ရသော်လည်း သူ၏စိတ်ထဲ၌ မသင်းကြည်၏ကျေးဇူးကိုသာ အောက်မေ့ လျက်ရှိ၏။ မသင်းကြည်၏ အကြံဉာဏ်ပေးခြင်း မရှိခဲ့ပါလျှင် 'သုံးလွန်းတင်' ကို ရုပ်ရှင်ဇာတ်ညွှန်းအဖြစ် ရေးမိလိမ့်မည် မဟုတ်၊ ရေးပြန်လျှင်လည်း မသင်း ကြည်၏တစ်ပေးခြင်း မရှိဘဲ ကိုစိန်ဝင်း ကျေနပ်လောက်အောင် ရေးတတ်မည် မဟုတ်၊ ကိုစိန်ဝင်း မကျေနပ်ခဲ့လျှင်လည်း ဤဇာတ်ညွှန်းကို ရုပ်ရှင်ရိုက်ကူး ဖြစ်မည် မဟုတ်သောကြောင့် မသင်းကြည်၏ကျေးဇူး အထူးကြီးပါပေသည်ဟု အထပ်ထပ်အောက်မေ့လျက်ရှိ၏။ ထိုအချိန်၌ မသင်းကြည်သည် ဘယ်မှာ ရှိနေပါလေသနည်း။ လွန်ခဲ့သော (၂) ရက်ခန့်လောက်က ကျိုက်လတ်မြို့မှ မိခင် မကျန်းမာကြောင်း ကြေးနန်းရရှိ၍ သဘော်နှင့် လိုက်သွားရာ မိခင်၏ ရောဂါသက်သာပါက ထိုညတွင် ပြန်လာခဲ့ပါမည်ဟု မောင်ညိုအား ပြော သွားလေသည်။ သို့ဖြစ်၍ မောင်ညိုမှာ ဧည့်ပရိသတ်များ၏ ချီးမွမ်းထောမနာ

mgyoe.com

ပြုခြင်း ခံနေရသည့်အထဲမှာ လက်ပတ်နာရီတကြည့်ကြည့်နှင့် မသင်းကြည်နှင့် တွေ့ရန် အိမ်ပြန်ဖို့လောက်သာ စိတ်ကူးလျက် ရှိလေတော့သည်။ နောက်ဆုံး၌ လူစုကွဲခါနီးတွင် ကိုစိန်ဝင်းသည် မောင်ညိုအ၏လက်သို့ စာအိတ်တစ်အိတ်ထည့် ပေးလိုက်ရာ မောင်ညိုသည် စာအိတ်ကို အင်္ကျီအိတ်ထဲသို့ ထည့်ကာ ပြန်လာ ခဲ့လေ၏။

တိုက်ရှေ့သို့ တက္ကစီကားဆိုက်သည်နှင့် တစ်ပြိုင်နက် မောင်ညိုသည် သုံးထပ်သို့ မော့ကြည့်လိုက်ရာ မီးလင်းလျက်ရှိသော အခန်း၏ပြတင်းပေါက် တစ်ခုမှ "မောင်လေးလား" ဟူသော မေးသံနှင့်အတူ မသင်းကြည်၏မျက်နှာ ပေါ်ထွက်လာလေ၏။ မောင်ညိုသည် တက္ကစီသမားကို ပိုက်ဆံပေးပြီးနောက် လှေကားကို သုံးထစ်ကျော်လှမ်းတက်ခဲ့၍ လှေကားထိပ်တွင် စောင့်မျှော်လျက် ရှိသော မသင်းကြည်နှင့် ဆုံမိကြသည်တွင် မိမိ၏အခန်းတံခါးသော့ကို ဖွင့်၍ အတူတကွ ဝင်သွားကြလေ၏။ ခါတိုင်း ထိုင်နေကျအတိုင်း ထိုင်ကြပြီးနောက်...

"မလေးက လမ်းကတည်းက ကြားခဲ့ပါပြီ၊ သိပ်အောင်မြင်တယ်ဆို မောင်လေး"

"မမျှော်လင့်ဝံ့လောက်အောင် အောင်မြင်တာပဲ မလေးရေ့၊ မလေးကျေးဇူး သိပ်ကြီးပေတယ်ဗျာ"

"ဒါတွေ အသာထားပါဦး၊ ကိုစိန်ဝင်းအခန်းတွေ ဘယ့်နှယ်နေသလဲ"

"တစ်ဇာတ်ကွက်လုံး သူချည်း သယ်သွားတယ်လို့ ပြောရလောက်အောင် ပါပဲ မလေးရယ်"

"ဒါကတော့ ရေးတဲ့လူက ရေးပေးထားမှ ဟာကိုး"

"တစ်ပေးထားနှင့်တဲ့ လူက ပေးထားလို့လည်း ရေးလို့ ဖြစ်တာကိုး မလေးရဲ့"

"ထတ်တေရီ တစ်ပေးပေမယ့် လူတိုင်း သရုပ်ပေါ်အောင် ရေးတတ်တာ မှတ်လို့။ ဒါထက် စထရင်းဟိုတယ်မှာ ဧည့်သည်တွေ သိပ်များတာပဲလား"

"ဟာ၊ ခန်းမကြီးကို ပြည့်သွားတာပဲ မလေးရေ၊ မလေးကိုတောင် ဒီက ဖိတ်ချင်တာဗျ၊ မလေးမရှိတာ ခွကျတယ်ဗျာ" (မသင်းကြည် မျက်နှာပျက် သွားသည်)

ထို့နောက် မောင်ညိုသည် စထရင်းဟိုတယ် ဧည့်ခံဂုဏ်ပြုပွဲအခမ်းအနား အကြောင်းကို ပြောပြလေ၏။

"တချို့ ရုပ်ရှင်ကုမ္ပဏီတွေကလည်း သူတို့အတွက် ဇာတ်ညွှန်းရေးပေး ဖို့ စရန်ငွေယူပါဦးတဲ့ မလေးရဲ့"

mgyoe.com

"ရုပ်ရှင်လောကက လူတွေက ဒီလိုပဲ၊ အောင်မြင်သူဆိုရင် ဖျာလို လိပ်ပြီး ထိပ်ပေါ်တင်ချင်တယ်"

"တစ်ချက် မဟန်ဘူးဆိုရင်၊ ဖျာလိုခင်းပြီး နင်းကြရောလား"

"အစစ်ပေါ့၊ ဒါထက် ကိုစိန်ဝင်းက ဘယ်လောက်ပေးမယ်လို့ ပြောသလဲ"

"သြော် မေ့နေတယ်၊ မလေး၊ စာအိတ်တစ်လုံး ပေးလိုက်တယ်"

မောင်ညိုသည် စာအိတ်ကို ထုတ်၍ ဖွင့်ကြည့်လိုက်ရာ (၅၀၀၀ိ) တန် ချက်လက်မှတ်တစ်ခုကို တွေ့ရလေ၏။

"ဟာ ဒါလောက်တောင်တော့ မမျှော်လင့်ပါဘူး မလေးရာ၊ ခုမှ ရေးခါစ လူတစ်ယောက် ရှိသေးတာပဲ၊ သိပ်ရက်ရောတဲ့ လူတစ်ယောက်ပေပဲဗျ"

"ရက်ရောတာက ဇာတ်ထုပ်ကောင်းလို့ချည်း မဟုတ်ဘူး မောင်လေးရဲ့၊ သူ့ရဲ့ဂိုက်ဆိုက်နဲ့ ဟန်ပန်လေသံကို အချက်ကျကျ အကွက်ဖော်ပေးတတ်လို့ မောင်လေးရဲ့"

"ဘာပြောပြော ရက်ရောပေသဗျာ"

"ကိုင်း ဒီတစ်ခါဖြင့် မောင်လေးတော့ အကြံအစည် အောင်မြင်တော့မှာပဲနော်"

"ဘာအကြံအစည်လဲ မလေးရယ်"

"ကိုယ့်မင်း ကိုယ့်ချင်း ကိုယ့်မြင်း ကိုယ့်နွား ကိုယ့်မယားနဲ့ သားသားနားနား နေနိုင်တော့မယ် မဟုတ်လား။ ကိုညို သွားရင်တော့ ဒီက လွမ်းကျန်ရစ်ရဦးတော့မှာပဲ"

မောင်ညိုသည် ကုလားထိုင်မှ ရုတ်တရက် ခုန်ထလျက် ...

"မလေး ဒီလိုမပြောနဲ့ဗျာ" ဟုဆိုကာ မသင်းကြည်၏လက်ကို ဖျစ်ညှစ်လိုက်ရာ မသင်းကြည်လည်း မောင်ညို၏ မျက်နှာကို မော့ကြည့်နေ၏။

"မလေး ဒီမှာလေ မောင်ညို ဘယ်တော့မှ မလေးနဲ့ ခွဲမသွားဘူးဗျ၊ မလေးနဲ့အတူ တစ်သက်လုံးနေမှာ သိလား သိလား"

မသင်းကြည်သည် ဖျစ်ညှစ်ထားသောလက်ကို ဖယ်ရုန်းသော်လည်း မောင်ညိုက မလွှတ်ဘဲ ချုပ်ကိုင်ထား၏။ မသင်းကြည်က ဆက်လက်၍ ရုန်းဖယ်ပြန်ရာတွင် မောင်ညိုက တစ်ကိုယ်လုံး ဖက်ထားပြီးမှ ...

"မလေး မလေး မောင်ညိုနဲ့ အတူနေတော့မယ် မဟုတ်ဘူးလား" ဟု မေးလိုက်ရာတွင် မသင်းကြည်မှာ မျက်နှာ၌ သွေးဆုတ်သွားသည့်အလား ဖြူဖပ် ဖြူရော်ဖြစ်သွားလေ၏။

mgyoe.com

mgyoe.com

"မေးတာကို ဖြေစမ်းပါ မလေးရဲ့၊ မောင်ညိုနဲ့ လက်ထပ်ဖို့ သဘော မတူဘူးလား"

"မတူဘူး"

မောင်ညိုမှာ ပါးစပ်ဟလျက် နောက်သို့ ခြေတစ်လှမ်းဆုတ်သွား၏။

"ဘာကြောင့်လဲဗျာ"

မသင်းကြည်သည် ရှိုက်တော့မည်လုပ်ပြီးမှ စိတ်ကိုတင်းလျက် ...

"မလေးပြောမယ် နားထောင်၊ မောင်လေးကို မလှည့်စားချင်ပါဘူး။ မှန်တာကို ပြောပါတော့မယ်။ မောင်လေးကို ချစ်လိုက်တာ၊ ကြင်နာလိုက်တာ တော့ ပြောစရာမရှိဘူး။ ဟောဒီက ရင်ထဲကို ခွဲပြလိုက်ချင်တယ်။ မောင်လေး က မလေးကို ကြင်နာမှန်းလည်း မလေး သိပါတယ်။ နို့ပေမဲ့ မောင်လေးဟာ မလေးနဲ့ မတန်တဲ့အတွက် မောင်လေးရဲ့ တစ်သက်တာလုံးအရေးကို မလေး မဖျက်ဆီးချင်ပါဘူး။ ကိုယ့်အကြောင်းကို မောင်လေး ရိပ်မိမလားလို့ အောက်မေ့ တယ်။ လက်စသတ်တော့ မရိပ်မိရှာပဲဟာကိုး။ ဒီလိုနေရာမျိုးမှာ အခိုင်းအစေ တွေနဲ့ သိုက်သိုက်မြိုက်မြိုက်နေနိုင်တာတွေ၊ ကိုစိန်ဝင်းအကြောင်းကို အသေး စိတ်သိပုံတွေ ကြားရလျက်နဲ့တောင် မောင်လေး မရိပ်မိရှာပဲကိုး"

"ဘယ်လိုလဲ မလေး"

"ကိပင်းစိုက်ဆိုတာ သိလား"

"ဘယ်သူနဲ့ ကိုစိန်ဝင်းလား"

မသင်းကြည် ခေါင်းညိတ်ပြ၏။

"နေပါဦး၊ မလေးက သူ့ကို တကယ်ချစ်လို့ဟာလား"

"ဟင့်အင်း"

"ဘယ်တုန်းကမှ မချစ်ဘူးလား"

"ဟိုတုန်းကတော့ ဘာလိုလို၊ မောင်လေးနဲ့ တွေ့ရပြီးနောက်တော့ မချစ်တော့ဘူး"

"ဒါဖြင့် မောင်ညိုနဲ့နေဗျာ။ မောင်ညိုက လက်ထပ်ယူမယ်"

မသင်းကြည်သည် အံ့သြဝမ်းသာသော မျက်နှာထားနှင့် မောင်ညိုကို တစ်ချက်လှမ်းကြည့်ပြီးနောက် မျက်နှာထား ပြင်သွား၍ ဦးခေါင်းယမ်းခါလေ၏။

"မဖြစ်ပါဘူး ကိုညို"

"ဘာ့ကြောင့် မဖြစ်တာလဲ"

"မလေးအဖို့တော့ တော်တာပေါ့။ ကိုညိုအဖို့ မတော်ပါဘူး"

mgyoe.com

mgyoe.com

"မတော်ဘူး တော်တာ နားမလည်ဘူးဗျာ။ ပျော်တာသာ လိုရင်း၊ စိတ်ချမ်းသာတာ လိုရင်းပဲ"

"မလေးကို သွေးမဆောင်ပါနဲ့။ အင်မတန် စိတ်ကိုတင်းပြီး ငြင်းရတာပါ"

"ဘယ်သူ့အတွက် ငြင်းရတာလဲ"

"ဘယ်သူ့အတွက်မှ မဟုတ်ဘူး။ မောင်လေးအတွက်ကြောင့်ပါ"

မောင်ညိုသည် မသင်းကြည်ကို စေ့စေ့ကြည့်လျက် သက်ပြင်းချလိုက်၏။

"မဖြစ်ပါဘူး ကိုညို၊ တကယ်ပြောတာပါ။ မဖြစ်ပါဘူး။ နားထောင် မလေးပြောပြမယ်။ မောင်လေးကို ပထမအကြိမ် တွေ့တွေ့ချင်း ချစ်တယ်၊ ကြိုက်တယ်လို့တော့ မဟုတ်သေးဘူး။ သို့သော် သဘောကျပါတယ်။ ခင်မင်ပါတယ်။ ဒီတုန်းက မောင်လေးက မလေးထက် ဓာတ်ပုံရှင် ဘယ်သူတဲ့ အဲ ... မနန်းသူကို ချစ်တယ်ဆိုတာ စိတ်ထဲက မခံမရပ်နိုင်အောင်ဖြစ်ပြီး ကိုယ့်ကို ချစ်အောင်လုပ်မိပါတယ်။ အဲဒါ မလေးရဲ့အပြစ်ပါပဲ။ ဝန်ခံပါတယ်။ ကိုယ့်အထင်ကတော့ သိပ်အရေးမကြီးဘူးလို့ ထင်ခဲ့မိတာကိုး။ တစ်ကြောင်းကလည်း မောင်လေးဟာ ရည်မှန်းချက်အတိုင်း ကြီးပွားနိုင်လိမ့်မယ်လို့လည်း မထင်မိဘူး။ ဒီတော့ ဟိုဘက်ခန်း၊ ဒီဘက်ခန်း နေကြရပြီး ခင်ခင်မင်မင်၊ ရင်းရင်းနှီးနှီးနဲ့ မိတ်ဆွေအဖြစ်လောက်နဲ့ပဲ ပြီးကြလိမ့်မယ်လို့ ထင်မိတယ်။ အခုတော့ မောင်လေးဟာ ဓာတ်ညွှန်းရေးဆရာတစ်ယောက်အဖြစ်နဲ့ ဘယ်မှာပဲနေနေ ဖြစ်နိုင်လာပြီ။ ကိုယ့်မင်း ကိုယ့်ချင်း ကိုယ့်မြင်း ကိုယ့်နွား ကိုယ့်သား ကိုယ့်မယားနဲ့ ကိုယ့်ရပ်ကိုယ့်ရွာမှာ နေမယ်ဆို နေနိုင်လာပြီး ကိုယ့်ကိုယ်၌က 'နာနီကာစင်' ဆိုတာမျိုးလို ခြောက်ပြစ်ကင်း သဲလဲစင် အပျိုစင်လေးတစ်ယောက် ဖြစ်ရင်တော့ ကိုညို ပြောသလို မျက်စိမှိတ်ပြီး မှားကောင်း မှားမိမလား မဆိုနိုင်ဘူး။ အခုတော့ ကိုစိန်ဝင်းကိုလည်း သစ္စာဖောက်ရာရောက်မယ်၊ ဒါတင် မကသေးဘူး ဟိုက မနန်းသူအပေါ်မှာလည်း ယုတ်မာရာကျမယ်။ ဒါတွေ အားလုံးထက် ကိုညိုကိုလည်း မလေးက ဖျက်ဆီးရာရောက်မယ်။ အဲဒီအကြောင်းတွေကြောင့် မလေး ငြင်းရခြင်းဖြစ်ပါတယ် ကိုညို"

"ဘာပြောပြော မောင်ညိုကတော့ မလေးကို အချစ်ဆုံးဖြစ်နေတာ အမှန်ပါပဲ မလေးရယ်"

"အခိုက်အတန့်တော့ ဟုတ်ချင်ဟုတ်မှာပေါ့။ ရေရှည်ကျတော့ မလေးရဲ့ အပြစ်အနာအဆာတွေ မြင်ပြီး စိတ်ပျက်မှာ ဧကန္တပါ။ ဒီတော့"

"ဘယ်တော့မှ စိတ်မပျက်ပါဘူး မလေးရာ"

"ကိုညို ... ကိုညို ဒီအကြောင်းအရာမျိုးတွေကို မလေးလောက် နားမလည်

mgyoe.com

mgyoe.com

ဘူးနော်။ မလေးပြောတာကို ယုံပါ။ ကိုညိုက မလေးတို့လို ပေါ့ပေါ့ဆဆ နေတတ်တဲ့လူတစ်ယောက် မဟုတ်ဘူး။ လူရိုးလူတည်တစ်ယောက်ဖြစ်တယ်။ ဒီတော့ကာ မလေးနဲ့ နေရခြင်းထက် ကိုယ့်ဒေသမှာ မနန်းသူကို ယူ၊ ဓာတ်ညွှန်းတွေ ရေး၊ မလေးကလည်း ဒီက တတ်နိုင်သမျှ ကူညီပေးမယ်။ ကြားလား"

မောင်ညိုလည်း ဆိတ်ဆိတ်နေလေ၏။

"ပြောသာ ပြောရတယ်၊ ခွဲရမှာတော့ လွမ်းလိုက်ပါရဲ့ ကိုညို။ ကိုင်း … ကိုင်း ဘိုဆန်ဆန်ပဲ နှုတ်ဆက်လိုက်ကြစို့"

မသင်းကြည်သည် စားပွဲပေါ်မှ လျှောဆင်း၍ လက်တစ်ဖက်ကို လှမ်းပေးရာ မောင်ညိုသည် မသင်းကြည်၏လက်ကို ဖျစ်ညှစ်ရာမှ တစ်ကိုယ်လုံး ပွေ့ဖက်မည်အကြံနှင့် ရှေ့သို့ ဆွဲယူလိုက်သော်လည်း မသင်းကြည်က ရုတ်တရက် ဣန္ဒြေကြီးသော မျက်နှာထားနှင့် "မလုပ်နဲ့မောင်လေး" ဟု ပြောလိုက်သဖြင့် လက်ကို လွှတ်ချလိုက်၏။

ထို့နောက် မသင်းကြည်သည် အခန်းထဲမှ ခပ်သုတ်သုတ် ထွက်သွားလေ၏။

မောင်ညိုသည် စားပွဲအနီး၌ထိုင်လျက် ဆေးတံကို တစ်ဆုံပြီးတစ်ဆုံ ရှူဖွာရင်း စဉ်းစားစိတ်ကူးလျက် ရှိရာမှ ရုတ်တရက် ထပြီးလျှင် မနန်းသူ၏ ဓာတ်ပုံကို နံရံမှ ဖြုတ်ယူ၍ စူးစိုက်စွာကြည့်လေ၏။ ထို့နောက် ဓာတ်ပုံကို အိပ်ရာပေါ်သို့ ယူသွား၍ လက်ဝဲဘက်သို့တစ်လှည့်၊ လက်ယာဘက်သို့တစ်လှည့် စောင်းကာ ကြည့်ရာမှ နောက်ဆုံးတွင် ပက်လက်လှန်လျက် ရင်ဘတ်ပေါ်၌ တင်ကာ အိပ်ပျော်သွားလေတော့သတည်း။ ။

[သွေးသောက်မဂ္ဂဇင်း]

mgyoe.com

mgyoe.com

# လူဝါးဝတဲ့မြင်း

ကျွန်ုပ်သည် မြင်းပွဲသို့ အပတ်စဉ်သွားသူတစ်ယောက် မဟုတ်သော်လည်း ဝင်း– သိန်း–တူး ဆင်းလာသော နှစ်ကမူကား မန္တလေးသားဖြစ်သည့်အလျောက် မန္တလေးမှ မြင်းကို အားပေးလိုသောသဘောနှင့် ရန်ကုန်မြို့ မြင်းပွဲကြီးသို့ သွားရောက်ခဲ့ပေ၏။ ဆူးလေဘုရားအနီးမှ ဘတ်စ်ကားတစ်စီးပေါ်သို့ တက်ရာတွင် ဘတ်စ်ကားဦးပိုင်းနား၌ ထောင့်တွင်မှီကာ ထိုင်လိုက်လာသော လူတစ်ယောက်၏ ထူးဆန်းသော ဝတ်စားပုံကို မြင်မိသဖြင့် ကျွန်ုပ်သည် ထိုလူကို မကြာခဏလှမ်းကြည့်မိလေ၏။ ထိုလူမှာ မျက်နှာအနေအထားအားဖြင့် မြန်မာလူမျိုးတစ်ယောက် ဖြစ်ငြားသော်လည်း ပေါင်ရင်း၌ ပွ၍ ခြေသလုံးဘက်၌ ခပ်ကျပ်ကျပ်ရှိသော အနောက်တိုင်းသားများ ဝတ်လေ့ရှိသည့် မြင်းစီးဘောင်းဘီနှင့် ဘလေဇာကုတ်အပြင် ဗပ္ပလိုးဘီလ်ခေါ် ဦးထုပ်အပျော့စားကို ဆောင်းလျက် လက်၌မူကား ဟန်တိန်တုတ်ကလေးတစ်ချောင်း ကိုင်ထားလေ၏။ ထိုလူမှာ အသက်အရွယ်အားဖြင့် (၃၀) ခန့်မျှ ရှိပြီးဖြစ်ရာ နှာတံ၏ ပေါ်လွင်ခြင်း၊ မျက်လုံးမျက်ဖန်ကောင်းခြင်း၊ မေးချွန်ခြင်းစသော အင်္ဂါရပ်တို့ကြောင့် ရုတ်တရက်အားဖြင့်ကြည့်သော် အနောက်တိုင်းသား ကပြားတစ်ယောက် ဟူ၍ မှတ်ထင်ဖွယ်ရာ ရှိ၏။ သို့ရာတွင် ကျွန်ုပ်သည် ကုလားနှာခေါင်း၊ အင်္ဂလိပ်နှာခေါင်းနှင့် မြန်မာနှာခေါင်းတို့ကို ကြိမ်ဖန်များစွာ နှိုင်းချိန်ကြည့်ဖူးသည် ဖြစ်၍ ထိုလူ၏နှာခေါင်းမှာ မြန်မာတို့၏ နှာတံကောင်းခြင်းမျိုး ဖြစ်သည်ဟု သိရှိရပေ၏။ ထိုလူ၏ မျက်ခုံးမျက်လုံးနှင့် သွားများလည်း ထူးထူးခြားခြားလှပသည် ဖြစ်၍ မျက်နှာတစ်ခုလုံး ပေါင်းစပ်ကြည့်ရှုလိုက်သော် မြန်မာများအနက်တွင် ခန့်ခန့်နှင့်ချောသော လူတစ်ယောက်ဟူ၍ ခေါ်ဆိုထိုက်ပေသည်။

mgyoe.com

mgyoe.com

ကျွန်ုပ်မှာ ထိုလူကို မြင်ကတည်းက ၎င်း၏ ဝတ်ပုံစားပုံနှင့် ယောကျ်ား ပီပီ ချောပုံတို့ကို ဂရုစိုက်မိသဖြင့် တစ်ကြည့်တည်း ကြည့်၍ နေမိရာမှ မိတ်ဖွဲ့ လိုသောစိတ်သည် အပြင်းအထန် ဖြစ်ပေါ်လာလေ၏။ သို့ရာတွင် ကျွန်ုပ် ထိုင်သောနေရာနှင့် မျက်စောင်းထိုးနေရာတွင် ထိုင်နေသဖြင့် နိုင်မည်ထင်သော မြင်းများအကြောင်းကို ဆူညံစွာ ဆွေးနွေးလျက်ရှိကြသော ခရီးသည်များအလယ် တွင် မိတ်ဖွဲ့ရန် အခွင့်မသာဘဲ မြင်းပွဲသို့ ဆိုက်ရောက်လာခဲ့လေ၏။

ကျွန်ုပ်မှာ သတင်းစာတိုက်မှ Pass (ပါတ်စ်) လက်မှတ်ပါလာခဲ့သည် နှင့် ပထမတန်းသို့ ဝင်သွားရာ ထိုလူမှာလည်း ပထမတန်းသို့ပင် ဝင်လာခဲ့လေ၏။

ဝင်း–သိန်း–တူး ပြေးသောပွဲ ပြီးစီးသဖြင့် ဝင်း–သိန်း–တူးပင် အနိုင် ရ၍ ကျွန်ုပ်မှာ မြင်းပွဲနှင့်ပတ်သက်၍ အာရုံပြတ်သလောက်ရှိနေစဉ် ထိုလူကို သတိရသဖြင့် လိုက်လံရှာဖွေရာ ထိုလူသည် ပြိုင်မြင်းများ လှည့်ပတ်၍ ပြ သော ပက်ဒ်လော့ခ်ခေါ် စက်ဝိုင်းနံဘေးတွင် ရပ်လျက် လှည့်ပတ်နေသော မြင်း များကို အာရုံစူးစိုက်စွာ ကြည့်ရှုလျက်ရှိလေသည်။ ထိုခဏ၌ မိုးရွာလာသဖြင့် ကျွန်ုပ်သည် ပါလာသောထီးကို ဖွင့်၍ ဆောင်းပြီးလျှင် မိုးရွာထဲတွင် ရပ်လျက် ကြည့်နေသော ထိုလူအား "မိတ်ဆွေ ထီးအောက်ဝင်လာခဲ့လေ" ဟု မိတ်ဖွဲ့ လိုသောသဘောနှင့် ပြောလိုက်ရာတွင် ထိုလူသည် ကျွန်ုပ်၏ မျက်နှာကို တစ် ချက်လှမ်းကြည့်ပြီးနောက် ထီးအောက်သို့ ဝင်လာလေ၏။ ထိုမှတစ်ဖန် ဂိတ် လွှတ်ရာသို့ မြင်းများ ထွက်သွားကြသဖြင့် ထိုလူသည် ကျွန်တော်နှင့်အတူ ရုံကြီးထဲသို့ ဝင်၍ မြင်းများ ပြေးလာမည်ကို စောင့်ကြည့်နေကြလေ၏။

၎င်းနောက် ကျွန်ုပ်က စီးကရက်တည်ခြင်း၊ လက်ဖက်ရည်တိုက်ခြင်း စသော လောကဝတ်တို့ကြောင့် တစ်ယောက်နှင့်တစ်ယောက် မခွဲတော့ဘဲ မြင်းပွဲများကြည့်ရင်း စကားအတော်အတန် ပြောမိကြလေရာ ထိုလူမှာ အင်္ဂလိပ် စကားကို ဒေါက်တာဘမော်ကဲ့သို့ ဘိုသံပါပါပြောတတ်သည်ကို ကြားရသဖြင့် ကျွန်ုပ်၏စိတ်ထဲ၌ ၎င်းအကြောင်းကို သိချင်သောစိတ်သည် တိုး၍ ဖြစ်ပေါ် လာလေ၏။

တိုတိုရေးရလျှင် ကျွန်ုပ်သည် ထိုလူနှင့် အတော်ပင် စကားလက်ဆုံ ဝင်လာသည်ဖြစ်၍ မြင်းပွဲအပြီးတွင် 'ဘုံဘေရက်စတောရင့်' ၌ ညစာစားရန် ကျွန်ုပ်က ဖိတ်၍ ထိုသူက လက်ခံလေ၏။

ဟိုတယ်သို့ ရောက်ကြ၍ စကားတပြောပြောနှင့် ညစာစားကြရင်း ထိုလူ့ အကြောင်းကို သိလိုသောစိတ်သည် ထိုလူ၏ ထူးခြားသောအရာများကြောင့် ကျွန်ုပ်၏စိတ်ထဲတွင် တိုး၍ ပြင်းထန်စွာ ဖြစ်ပေါ်လာသည်နှင့် ရိုင်းပျရာလည်း

mgyoe.com

မကျအောင် သွယ်ဝိုက်သောနည်းဖြင့် တောင်းပန်ရာတွင် ထိုလူသည် အရက်ကလေး တမြမြနှင့် ၎င်း၏ အတ္ထုပ္ပတ္တိကို အောက်ပါအတိုင်း ပြောပြလေ၏။ ထိုလူသည် အဖြစ်အပျက်ကို အင်္ဂလိပ်လိုပြောပြလေရာ မြန်မာအဓိပ္ပာယ်က ဤသို့ပေတည်း။

၁

"ကျွန်တော့်အဖေက မြေပိုင်ရှင်မို့လို့ စိန်ပေါလ်ကျောင်းက (၁၀) တန်းအောင်ပြီး ဘိလပ်ကို လွှတ်တယ်ဗျ။ ဟိုမှာ လန်ဒန်မက်ထရစ်ဝင်ပြီး ယူနီဘာစီတီရောက် ဘီအေအောင်၊ ဝတ်လုံကျောင်းတက်၊ စုစုပေါင်း လေးငါးဆယ်နှစ်ကျွန်တော်ကြာခဲ့တယ်။ အမှန်ပြောရမှာဖြင့် ကျွန်တော့်အဘိုးကရော၊ ကျွန်တော့်အဖေ၊ အမေကရော လစဉ် ကျွန်တော်တောင်းသလောက် ငွေတင်ပို့လေတော့ ဝတ်လုံအတတ်သင်ကတည်းက စပြီး လူလည်တစ်ယောက် ဖြစ်သွားတော့တာပါပဲဗျာ။ စာသင်တာက နည်းနည်း၊ လူတွေ လျှောက်ပေါင်းနေလိုက်တာက ကျွန်တော် မသိတဲ့လူ ခပ်ရှားရှားဖြစ်သွားတော့တာပဲ။ အမတ်ကြီးသားတွေရော၊ သူဌေးသားတွေရော၊ ဘဏ်တိုက်မန်နေဂျာသားတွေရော၊ ပါလီမန်အမတ်တွေရော အကုန်လျှောက်ပေါင်းပြီး သူတို့ထောက်ခံချက်တွေနဲ့ ကလပ်တွေ ကျွန်တော်လျှောက်ဝင်တာပဲ။ ကျွန်တော်ကလည်း ကျွေးနိုင် မွေးနိုင် ဝတ်နိုင် စားနိုင်တဲ့အပြင် သူတို့အမူအရာတွေကိုလည်း ကောင်းကောင်း နားလည်နေတော့ လူချစ်လူခင်လည်း အင်မတန်ပေါပါတယ်။ အင်္ဂလိပ်လူမျိုးဆိုတာက တစ်ယောက်နဲ့တစ်ယောက် သိပ်ပြီး မိတ်ဆက်ပေးတဲ့ လူမျိုးဗျ။ အထက်တန်းစားထဲက လူတစ်ယောက်ယောက်နဲ့ မိတ်ဖြစ်သွားတယ်ဆိုရင် သူနဲ့ လိုက်လည်ပြီး တစ်ဆင့်ကတစ်ဆင့် တစ်ယောက်က တစ်ယောက် မိတ်ဆက်ပေးလိုက်တာ သုံးလေးနှစ်လောက်ကြာတော့ သိသင့်သိထိုက်တဲ့လူထဲဆိုရင် ကျွန်တော် မသိတဲ့လူ ခပ်ရှားရှားပဲဗျာ။ ဘိလပ်နေတဲ့အထဲမှာ မြန်မာရော၊ ကုလားရော၊ တရုတ်ရော၊ ဂျပန်ရော ရှိကြတဲ့အထဲမှာ ကျွန်တော့်လောက် အသိအကျွမ်းပေါတဲ့လူ တစ်ဦးမှ မရှိဘူးလို့ ကျွန်တော် ပြောဝံ့တယ်"

"နေပါဦးဗျ ခင်ဗျားနာမည်က ဘယ့်နှယ် ခေါ်သလဲ"

"ဘကျော်တဲ့ဗျ ပက်ထရစ်ဘကျော်တဲ့ ...။ ဒါထက် တစ်နေ့သ၌တော့ သူတို့ အင်္ဂလိပ်ထုံးစံအတိုင်း လူကုံထံတစ်ယောက်က သူ့မိတ်ဆွေ (၂၀) ကျော်လောက်ကို တောပိုင်းက သူ့အိမ်ဖိတ်ပြီး တနင်္ဂနွေတစ်ပတ်လောက် အိပ်ရာနေရာတွေနဲ့တကွ အကျွေးအမွေးပါ ဧည့်ခံတဲ့အထဲမှာ ကျွန်တော်လည်း ဧည့်သည်

mgyoe.com


တစ်ယောက်အဖြစ်နဲ့ ပါသွားတာကိုးဗျ။ ဒီအထဲမှာ အင်္ဂလိပ်မတစ်ယောက်ဟာ သိပ်ချောတာပဲဗျာ။ ရုပ်ကလည်း ချော၊ သူ မတတ်တာကလည်း ဘာမှ မရှိဘူး။ ဆိုတတ်တယ်၊ တီးတတ်တယ်၊ကတတ်တယ်၊ တင်းနစ်ရိုက်တတ်တယ်၊ မြင်းစီးတတ်တယ်၊ ဘိလိယက်တောင် ကောင်းကောင်းထိုးတတ်တယ်ဗျ။ တော်တော့ ယောကျ်ားများကတော့ သူက အပွင့် (၁၀၀) မှာ (၃၀) ပေးပြီး ထိုးနိုင်တယ်ဗျ။ ဒါလောက် တော်ပါရဲ့။ ဒီအထဲမှာ အမွေက ရွှေဒင်္ဂါး တစ်သိန်းဖိုးလောက် ရထားလေတော့ ပိုးလိုက် ပန်းလိုက်ကြတဲ့လူတွေဆိုတာ ဘာပြောကောင်းမလဲ ဗျာ။ ကျွန်တော်က သူတို့လို ဘိုမဟုတ်လေတော့ ဒို့ပြင်အင်္ဂလိပ်တွေက ဘာလိုလိုသဘောထားချင်ကြပေမဲ့ မိန်းကလေးက ကျွန်တော့်ကို တော်တော်အရေးပေးတယ်ဗျ။ ဒို့ပြင်လူထက်တောင် ကျွန်တော့်ကို ပိုပြီး အကပ်ခံသေးတယ်။ ငနဲတွေကတော့ မနာလိုကြဘူးပေါ့ဗျာ ... မျက်စောင်းတထိုးထိုးနဲ့ပေါ့"

"ဘိလပ်က အင်္ဂလိပ်တွေက လူညိုတွေကို ဒီမှာလောက် အောက်တန်းချမထားဘူးဆို"

"မှန်ပါတယ် ဒီမှာလောက်တော့ မဆိုးပါဘူး။ သို့သော်လည်း မိန်းမလုတဲ့နေရာကျတော့ လူညိုက လူဝါးဝလိုက်တာလို့ အောက်မေ့ချင်ကြတာပေါ့။ ဒါနဲ့ တစ်နေ့တော့ တင်းနစ်(စ်) ကုတ်နား တစ်ယောက်တည်း ရပ်ကြည့်နေတုန်း အဲဒီမိန်းကလေး (သူ့နာမည်က မေရီဂါလင်တဲ့ဗျ) အဲ ... သူက မြင်းတစ်စီးနဲ့ စိုင်းပြန်လာလေတော့၊ သူတို့ အင်္ဂလိပ်ထုံးစံအတိုင်း ကျွန်တော်က ကပျာကယာ အနားသွားပြီး မြင်းပေါ် လက်လှမ်းပြီး အောက်ချပေးတာကိုးဗျ။ ဒီတော့ သူက 'မစ္စတာဘကျော် မြင်းမစီးတတ်ဘူးလားတဲ့။ မြင်းစီးတတ်လို့ရှိရင် ကျွန်မနဲ့ သိပ်အဖော်ရမှာပဲ' တဲ့။ လန်ဒန်ပြန်ရောက်တော့ ရော့တင်းရိုး မှာ ညနေပိုင်း မြင်းသွားစီးရရင် သိပ်ပျော်စရာကောင်းတယ်' တဲ့ ပြောတာကိုးဗျ။ ကျွန်တော်က လည်း မြင်းဆိုလို့ ကျောပေါ်တောင် တစ်ခါမှ မတက်ဖူးဘူး။ နို့ပေမဲ့ မေရီနဲ့ တွဲပြီး မြင်းစီးချင်တာနဲ့ မြင်းစီးအတတ်သင်ဦးမယ်လို့ စိတ်ထဲမှာ သန္နိဋ္ဌာန် ချလိုက်တယ်။ ဒါနဲ့ လန်ဒန် ပြန်ရောက်ရောက်ချင်း မြင်းစီးအတတ်သင်တဲ့ ကျောင်းသွားပြီး ရက်သတ္တ (၂) ပတ်လုံး သင်လိုက်တာ ဟိုဘက်လှည့်၊ ဒီဘက်လှည့်၊ ဖြည်းဖြည်းသွား၊ မြန်မြန်သွားနဲ့ မကျအောင်တော့ ထိုင်လိုက်တတ်လာ တာကိုးဗျ။ နို့ပေမဲ့ ကျွန်တော်က သည်ဘက်မှာ ပါရမီဝေးလေတော့ မြင်းစီးသင်တဲ့ဆရာကြီးမျက်နှာ ကြည့်ရတာ ပြုံးစိစိ မြင်ရလေတော့ ကိုယ့်ကိုယ်ကိုယ် တယ်ပြီး အားမရလှဘူးဗျ။ သို့သော် လက်မလျှော့ဘဲ ငုပ်မိသဲတိုင် တက်နိုင် ဖျားရောက် ဆိုတာလို ကြိုးစားပြီး သင်တော့တာပေါ့ဗျာ။ တစ်နေ့သဠ္ဌာတော့

mgyoe.com

mgyoe.com

လူကိုထံတွေ မြင်းစီးနေကျဖြစ်တဲ့ ရေတင်းရိုးခေါ်တဲ့ လမ်းသွားပြီး ရပ်ကြည့်နေရာမှာ မေရီဂါလက်က ရှုနေတဲ့ မြင်းမကလေးတစ်ကောင် စီးပြီး အနီးရောက်လာပြီး 'ဘယ့်နှယ်လဲ မစ္စတာဘကျော်၊ ကျွန်မ ပြောထားသလို မြင်းစီး မသင်သေးဘူးလားတဲ့' မေးလေတော့ ကျွန်တော်က 'မကြာခင် စီးနိုင်ပါလိမ့်မယ်' လို့ ပြန်ပြောလိုက်တယ်။ ဒီနေ့ကစပြီး ကျွန်တော်က တက်သုတ်ရိုက် ကြိုးစားသင်ရင်း ဆရာ့ကို မေးကြည့်တော့ ဆရာက သန္တေကောင်းကောင်း မြင်းမျိုးဆိုရင်တော့ နေရာကျအောင် စီးနိုင်လောက်ပါပြီလို့ ပြောလေတော့ အများကြီးအားရှိသွားတယ်ဗျ။ ကျွန်တော့်စိတ်ထဲမှာ ရေတင်းရိုးလမ်းကို သွားပြီး မြင်းစီးချင်လှပြီ။ ကျောင်းမှာရှိတဲ့ မြင်းတွေကတော့လည်း ဆတ်ဆတ်ရှုရှုမို့ ဆရာ့မျက်စိအောက်သာ စီးဝံ့တယ်။ လူပုံထဲသွားပြီး စီးဖို့ရန် တယ်ပြီး စိတ်မချဘူးဗျ။ ဒါနဲ့ ကျွန်တော်က စီးမြင်းတွေငှားတဲ့ မြင်းဇောင်းတစ်ခု သွားပြီး စုံစမ်းတယ်။ မြင်းဇောင်းရှင်ကို ကျွန်တော်က မြင်းတစ်ကောင် သန္တေကောင်းကောင်း လိုချင်တယ်ဆိုလေတော့ သဟက်ကြီးတစ်ကောင် ထုတ်ပြတယ်။ ချောလိုက် လှလိုက်တဲ့ မြင်းကြီးဗျာ။ ဖိတ်ဖိတ်ကို တောက်လို့။ ဝလိုက်တာကလည်း ဖီးလို့။ ဒါနဲ့ ကျွန်တော်က မြင်ကာရှိသေး သဘောကျပြီး တစ်နာရီ (၇) သျှီလင် (၆) ပဲနိနှုန်းနဲ့ ငှားခဲ့ပါရောဗျား။ ဒါနဲ့ မြင်းစီးဘောင်းဘီတွေ ဘာတွေနဲ့ ကျကျနန ဝတ်လာပြီး မြင်းကြီးပေါ် တက်စီးပါရောဗျာ။ မစီးဖူးတဲ့မြင်း ဖြစ်လေတော့ ဟုတ်မှ ဟုတ်ပါ့မလားလို့ စိတ်ကတော့ ခပ်နွေးနွေးပေါ့ဗျာ။ သည်လိုနဲ့ ရွံ့တွန့် ရွံ့တွန့်နဲ့ မြင်းရထားတွေ ကားတွေကြားက ဖြတ်ပြီး ရေတင်းရိုးဘက် စီးလာခဲ့တာကိုးဗျ။ တော်တော်ကလေး လူရှုပ်တဲ့နေရာကျတော့ ပါးစပ်က 'သတိသတိ' လုပ်ပြီး ဇက်ကလေး လှုပ်ပေးလိုက်ရာမှာ မြင်းကြီးက (သူ့နာမည် ဘရူးတပ်စ်) တဲ့ သုံးချောင်းထောက်ကလေး မှန်မှန်ခုန်ပြီး ထွက်လာလိုက်တာ ရင်ထဲက ဖိုခနဲ ဖိုခနဲ လိုက်လာခဲ့ရတာကိုးဗျ။ ကျွန်တော်က စမ်းတဲ့သဘောနဲ့ 'ဝိုးဝါး'လို့ ဆိုလိုက်တဲ့အခါမှာ မြင်းကြီးက ရပ်တယ်။ အင်း ... နေရာကျလှပြီလို့ ကြည်နူးသွားတာပေါ့ဗျာ။

ဒါနဲ့ (၃) ချောင်းထောက် မှန်မှန်ပြေးလာခဲ့ရာမှာ ဖင်က တယ်မငြိမ်ပေမဲ့ ကျလောက်အောင် မဆိုးတာနဲ့ တစ်ခါဖြင့် နေရာကျပြီလို့ ကျေနပ်သွားတော့တာကိုးဗျ။ မေရီဂါလင်နဲ့ တွေ့တဲ့အခါမှာလည်း ကိုယ်စီးပုံ နင်းပုံကို သူ အကြည့်ခံနိုင်ပြီလို့ အောက်မေ့ပြီး ကြည်နူးနေတာပဲ။

ဒါနဲ့ တံတားတစ်ခုကျော်ပြီး ရေတင်းရိုးနီးလာလို့ နည်းနည်း လူရှင်းတဲ့နေရာ ရောက်တာနဲ့ တစ်ပြိုင်နက် 'ဗျို့ ဆရာကြီး' ဆိုတဲ့ ခေါ်လိုက်သံ

mgyoe.com

mgyoe.com

ကြားလေတော့ ဘယ်ကပါလိမ့်မလဲလို့ လှည့်ကြည့်တာ အနားမှာ တစ်ယောက်မှလည်း မရှိဘူးဗျ။ ကျုပ်ပြောရင် ယုံမလား မဆိုနိုင်ဘူး။ ကျုပ်ကို ခေါ်လိုက်တာ အခြားလူ မဟုတ်ဘူး။ ကျုပ်စီးလာတဲ့ မြင်းကြီးကပဲဗျ။ လူကို အံ့သြသွားလိုက်တာ ဘာပြောစရာရှိမလဲ။ ဒါနဲ့ ဆက်ပြီး နားထောင်တုန်း မြင်းကြီးက ပမာမခန့်တဲ့အသံမျိုးနဲ့ 'ဗျို့ ဆရာကြီးတဲ့ ခင်ဗျားကိုယ် ခင်ဗျား မြင်းစီးတတ်လှပြီ ထင်နေသလား' တဲ့ မေးလိုက်တော့ မခံချင်တာက တစ်မျိုး၊ အံ့သြတာက တစ်မျိုး၊ ရှက်တာက တစ်မျိုး၊ လူကို ဘယ့်နှယ် ဖြစ်သွားမှန်း မဆိုနိုင်ပါဘူးဗျာ။ ဒါနဲ့ ကျွန်တော်က တတ်နိုင်ပါဘူး၊ သူက မေးလို့ရှိမှ ဖြေရတော့မှာပဲလို့ အောက်မေ့ပြီး "ငါက မြင်းစီးအတတ်သင်ကျောင်းမှာ နှစ်လတိတိ သင်ခဲ့တဲ့လူကွ" လို့ ပြောလိုက်တော့ မြင်းကြီးက 'နှစ်လ မကလို့ နှစ်နှစ်သင်တောင် ဖြစ်မယ့်လူ မဟုတ်ဘူး' တဲ့ ပြောပါလေရောဗျား။

ဒီတော့ ကျွန်တော့်မှာ စိတ်ထဲက နာလည်းနာရဲ့။ သူ့ကို စီးထားတာ ဖြစ်လေတော့ တတ် မတတ်ကို သူ သိမှာပဲဆိုတာ ဝန်ခံရမလိုလည်း ဖြစ်နေတော့ အတော်ခွကျနေတာပေါ့ဗျာ။ ဒါနဲ့ ကျွန်တော်က ခပ်ချော့ချော့သဘောထားပြီး 'မင်းနဲ့ ငါနဲ့တော့ နေရာကျတယ် မဟုတ်လားကွာ' လို့ ပြောလိုက်ရာမှ သူက 'ခင်ဗျား ထင်တာကိုး' တဲ့ တွယ်လိုက်ချည်သေးဗျား။ ဒီတော့ ကျွန်တော်က 'စကားပြောတဲ့ မြင်းရယ်လို့ တစ်ခါမှ မကြုံဖူးပါဘူးကွာ' လို့ ပြောတော့။ သူက 'ခင်ဗျား လုပ်ပုံကြီးနဲ့ စကားမပြောဘဲ ဘယ်မြင်းနေနိုင်ပါ့မလဲ' တဲ့။ ဒီတော့ ကျွန်တော့်စိတ်ထဲမှာ ရိုးတိုးရွတ ဖြစ်လာပြီး 'မောင်မင်းကြီးသား မင်းကို ငါ မစီးတော့ပါဘူး ရပ်ပါတော့ မောင်' လို့ ပြောတော့ မြင်းက 'ဒီလိုနဲ့ ဘာရမလဲဗျာ၊ ခင်ဗျားအကြောင်းကို ကျုပ် သိချင်သေးတယ်၊ ကျုပ်ကို အစာကောင်းကောင်း ဝဝ ကျွေးနိုင်ရဲ့လား' တဲ့။ ဒီတော့ ကျွန်တော်က 'ပိုက်ဆံ ချောင်ချိပါတယ်' လို့ ပြောတော့ မြင်းက 'ဒီလိုသခင်မျိုး လိုက်ရှာနေတာ ကျုပ် ကြာလှပြီတဲ့၊ ကျုပ်ကို ခင်ဗျား ဝယ်ရမယ်' တဲ့။ ဒီတော့ ကျွန်တော်က 'မြင်း မစီးတတ်ဖူးလေး ဘာလေးနဲ့ ငါ့အကြောင်းကို ပစ်စလက်ခတ်ပြောပြီး အဝယ်ခိုင်းတာ အံ့သြပါရဲ့ကွယ်' လို့ ပြောလိုက်တော့ သူက 'မဟုတ်ဘူး ကျုပ်က ဝယ်ဆို ဝယ်ရမယ်' တဲ့။ အတင်းကိုင်နေပါလေရောဗျာ။ ဆင်းပါရစေဆိုတော့လည်း မဆင်းရဘူးတဲ့။ ရပ်ပေးပါဆိုလည်း ရပ်မပေးလို့ လိမ့်ချလိုက်မယ်နော် ပြောတော့ သူက 'ခင်ဗျားလိမ့်ချရင် ခင်ဗျားပေါ် ကျုပ်က လိမ့်ချလိုက်မယ်' တဲ့။ ဒီလောက် အကျပ်ကျပုံများ ကြုံဖူးရဲ့လားဗျာ။ ဒီအထဲမှာ မောင်မင်းကြီးသားက 'ခင်ဗျား ကျုပ်ကို ယီးတီးယားတားလုပ်ရင် ဟောဟိုက သံတိုင်တွေပေါ် ခုန်ပြီး မြစ်ထဲ

mgyoe.com

mgyoe.com

တစ်ခါတည်း ခုန်ချလိုက်မယ်တဲ့၊ ခင်ဗျား ဘာတတ်နိုင်သေးသလဲ' တဲ့။ ငြိမ်းခြောက်ပါလေရောဗျား။ နောက်ဆုံးကျတော့ သူက 'ကိုင်း ကျုပ်ကို ဝယ်မလား၊ မဝယ်ဘူးလား ပြောဗျာ' တဲ့ ဖွတ်မေးပါရော။ ဒီတော့ ကျွန်တော်က အကြံရပြီး 'ကဲ ဝယ်ပါ့မယ် မောင်၊ ငါ့ကိုသာ မင့်သခင်ဆီ ပြန်ပို့ပါတော့လို့' ပြောရတယ်။ ကျွန်တော့်အကြံကတော့ ဟိုရောက်ရောက်ချင်း သူ့သခင်နဲ့ စကားပြောမယ့်ဟန်နဲ့ မြင်းပေါ်က ဆင်းပြီး ဘယ်လို တိုက်တွန်းတိုက်တွန်း မဝယ်တော့ဘူးလို့ စိတ်ကူးထားတာကိုးဗျ။

ပါးလိုက်တဲ့မြင်းဗျား၊ ဘယ့်နှယ်ပြောသလဲဆိုတော့ 'ဟိုရောက်တော့ ခင်ဗျား ကျုပ်အပေါ်က မဆင်းရဘူးတဲ့။ ကျောပေါ်ကနေပြီး ပြီးပြတ်အောင် ဈေးဆစ်ရမယ်တဲ့' တဲ့ ပြောပါရောဗျား။ ခက်ချည်ကရို့ အောက်မေ့ပြီး အကြံထုတ်ရင်းနဲ့ပဲ သူ့သခင်ဆီ ပြန်ရောက်လာကြပါရော ဆိုပါတော့ဗျာ။

ကျွန်တော့်ကိုမြင်တော့ မြင်းရှင်က 'မြန်လှချည်လား ဆရာကြီးတဲ့၊ စီးလို့ တော်တော်ကောင်းခဲ့ရဲ့လား' တဲ့။ ငနဲကတော့ ကျုပ်တို့ အဖြစ်အပျက်ကို ဘာမှမသိရှိဘူးပေါ့ဗျာ။ ဒီတော့ ကျွန်တော်က 'ကောင်းပါ့ဗျာ၊ တယ်ကောင်း' ဆိုပြီး ဆင်းတော့မလို့ နင်းကွင်းတစ်ဖက် ဖြုတ်တာကိုးဗျ။ ဒီလိုလုပ်ကာရှိသေး 'ဘာရမလဲ ဆရာကြီး' ဆိုတဲ့ သဘောနဲ့ မြင်းကြီးက နားရွက် 'ပေ' ပြပြီး ဖင်ကို နောက်တွန့်လိုက်တာကိုးဗျ။ သည်တော့ ကျွန်တော်က စိတ်မချတာနဲ့ မြင်းရှင်ကို 'ဇက်ကလေး တစ်ဆိတ်ကိုင်ထားစမ်းဗျာ' လို့ ပြောလိုက်ကာရှိသေး မြင်းကြီးက အကိုင်မခံဘဲ နောက်ဆုတ် နောက်ဆုတ်သွားပြီး နောက်ထပ် ဖွတ်လုပ်ရင် ပေါက်လိုက်မယ်ဆိုတဲ့သဘောနဲ့ ခုန်ဆွ ခုန်ဆွ လုပ်ပြတာကိုး။

ဒီတော့ ကျွန်တော့်မှာ မကျအောင်လို့ လည်ဆံမွေးဆွဲထားရင်း 'ဒီမြင်းကြီး ကျုပ် ရောင်းပါတော့လားဗျာ' လို့ လှမ်းပြောလိုက်တော့မှ မောင်မင်းကြီးသားက ငြိမ်သွားလေရော့ဗျား။ ဒီတော့ မြင်းရှင်က 'ခင်ဗျား ဘယ်လောက်ပေးမလဲ'တဲ့ မေးလေတော့ ကျွန်တော်က '(၃၀) ပေးမယ်' လို့ ပြောပြီး တယ်ကောင်းတဲ့ မြင်းကြီး၊ တယ်ချောတဲ့ မြင်းကြီးနဲ့ ဝယ်သူ မပြောထိုက်တဲ့ စကားတွေကို မြင်းကျေနပ်အောင် ပြောရတာကိုးဗျ။

ဒီတော့ မြင်းရှင်က 'သူ့ ရောင်းလို့ ဖြစ်မထင်ပါဘူးဗျာ' လို့ ပြောတော့ ကျွန်တော်က ဟန်ကျလှပြီ အောက်မေ့ပြီး ဆင်းမယ်လုပ်ရင်း 'ခင်ဗျား မရောင်းတာ ဝမ်းနည်းတာပါပဲဗျာ။ မရောင်းချင်တာတော့ ဘယ်တတ်နိုင်မလဲ' လို့ ပြောပြောဆိုဆိုနဲ့ ဆင်းတော့မယ်အလုပ်မှာ မြင်းကြီးက 'မဟုတ်ဘူး၊ ဈေးပိုပေး ဈေးပိုပေး' လို့ ကျွန်တော့်ကို တိုက်တွန်းတယ်ဗျ။

mgyoe.com

mgyoe.com

ခက်လိုက်တာတစ်ခုကလည်း သူပြောတဲ့စကားကို ကျွန်တော်သာ ကြားတယ်။ သည့်ပြင်လူ မကြားဘူးဗျ။ ဒီတော့ ကျွန်တော်က 'ကိုင်းဗျာ (၄၀) ပေးပါ့မယ်' လို့ ပြောတော့ မြင်းရှင်က '(၁၀၀) က တစ်ပြားမှ မလျှော့ဘူး' တဲ့ဗျ။ ကျွန်တော်က ကုတ်ကုတ်ကတ်ကတ်နဲ့ ငါးကျပ်ချင်း တစ်ဆယ်ချင်း တိုးပေးတာ မြင်းကြီးက 'ဆစ်မနေပါနဲ့ ပေးလိုက်ပါ ပေးလိုက်ပါ' တဲ့ အတင်း ပြောလေတော့ နောက်ဆုံးမှာ သူတောင်းတဲ့အတိုင်း (၁၀၀) ပေးပြီး ဝယ်လိုက် ရပါရောဗျာ။

ဘာမျိုးက ပေါက်မှန်းလည်း မသိ။ ရောဂါ ရှိ၊ မရှိ လက်မှတ်လည်း မတောင်းနိုင်ဘဲ သူတောင်းသမျှ အဖိုးကို တင်းပြည့်ပေးပြီး ဝယ်လိုက်ရပါရောဗျာ။

ကိုင်း . . . ကျွန်တော့်မှာ လုံးလုံးမလိုချင်တဲ့ မြင်းတစ်ကောင်ကို ငွေ (၁၀၀) ပေးဝယ်ရပြီး မမွေးချင်ဘဲနဲ့ မွေးရဦးတော့မှာကိုး။ ဒီကောင်ကြီး စီးရမှာကလည်း ခဏခဏ ကျွန်တော့်ကို မှိုချိုးမှျစ်ချိုး ပြောတတ်လေတော့ လုံးလုံးစိတ်မချမ်းသာဘူးဗျ။

မြင်းကြီးဝယ်ပြီး ကျန်းကျန်းမာမာ ချောချောမောမော ရှိပါလျက်နဲ့ မစီးဘဲ ထားပြန်ရင်လည်း မေရီ ကြားသွားရင် ပြောစရာဖြစ်နေဦးမယ်ဗျ။ ဒီ အကောင်ကြီးကို လက်က လွတ်အောင် ဘယ်လို အကြံထုတ်ရမလဲလို့ စိတ်ကူးသော် လည်း အကောင်ကြီးက ပါးလိုက်တာ လုစ်လို့ဗျ။ နောက်ဆုံးကျတော့ မြို့ အစွန်အဖျားမှာ ဖောင်းတစ်ခုငှားပြီး သူ့ကို မွေးထားရ ဆိုပါတော့ဗျာ။

အရိုးများသော ချေးခါးသောနဲ့ ကြေးထူလိုက်တာလည်း လွန်ရောဗျ။ ပဲကို ကြိတ်ကျွေးတာ ကောင်းကောင်းမညက်ဘူးတဲ့ဗျ။ မြက်ကလည်း ကောင်း ကောင်း မစိမ်းဘူးတဲ့ဗျ။ သူ့ခင်းပေးတဲ့ ကောက်ရိုးလည်း ခဏခဏ လဲမပေးရင် ဆူသေးတယ်ဗျာ။

နောက်ဆုံးမှာ ဘယ်လိုဖြစ်နေသလဲဆိုတော့ သူ့ကိုလည်း ကျွန်တော်က မစီးဝံ့။ ရေတင်းရိုးလမ်းမှာ မြင်းအပေါင်းအသင်းတွေနဲ့လည်း သူက တွေ့ချင်။ မြင်းထိန်းနဲ့ ဆွဲလျှောက်ပြန်တော့လည်း အောက်ကျနောက်ကျ ရှိသတဲ့ဗျ။ သူများနည်းတူ စီးပြီး လျှောက်မှ လူချင်းတူ သူချင်းမျှ ရှိသတဲ့။ နောက်ဆုံးကျ တော့ သူနဲ့ ကျုပ်နဲ့ ဘယ်လိုဖျန်ဖြေရသလဲဆိုတော့ သူ့ကို ကျုပ်က စီးလည်း စီးပါ့မယ်။ သူက ကောင်းကောင်းမွန်မွန် အစီးခံရတဲ့ပြင် မြင်းစီးအတတ်ကိုလည်း သင်ပေးပါ့မယ်လို့ စကားဆိုကြတာကိုး။ ကျွန်တော့်စိတ်ထဲမှာ လူက သင်ပေး ခြင်းထက် တတ်လွယ်လိမ့်မယ် အောက်မေ့ပြီး သူ ပေးတဲ့အကြံကို သဘောကျ မိတယ်ဗျာ။

mgyoe.com

mgyoe.com

ဒါနဲ့ သူနဲ့ ကျွန်တော်နဲ့ သဘောတူ ဝန်ခံထားကြတဲ့အတိုင်း အစတော့ တော်တော်ဟန်ရနေတယ်ဗျ။ ဒါနဲ့ ကျွန်တော်က ကိုယ့်ကိုယ်ကိုယ်ဟုတ်လှပြီ အောက်မေ့ပြီး တစ်နေ့သဌ်တော့ 'ဘယ်နှယ်လဲဟေ့ ငါ့လူ ဇက်ကိုင်ပုံတွေ ဘာတွေ ငါ တော်တော် ဟန်မလာဘူးလားကွ' လို့ မေးလိုက်တော့...

မြင်းက 'ခင်ဗျားလားဗျာတဲ့၊ သေတောင် ဟန်မယ့်လူ မဟုတ်ဘူးတဲ့။ ဇက်ကြိုးကိုင်ထားလိုက်ပုံကိုက ကျုပ်ပါးစပ်ကို လွှနဲ့ တိုက်သလိုပဲတဲ့၊ ခြေထောက်ကြိုးကလည်း တစ်ချက်လှမ်းတိုင်း လှမ်းတိုင်း လက်ပြင်လာလာပြီး ထောက်လိုက်တာ သိပ်အခံရခက်တာပဲ' တဲ့။

ဒီတော့ ကျွန်တော်က စိတ်နာပြီး 'ကောင်းပါပြီ မောင်မင်းကို ငါဘယ်တော့မှ မစီးပါဘူး' လို့ ပြောတော့ မြင်းကြီးက 'ဒီလိုလည်း စိတ်မတိုပါနဲ့လေတဲ့။ ကျုပ်က သည်းခံနိုင်ရင် ခင်ဗျားကလည်း သည်းခံနိုင်ရမပေါ့တဲ့။ ဇက်ကြိုးကိုလည်း ခင်ဗျား ကိုင်ဖို့ မလိုပါဘူးတဲ့။ ဘယ်ဘက်သွားချင်တယ်၊ ညာဘက်သွားချင်တယ် ပြောလိုက်ရင် ခင်ဗျားလိုရာ ကျုပ် သွားပေးမပေါ့တဲ့' ပြောတဲ့အခါမှာ သူများလို ကိုယ့်မြင်းကို ပိုင်ပိုင်နိုင်နိုင် ဆရာမလုပ်ရလေတော့ စိတ်ထဲက တယ်မကြိုက်လှပေမဲ့ မငြင်းဆန်ဝံ့တာနဲ့ သဘောတူလိုက်ရပါရောဗျား။

တစ်နေ့သဌ်တော့ ဒီကောင်ကြီးသတ္တိက မြင်းစီးသွားတဲ့အခါမှာ မြင်းမတွေ့ရင် ပြေးတဲ့ ပြေးတဲ့ နှုတ်ဆက်ချင်တယ်ဗျ။ သူ လုပ်ပုံတွေနဲ့ အရှက်ကွဲရတာလည်း ကြုံရရဲ့။ တစ်ခါတစ်ခါ မိတ်ဖြစ်သွားတာလည်း ကြုံရရဲ့။ အင်္ဂလိပ်မကလေးတစ်ယောက် စီးလာတဲ့ မြင်းမကလေးတစ်ကောင်ကို အတင်းပြေးသွားပြီး ပူးပူးကပ်ကပ်နဲ့ မခွဲနိုင် မခွာနိုင် လုပ်နေလေတော့ ကျွန်တော့်မှာ ခွကျလိုက်တာဆိုတာဗျာ ပြောစရာမရှိတော့ဘူး။

မြင်းမကလေးကို ရစ်ပတ်ပြီး ကျွန်တော့်မှာ သူလုပ်သမျှ ထိုင်လိုက်နေရတော့တာပေါ့။ ဒီလိုနဲ့ မိတ်ဖြစ်သွားတဲ့ လူလည်း ရှိရဲ့။ မြင်းမစီးတတ်ဘဲနဲ့ စီးချင်တဲ့လူပဲလို့ ပြုံးစိစိနဲ့ ကြည့်သွားတဲ့လူလည်း ရှိရဲ့၊ သိပ်ခွကျတာပဲဗျာ။

မြင်းဝယ်စရက်က မေရီဂါလင် ပြင်သစ်ပြည်သွားနေလို့ ရော့တင်းရိုးလမ်းမှာ သူ့မြင်း ကိုယ့်မြင်းနဲ့ တစ်ခါမှ မဆုံကြရသေးဘူးဗျ။ မေရီဂါလင် ပြန်လာတော့မယ်သတင်းကြားတော့ ကျွန်တော်က မြင်းကြီးရဲ့စိတ်ကို ဆွပေးလိုတဲ့သဘောနဲ့ မေရီဂါလင်ရဲ့ မြင်းမကလေးက အင်မတန်ချောတယ်။ ချောသလောက် အင်မတန် ဘဝင်မြင့်တယ်လို့ ပြောပြတော့ မြင်းကြီးက တွေ့ချင်တဲ့စိတ် အင်မတန် ဖြစ်ပေါ်လာတယ်။ ဒါနဲ့ တစ်နေ့သဌ်တော့ မြင်းကြီးနဲ့ ကျွန်တော်နဲ့ မေရီဂါလင်တို့ ဆရာတပည့်ကို သွားတွေ့ဖို့ သဘောတူကြတယ်။

mgyoe.com

mgyoe.com

ကျွန်တော်က မြင်းကြီးစီးပြီး ရော့တင်းရိုးလမ်းကို ရောက်သွားတော့ မေရီနဲ့အတွေ့မှာ မေရီက ကျွန်တော် မြင်းစီးပုံကြည့်ပြီး 'မစ္စတာဘကျော် ဒီလောက်မြင်းစီးတတ်မှန်း မသိဘူးတဲ့။ ဇက်ကိုင်လိုက်ပုံများ မခို့တရို့နဲ့ ဇက်နဲ့လက်နဲ့ ထိတယ်တောင် မထင်ရဘူး' တဲ့ ပြောတာကိုဗျ။ ပြောလည်း ပြောစရာပဲ။ မြင်းကြီးနဲ့ ကျွန်တော်နဲ့ သဘောတူထားတဲ့အတိုင်း ဇက်ကို သဘောမထားဘဲ ကိုယ့်ကိုယ်ကိုယ် မကျအောင် ဂရုစိုက်လိုက်ရုံ ရှိလေတော့ ဇက်က ခပ်လွတ်လွတ်ဖြစ်နေတော့ သိပ်ပြီး ဇက်နိုင်နေတယ်လို့ ထင်စရာပေါ့ဗျ။ ဒီတော့ ကျွန်တော်က 'ကျုပ်မြင်းက အကိုင်ကြမ်းလို့ မရဘူး။ ကျုပ်နဲ့တော့ သိပ်ဟန်ကျနေတာပဲ' လို့ ပြောလိုက်ရတယ်။

ဒီတော့ မေရီနဲ့အတူတူ မြင်းစီးလာတဲ့ ကာနယ်လင်းဆေးဆိုတဲ့လူက 'ခင်ဗျားမြင်းကို တစ်ရက်လောက် ကျုပ် စီးကြည့်စမ်းမယ်တဲ့။ ကျုပ် စီးလိုက်ရရင် အာဒေါက်ခွနဲ့ ဘာနဲ့ သိပ်ပြီး ကြည့်ကောင်းမှာပဲ' လို့ ပြောတယ်။ ဒီတော့ ကျွန်တော်က 'စီးတာပေါ့ဗျာ' လို့ ပြောကာရှိသေး မြင်းကြီးက ကာနယ်လင်းဆေးရဲ့ ကိုယ်ကြီးနဲ့ သူ့ဖနောင့်က အချွန်ကြီး မြင်တာနဲ့ သဘောမတူတဲ့ အထိမ်းအမှတ်နဲ့ နားရွက်ကို ပေပြတာကိုးဗျ။ ဒီတော့ ကျွန်တော်က ငှားတော့ ငှားချင်ပါရဲ့ဗျာ။ နို့ပေမဲ့ ကျွန်တော့်မြင်းက တစ်လက်ကောင်း ကိုင်ထားတော့ ဒီ့ပြင်လူစီးရင် ပျက်သွားလိမ့်မယ်ထင်တယ်လို့ ပြောလိုက်ရတယ်။

ဒီတော့ ကာနယ်က မခံချင်တဲ့သဘောနဲ့ 'ကျုပ်စီးလို့ မဖြစ်တဲ့ မြင်းရယ်လို့ ကမ္ဘာမှာ မရှိပါဘူးဗျာ' တဲ့။ ဒီအခါမှာ မေရီက ဝင်တဲ့ပြီး 'မစ္စတာဘကျော် ပြောတာ မှန်တယ်။ မြင်းဆိုတာ လက်များရင် ပျက်တယ်။ ဒါကြောင့် ကျွန်မမြင်းကို ဘယ်သူ့မှ မငှားဘူး'တဲ့ ဝင်ပြောလေတော့ ကာနယ်က စိတ်ကောက်ပြီး ရှောင်ထွက်သွားတယ်ဗျ။

ဒီတော့မှ မေရီက 'မစ္စတာဘကျော်က ကိုယ့်မြင်းကို သိပ်ချစ်နေတယ်ထင်တယ်' တဲ့။ ဒီတော့ ကျွန်တော်က 'ချစ်ရုံဘာကမလဲဗျာ' လို့ ပြောလိုက်ရပေမဲ့ ဝမ်းထဲကတော့ ဘယ်ချိမလဲဗျာ။

အဲဒီနေ့က ချောချောမောမောနဲ့ စီးကြပြီး အိမ်ပြန်လာကြတော့ လမ်းမှာ မြင်းကြီးက 'ကျုပ်ကို ခင်ဗျား မငှားလိုက်တာ တော်ပါသေးရဲ့' လို့ ပြောလေတော့၊ ကျွန်တော်က 'မင်းအဖို့ တော်တာပေါ့' လို့ ပြောလိုက်တယ်။ ဒီတော့ မြင်းကြီးက 'ကျုပ်အဖို့ တော်တာမဟုတ်ဘူး၊ ခင်ဗျားဖို့ တော်သွားတာ' တဲ့၊ ခြိမ်းခြောက်တဲ့အသံမျိုးနဲ့ ပြောလေတော့ သူ့ကို ငှားလိုက်ရင် သူက ကျွန်တော့်ကို ဘယ်လိုများ လုပ်ဦးမလဲ မပြောတတ်ပါဘူးဗျာ။ ကျွန်တော်ကလည်း မမေးတော့ပါဘူး။

mgyoe.com

နောက်ပြီးတော့မှ သူက 'မြင်းမကလေးဟာ ဘဝင်မြင့်တယ်လို့ ခင်ဗျား ပြောတာ မှန်တယ်။ ဒါပေမဲ့ ကောင်မလေးကို မရ ရအောင် ချိုးရဦးမယ်' တဲ့ဗျ။ ဒီတော့ ကျွန်တော်က 'မင့်အလိုလိုက်ပြီး သူ့သခင်မနဲ့ နေ့တိုင်း တွဲစီးပါ့မယ်ကွယ်' လို့ပြောတော့ မြင်းကြီးက 'ခင်ဗျား အလိုမလိုက်ဘဲ နေလို့လည်း မရပါဘူး'တဲ့၊ 'နေ့တိုင်း စီးရမယ်'တဲ့။ ဒီတော့ ကျွန်တော့်စိတ်ထဲမှာ ဘယ်နည်းနဲ့ပဲစီးရ စီးရ မေရီနဲ့ တွဲစီးရရင် ပြီးရောဲ။ ဟိုမြင်းနား လိုက်ကပ်၊ သည်မြင်းနား လိုက်ကပ်နဲ့ သူသွားရာ လိုက်နေရတာထက်တော့ တော်သေးတာပဲလို့ အောက်မေ့ရတာပဲ။

ဒါနဲ့ ရက်ပေါင်းများစွာ ရော့တင်းရိုးမှာ မေရီနဲ့ ကျွန်တော်နဲ့က လူချင်းတွဲ၊ မြင်းမကလေးနဲ့ မြင်းကြီးနဲ့က မြင်းချင်းတွဲ၊ နှစ်တွဲစလုံး ကြည်နူးနေကြတာပေါ့ဗျာ။ ကာနယ်လင်းဆေးဆိုတဲ့ စစ်ဗိုလ်ကလည်း ပထမတော့ ကျွန်တော်နဲ့ ပြိုင်ချင်သလိုလို လုပ်သေးတယ်။ နောက်ဆုံးကျတော့ နောက်ဆုတ်သွားတော့တာပဲ။ ဒီလို ဟန်ကျနေတုန်းမှာ မြင်းကြီးက ကျောမှာ ကုန်းပေါက်ပါလေရောဗျား။ ဒီအတွက်တောင်မှ သူက ကျွန်တော့်ကို အပြစ်တင်ချင်သေးတယ်။ ကုန်းပေါ်မှာ ဖင်ငြိမ်အောင် မထိုင်တတ်လို့ သူ့မှာ ကျောပွန်းရတယ်တဲ့။ ဒါနဲ့ မြင်းကြီးကို အနားပေးပြီး ရော့တင်းရိုးကိုတော့ မသွားဘဲ မနေနိုင်တာနဲ့ ခြေကျင်သွားမိသေးတာကိုးဗျ။

ဒီအခါမှာ ကာနယ်လင်းဆေးက အခွင့်သာပြီး နှစ်ယောက်တွဲ တွဲပြီး စီးလိုက်တာ ကျွန်တော့်အသည်းထဲမှာ ကျွဲခတ်သလို ကျိတ်ခံနေရတာပေါ့ဗျ။ ကျွန်တော် ရပ်နေတဲ့အနား ရောက်လာကြတဲ့အခါမှာ မေရီက စစ်ဗိုလ်ကောင်ကြီးကို ရွံတဲ့အကြောင်း၊ မလွှဲသာလို့ တွဲနေရတဲ့အကြောင်း မျက်နှာထားနဲ့ ကျွန်တော့်ကို ပြရှာပါရဲ့။ ကျွန်တော့်မှာလည်း ဒါနဲ့ ကျေနပ်ရတာပဲ။

နောက်ဆုံးကျတော့ မြင်းကြီး ကုန်းပေါက်တာ ပျောက်ပြီး ဆရာတပည့် နှစ်ယောက် အူခပ်မြူးမြူးနဲ့ ရော့တင်းရိုးဘက် ထွက်လာခဲ့ကြတာကိုးဗျ။ ရောက်ခါနီးမှာ မြင်းတွေက ဟီလိုက်ကြတာဗျ။ ဒီတော့ ကျွန်တော်က 'ဒီတစ်ခါ မြင်းတွေက တယ်ဟီပါကလားဟေ့၊ ဘာဖြစ်ကြတာလဲ' လို့ မြင်းကြီးကို မေးစမ်းကြည့်တယ်။

ဒီတော့ မြင်းကြီးက 'ဟီတာမဟုတ်ဘူး ဆရာရေ့၊ ရယ်နေကြတာ' တဲ့။ 'ဘာကြောင့်မို့လဲကွယ်' လို့ ကျွန်တော်က မေးတော့ 'ခင်ဗျားကို ရယ်ကြတာတဲ့။ ခင်ဗျားအကြောင်းကို သူတို့ အားလုံးသိတယ်' တဲ့။ 'ဘာသိတာလဲကွယ်' လို့မေးတော့ 'ခင်ဗျား မြင်းမစီးတတ်တာ သူတို့ အားလုံး သိတယ်' တဲ့။

mgyoe.com

mgyue.com

တိုက်ရိုက်ကြီး တွယ်တဲ့အကောင်ပဲဗျာ။ ကျွန်တော့်များဖြင့် သူက နည်းနည်းမှ ချမ်းသာမပေးဘူး။ ကိုယ့်ကိုယ်ကိုယ် ဟန်ရလှပြီထင်လို့ အထင်မကြီးလိုက်နဲ့၊ သူက တစ်ခါတည်း ဆော်ချလိုက်တာပဲ။ ဒီတော့ ကျွန်တော်က သူ့ကိုလည်း တစ်နည်းနည်းနဲ့ လက်စားချေဦးမယ်လို့ ကြုံးထားတယ်။

ဒါနဲ့ ကျွန်တော်က 'ဟေ့ကောင် မင်း သိရဲ့လား။ မေရီရဲ့ မြင်းမကလေး က ကာနယ်လင်းဆေးရဲ့ ဖောင်းဝတ်ကြီးနဲ့ ငြိတိတိ ဖြစ်နေကြတယ် မောင်' လို့ပြောလိုက်တယ်။ ပြောပြီးပြီးချင်း ကျွန်တော့်ဟာ ကျွန်တော် မှားမှန်း သိ လိုက်ပါရဲ့။ ဒီတော့ မြင်းကြီးက ကြာပွတ်နဲ့ ရိုက်လိုက်သလို တွန့်ခနဲ ဖြစ်သွား ပြီး 'ဟိုသတ္တဝါကြီးလားတဲ့။ ဒီကောင်ကြီးမျိုးကို မြင်းမကလေးက ဘယ်တော့မှ ဂရုမစိုက်ဘူး' တဲ့။ ဒီတော့ ကျွန်တော်က ပြောမိတဲ့စကား လွန်သွားမှန်း သိ လေတော့ ချော့ချင်တဲ့စိတ်ထားနဲ့ 'ပြောသာ ပြောရပါတယ်ကွယ် ... ဖောင်းဝတ် ကြီးက မင်းလောက်တော့ ရုပ်မနိုပ်ပါဘူး' လို့ ပြောလိုက်တော့ မြင်းကြီးက 'အခုမှ ခင်ဗျားက လာပြီး ချော့မနေစမ်းပါနဲ့' တဲ့။

ဒီနောက် ကျွန်တော်နဲ့ မေရီ အတူတွဲပြီး ထုံးစံအတိုင်း စီးကြရာမှာ မတွေ့ရတာကြာလို့ ဝမ်းသာစကား ပြောမယ်လုပ်တုန်း မြင်းမကလေးက ရှေ့နား တိုးတဲ့ပြီး နံဘေးကန်လိုက်တာ ကျွန်တော့် ညို့သကျည်း ကန်မိပါလေရော ဗျာ။ နာလိုက်ပုံ မပြောပါနဲ့တော့။

နောက်ဆုံးမှာ ကျွန်တော်တို့ အိမ်ပြန်လာတော့ မြင်းကြီးက 'ကောင်မ လေးနဲ့ ကျုပ်နဲ့ ပြတ်ကြပြီ ... ခင်ဗျား မြင်လိုက်လား' တဲ့။ 'မြင်ပါတယ် မောင် ... ငါ့ခြေထောက်ကို ကျိုးမတတ်ပါပဲ' လို့ ပြောတော့ မြင်းကြီးက 'ကျုပ်ကို ကန်တာဗျ။ ကန်တဲ့အကြောင်းကလည်း ဖောင်းဝတ်ကြီးနဲ့ ကျုပ်က သွားကျီစား လိုက်တာကိုး။ ဒီမှာပဲ မြင်းမကလေးက ဒေါဖောင်းပြီး ဘာမပြော ညာမပြောနဲ့ လှည့်ကန်လိုက်တော့တာပါပဲ။ ကျုပ်တို့တော့ ပြတ်ကြပြီ ...' တဲ့။

သည့်နောက်ရက်များမှာ ကျွန်တော် ခြေထောက်နာလို့ မြင်း မစီးနိုင်ဘူး။ လေးငါးရက်ကြာလို့ စီးပြန်တော့ မြင်းကြီးက ငိုင်တိုင်တိုင်ကြီး လုပ်နေတယ်ဗျ။ ဒီတော့ ကျွန်တော်က 'ဒီလိုလုပ်လို့ ဖြစ်ရိုးလားကွယ်။ ယောကျ်ားဆိုတာ ဂရု မစိုက်တဲ့ဟန် လုပ်ရတယ်ကွဲ့' လို့ ပြောရတယ်။

ဒီတော့ မြင်းက 'ခင်ဗျားပြောတာ ဟုတ်တယ်ဗျို့။ ခင်ဗျားဟာ ကျုပ် ထင်သလောက် မညံ့ဘူး။ သည်နေရာမျိုးတော့ အတော်သားပဲ' တဲ့။

သို့ပေမဲ့ ရော့တင်းရိုးရောက်တဲ့အခါမှာ မြင်းကြီးက မြင်းမလေးနဲ့ မတွဲချင်တော့ဘဲ သူ့မိတ်ဆွေဟောင်း 'သားခွေ'ကြီးတစ်ကောင်နဲ့ သွားတွေ့နေ

mgyue.com

တာကိုးဗျ။ သားခွေ (သဋ္ဌေ) ကြီးကိုတော့ လူစီဆိုတဲ့ အပျိုကလေးတစ်ယောက်က စီးလာတယ်။ သဋ္ဌေကြီးကို မြင်မြင်ချင်း ဘယ်လိုဆွဲလို့မှ မရဘူး။ ကျွန်တော့် အကောင်ကြီးက လူစီ စီးလာတဲ့ သဋ္ဌေကြီးနောက် လိုက်ပြေးပါရောဗျာ။

လူစီဆိုတာက အသက် (၃၀) ကျော်လောက် အပျိုကြီးဗျ။ နည်းနည်း ပါးပါးတော့ ကျွန်တော်နဲ့ သိဖူးတယ်။ မြင်းကြီးက သူ့နောက် အတင်းကပ် လိုက်လေတော့ ဟန်လုပ်ပြီး နှုတ်ဆက်လိုက်ရတာပေါ့ဗျာ။ မြင်းကြီးက သဋ္ဌေ နဲ့တွဲပြီး ဘာတွေပြောကြတယ် မဆိုနိုင်ပါဘူး။ ကျွန်တော့်မှာလည်း လူစီနဲ့ တွဲပြီး ရောက်ရာပေါက်ရာ ကြံဖန်ပြောရတော့တာပေါ့ဗျာ။

ခပ်လှမ်းလှမ်းက မေရီတော့ မြင်ပါရဲ့။ နို့ပေမဲ့ ကျွန်တော့်ကို ခေါ် လိုက်မှဖြင့် သွားမဖြစ်ဘဲ အရှက်ကွဲရချည်ရဲ့ ဆိုပြီး မေရီဘက်ကို မကြည့်ဝံ့ ဘူးဗျ။ သိပ်ပြီး နှိပ်စက်တဲ့အကောင်ဗျာ။ လူစီကလည်း အပျိုဟိုင်းကြီး ဖြစ် လေတော့ သူနဲ့လာပြီး တွဲတာ အလွန်သဘောကျနေတာပေါ့ဗျ။ သူကလည်း ကျွန်တော့်ကို အလွဲထင်လို့၊ ကျွန်တော်ကဖြင့် သူ့ကို အိပ်မက်တောင် မမက် ဘူး။ ဒါပေမဲ့ မြင်းကြီးက သဋ္ဌေနဲ့ မခွဲမချင်း ကျွန်တော့်မှာ တတွဲတွဲလိုက်နေရ တော့တာပဲ။

နောက်ဆုံးကျတော့ လူစီက ရှင်တို့ယောကျ်ားမျိုးတွေဟာ ဘာမှမယုံ ရဘူးတဲ့။ အခုတွဲပြီး တော်တော်ကြာတော့ မေ့ချင်မေ့မှာပါတဲ့။ ကျွန်တော့်ကို ခနဲ့တဲ့တဲ့ ပြောသေးတယ်။ ကျွန်တော်ကလည်း ကိုယ့်မြင်းနဲ့ ကိုယ် စိတ်ညစ် နေရတဲ့အထဲမှာ လူစီကလည်း 'ပြောစရာရှိရင် ပြောသာပြောနော်' တဲ့။ 'ဘာမှ အားမနာပါနဲ့' တဲ့။ 'စိတ်လည်း မဆိုးတတ်ပါဘူး' တဲ့။ စကားတွေ ကြောင်းပေး လိုက်တာဗျာ။ ကျွန်တော့်မှာ သိပ်ခွကျတာပဲ။

အတော်ကြီးကြာတော့မှ သဋ္ဌေနဲ့ ခွဲပြီး အိမ်ပြန်လာကြရာမှာ မြင်းကြီးကို တစ်မျိုး ပြောရပြန်တာကိုးဗျ။ 'အားမငယ်ပါနဲ့ ငါ့လူရယ်။ တကယ်ဆိုတော့ မြင်းမလေးက မင့်ကို စွဲနေတာပါကွ။ မိန်းမဆိုတာ သည်လို မူရာမာယာလုပ် တာပဲ။ ဒီတစ်ခါ သူ့အနားသွားရင် မှားပါပြီဆိုတဲ့အကြောင်း ဝန်ခံမှာပါကွ' လို့ ပြောရတယ်။ ကျွန်တော့်အကြံကတော့ မြင်းမကလေးအနားကို သူသွားမှ မေရီနဲ့ ကျွန်တော်နဲ့ နီးရမှာကိုးဗျ။ ဒီတော့ မြင်းကြီးက 'ခင်ဗျားကတော့ သဋ္ဌေပေါ်က မိန်းမကို ကြိုက်နေတာ မဟုတ်လား' တဲ့။ ဒီတော့ ကျွန်တော်က ကျွန်တော် အနာခံတယ်လို့ ထင်စေလိုတဲ့သဘောနဲ့ 'ငါကြိုက်တာ အရေးမကြီး ပါဘူးကွာ။ မင်းကြိုက်တဲ့ မြင်းမကလေးဆီကိုသာ သွားပါ' လို့ ပြောရတယ်။

mgyoe.com

mgyoe.com

ဒီတော့မှ သူက သဘောတူလာလေတော့ ကျွန်တော့်မှာ ကော်ပြီဟဲ့လို့ အောက်မေ့မိတယ်။

အဲဒီညနေမှာ မေရီနဲ့ ကျွန်တော်နဲ့ အိမ်တစ်အိမ်မှာ အဆင်းနဲ့ အတက်တွေ့ကြတယ်။ မေရီက 'မစ္စတာဘကျော်တို့များ ကျွန်မတို့ကို အရေးမလုပ်တော့ဘူး'တဲ့။ ခနဲ့တဲ့တဲ့ ပြောလေတော့ ကျွန်တော့်စိတ်ထဲမှာ ဖွင့်ပြောချင်လိုက်တာလေ လွန်ပါရော။ 'စိတ်ထဲက ပါလို့ မဟုတ်ပါဘူး။ မြင်းကြီးကြောင့်သာ လူစိနဲ့ တွဲရတာပါ'လို့ ပြောရရင်လည်း ကိုယ်အသုံးမကျရာ ကျမှာကိုးဗျ။ သိပ်ခွကျတာပဲဗျာ။

ဒီတော့ ကျွန်တော်က 'အထင်မလွဲပါနဲ့ မေရီ။ နက်ဖြန်ခါတော့ ရေ့တင်းရိုးမှာ အတူ တွဲစီးကြတာပေါ့' လို့ ပြောလိုက်ရတယ်။ ဒီတော့မှ မေရီက ပြုံးပြီး 'နက်ဖြန်လာမယ်' လို့ ချိန်းကြတယ်။

နောက်တစ်နေ့ တွေ့ကြရင် မေရီကို ဖွင့်ပြောတော့မယ်လို့ ကျွန်တော့်စိတ်ထဲမှာ အားခဲပြီး သိပ်မျှော်လင့်ထားတာပဲဗျာ။ ဒါနဲ့ အဲဒီနေ့မှာ ရင်ဘတ်မှာ ပန်းတွေဘာတွေ ထိုးပြီး မြင်းကြီးနဲ့ သွားကြလို့ ရေ့တင်းရိုးလည်း ရောက်ကရော ခပ်လှမ်းလှမ်းမှာ မေရီနဲ့ ကာနယ်လင်းဆေးကို မြင်ပါရောဗျာ။ ဒါပေမဲ့ ကျွန်တော် ရောက်သွားရင် ကာနယ်လင်းဆေး ဖယ်ပေးရမှာပဲလို့ စိတ်ထဲက တွက်ထားတာဗျာ။ နောက်ဆုံးမှာ မေရီက ကျွန်တော့်ကိုမြင်လို့ ပြုံးတည့်ပြီး ကျွန်တော့်ဆီ စီးလာ၊ ကျွန်တော်ကလည်း သူ့ဘက်အသွား၊ ကျွန်တော့်မြင်းကြီးက ဆတ်ခနဲ ရပ်လိုက်လို့ ကျွန်တော့်တစ်ကိုယ်လုံး သူ့လည်ပင်းပေါ် ရောက်သွားသေးဗျာ။ ရပ်ရပ်ချင်း သူက 'မြင်ရဲ့လား ဟိုမှာ'တဲ့။ ပြောလိုက်လို့ ရှေ့လှမ်းကြည့်လိုက်တော့ မြင်းမကလေးနဲ့ ကာနယ်လင်းဆေးရဲ့ ဖောင်းဝတ်ကြီးနဲ့ ပလူးနေကြတာကိုးဗျ။

ဒီအတောအတွင်းမှာ လူစိက သငွေကြီးနဲ့ ရောက်လာပါရောဗျား။ မေရီနဲ့ ကာနယ်နဲ့က ကျွန်တော့်ကို ရပ်စောင့်နေကြတုန်း မြင်းကြီးက ဘာမပြော ညာမပြောနဲ့ လူစိ စီးတဲ့ သငွေကြီးနောက် စွတ်ခနဲ လိုက်သွားပါရောဗျာ။ မေရီခမျာမှာတော့ အံ့အားသင့်ပြီး ကြည့်နေရစ်ရှာတာပေါ့လေ။ ကာနယ်ကတော့ တဟားဟားနဲ့ ရယ်ကျန်ရစ်တယ်ဗျ။ ကျွန်တော့်စိတ်ထဲမှာ ရှေ့က ချောက်ကြီးရှိလို့ မြင်းရော ကျွန်တော်ရော ချောက်ထဲကျသွားရင် အေးတာပဲလို့ အောက်မေ့မိတယ်။ ဒါနဲ့ လူစိအနားရောက်သွားတော့ ကျွန်တော်လည်း ဘာစကားများ ပြောမိတယ် မဆိုနိုင်ပါဘူး။ လူစိပြောတာကိုလည်း ဘာမှ မကြားဘူး။ မေရီရဲ့ မျက်နှာကလေးမြင်ပြီး ကာနယ်ကောင်ရဲ့ ရယ်သံကိုသာ ကြားနေတော့တယ်။

mgyoe.com

m g

ဒါနဲ့ အိမ်ပြန်အလာမှာ လမ်းကျတော့ မြင်းကြီးက ဘာပြောသလဲလို့ ဆိုတော့ 'ခင်ဗျားကိုယ် ခင်ဗျား အနစ်နာခံပြီး ကျုပ်အလိုကို လိုက်မယ်ဆို လေတော့ ကျုပ်ကလည်း အားနာပြီး ခင်ဗျားအလိုကို လိုက်လိုက်တာပဲ။ ခင်ဗျားက လူစီ ကြိုက်တယ်ဆို' ဟု ပြောတော့ ကျွန်တော့်မှာ ဘာမှပြန်မပြော ချင်တော့ဘဲ ငိုင်ငိုင်ကြီး လိုက်လာမိတော့တာပါပဲ။

ဒါနဲ့ အဲဒီညမှာ စိတ်ညစ်ညစ်နဲ့ စိတ်ပြေလက်ပျောက်ဆိုပြီး ပွဲသွား ကြည့်တော့ ပွဲထဲမှာ မေရီရဲ့ အဒေါ်တစ်ယောက်နဲ့ တွေ့တာကိုးဗျ။ ဒီတော့ ကျွန်တော်က မိန်းမကြီးအနား ကပ်ပြီး 'မေရီ မပါဘူးလား' မေးတော့ အဒေါ် ကြီးက 'မေရီ အလုပ်များလို့ မလိုက်ခဲ့ဘူး။ အလုပ်များဆို ကာနယ်လင်းဆေးနဲ့ လက်ထပ်ဖို့ စကားလက်ခံလိုက်ပြီ' လို့ ပြောလိုက်လေတော့ ကျွန်တော့်မှာ ပဋ္ဌိက္ခရားမင်းသား ရွှေအိမ်စည်အကြောင်း ကြားသလို 'ဟိုက်' ခနဲ ဖြစ်သွား တာကိုး။

ဒီနောက်တော့ ကျွန်တော့်မှာ ပွဲကြည့်ချင်တဲ့စိတ်လည်း မရှိတော့ဘဲ အိမ်ပြန်လာ။ တစ်ညလုံး အိပ်လို့ ဘယ်ပျော်နိုင်မလဲဗျာ။ ရင်ဘတ်ထဲမှာ ဗလုံ ဆန်နေတော့တာပေါ့။ ကျွန်တော် စိတ်ဆိုးတာက မေရီကို မဆိုးဘူး။ မြင်းကြီးကို စိတ်ဆိုးတာ။ မိန်းကလေးက မျက်နှာချိုသွေးပြီး မျှော်နေတုန်းမှာ ဒီအကောင် ကြီးက လူစီ့ဆီ ယူပြေးတော့ ဘယ်မိန်းမမျိုး မရက်ဘဲ နေမှာလဲဗျ။ ဒါနဲ့ တစ်ညလုံး ဒီမြင်းကို ဘယ်နည်းနဲ့ နှိပ်စက်ရပါ့မလဲလို့ အမျိုးမျိုး ဉာဏ်ထုတ် နေတာကိုး။ နောက်ဆုံးတော့ အကြံတစ်ခုရပြီး အိပ်ပျော်သွား ဆိုပါတော့။

နောက်တစ်နေ့ညနေတော့ ကျွန်တော့်အကြံအတိုင်း စိတ်ဆိုးဆိုးနဲ့ မြင်း ကြီးပေါ် လွှားတက်လိုက်တာပေါ့လေ။ ဒီတော့ မြင်းကြီးက တယ် မသကာ်တဲ့ သဘောနဲ့ ခြေထောက်လှည့်ကြည့်ပြီး 'ခင်ဗျားခြေထောက်မှာ ဘာကြီးလဲ' တဲ့။

'သံချွန်ကွ' လို့ ကျွန်တော်က ပြောလိုက်တယ်။ ဒီတော့ သူက 'သံချွန် ဆိုတာမျိုးဟာ ခြေထောက်ကို ထားတတ်မှ တပ်ရတယ်။ အောင်မယ် ကြာပွတ် တွေ ဘာတွေနဲ့ ဘာလုပ်မလို့လဲ' တဲ့။

'နောက်တော့ မင်း သိလိမ့်မယ်' လို့ ပြောလိုက်တယ်။ ဒါနဲ့ အိမ်က ထွက်လာကြလို့ လမ်းရောက်တော့ ကျွန်တော်က 'ဟေ့အကောင်ကြီး' လို့ ခေါ် လိုက်တယ်။

'ဘာလဲ' တဲ့။ သူက ခပ်မာမာပဲ။

သည်တော့ ကျွန်တော်က 'မင့်အတွက်ကြောင့် ငါကြိုက်တဲ့ ရည်းစား

mmyoe.com

mgyoe.com

တစ်ယောက်လုံး ဆုံးသွားပြီ' လို့ ပြောလိုက်တယ်။ ဒီတော့ သူက 'မသေနိုင်ပါဘူးဗျာ။ ကျုပ်လည်း ဆုံးတာပဲ' တဲ့။

ဒီတော့ ကျွန်တော်က 'ဘာတွေ ညာတွေ ပြောမနေနဲ့။ ဒီကနေ့တော့ မင့်ကို ငါ ကောင်းကောင်း ဆုံးမရလိမ့်မယ်' လို့ ပြောလိုက်တော့ ..

မြင်းကြီးက ရယ်လိုက်တဲ့ဖြစ်ခြင်းဗျာ။ ဝမ်းပတ်ကြိုးများ ပြတ်ထွက်တော့မယ့်အတိုင်းပဲ။ 'ဘယ်တော့ဆီလောက်များ ဆုံးမမလဲ' တဲ့ မေးလိုက်သေးတယ်။

ဒါနဲ့ ကျွန်တော်က ရှေ့လှည့်ကြည့်လိုက်တော့ မေရီရယ်၊ သူယူမယ့် စစ်ဗိုလ်ရယ် မြင်းကိုယ်စီနဲ့ ကျွန်တော့်ဘက် လာနေကြတာကိုးဗျ။ ဒီတော့ ကျွန်တော်က 'ဆုံးမဆိုရင် အခု ဟောဒီနေရာမှာ ဆုံးမမှာဟေ့။ မင့်သြဇာခံနေရတာ ငါ ကြာလှပြီ။ ဒီတစ်ခါတော့ မင့်ကို ငါ မကြောက်တော့ဘူး။ မင်းတတ်နိုင်လည်း ငါ့သတ်ပစ်၊ ကိုင်း ... လာလေရော့ မောင်' ဆိုပြီး ဇက်ကြိုးနာနာတုပ်တဲ့ပြီး ကြာပွတ်နဲ့ နင်းကန်ရိုက်တော့တာပေါ့ဗျာ။ ပရိသတ်တွေ အပြောတော့ သိပ်မကြာပါဘူးတဲ့။ သူ့နံရိုးထဲ သံချွန်နဲ့ ဆောင့်ပြီး ကြာပွတ်နဲ့ တစ်ချက် နှစ်ချက်လည်း ရိုက်ပါရော ကျွန်တော့်တစ်ကိုယ်လုံးဟာ ငှက်ပျံသလို ကောင်းကင် ဝဲတက်သွားပြီး လမ်းပေါ်မှာ ဇက်နဲ့ ကျလိုက်တာ ဘာမှ သတိမရတော့ပါဘူးဗျာ။

ဝ

တနင်္ဂနွေ လေးပတ်လောက်ကြာလို့ ဆေးရုံက ဆင်းလာတော့ ခေါင်းလောင်းသံတွေ ကြားတာကိုး။ ဘာသံလဲလို့ မေးလိုက်တော့ ...

"မေရီနဲ့ စစ်ဗိုလ်နဲ့ လက်ထပ်တာ" တဲ့။

"ဒါထက် မြင်းကောဗျ။ ဘယ်ရောက်သွားတုံး"

"မြင်းလား ... ခုထက်ထိ ကျွန်တော် လိုက်ရှာနေတုန်းပဲ။ မြင်းဖောင်းတွေ့သမျှ၊ မြင်းတွေ့သမျှ ကျွန်တော် ဝင်ကြည့်နေတာပဲ။ ကျွန်တော်က ကျွန်တော် ဆေးရုံတက်နေတုန်းမှာ မြင်းကြီးကို သူတို့ ပစ်သတ်လိုက်ကြမှာ စိုးနေတယ်။ သတ်ခြင်းသတ်ရင် ကျွန်တော်သာ သတ်ချင်တာ။ ဒါထက် ကျွန်တော် ဆေးရုံတက်တုန်းမှာ ကျွန်တော့်အကြောင်း သတင်းစာထဲမှာ ဟောဒီလိုပါလာတယ်ဗျ" ဟု ပြော၍ ကိုဘကျော်သည် သတင်းစာ ဖြတ်ပိုင်းတစ်ခုကို ထုတ်၍ ပြလေရာ အောက်ပါအတိုင်း ဖတ်ရှုရလေ၏။

mgyoe.com

## ရော့တင်းရိုးလမ်း၌ လူတစ်ယောက် မြင်းပေါ်မှကျခြင်း

*မြန်မာလူမျိုးတစ်ဦးဖြစ်သော မစ္စတာဘကျော် ဆိုသူမှာ မြင်းပေါ်မှ လိမ့်ကျ၍ သတိမရ ရှိနေသဖြင့် ဆေးရုံသို့ ပို့လိုက်ရကြောင်း၊ ထိုသူမှာ ဦးခေါင်းမှာ မြေကြီးနှင့် ပြင်းထန်စွာဆောင့်မိသဖြင့် အကယ်၍ အသက်ရှင်စေကာမူ ထိုလူ၏ဦးနှောက်မှာ တစ်သက်ပတ်လုံး နဂိုအတိုင်းဖြစ်နိုင်ဖို့ မျှော်လင့်ရန် မရှိကြောင်း ...။*

ကျွန်ုပ်သည် ၎င်းဖြတ်ပိုင်းကို ဖတ်ရသောအခါတွင်မှ လန်ဒန်၌ ပျောက်နေသော မြင်းကို ရန်ကုန်မြို့၌ ရှာဖွေနေသော ကိုဘကျော်၏ အခြင်းအရာကို ရိပ်မိသဖြင့် ခပ်ပြုံးပြုံးဖြစ်သွားလေရာ ကိုဘကျော်သည် ကျွန်ုပ်၏ မျက်နှာရိပ်ကို မြင်သဖြင့် မယုံသင်္ကာဖြစ်သည်ဟု ရိပ်မိဟန်လက္ခဏာနှင့် ...

"ဦးနှောက်ပျက်တယ်ဆိုတာ အလကား ပြောတာပါဗျာ။ သူတို့ပြောတဲ့ အတိုင်း ပျက်လို့ရှိရင် ဒီဥစ္စာတွေကို၊ လူဝါးဝတဲ့မြင်းကို ကျွန်တော် မှတ်မိနိုင်မလားဗျ"

ဟု ပြောသောအခါတွင် ကျွန်ုပ်မှာ ပြေဆိုရန် မတတ်နိုင်သဖြင့် ထပ်၍သာ ပြုံးနေရရှာလေတော့သတည်း။

[ရှုမဝမဂ္ဂဇင်း၊ ဩဂုတ်လ ၁၉၄၇]

mgyoe.com

mgyoe.com

# ဇာတိနှင့် ပဝတ္တိ

မြမြသည် သီလရှင်ကျောင်းတွင် ဂါဝန်ဝတ်၍ ကျောင်းအိပ်ကျောင်းစားအဖြစ်နှင့် စာသင်ခဲ့ရသည့်အလျောက် (၁၀) တန်းမျှပင် မအောင်မြင်ခဲ့စေကာမူ အင်္ဂလိပ်စကားအပြောတွင် ကပြားမကလေးများကဲ့သို့ တရွှတ်ရွှတ်မြည်အောင် သွက်လက်ချက်ချာလှပေသည်။ နဂိုအားဖြင့်လည်း နှုတ်လျှာ သွက်လက်၍ အချက်ကျအောင် ပြောတတ် ဆိုတတ်သူတစ်ယောက် ဖြစ်ရကား မြမြသည် မည်သည့်ဘာသာစကားဖြင့် ပြောဆိုသည်ဖြစ်စေ လူတစ်ဖက်သားအား ငေး၍ ကြည့်နေရလောက်အောင် ပြောတတ်လှပေ၏။ ဘိုကြီးတစ်ယောက်သည် သူငယ်ချင်းတစ်စုနှင့် ဈေးဝယ်ရန် လာရောက်သော မြမြကို ရိုးကုမ္ပဏီတိုက်ဆိုင်တွင် အမှတ်မဲ့တွေ့မြင်၍ 'မျက်စိစူး' သော လူကြီးတစ်ယောက်ဖြစ်သည့်အတိုင်း မိမိ၏အသက်အာမခံကုမ္ပဏီတွင် လခတစ်ပိုင်း ကော်မရှင်တစ်ပိုင်းနှင့် အသက်အာမခံကိုယ်စားလှယ်အလုပ်ကို လုပ်လိုပါသလောဟု မေးလေ၏။ မြမြမှာဝန်ထောက်၏သမီးတစ်ယောက် ဖြစ်သော်လည်း မိဘ သေဆုံးသဖြင့် (၁၀)တန်းမအောင်မီ ကျောင်းမှ ထွက်ရပြီးနောက် အလုပ်အကိုင် ရှာဖွေဆဲ ဖြစ်နေရကား၎င်းအလုပ်ကို အစမ်းသဘောနှင့် လက်ခံလိုက်လေ၏။

မြမြသည် အင်္ဂလိပ်နှင့် မြန်မာ နှစ်ဘာသာလုံးကို ဖွတ်နေအောင် ပြောတတ်သည့်ပြင် အကင်းပါး၍ အမြှူအမြှိုက်ကောင်းသူ မိန်းကလေးတစ်ယောက်ဖြစ်ရကား တစ်နှစ်မျှ မစေ့ကုန်မီ တစ်လလျှင် ကော်မရှင် (၂၀၀ိ) ကျော် (၃၀၀ိ)နီးပါးခန့်ရရှိသော ကိုယ်စားလှယ်တစ်ဦးအဖြစ်သို့ ရောက်သွားလေ၏။ ယောကျ်ားကိုယ်စားလှယ်များကို မျက်မှောင်ကြုတ်၍ နှင်ထုတ်လေ့ရှိသော ဘိုကြီးများသည်

mgyoe.com

mgyoe.com
လည်းကောင်း၊ ယောကျ်ားတို့ ချဉ်းကပ်ခြင်းငှာ မဝံ့သော မိန်းမ လခစားအလုပ် သမားများသည် လည်းကောင်း၊ ပါးရည်နပ်ရည်ရှိသော ပညာတတ် မိန်းမ တစ်ယောက်နှင့် စကားပြောရခြင်းသည် အပျင်းပြေသည်ဟု မှတ်ထင်တတ် သောအရာရှိများသည် လည်းကောင်း မြမြ၏ လက်ကလေးနှင့် ကိုင်၍ ပေးသော ကလောင်ကို ငြင်းဆန်ရန် မတတ်နိုင်ဘဲ ပုံစံတွင် လက်မှတ်ထိုးကြရလေ၏။

နှစ်နှစ်ခန့် ကြာရှိသောအခါ မြမြသည် ရန်ကုန်မြို့ ဘုရကင်းလမ်းတွင် အတော်အတန် ကျယ်ဝန်းသော တိုက်ခန်းတစ်ခန်းငှား၍ ထမင်းချက် အစေခံ အဖော်အလျော် မိန်းမကြီးတစ်ယောက်၊ ခိုင်းစေရန် မိန်းကလေးတစ်ယောက်တို့ နှင့်တကွ တင့်တင့်တယ်တယ် နေထိုင်နိုင်သည့်ပြင် သွားလာရန်အတွက် တစ်ပတ် ရစ် ကားကလေးတစ်စီးကိုပင် လဆိုင်းဝယ်ယူနိုင်သောအခြေသို့ ရောက်သွား လေ၏။

ထိုအခါ၌ မြမြမှာ အသက် (၂၃) နှစ်ခန့် ရှိပြီဖြစ်၍ ဖြူဖြူဖွေးဖွေး လုံး ကြီးပေါက်လှနှင့် 'ဂိုက်ကောင်း၊ ဆိုက်ကောင်း' မိန်းမတစ်ယောက်ဟူ၍ ဆိုရ ပေမည်။ ၎င်းရုပ်ရည်မှာ လွန်မင်းစွာ ချောလှသည်မဟုတ်သော်လည်း ယောကျ်ား တို့၏ မျက်စိ၌ သာမညချောလှခြင်းထက် အရေးပါ အရာရောက်လှသည့် ပြုံး ရွှင်ကြည်လင်ခြင်းတည်းဟူသော ဂုဏ်အင်္ဂါလက္ခဏာတစ်ခုနှင့် ပြည့်စုံပေ၏။ မြမြက တိုက်ရိုက်ကြည့်၍ ပြုံးခြင်းကို မြင်ရဖူးသူများသည် ရင်ထဲ၌ အေးခနဲ ဖြစ်သွားသဖြင့် လက်မှ ကလောင်တံ လွတ်၍ ကျသွားရကြောင်းနှင့် ပြောပြဖူး လေသည်။

ထိုကဲ့သို့ ဝတ်နိုင်စားနိုင် ခံ့ညားစွာ နေထိုင်နိုင်သည့်ပြင် ဂိုက်ကောင်း ဆိုက်ကောင်း၊ အရွယ်လည်း ကောင်းလှ၍ ချစ်ခင်ဖွယ် အခြင်းအရာများစွာတို့နှင့် ပြည့်စုံသော မြမြမှာ အလွန်လူကြိုက်များသည်ဟု ဆိုရသော် အံ့သြစရာမဟုတ် ချေ။ မြမြအား မြင်ရသူတိုင်းအနက် မလိုချင်သူဟူ၍ မရှိချေ။ စာရေးများက လည်း ကြိုက်ကြ၏။ အရာရှိများကလည်း လိုချင်ကြ၏။ ပွဲစား ကုန်သည်များ ကလည်း ပိုးပန်းကြ၏။ မြမြ၏အလုပ်မှာ လူတိုင်းနှင့် မိတ်ဖွဲ့ရသောအလုပ် ဖြစ်သည့်အလျောက် လူကုံထံ ဟူသရွေ့ မြမြနှင့် မသိလိုက်သည် မရှိသည့်ပြင် မြမြ၏ နဂိုသဘောမှာလည်း လူအများက သိကျွမ်းချီးမွမ်းခြင်းကို အလွန်လိုလား ဟန် ရှိ၏။ သို့ရာတွင် ထိုသဘောမှာ မိန်းမတိုင်းတို့၏ ဓမ္မတာသဘောပင် ဖြစ် တန်ရာချေသည်။

ထူးခြားသော အခြင်းအရာတစ်ခုမှာ မြမြသည် ထိုမျှလောက်အထိ လူကြိုက်များပါလျက်နှင့် လွတ်လပ်သော အပျိုကြီးအဖြစ်၌ ရှိနေသေးခြင်းဖြင့်

mgyee.com


ဖြစ်လေသည်။ ပေးလိုက်ကြသည့် စာများ၊ စေ့စပ်လာကြသည့် အောင်သွယ်များ၊ တိုက်ရိုက်ပြောဆိုကြသည့် စကားများ မိုးမွှန်နေတော့၏။ မြမြသည် (ဟန်ရ ပန်ရ လူတစ်ယောက်ဖြစ်ပါက) တည့်တည့်ကြီး ငြင်းပယ်သည် မရှိဘဲ မျှော်လင့်ချက်ကလေးဖြင့် တဲတဲကလေးမျှ ဆွဲငင်ထားခဲ့သည်သာ ဖြစ်လေသည်။ သို့ရာတွင် ထိုအချိန်တိုင်အောင် မည်သူ၏ စကားကိုမျှ လက်ခံသေးသည်မရှိ။ မည်သူနှင့် ချစ်ကြိုက်နေသည် ဟူ၍လည်း စွပ်စွဲခြင်း မခံရသေးချေ။ မြမြသည် မည်သူနှင့်မဆို တွဲခုတ်၏။ မည်သူနှင့်မဆို သမီးရည်းစားဖြစ်နေသည်ဟု အထင်ရောက်စေလိုက အထင်ခံလိုက်၏။ သူတစ်ပါးတို့ အတွေးခေါင်ခြင်းကို တွေးတောပူပန်တတ်သော မိန်းမတစ်ယောက် မဟုတ်ချေ။ ထင်ချင်ရာထင်၊ ပြောချင်ရာ ပြောကြ၊ ငါမဟုတ်လျှင် ပြီးရော ဟူသော သဘောမျိုးနှင့် လွတ်လပ်စွာ နေထိုင်ခဲ့၏။ ထိုသို့သော သဘောရှိသူ အပျိုကြီးများမှာ အနောက်တိုင်းသူများအနက်တွင် မရှားလှသော်လည်း မြန်မာမိန်းမများအနက်၌မူ ခပ်ဆန်းဆန်း ဖြစ်နေသောကြောင့် ရှေးရိုးအဒေါ်ကြီးများက အထူးမေးငေါ့ကြ၏။

သို့ရာတွင် မြမြအဖို့ ထောက်ခံရေးသားလိုသော အခြင်းအရာတစ်ခုမှာ မိန်းမတို့မည်သည် အပျိုရည်မပျက်စေဖို့ အထူးအရေးကြီးကြောင်း၊ အပျိုစစ်ဘဝ၌ တစ်သောင်းတန်သော မိန်းမတစ်ယောက်သည် ယောကျ်ားနှင့်တစ်ကြိမ်တည်း နီးနှောမိရုံမျှနှင့် တစ်ထောင်မျှပင် မတန်တော့အောင် အဖိုးယုတ်လျော့သွားကြောင်းကို ကောင်းကောင်းကြီးနားလည်သော မိန်းမတစ်ယောက် ဖြစ်လေသည်။ သို့ဖြစ်၍ မည်သည့်ယောကျ်ားနှင့်မျှ မည်မျှ အကျွမ်းဝင် ရင်းနှီးပါသည်ဆိုစေ၊ မြမြသည် မိမိကိုယ်ကာယကို အသက်တမျှ စောင့်ရှောက်ထိန်းသိမ်းလာခဲ့လေသည်။ တစ်ခါက လူကဲခတ်လွဲ၍ လက်ရဲမိသော ဘိုကပြားတစ်ယောက်သည် မြမြ၏ သံခွာချက်ကြောင့် နားရွက်စုတ်ခြင်း ခံရဖူးလေသည်။ ၎င်း အဖြစ်အပျက်ကို အစွဲပြု၍ ဓာတ်သိများက ၎င်းအား 'သံခွာ မြမြ' ဟူ၍ နာမည်ပေးထားကြလေသည်။ တစ်ဖန်တုံလည်း ဖော်ရွေခြင်းနှင့် အညှာလွယ်ခြင်းကို ပိုင်းခြားမသိတတ်သော တရုတ်ကပြားတစ်ယောက်သည် မြမြကို ချစ်ကြိုက်ရာ၌ ဖြတ်လမ်းလိုက်မိသည့်အတွက် မျက်နှာတွင် လက်ငါးချောင်းအမှတ်အသား ရရှိသွားဖူးလေသည်။ ထိုအခါမှစ၍ မြမြသည် ကျောရရုံ ကြံစည်လိုသူများ၏ အနှောင့်အယှက်မှ ချမ်းသာရာ ရရှိခဲ့လေသည်။ "ကျော်မကောင်းကြားမကောင်းကွယ်တို့" ဟု ရှေးအဒေါ်ကြီးများက ရှုံ့မဲ့ကောင်း ရှုံ့မဲ့ကြပေလိမ့်မည်။ သို့ရာတွင် 'ပေါက်လွတ်ပဲစား' မကျင့်ကြသမျှ ကာလပတ်လုံး မိမိတို့ကြိုက်ရာ နည်းလမ်းအတိုင်း နေထိုင်နိုင်ခွင့် ရသင့်ပေသည်။ မြမြသည်

mgyee.com

mgyoe.com

ထိုအချိန်သို့တိုင်အောင် လွတ်လပ်လျက်ရှိနေခြင်းမှာ တကယ် အကြိုက်မတွေ့သေးသောကြောင့်မျှသာ ဖြစ်ချေသည်။ အိမ်ထောင်ပြုလိုပါက စာရေးကြီးကတော်၊ ရုံးအုပ်ကတော်၊ မြို့အုပ်ကတော်၊ ဝန်ထောက်ကတော်၊ အင်စပိတ်ကတော်၊ ပွဲစားကတော်၊ ဗိုလ်ကတော်၊ ထောင်ကဲကတော် ဖြစ်နိုင်သည်မှာ ကြာလှပေပြီ။ မြမြ၏ စိတ်ထဲ၌ မည်သူ့အားမျှ နှစ်နှစ်ကာကာ လိုက်လိုက်လှဲလှဲ မချစ်ကြိုက်နိုင်သည့်အတူတူ ကတော်အကြီးဆုံးဖြစ်ရဖို့ မှန်းရှယ်ထားဟန်တူပေသည်။ မိမိမှာလည်း ကိုယ့်ဝမ်း၊ ကိုယ့်ခါးကို ထိန်းကျောင်းနိုင်သော ဘဝမျိုး ရောက်နေသောကြောင့် အိမ်ထောင်ရက်သားပြုဖို့ အလျင်လိုစရာလည်း အကြောင်းမရှိချေ။

မြမြအား ပိုးပန်းသူများအနက် ကိုဘမြင့်နှင့် ကိုစံဝင်းဆိုသော သူငယ်ချင်းနှစ်ယောက်တို့လည်း အပါအဝင်ဖြစ်၏။ ၎င်းတို့နှစ်ယောက်မှာ ရန်ကုန်မြို့၊ ဘုန်းကြီးလမ်းဇာတိ ဖြစ်ကြ၍ ငယ်ရွယ်စဉ်ကပင် အထူး ချစ်ကျွမ်းဝင်ခဲ့ကြသောကြောင့် အလုပ်အကိုင် ရှာကြံရာ၌ပင် ဌာနတစ်ခုတည်း အတူဝင်ရောက်ထမ်းရွက်ကြဖို့ ပြင်ဆင်ထားကြ၏။ ၎င်းတို့နှစ်ယောက်သည် ရဲဘက်သို့ဝင်ရန်ဆုံးဖြတ်ကြရာ မောင်ဘမြင့်မှာ ရဲအရာရှိအနွယ်အဆက် ဖြစ်သောကြောင့် အင်စပိတ်တော်ရာထူး ရရှိ၍ မောင်စံဝင်းမှာ ဆပ်အင်စပိတ်တော်အဖြစ်နှင့် ဝင်ရလေ၏။ ဆပ်ကျောင်းသို့ အတူတက်ကြ၍ ဤမြို့ ထိုမြို့ စသည်တို့၌ အမှုထမ်းကြပြီးသော် နောက်ဆုံး၌ ရန်ကုန်မြို့တွင် ဆုံမိကြပြန်လေ၏။ ထိုသူနှစ်ယောက်တို့မှာ မည်မျှလောက် အကြိုက်တူညီကြသည်ဆိုသော် မိန်းမကြိုက်ရာ၌ပင် အတူချစ်ကြိုက်ကြ၍ မြမြကို နှစ်ယောက်လုံး ပိုးပန်းနေသောအဖြစ်သို့ ရောက်နေကြလေ၏။ ထိုအကြောင်းကို တစ်ယောက်ကိုတစ်ယောက် သိသော်လည်း သဘောထားကြီးသော သူငယ်ချင်းများဖြစ်သည့်အလျောက် ရန်ဘက်ဟူ၍ သဘောမထားဘဲ 'ရသူ ယူတမ်း' အနေမျိုးဖြင့် ဘွင်းဘွင်းကြီး လှည့်နေကြလေ၏။ နှစ်ယောက်လုံးသည် မြမြအပေါ်တွင် အတည်ကြံသူများဖြစ်ကြ၍ မြမြ သဘောတူသောနေ့တွင် ယူရန် အသင့်ရှိသူများ ဖြစ်ကြလေသည်။ (နှစ်ယောက်လုံး အတူယူကြရန်ကား မဟုတ်ချေ)

မြမြအိမ်သို့ လည်ပတ်ကြသောအခါများတွင်မူကား နှစ်ယောက် အတူတကွ မဟုတ်ဘဲ တစ်ယောက်စီသွား၍ ကိုယ့်နည်းနှင့်ကိုယ် ကြိုးပမ်းနေကြလေရာ မြမြသည် မိမိအား ပိုးပန်းသမျှသော ယောက်ျားများအနက်တွင် မောင်ဘမြင့်နှင့် မောင်စံဝင်းတို့အား အရေးယူဆုံး ဖြစ်လေသည်။ သို့ရာတွင် ထိုသူနှစ်ယောက်အနက် မည်သူ့အားသာ၍ အရေးပေးသည်ဟု အကဲခတ်ရန်

mgyoe.com

ခဲယဉ်းလှပေသည်။ မောင်ဘမြင့်သည် ရာထူးအားဖြင့် တစ်တန်းကြီးမြင့်သော်လည်း မောင်စံဝင်းက ပို၍ သနားကမားရှိသည်ဟု ဆိုရန် ရှိပေသည်။

မောင်ဘမြင့်၌ သန်းသန်းအမည်ရှိ နှမတစ်ယောက် ရှိလေ၏။ သန်းသန်းမှာ ရုပ်ရည်အားဖြင့် လည်းကောင်း၊ မိဘဂုဏ်ဒြပ်အားဖြင့် လည်းကောင်း၊ စိတ်နှလုံးအားဖြင့် လည်းကောင်း ဆိုဖွယ်ရာမရှိသော မိန်းကလေးတစ်ယောက်ဖြစ်၍ ငယ်ရွယ်ကတည်းက မောင်စံဝင်းနှင့် တစ်ရပ်တည်းနေ သူငယ်ချင်းဖြစ်ခဲ့ကြလေသည်။ အရွယ်ရောက်လတ်သော် သန်းသန်းသည် မောင်စံဝင်းကိုစုံမက်ဟန် လက္ခဏာရှိ၏။ မောင်စံဝင်းကမူကား မြမြနှင့် ယှဉ်လိုက်သော် ရိုးတိုးကြီးဖြစ်၍နေသော သန်းသန်းအား သတိရဟန် လက္ခဏာမရှိချေ။ သန်းသန်း၏မိဘများက မောင်စံဝင်းနှင့် စေ့စပ်ရန် စိတ်ကူးမိသော်လည်း စံဝင်း၏ အကဲမရသောကြောင့် လက်လွှတ်ထားလိုက်ကြ၏။ သို့ဖြစ်ရကား သန်းသန်းခမျာကလေးမှာ 'တစ်ဘီးလိမ့်' သဘောမျိုးနှင့် အတင်းဆွေး ဆွေးလျက်သာနေရရှာ၏။ စိတ်ထဲ၌ သေလုအောင် ချစ်ကြိုက်သော်လည်း ဖွင့်ဟပြောရန် ထုံးစံမရှိသဖြင့် ဣန္ဒြေစောင့်စည်း၍နေရသော မိန်းမတို့၏အဖြစ်မှာ စင်စစ် ဆိုးရွားလှပါပေသည်။

တစ်နေ့သ၌ အင်စပိတ်တော် မောင်ဘမြင့်နှင့် ဌာနာအုပ် မောင်စံဝင်းတို့မှာ ရဲအရာရှိများအနက်တွင် သူရသတ္တိနှင့် ပြည့်စုံသည်ဟု နာမည်ရကြသူများဖြစ်သည့်အလျောက် သာယာဝတီ သူပုန်ကိစ္စအတောအတွင်းတွင် အထူးအလုပ်ဝတ္တရားနှင့် သာယာဝတီနယ်သို့ ရွေးချယ်စေလွှတ်ခြင်း ခံကြရလေ၏။ ထိုသူနှစ်ယောက်တို့မှာ ရဲဘက်သို့ ဝင်သည်မှစ၍ အချိန်အနည်းငယ်ခန့်မျှသာ တစ်မြို့စီ ကွဲနေခဲ့ကြဖူးရာ သာယာဝတီ သူပုန်အရေး၌လည်း မရှေးမနှောင်းပင် ရွေးချယ်စေလွှတ်ခံကြရလေသည်။ မကြာမီအတွင်း မောင်ဘမြင့်မှာ ရာဇဝတ်ဝန်ကလေးအဖြစ်သို့ တိုးမြှင့်ခန့်ထားခြင်းခံရ၍ မောင်စံဝင်းမှာလည်း အင်စပိတ်တော် ဖြစ်လာခဲ့လေပြီ။ သို့ပါသော်လည်း ၎င်းတို့နှစ်ယောက်လုံးမှာ မြမြအားစွဲလမ်းတပ်မက်နေကြသည့်အတွက်ကြောင့် အိမ်ထောင်မပြုကြသေးဘဲ လူပျိုကြီးအဖြစ်၌ပင် ရှိနေကြသေး၏။

မောင်ဘမြင့်နှင့် မောင်စံဝင်းတို့ သာယာဝတီသို့ ရောက်သွားကြသည့်အခါကမူ သူပုန်များမှာ အပြင်းထန်ဆုံး ထကြွလျက်ရှိသော အချိန်အခါဖြစ်၍ သစ်တောဘက်မှ မစ္စတာဖိုးကလပ်ကို လည်းကောင်း၊ ရဲအရာရှိနှစ်ဦးလုံးကို လည်းကောင်း၊ နယ်ဘက်မှ အရာရှိတစ်ယောက် နှစ်ယောက်ကို လည်းကောင်း ဖမ်းဆီးသတ်ဖြတ်ထားကြ၏။ သူပုန်များကို နှိမ်နင်းရန်မှာ စစ်တပ်၏ တာဝန်

mgyoe.com

mgyoe.com

ဖြစ်သော်လည်း စုံစမ်းထောက်လှမ်းခြင်းအလုပ်၌ မြန်မာအရာရှိများသာလျှင် တွင်ကျယ်အောင် အလုပ်လုပ်နိုင်သောကြောင့် မောင်ဘမြင့်နှင့် မောင်စံဝင်းတို့အား အထူးအလုပ်ဝတ္တရားနှင့် စေလွှတ်ထားခြင်း ဖြစ်လေသည်။ ၎င်းတို့မှာ စစ်ဗိုလ်များနှင့် တွဲဖက်လုပ်ကြရ၍ အသက်ကို စွန့်လွှတ်ကာ အမှုထမ်းရသော အကြိမ်ပေါင်းလည်း မနည်းပါးလှချေ။ ၎င်းတို့ ထမ်းရွက်ရသော တာဝန်ဝတ္တရားများမှာ စာဖွဲ့လောက်အောင်ပင် စွန့်စားခန်းများ ပါရှိသော်လည်း ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ မြမြနှင့် အဖြစ်အပျက်များကိုသာ ဖော်ပြရန် ဖြစ်သောကြောင့် သူပုန်အရေးကို အကျယ်တဝင့် ဖွဲ့နွဲ့ရေးသားရန် အလိုမရှိပေ။

သူငယ်ချင်းနှစ်ယောက်တို့သည် တစ်ယောက်နှင့်တစ်ယောက် အလွန်တရာ ရင်းနှီးချစ်ခင်လှသည်ဖြစ်၍ တစ်ယောက်၌ ခလုတ်တိုက်မိသော အဖြစ်အပျက်ကိုပင် တစ်ယောက်အား ပြန်၍ မပြောရလျှင် မကျေနပ်ချေ။ သို့ရာတွင် မြမြအား တစ်ယောက်တစ်နည်းစီ ကြံစည်ကြပုံများကိုမူ ဓမ္မတာသဘောအတိုင်း တစ်ယောက်ကိုတစ်ယောက် သိုဝှက်ထားကြ၏။ သာယာဝတီသို့ ရောက်နေကြသည့်အတွင်း၌ပင် စာပေးသူက ပေး၊ အောင်သွယ်လွှတ်သူက လွှတ်၊ လက်ဆောင်ပို့သူကပို့လျက် တစ်ယောက်တစ်မျိုးစီလုပ်၍ အားထုတ်နေကြ၏။ တစ်ယောက်၏အလုပ်ကို တစ်ယောက် ရိပ်မိဟန်ရှိသော်လည်း မေးလား မြန်းလား ထောက်လား လှမ်းလား မပြုလုပ်ကြချေ။ ၎င်းတို့နှစ်ယောက်အား ထောက်မချီးမွမ်းထိုက်သော အခြင်းအရာတစ်ခုမှာ ထိုသူနှစ်ယောက်တို့သည် ယခုအချိန်သို့တိုင်အောင် မြမြအတွက်နှင့် ပတ်သက်၍ တစ်ယောက်အား တစ်ယောက် ငြူစူဝန်တိုခြင်း အလျဉ်းပင် မရှိခဲ့ဖူးသေးချေ။ တစ်နေ့သ၌ မောင်ဘမြင့်မှာ သူပုန်များလက်တွင်းသို့ ပါသွားခဲ့ဖူးရာ မောင်စံဝင်းသည် မိမိ၏ အစ်ကိုအရင်းတမျှ ဝီရိယစိုက်ရုံမျှမက စစ်ဗိုလ်များရှိရာသို့ အသက်ကို စွန့်လွှတ်၍ မြင်းနှင့် တရကြမ်းစိုင်းကာ အကြောင်းကြား၍ စစ်သားများနှင့်အတူ သူပုန်စခန်းကို ဝိုင်းဝန်းတိုက်ခိုက်ခြင်းအားဖြင့် သူငယ်ချင်း၏အသက်ကို ကယ်ဆယ်ခဲ့ရဖူးလေသည်။ မောင်စံဝင်းမှာလည်း တစ်ခါက သူပုန်ယောင်ဆောင်လျက် သူပုန်များဘက်သို့ ရောနှောဝင်သွားရာ သူပုန်များက ၎င်း၏အကြံကို ရိပ်မိသဖြင့် ဖမ်းဆီးတုပ်နှောင်လျက် အလံတောင်သို့ ခေါ်ဆောင်သွားကြ၏။ ၎င်းတို့၏ အကြံမှာ ဆရာကြီးရှေ့တွင် မောင်စံဝင်းကို ရိုက်နှက်ညှဉ်းဆဲ၍ သိလိုရာအချက်များကို မေးပြီးမှ သတ်ပစ်ရန် ဖြစ်လေသည်။ မောင်ဘမြင့်သည် စစ်ကူတောင်းရန် အချိန်မရသည်နှင့် သန်းခေါင်ကျော် လင်းအားကြီးအချိန်တွင် သူပုန်စခန်းသို့ တစ်ယောက်တည်း တိတ်တဆိတ် ဝင်ရောက်ပြီးလျှင် သူငယ်ချင်းကို မြင်း

mgyoe.com

mgyoe.com

နှင့်တင်ကာ အတင်းခိုးယူခဲ့ရဖူးလေသည်။ ဤမျှလောက်တိုင်အောင် တစ်ယောက်ကို တစ်ယောက် ကူညီစောင့်ရှောက်ခဲ့ကြသော သူငယ်ချင်းနှစ်ယောက် ဖြစ်ပေ၏။

တစ်နေ့သ၌ မောင်ဘမြင့်သည် အစိုးရကိစ္စနှင့် ရန်ကုန်သို့ တနင်္ဂနွေတစ်ပတ်ခန့် သွားရောက်ရန် အမိန့်ရရှိ၍ သူငယ်ချင်းအား နှုတ်ဆက်ကာ ထွက်လာခဲ့လေ၏။ ခွဲခါနီးတွင် မောင်စံဝင်းက 'သူငယ်ချင်းရေ မြမြကို ကိုယ့်အတွက်ပါ ပိုပြီး ကြည့်ခဲ့စမ်းပါ' ဟု ပြောင်လှောင်ကာ မှာလိုက်ရာ မောင်ဘမြင့်က 'စိတ်ချ သူငယ်ချင်း၊ ဘယ်ဘက်မျက်လုံးက သူငယ်ချင်းအတွက် ရည်ရွယ်ပြီး ကြည့်ခဲ့မယ်' ဟု ရယ်မောကာ ပြန်ပြောလိုက်သေး၏။

ရန်ကုန်သို့ရောက်၍ အစိုးရကိစ္စကို တစ်နေ့အတွက် ပြီးစီးသည်နှင့် တစ်ပြိုင်နက် မောင်ဘမြင့်သည် မြမြအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် သွားရောက်လေ၏။ ကွဲကွာနေသည်မှာ အတန်ကြာပြီဖြစ်သောကြောင့် ရှင်လန်းဝမ်းမြောက်ဟန်ရှိသော မြမြ၏ မျက်နှာထားကို မောင်ဘမြင့်က အဓိပ္ပာယ်တစ်မျိုးကောက်လျက် အလွန်အားတက်နေလေ၏။ ရန်ကုန်၌ ရက်သတ္တတစ်ပတ်အတွင်း မောင်ဘမြင့်သည် မြမြနှင့် ဘိုင်စကုပ်ကြည့်ခြင်း၊ အင်္ဂလိပ်ကပွဲများသို့ သွားခြင်း၊ မြန်မာဇာတ်ပွဲများ ပြသခြင်း စသည်တို့ဖြင့် အလွန်ရွှင်မြူးနေရကား (၇) ရက်မျှသောအချိန်ကို (၇) မိနစ်မျှလောက်သာ မှတ်ထင်လိုက်မိ၏။

နက်ဖြန်သည်ကား မောင်ဘမြင့် ပြန်ရတော့မည့်နေ့ ဖြစ်၏။ မောင်ဘမြင့်သည် မြမြအား ချစ်ကြိုက်စကား ပြောခဲ့ဖူးသည်မှာ အကြိမ်ပေါင်း မရေမတွက်နိုင်တော့ချေ။ မြမြမှုကား ရယ်မောကာဖြင့်သာလျှင် ရွှတ်လျှော်လျှော် လုပ်ပစ်ခြင်းကဲ့သို့ အခံရခက်သော အရာမရှိဟူ၍ မောင်ဘမြင့် မှတ်ထင်မိ၏။ သာမညမိန်းမစားမျိုး ဖြစ်ခဲ့မူ မောင်ဘမြင့်သည် လျှော်ရွှတ်ရွှတ် လုပ်ဝံ့သူတစ်ယောက်ကို နောက်တောက်တောက် ပြုကျင့်ခြင်းအားဖြင့် တစ်လှမ်းတက်ရန် နားလည်သော်လည်း မြမြကိုမူကား ထိုကဲ့သို့ ပြုခြင်းငှာ မဝံ့သဖြင့် နှုတ်ခမ်းကို ကိုက်ကာ မှိုင်တွေချနေခဲ့ရသည်သာ များခဲ့လေသည်။

မပြန်မီတစ်နေ့၌ မောင်ဘမြင့်သည် မည်သို့ပင်ဖြစ်စေ၊ မြမြကို ပြောဦးအံ့ဟု စိတ်ထဲတင်းပြီးနောက် အခွင့်လည်း သာသည်နှင့် ဇွတ်မှိတ်၍ ပြောပြန်ရာ ထိုအကြိမ်တွင်မူကား မြမြသည် ကရုဏာသက်ဟန် အမူအရာနှင့် ရှေးကကဲ့သို့ လှောင်ပြောင်ခြင်းမပြုဘဲ စိုက်ငေးလျက် မျက်တောင်စင်းကာ နားထောင်နေလေ၏။ အားတက်လာသော မောင်ဘမြင့်က ပြောလိုက်သည့်စကားများမှာ ရေပက်၍ဝင်ရန် မရှိချေ။ အတိုချုံးလိုက်သော် မြမြသည် မောင်ဘမြင့်၏ စကား

mgyoe.com

mgyoe.com

ကို လက်ခံလိုက်လေပြီ။ ကြိုက်သော မိန်းမက စကားကို လက်ခံလိုက်သဖြင့် ဝမ်းမြောက်သူများမှာ ကမ္ဘာနှင့်အဝန်း ရှိကြပါ၏။ သို့ရာတွင် မောင်ဘမြင့်၏ ဝမ်းမြောက်ခြင်းကို မီနိုင်ကြမည် မထင်ပေ။ မြို့ပေါ်ရှိ ဟန်ဟန်ပန်ပန်လူများ အနက် ကျောင်းသားအရွယ် လူပျိုများမှသည် မုဆိုးဖိုနှင့် တစ်ခုလပ်များတိုင် အောင် မြမြကို မလိုချင်သူ မရှိအောင် ဖြစ်နေရသည့်အတွင်း မိမိအား ရွေး ချယ်လက်ခံလိုက်ခြင်းကဲ့သို့ ဖြစ်နေရကား မောင်ဘမြင့်၏ ဝမ်းသာခြင်းမှာ ခုနစ်ပြည်ထောင်မင်းများအနက် မင်းသမီးက ပန်းကုံးစွပ်ခြင်း ခံရသည့် မင်းသား၏ ဝမ်းမြောက်ခြင်းနှင့် နှိုင်းယှဉ်အပ်ပေသည်။

မောင်ဘမြင့် ပြန်သောအခါ၌ နှမဖြစ်သူ သန်းသန်းနှင့် မိဘများက ဘူတာရုံသို့ လိုက်ပို့ကြရာ ၎င်းတို့သည် မောင်ဘမြင့်၏ ရွှင်မြူးကြည်နူးလျက် ရှိသော မျက်နှာထားကို တွေ့မြင်ရခြင်းအားဖြင့် အကြောင်းမည်သို့ထူးလေ သနည်းဟု အမျိုးမျိုး တွေးတောကြ၏။ သန်းသန်းမှာမူ မောင်ဖြစ်သူက မိတ်ဖွဲ့ ပေးဖူးသဖြင့် မြမြကို သိကျွမ်းရသည့်ပြင် ၎င်းအား မိမိအစ်ကိုနှင့် မောင်စံဝင်း တို့နှစ်ဦးလုံးက ပိုးပန်းနေကြကြောင်းကိုလည်း ရိပ်မိသဖြင့် အဖြစ်အပျက် အမှန် ကို တွေးတောမိ၏။ သို့ဖြစ်၍ သန်းသန်းသည် မြမြကို မိမိ၏ အစ်ကို ရခဲ့လျှင် မောင်စံဝင်းမှာ မိမိအဖို့ မျှော်လင့်ဖွယ်ရာ ရှိလာပြန်ကြောင်းနှင့်လည်း စဉ်းစား မိ၏။

သာယာဝတီသို့ ဆိုက်ရောက်သောအခါ မောင်ဘမြင့်သည် မြမြ အကြောင်းကို မောင်စံဝင်းအား သူငယ်ချင်းတို့ဘာဝ ဝမ်းသာအားရ ပြောပြလို၏။ သို့ရာတွင် အားနာသောစိတ်ကလည်း အခက်ဖြစ်၍နေ၏။ မောင်စံဝင်းကမူ မောင်ဘမြင့်၏ မှိုရသော မျက်နှာထားကို မြင်ကာမျှနှင့် ဟုတ်တိုင်းမှန်ရာ တစ်ခါ တည်း တွေးမိ၏။

"ဘယ့်နှယ်လဲ သူငယ်ချင်း၊ နေရာကျခဲ့လား"

"အားတော့လည်း နာပါရဲ့ သူငယ်ချင်းရယ်"

"လုပ်မနေပါနဲ့ သူငယ်ချင်းရယ်။ ရသူ ယူတမ်းသဘောနဲ့ လည်ခဲ့ကြ တဲ့ မိန်းမတစ်ယောက်ကပဲ။ အမှန်ပြောရမှာဖြင့် ကိုယ်နဲ့ လွဲတဲ့အတူတူ ရခြင်း ရရင် သူငယ်ချင်း ရသွားတာ ဝမ်းသာပါတယ် သူငယ်ချင်းရယ်"

မောင်စံဝင်းမှာ ဝမ်းထဲ၌ မချိလှသော်လည်း သဘောထားကြီးသော လူတစ်ယောက် ဖြစ်သည့်အလျောက် နှမြောသောစိတ်ကို မျိုသိပ်ကာ အနည်း ငယ်မျှ ငြိုးစူဝန်တိုခြင်း မရှိဘဲ လက်ကိုဆွဲကာ အားရပါးရ ယမ်းခါလေ၏။

mgyoe.com

mgyoe.com

"ပြောလို့သာ ပြောရ။ သူငယ်ချင်းနဲ့ပဲ ထိုက်တန်ပါပေတယ် သူငယ်ချင်းရယ်။ ကျုပ်နဲ့ဆိုရင် အင်စပိတ်ကတော် ။ သူငယ်ချင်းနဲ့ဆိုတော့ ဝန်ထောက်ကတော်ပေကိုး။ ဖြစ်ထိုက်တဲ့ မိန်းမတစ်ယောက်ပါပေဗျာ၊ ရှားပါပေတယ်။ တကယ့်ကို ရှားပါပေတယ်"

မောင်ဘမြင့်မှာ မြမြအကြောင်းကို ချီးကျူးပြောဆိုသမျှသော စကားများသည် မိမိအဖို့ အလွန် နားဝင်ဆိမ့်လျက်ရှိရကား တပြုံးပြုံး တရွှင်ရွှင်နှင့် ဦးခေါင်းတဆတ်ဆတ် ရှိနေလေ၏။

"သူငယ်ချင်း ပြုံးပုံကြီးကိုက တယ်ရွှင်ပျပေတာဗျာ။ ဒါကြောင့်လည်း မြမြ မက်ပေတာ ထင်ပါရဲ့"

"ကြံဖန် မြှောက်နေတဲ့လူပဲဗျာ။ ဒီလို မိန်းမမျိုးရတဲ့ ငနဲဟာ ဘယ်မှာ မပြုံးဘဲ နေနိုင်ပါ့မလဲဗျ"

"ဟုတ်ပေဗျား ဟုတ်ပေ။ မြမြကို ကျုပ်တော့ ဘယ်လောက် မစွဲတယ် စွဲတယ် မပြောနဲ့တော့။ သူချစ်တဲ့လူကိုတောင် ကိုယ်က လိုက်ပြီး ချစ်ချင်သလို ဖြစ်နေပြီ။ ဟုတ်တယ်ဗျာ ကိုဘမြင့်၊ ခင်ဗျားကို ကျုပ် အရင်ကထက်တောင် ပိုချစ်လာပြီ"

"ဒါက ခင်ဗျား သဘောထားကြီးလွန်းလို့ဟာကိုးဗျ။ ဒီ့ပြင်လူဆိုရင် ကိုယ်ကြိုက်နေတဲ့ မိန်းမက ချစ်နေတဲ့ လူတစ်ယောက်ကို ဝင်ပြီး မချစ်နိုင်တဲ့ အပြင် သတ်တောင်ပစ်ချင်လိမ့်ဦးမယ် မှတ်တယ်"

"ဒီအချစ်မျိုးက ယုတ်ညံ့တဲ့ အချစ်မျိုးကိုးဗျ။ ကျုပ်တို့တော့ အမှန်ပါ နှမြောတာ အပထားပြီး ငြူစူခြင်းကင်းတဲ့အပြင် ပိုလို့တောင် ခင်ပါသေးရဲ့ဗျာ"

"တော်ပါပေဗျာ သာဓု၊ သာဓု တကယ်ချီးမွမ်းလိုက်ပါပေ့ဗျာ"

မောင်စံဝင်းသည် မောင်ဘမြင့်အပေါ်တွင် ရှေးကထက်ပင် ပိုမိုကြင်နာလာသည့် အထိမ်းအမှတ်များ တွေ့မြင်ရသောကြောင့် အထက်ပါ စကားတို့မှာ လောကဝတ် ပြောခြင်းမဟုတ်ကြောင်း ထင်ရှားပေသည်။ သို့သော် ဤသို့သော စိတ်ထားမျိုးမှာ လောကတွင် တကယ်ရှားပေလိမ့်မည်။

တစ်နေ့သ၌ မောင်စံဝင်းသည် မိခင် အသည်းအသန်ဖြစ်သည့်အကြောင်းကို ကြေးနန်းရသဖြင့် ခွင့် (၁၀) ရက်ယူ၍ ရန်ကုန်သို့ ပြန်ရလေ၏။ မောင်ဘမြင့်သည် မြမြထံ မှာထားရန်ရှိသော စကားများကို မှာကြားလိုက်သည့်ပြင် မြမြ အလွမ်းပြေကြည့်ရန် မိမိ၏ ဓာတ်ပုံတစ်ပုံကို ပေးအပ်လိုက်၍ မြမြ၏ ဓာတ်ပုံ တစ်ပုံကိုလည်း တောင်းယူခဲ့ဖို့ မှာလိုက်သေး၏။

"မြမြဆီ ကျုပ် တယ်ပြီး မသွားချင်ဘူးဗျာ"

mgyoe.com

mgyoe.com

"တစ်ခေါက်တည်းပါ သူငယ်ချင်းရယ်၊ ကျုပ် ဓာတ်ပုံပေးပြီး သူ့ဓာတ်ပုံတောင်းဖို့ တစ်ခေါက်တည်း သွားပေးပါတော့ ရှိကြီးခိုးပါရဲ့ဗျာ"

"ဒီလောက်တောင်ဖြစ်လို့ရှိမှ ဝင်ခဲ့ရတာပေါ့လေဗျာ"

၁

မြမြသည် မောင်ဘမြင့်၏ စကားကို လက်ခံပြီးသည့်နောက်၌ အိမ်ထောင်ရက်သားပြုဖို့ သင့်လျော်ပါမည်လောဟု အကြိမ်ကြိမ် ယုံမှားခြင်း ဖြစ်မိ၏။ မောင်ဘမြင့်မှာ ဆိုဖွယ်ရာ မရှိသည် မှန်သော်လည်း ၎င်း၌ မိဘများလည်း ရှိသေး၏။ နှမလည်း ရှိသေး၏။ လင်ဖြစ်သူက မည်မျှ စိတ်သဘောထားကောင်းစေကာမူ ယောက္ခမများ၊ ယောက်မများ ဖျက်သည့်အတွက်ကြောင့် မသင့်မတင့်ဖြစ်ကြရသော လင်မယားပေါင်းမှာလည်း လောက၌ မရှားချေ။ မောင်ဘမြင့်ကိုယ်တိုင်မှာပင် မရသေးခင်ဘဝ၌ ဖူးဖူးမှုတ်တော့မလောက် ပြုမူနေသော်လည်း အကြင်လင်မယားအဖြစ်သို့ ရောက်ပြီးသောအခါတွင် ဂျီး (ကြေး) ထူသော လင်မျိုးတစ်ယောက် ဖြစ်သွားလိမ့်မည် မဟုတ်ဟူ၍ မည်သူကမျှ တာဝန် မယူနိုင်ချေ။ မည်သို့ပင်ဖြစ်စေ၊ ယခု တစ်ကိုယ်တည်းနေထိုင်ရသော အဖြစ်မျိုးကဲ့သို့ လွတ်လွတ်လပ်လပ်နှင့် ထင်တိုင်းကြဲနိုင်တော့မည် မဟုတ်သည်မှာကား ဗေဒင်မေးဖို့ရာ မလိုချေ။ မိန်းမတို့မည်သည်မှာ ယောကျ်ားအားလုံးက လေးစားယုယခြင်းကို လိုလားနှစ်သက်မြဲ ဖြစ်ရကား အအိုကြီးဖြစ်သွားသောအခါ၌ ယခုကဲ့သို့ လူတိုင်းက ငမ်းငမ်းတက် ရှိနိုင်တော့မည် မဟုတ်သောကြောင့် လက်ရှိအခြေအနေသည် ထိုယုံမှားခြင်းကို သာ၍ လေးနက်စေသည်ဟု ဆိုရန်သာ ရှိပေသည်။

ယောကျ်ားတစ်ယောက်၏စကားကို လက်ခံပြီးသည့်နောက်မှ စိတ်ဒွိဟမကင်း ဖြစ်ရခြင်း၌ မြမြအဖို့ ယခုအကြိမ်သည် ပထမအကြိမ် မဟုတ်ချေ။ လွန်ခဲ့သောနှစ်က အရေးပိုင် မုဆိုးဖိုတစ်ယောက်၏ စကားကို လက်ခံပြီးသည့်နောက်မှ လင်ပါ သမီးနှစ်ယောက်နှင့်အတူ နေထိုင်ရမည့်အရေးကို စိတ်ကူး၍ မရနိုင်သောကြောင့် တစ်ကြိမ် စကားပျက်ခဲ့ဖူးရာ လွန်ခဲ့သော (၆) လခန့်ကလည်း တရုတ်ကပြား သူဌေးကလေးတစ်ယောက်အား 'ကောင်းပြီ' ဝန်ခံပြီးမှ မြန်မာစစ်စစ်မဟုတ်သော အဖြစ်ကို စိတ်ထဲတွင် ဆန့်ကျင်လာသည်နှင့် ဒုတိယအကြိမ် 'လှန်' လိုက်ရဖူးလေသည်။ ယခု မောင်ဘမြင့်နှင့် လက်ထပ်ရေးတွင်လည်း 'ဖြစ်နိုင်ပါမည်လော' ဟူသော ယုံမှားသံသယသည် တစ်ညထက် တစ်ညစဉ်းစားမိတိုင်း ကြီးလေးသည်ထက် ကြီးလေးလာခဲ့လေပြီ။

mgyoe.com

mgyoe.com

တစ်နေ့သ၌ မောင်ဘမြင့်၏နှမ သန်းသန်းသည် မြမြထံသို့ ရံဖန်ရံခါ အလည်လာတတ်သည်အတိုင်း ရောက်လာရာ မိန်းမတို့ဘာဝ ထွေရာလေးပါး စကားများကို ရယ်မောပြောဆိုနေကြ၏။ မြမြသည် မောင်ဘမြင့်၏ မိခင်ဖခင် များနှင့် ကိုယ်တိုင် မသိကျွမ်းသေးသည့်အတွက် ၎င်းတို့၏ စိတ်နေသဘောထား ကို သန်းသန်းထံမှ အမှတ်မဲ့ တီးခေါက်စုံစမ်းလေ့ရှိ၏။

"သန်းသန်းတို့မေမေက ကိုဘမြင့်နဲ့ သန်းသန်းကို ဘယ်သူ့ သာပြီး ချစ်သလဲ"

"မေမေက ကိုကို့ကို သာပြီး ချစ်တယ် မြရဲ့။ ဖေဖေကတော့ ကျွန်မ ကိုသာ ချစ်တယ်။ မေမေက သူ့သားကို ဘယ်လောက်များလဲဆိုတော့ သူ့ သား ပြောင်းရတဲ့မြို့ကို သူတစ်ယောက်တည်း လိုက်နေတာပဲ။ အခုတောင် သာယာဝတီနယ်ဆိုလို့ သူပုန်တွေနဲ့မို့လို့ လိုက်မဖြစ်လို့ နေတာ။ နို့မို့ရင် မေမေ ပါသွားတာ ကြာလှပြီ"

"နို့ မိန်းမရရင် ဘယ့်နှယ်လုပ်ပါ့မလဲ"

"မိန်းမရလည်း မေမေကတော့ ဘယ်တော့မှ သူ့သားနဲ့ မခွဲနိုင်ဘူးတဲ့။ သူ လိုက်နေမှာပဲတဲ့"

ထိုအခါ မြမြ မျက်နှာပျက်သွားသည်ကို သန်းသန်း မြင်လိုက်ရ၍ ရိပ် မိသည်နှင့် ...

"နို့ပေမဲ့ ကိုကိုကတော့ မိန်းမ ရရင် မေမေ့ကို ခေါ်မယ် မထင်ပါဘူး။ မေမေကလည်း သူ့သားက မခေါ်ရင် လိုက်မယ်မဟုတ်ဘူး"

၎င်းနောက်တွင် မိန်းမပျိုနှစ်ယောက်တို့သည် ဘိုင်စကုပ်အကြောင်း၊ အဝတ်အစားများအကြောင်း၊ ကောလိပ်ကျောင်းသူများအကြောင်း စသည်တို့ကို ပြောဆို၍ အချိန်တန်သည်နှင့် သန်းသန်းလည်း အိမ်သို့ ပြန်သွားလေ၏။

သန်းသန်း ပြန်သွားပြီးသည်နောက် မြမြသည် ပက်လက်ကုလားထိုင် ပေါ်တွင် ဆေးပေ့ါလိပ်ကြီးကို မှိန်းကာ စဉ်းစား စိတ်ကူးလျက်ရှိရာ နောက်ဆုံး၌ "ဟန်ပါ့မလားကွယ်တို့၊ တိုင်ပင်လိုက်စရာလည်း ဘယ်သူမှ မရှိ။ အကြံအိုက် ပါဘိနော်" ဟု သက်ပြင်းချကာ ညည်းတွားရင်း ဆေးလိပ်ကို ချထားလိုက်လေ၏။

"အလို ကိုစံဝင်း၊ ဘယ်တုန်းက ရောက်သလဲ။ လာပါ၊ ထိုင်ပါ။ လူကို တော်တော်ချောင်သွားပါကလား။ တော်တော်ပင်ပင်ပန်းပန်း အလုပ်လုပ်နေကြ ရတယ် မှတ်တယ်။ မတွေ့ရတာကြာလို့ ဝမ်းသာလိုက်တာရှင်"

မြမြသည် ထိုင်ရာမှထ၍ မောင်စံဝင်းအား ပျာပျာသလဲ ညွှန်ခံလေရာ မောင်စံဝင်းကမူ ရေးကကဲ့သို့ အရောတဝင် ခုံမင်ရင်းနှီးသော အမူအရာမျိုး

mgyoe.com

mgyoe.com

မရှိဘဲ ခပ်တန်းတန်း ခပ်တည်တည် မျက်နှာထားမျိုး ရှိလေ၏။ မြမြသည် မောင်စံဝင်း၏ အမူအရာ ပြောင်းလဲခြင်း၏ အကြောင်းရင်းကို ရိပ်မိသော်လည်း တည်ကြည်သော အမူအရာကို တည်ကြည်သော အမူအရာဖြင့် တုံ့ပြန်ခြင်း မပြုဘဲ ရှေးယခင်တုန်းကထက်ပင် အရောတဝင် ပြောချင်တိုင်းပြော၊ ရောချင်တိုင်း ရော၍ ကျောသပ်ရင်သပ် ပြုလုပ်လေ၏။ မောင်စံဝင်းက နှစ်ယောက်ထိုင် ဆိုဖာကြီး၏ အစွန်၌ထိုင်ကာ မြမြက မိမိနေရာမှ ထ၍ ဆိုဖာပေါ်သို့ ကူးပြောင်း ကာ နီးကပ်စွာ ထိုင်လေ၏။ မောင်စံဝင်း၏အကြံမှာ မောင်ဘမြင့် စေခိုင်း သည့်ကိစ္စကို အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်၍ ဆင်းပြေးခဲ့ရန် ဖြစ်လေ သည်။ သို့ရာတွင် မြမြက တောင်စကား မြောက်စကား ထွေရာလေးပါးတို့ ကို အမျှင်မပြတ်အောင် မေးချည်တစ်ခါ၊ ကိုယ်တိုင် ပြောချည်တစ်လှည့်နှင့် အူယားဖားယားလုပ်နေသောကြောင့် မိမိကိစ္စကို ပြောဖို့ အခွင့်မရအောင် ဖြစ်နေ လေ၏။

အမြှုကောင်းလှသော မြမြသည် သူပုန်များလက်ဝယ်သို့ မောင်စံဝင်း ရောက်သွားသည့်အကြောင်းကို သတင်းစာများတွင် ဖတ်ရဖူးသည်နှင့် အဖြစ် အပျက်အစုံအလင်ပြောပြရန် အတင်းတိုက်တွန်းလေရာ မောင်စံဝင်းမှာ မငြင်း သာသည်နှင့် ပြန်ပြောနေရ၏။ မောင်စံဝင်းအား ချီးကျူးထိုက်သော အချက် တစ်ခုမှာ မိမိအား မောင်ဘမြင့်က ကယ်ဆယ်ဖူးသည့် အဖြစ်အပျက်ကို ရည်းစား လုဘက်ပင် ဖြစ်သော်လည်း အနည်းငယ်မျှ သေးနုပ်ညံ့လျှော့အောင် မလုပ်ပေဘဲ မောင်ဘမြင့်အား လူစွမ်းကောင်းကြီးတစ်ယောက်အခြေသို့ရောက်အောင် မြှောက် တင်ပြောပြရုံမက ၎င်းနှင့်ရသော မိန်းမသည် ရှင်ဘုရင်၏ သမီးပင် ဖြစ်စေ ကာမူ ကံကောင်းသည်ဟု မှတ်ယူထိုက်ကြောင်းနှင့် ချီးကျူးပြောဆိုလေ၏။ သို့ပါသော်လည်း မြမြမှာမူ ထိခိုက်ဟန် လက္ခဏာမရှိဘဲ မထီတရီ မျက်နှာ ထားမျိုးနှင့် နားထောင်နေလေ၏။ ၎င်းနောက် မြမြက တောင်းပန်ချက်အရ မောင်ဘမြင့်အား မောင်စံဝင်းက ကယ်ဆယ်ရဖူးသည့်အဖြစ်အပျက်ကို ပြောပြ ပြန်လေရာ မောင်စံဝင်းသည် မိမိ၏ အပြုအမူကို သာမည အပြုအမူမျိုးလောက် လုပ်၍ ပြော၏။ သို့ရာတွင် မြမြကမူကား "ဟောဒါမှ ယောကျာ်းကောင်း ယောကျာ်းမြတ်၊ သတ္တိဗျတ္တိနဲ့ ပြည့်စုံတဲ့ ယောကျာ်း၊ မိန်းမတိုင်း မြတ်နိုးလောက် အားကိုးလောက်တဲ့ ယောကျာ်း" စသည်ဖြင့် အားရပါးရ မြှောက်တင် ချီးကျူး လေ၏။

ထိုအခါ မောင်စံဝင်းမှာ လွန်စွာ အံ့ဩမိလေတော့၏။ လွန်ခဲ့သည့်

mgyoe.com

တစ်ရက်နှစ်ရက်အတွင်း ၎င်းတို့အချင်းချင်း စာပေးစာယူ ပြုလုပ်ရင်း တစ်ယောက်နှင့် တစ်ယောက် အထင်လွဲလောက်သော ကိစ္စမျိုး ဖြစ်ပေါ်ခဲ့၍ ရန်လုပ်နေကြလေသလော ဟူ၍လည်း တွေးတောမိ၏။ သမီးရည်းစား အထင်လွဲကြ၍ ရှင်းလင်းရန်လိုခဲ့လျှင် သူငယ်ချင်းအတွက် မိမိက ကူညီ၍ ရှင်းလင်းပေးမည်ဟု မောင်စံဝင်း အကြံဖြစ်မိသေး၏။

"ကိုဘမြင့်က ဝင်ခဲ့ပါဆိုလို့ ဝင်လာခဲ့တယ် မြမြရဲ့၊ သူ့ဓာတ်ပုံ ပေးလိုက်တယ်။ မြမြဆီကလည်း ဓာတ်ပုံတစ်ပုံလောက် အလွမ်းပြေ ကြည့်ရအောင် တောင်းခဲ့ပါတဲ့ မှာလိုက်တယ်"

"အောင်မယ်၊ ရှင်က သူ ဝင်ပါဆိုလို့သာ ဝင်တယ်ပေါ့လေ။ ရှင့်သဘောနဲ့ဆိုရင် ဝင်မယ်တောင် မကြံတော့ဘူးပေါ့လေ"

"မြမြကလည်း မြမြရယ်။ ဒီကသဘောကို သိလျက်နဲ့။ ရန်လုပ်ဖို့တော့ မကောင်းပါဘူးဗျာ။ ကျွန်တော်က သစ္စာရှိတဲ့အကောင်မို့လို့။ မြမြတို့အကြောင်းကို သိပြီးတဲ့နောက် ဒီမျက်နှာကိုလည်း မကြည့်တော့ဘူး၊ ကိုယ့်မျက်နှာကိုလည်း မပြတော့ပါဘူးလို့ ရှောင်ရခြင်း ဖြစ်ပါတယ်"

"ကျွန်မကို မကြည့်ချင် မမြင်ချင်တော့ဘူးပေါ့လေ"

"မမြင်ချင်ပုံက တစ်မျိုးပါ မြမြရယ်။ မြမြလည်း အသိသားနဲ့"

"ယောကျ်ားများဟာ သိပ်စိမ်းလွယ်တာပဲ။ ဟိုတုန်းကတော့ မြမြကို မမြင်ရရင်ဘဲ သေရတော့မလေး၊ ဘာလေး ညာလေးနဲ့။ အခုတော့ လမ်းကြုံတာတောင် မဝင်တော့ဘဲ ရှောင်သွားဦးမလို့တဲ့။ တော်ကြပါပေ့ ရှင်တို့လူစု"

"တောက် ... ခက်လိုက်ပါဘိတော့နော်။ မမြင်ရရင် သေချင်တယ်ဆိုတာ။ အခု သာပြီးတော့ သေချင်သေးတယ် မြမြရဲ့။ တော်ပြီဗျာ မပြောတော့ဘူး။ စကားတွေ လွန်ကုန်တော့မယ်။ ရော့ ဓာတ်ပုံ"

မြမြသည် ဓာတ်ပုံကို လက်မှ ပုတ်ချလိုက်ပြီးနောက် မောင်စံဝင်းအနီးသို့ နီးသည်ထက်နီးအောင် ချဉ်းကပ်၍ မောင်စံဝင်း၏ပခုံးကို ကိုင်လျက် "ဟိုတုန်းက ကိုစံဝင်းပြောဖူးတဲ့ စကားတွေကို ပြန်ရုပ်သိမ်းလိုက်ပြီလား"

"ဒီအခြေကျမှ ဘယ့်နှယ်ဖြစ်နိုင်တော့မှာလဲ မြမြ။ ဒု-သ-န-သော အလုပ်မျိုး ကျွန်တော် ဝါသနာမပါပါဘူးဗျာ။ ကြိုက်လွန်းလို့ လဲသေရင် အသေခံတော့မယ်။ ကျွန်တော် သစ္စာတော့ မဖောက်တော့ပါဘူး"

"ဒု-သ-န-သော ဖြစ်ရအောင် ကျွန်မတို့က လင်မယား ဖြစ်သေးတာလည်း မဟုတ်။ လင်မယား ဖြစ်တော့မယ်လို့လည်း ကျွန်မ မကြံရွယ် ..."

"တကယ်ပြောနေတာလား မြမြ" ဟု မေးလျက် မောင်စံဝင်းသည်

mgyoe.com

ရွှင်ပြုံးသော မျက်နှာထားနှင့် မြမြအား မော့ကြည့်လိုက်ရာ မြမြကလည်း အလွန်ချိုသော မျက်နှာထားနှင့် ပြန်ကြည့်၍ ဦးခေါင်းကို ညိတ်ပြလေ၏။

"ကျွန်မ လက်ဆွဲအိတ်ကလေး မေ့ကျန်ရစ်ခဲ့လို့ မြမြရေ"

သန်းသန်းသည် အခန်းဝတွင် ရပ်၍ ကြက်သေ သေလျက် ကြည့်နေရာ မြမြနှင့် မောင်စံဝင်းတို့၏ မျက်နှာထားများကို လည်းကောင်း၊ မောင်စံဝင်း၏ ပခုံးပေါ်သို့ မြမြ၏လက် တင်ထားခြင်းကိုလည်းကောင်း၊ ကြမ်းပေါ်တွင် ကျနေသော မိမိအစ်ကို၏ ဓာတ်ပုံကို လည်းကောင်း မြင်လိုက်ရခြင်းအားဖြင့် မည်ကဲ့သို့ မှတ်ထင်လိမ့်မည်ဟု တွေးတောရန် မခဲယဉ်းလှချေ။ မြမြသည် သားရေအိတ်ကလေးကို ထ၍ ယူပေးလိုက်ရာ သန်းသန်းသည် အမျိုးမျိုးသော အကြောင်းတို့ကြောင့် ခေါင်းနပန်းကြီးနေသဖြင့် ကျေးဇူးတင်ပါသည် ဟူ၍မျှ ပြောရန် သတိမရနိုင်တော့ဘဲ တိုက်ပေါ်မှ ဆင်းသွားလေ၏။

မောင်စံဝင်းနှင့် မြမြတို့မှာ စကားလက်ခံသောအခြေသို့ ရောက်အောင် ဆက်လက်ခရီးသွားကြမည့်အကြောင်းကို ထုတ်ဖော်ရေးသားရန် လိုတော့မည် မဟုတ်ပေ။ နောက်ဆုံး၌ မြမြသည် မောင်ဘမြင့်နှင့် ထိမ်းမြားလက်ထပ်ရန် မဖြစ်နိုင်သည့် အကြောင်းပြချက်များ ပါရှိသည့် စာတစ်စောင်ရေးသား၍ မောင်စံဝင်း၏ လက်သို့ ထည့်လိုက်လေ၏။

မောင်စံဝင်းသည် မိခင်၏ ရောဂါသက်သာ၍ ခွင့်ရက်စေ့ကုန်သောအခါ သာယာဝတီသို့ ပြန်သွားလေ၏။ မောင်ဘမြင့်သည် မောင်စံဝင်းနှင့် တွေ့သည်နှင့်တစ်ပြိုင်နက် "ဘယ့်နှယ်လဲ သူငယ်ချင်းရေ၊ မြမြတစ်ယောက် ကျန်းကျန်းမာမာ ရှိရဲ့လား။ ဝဝဖြိုးဖြိုးပဲလား။ စားလို့ သောက်လို့ ကောင်းရဲ့တဲ့လား။ ကျုပ်ကိုများ သတိရရှာရဲ့လား။ ကျုပ်ဓာတ်ပုံကို ဘာပြောသေးသလဲ။ အကျည်းတန်လိုက်တာတဲ့လား" စသည်ဖြင့် ကရားရေသွန် လိုက်သကဲ့သို့ တစ်ခွန်းပေါ် တစ်ခွန်းဆင့်၍ တောက်လျှောက်ကြီး လေမပြတ်အောင် မေးမြန်းလေ၏။ မောင်စံဝင်းက မြမြ၏စာကို ထုတ်ပေးရာ မောင်ဘမြင့်သည် စာအိတ်ကို ယူ၍ အင်္ကျီအိတ်ထဲသို့ ထည့်ထားလိုက်ပြီးနောက် "ခု မဖတ်သေးဘူးဗျာ၊ နောက်မှ ဇိမ်နဲ့ ဖတ်ရမယ်။ အခုတော့ ခင်ဗျားပါးစပ်က စကားကို ကျုပ် ကြားချင်တယ်။ ပြောပြစမ်းပါဦးဗျာ။ ခင်ဗျားနဲ့ ဘယ်နေ့က တွေ့ခဲ့ရသလဲ။ ရောက်ရောက်ချင်း ခင်ဗျား သွားတွေ့သလား။ ကျုပ်ကို လွမ်းရှာလို့ ပိန်ချုံးနေရှာရော့သလားဗျာ။ ပြောစမ်းပါဦးဗျ။ ခင်ဗျားက ငုတ်တုတ်ကြီး လုပ်မနေစမ်းပါနဲ့၊ လူတစ်ဖက်သား ကြားချင်လိမ့်မယ်ဆိုတာ ခင်ဗျား မသိဘူးလား။ ကိုယ်ချင်းများလည်း စာကြည့်ပါဦး သူငယ်ချင်းရယ်"

"မဟုတ်ပါဘူး၊ သူ့စာကို ဖတ်စမ်းပါဦးဗျ"

mgyoe.com

mgyoe.com

"မဖတ်သေးဘူးဗျာ၊ နောက်မှ တဖြည်းဖြည်း ဖိမ်ခံဖတ်မယ်လို့ ပြောထားတယ် မဟုတ်ဘူးလား"

"မဟုတ်ဘူး သူငယ်ချင်းရဲ့။ သူ့စာကို အရင်ဖတ်စမ်းပါဦး။ နောက်မှ ကျုပ်ပြောစရာရှိတာ ပြောပါ့မယ်"

"တယ်ခက်တဲ့ လူတစ်ယောက်ပဲဗျာ။ မေးလို့ကို မရဘူး။ ကိုင်းဗျာ ဖတ်ပါတော့မယ်"

မောင်ဘမြင့်သည် စာကို ဖောက်ပြီးနောက် အနည်းငယ်ဖတ်မိလျှင်ပင် မျက်လုံးများ ပြူး၍လာ၏။ ဆက်လက်၍ ဖတ်သောအခါ ပါးစပ်ပါ ပြဲသွား၏။ ပြီးဆုံးသည်နှင့်တစ်ပြိုင်နက် မောင်စံဝင်း၏ မျက်နှာကို ရုတ်တရက်ကြည့်လျက် "ရှင်နှင့် တယ်စိတ်သဘောချင်း တိုက်ဆိုင်ပုံရသော လူဆိုတာ ဘယ်သူ့ဆိုတာလဲ ခင်ဗျားလား" ဟု မေးလိုက်၏။

မောင်စံဝင်းက ဦးခေါင်းကို ညိတ်လိုက်သောအခါ မောင်ဘမြင့်သည် ဒေါသကို မချုပ်တည်းနိုင်ဘဲ မောင်စံဝင်း၏ မျက်နှာကို လက်သီးနှင့် ကော်၍ သတ်လိုက်၏။ သို့ရာတွင် မောင်စံဝင်းက ပြင်ဆင်ထားသည့်အလျောက် ဦးခေါင်းငုံ့၍ ရှောင်လိုက်သဖြင့် ပခုံးကိုသာ ထိသွား၏။ သို့သော်လည်း ဒေါသမွှန်လျက်ရှိသော မောင်ဘမြင့်သည် မောင်စံဝင်းအား လက်သီးဖြင့် တစ်ချက်ပြီး တစ်ချက် ဆင့်ကာ ဆင့်ကာ လိုက်၍ ထိုးလေရာ မောင်စံဝင်းမှာ ပြန်လည်ထိုးကြိတ်ခြင်း မပြုဘဲ ရှောင်တိမ်းရုံမျှလောက်သာ ကာကွယ်နေသောကြောင့် သုံးချက်တွင် တစ်ချက်၊ လေးချက်တွင် တစ်ချက် ထိခြင်းအားဖြင့် နှုတ်ခမ်းများ စုတ်ပြတ်၍ မျက်စိတွင် အညိုအမည်းစွဲကာ မျက်နှာတစ်ခုလုံး ဖူးရောင်လျက်ရှိ၏။

ထိုအတောအတွင်း မောင်စံဝင်းက "ကျုပ် ပြောပါရစေဦး သူငယ်ချင်း၊ နားထောင်စမ်းပါဦး သူငယ်ချင်း" စသည်ဖြင့် ကာဆီး ကာဆီးနှင့် ပြောပါသော်လည်း မရချေ။ နောက်ဆုံး၌ ရဲအမှုထမ်းများ ပြေးလာ၍ ဖျန်ဖြေလိုက်သည်တွင်မှ လူကွဲ၍ သွားလေ၏။

တစ်နေ့သ၌ မောင်စံဝင်းနှင့် ရဲသားအချို့တို့သည် တစ်ခုသောစခန်းတွင် တပ်ချလျက်ရှိရာ အထက်အရာရှိကြီးက ထိုလမ်းသို့ သူပုန်များအလုံးအရင်းနှင့် ချီတက်လာမည်ကို သိရှိသောကြောင့် မောင်စံဝင်းတို့၏ စစ်တပ်ကလေးကို နောက်သို့ ဆုတ်ခွာရန် မောင်ဘမြင့်မှတစ်ဆင့် အမိန့်ပေးလိုက်၏။ မောင်ဘမြင့်သည် နောက်သို့ဆုတ်ရန် အမိန့်ကို အမှန်အတိုင်းမပေးဘဲ ထိုနေရာမှ ခုခံတိုက်ခိုက်ရမည့်အကြောင်း၊ မကြာမီ စစ်ကူများ စေလွှတ်လိုက်မည့်အကြောင်းနှင့် လိမ်လည်ကာ အမိန့်ပြန်လိုက်၏။

mgyoe.com

သူပုန်များသည် သတင်းအတိုင်း ထိုလမ်းမှ ချီတက်လာ၍ မောင်စံဝင်းတို့၏ တပ်ကလေးနှင့် ရင်ဆိုင်တိုက်ခိုက်ကြလေ၏။ သို့ရာတွင် ၃၀၀ နှင့် ၁၅ ယောက်လောက် တိုက်ခိုက်ရခြင်းဖြစ်သောကြောင့် မောင်စံဝင်းတို့ မရှုမလှ ခံနေရ၏။ စစ်ကူလာမည်ဟု မျှော်လင့်နေကြသော်လည်း မပေါ်လာချေ။ နောက်ဆုံး၌ လူ ၃ ယောက်မျှသာ ဒဏ်ရာများနှင့် လက်လွတ်ထွက်ပြေးလာကြလေရာ မောင်စံဝင်းမှာလည်း မျက်လုံးတွင် ဒဏ်ရာကြီးနှင့် မသေမရှင် လွတ်လာခဲ့ရလေ၏။

အထက်အရာရှိကြီးသည် 'မိမိ၏အမိန့်ကို အဘယ်ကြောင့် နားမထောင်လေသနည်း' ဟု မောင်စံဝင်းအား ကြိမ်းမောင်းလေရာ မောင်စံဝင်းက မောင်ဘမြင့်ထံမှ ရရှိသော အမိန့်ကို ပြန်ပြောသောကြောင့် မောင်ဘမြင့်မှာ အလိမ်ပေါ်လျက်ရှိ၏။ သို့ပါသော်လည်း ထိုကဲ့သို့ အမိန့်မပေးရကြောင်းနှင့် ငြင်းကွယ်သေး၏။

မောင်စံဝင်းသည် မျက်နှာတွင် အဝတ်ကြီးစည်းလျက် မောင်ဘမြင့်နှင့် တစ်ယောက်ချင်း တွေ့ဆုံခွင့်ရသောအခါတွင် မိမိသည် သူငယ်ချင်းအပေါ်၌ သစ္စာစောင့်စည်းခဲ့ပုံများကို ကျွန်ုပ်တို့ အထက်တွင် ရေးသားဖော်ပြခဲ့သည့်အတိုင်း ပြန်ပြောင်းပြောပြ၍ ဤမျှလောက် သစ္စာရှိသူတစ်ယောက်အား သွေးထွက်သံယိုဖြစ်အောင် ထိုးကြိတ်ရုံနှင့် အားမရနိုင်သေးဘဲ အသက်ဆုံးရှုံးအောင် ကြံစည်ရက်ခြင်းမှာ သူငယ်ချင်းတို့ ဝတ္တရား ပျက်ကွက်ကြောင်းနှင့် ညည်းတွားရေရွတ်ကာ ထုတ်ဖော်စွပ်စွဲလေ၏။

ထိုအခါ မောင်ဘမြင့်က "ကျွန်ုပ်မှားပြီ သူငယ်ချင်း၊ သည်းခံပါဗျာ။ သစ္စာရှိမှန်းကို မသိရလို့ ကြံစည်မိပါတယ်" ဟု ဝန်ချကာ တောင်းပန်လေ၏။ ၎င်းနောက် မောင်ဘမြင့်သည် အခန်းတွင်းသို့ ဝင်သွား၍ သေနတ်ကို ယမ်းထိုးပြီးလျှင် ရင်ဘတ်တေ့လျက် မောင်းဖြုတ်လိုက်လေ၏။

၀

မောင်စံဝင်းမှာ ရန်ကုန်ဆေးရုံကြီးသို့ ရောက်နေခဲ့လေပြီ။ ထိုအကြောင်းကို သန်းသန်းက ရှေးဦးစွာ ကြားသဖြင့် မြမြထံသို့ သွားရောက်အကြောင်းကြားလေ၏။ မြမြသည် မောင်စံဝင်း၏မျက်စိ ပျက်တော့မည်ဟု ကြားသိရသည်နှင့် တစ်ပြိုင်နက် "အောင်မယ်လေး တုတ်ဆွဲလို့ ပေါင်းရမယ်ဆိုရင် ကျွန်ုပ် ဘယ့်နှယ်လုပ်ပြီး ယူရမှာလဲ။ တော်ပြီ သန်းသန်းရေ၊ ဆေးရုံကို ကျွန်ုပ် မလိုက်တော့ဘူး" ဟု ငြင်းဆန်လိုက်လေ၏။

သန်းသန်းမှာမူ သူငယ်ချင်းဖြစ်သည့်အတိုင်း ဆေးရုံသို့ နေ့တိုင်းသွား၍

mgyoe.com

ကြင်နာ ယုယစွာ ပြုစုစောင့်ရှောက်ရှာလေ၏။ မြမြအကြောင်းကို မောင်စံဝင်း က မေးသောအခါ အလိုက်သင့် အလျားသင့် ပြန်ပြောရှာ၏။

နောက်ဆုံးတစ်နေ့၌ မောင်စံဝင်း၏ မျက်စိဒဏ်ရာမှာ လုံးဝပျောက်ကင်း၍ မျက်စိရော ဦးခေါင်းပါ ကောင်းမွန်လာသောအခါ ...

"သန်းသန်းရေ"

"ကိုစံဝင်း"

"ဇာတိဆိုတာ ဘာလဲ"

"ဇာတိ ဆိုတာ အစစ် ဆိုတာပေါ့ ကိုစံဝင်း"

"ပဝတ္တိ ဆိုတာကော"

"ပဝတ္တိ ဆိုတာ အတု ပေါ့"

"သန်းသန်းမေတ္တာက ဇာတိ"

"မြမြရဲ့ မေတ္တာက ပဝတ္တိ နော်။ သန်းသန်း နော် နော်"

[သူရိယမဂ္ဂဇင်း၊ အတွဲ (၂၂)၊ အမှတ် (၁၁)၊ မတ်လ ၁၉၃၉]

mgyoe.com

mgyoe.com

# ထင်းတုံးမြင့်တုံ မြက်မြင့်တုံ

ရန်ကုန်မြို့ ရဲမင်းကြီးသည် အလုပ်ခန်းအတွင်း၌ ကုလားထိုင်နောက်မှီကို မှီလျက် လေးနက်စွာစဉ်းစား စိတ်ကူးနေသည့် လက္ခဏာနှင့် ဆေးတံကို ယမ်းထည့်၍ တစ်ရှူဖွာပြီးလျှင် စကားတစ်ခွန်းချင်း ပြောဆိုလျက်ရှိစဉ် မြန်မာအရာရှိတစ်ယောက်သည် စားပွဲအနီးတွင်ရပ်ကာ မင်းကြီးပြောသောစကားများကို နားစိုက်မှတ်သားလျက် ရှိနေလေ၏။ ၎င်းအရာရှိမှာ စုံထောက်အင်စပိတ်တော်မောင်ကံထူးဖြစ်လေသည်။ မောင်ကံထူးသည် မန္တလေးမြို့ ဆပ်ကျောင်းမှဆပ်အင်စပိတ်တော် စာမေးပွဲကို အောင်ခဲ့ပြီးနောက် မြို့သိမ်၊ မြို့ငယ်များ၌ ဌာနာအုပ်အဖြစ်ဖြင့် အမှုထမ်းရွက်လျက်ရှိသည်။ အခြားသော အင်စပိတ်တော်များထက် အမှုစုံထောက်သည့် အရာဌာန၌ ထက်မြက်သော ဉာဏ်ပညာရှိခြင်း၌လည်းကောင်း၊ လူဆိုးတို့ကို ဖမ်းဆီးသည့် အရာဌာန၌ သူရသတ္တိနှင့် ပြည့်စုံခြင်း၌လည်းကောင်း၊ ခက်ခဲနက်နဲသော အမှုကြီးတို့၌လည်း ရုတ်တရက်စိတ်ပျက်လွယ်ခြင်းမရှိဘဲ စွဲမြဲသောလုံ့လဝီရိယနှင့် 'ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်' ဟူသော စကားကဲ့သို့ ပေါက်ရောက်အောင် ဆောင်ရွက်တတ်ခြင်း၌လည်းကောင်း၊ သိမ်မွေ့နက်နဲသည့် အမှုမျိုးတို့၌လည်း အထက်လူကြီးတို့အား ထိခိုက်ခြင်းမရှိစေဘဲ မိမိတစ်ကိုယ်တည်း တာဝန်ခံ၍ ထမြောက်အောင် ကြိုးဆောင်တတ်ခြင်း၌ လည်းကောင်း ထူးကဲသာလွန်လှပေသော အရာရှိတစ်ယောက်ဖြစ်လေရကား ရဲအရာရှိကြီး တစ်ဦးမှ တစ်ဦး၊ တစ်ဆင့်မှ တစ်ဆင့် ၎င်း၏အကြောင်းကို သိရှိကြသဖြင့် နောက်ဆုံး၌ ရဲမင်းကြီး၏နားသို့ ပေါက်ရောက်သည်တွင် ရဲမင်းကြီးသည် ၎င်းအား အထူးစုံထောက်အဖြစ်ဖြင့် မိမိ၏အပါးတွင်ထားပြီးလျှင် ခက်ခဲနက်နဲသော အမှုမှန်သမျှကို ၎င်းအား လွှဲအပ်လေ့ရှိလေ

mgyoe.com

mgyoe.com


သည်။ ခက်ခဲနက်နဲသည်ဆိုရာ၌ ရဲမင်းကြီးသည် သာမည ရာဇဝတ်ပြစ်မှုမျိုးကို မည်မျှပင် လျှို့ဝှက်နက်နဲစေကာမူ ၎င်းမောင်ကံထူး၏လက်သို့ အပ်နှင်းသည် မဟုတ်။ တိုင်းရေးပြည်ရေးနှင့် သက်ဆိုင်သည်ဖြစ်စေ၊ သို့တည်းမဟုတ် အစိုးရ အရာရှိတို့၏ ဂုဏ်ဒြပ်ကို ထိခိုက်သည်ဖြစ်စေ၊ ဗြိတိသျှအင်ပိုင်ယာ နိုင်ငံတော် ကြီးကို ထိခိုက်နစ်နာလောက်သည်ဖြစ်စေ ယင်းသို့သော အမှုမျိုးတို့၌သာလျှင် မောင်ကံထူးအား လွှဲအပ်ခိုင်းစေလေ့ရှိသည်။ အဆိုပါ အမှုမျိုးတို့မှာ လွန်စွာသိမ်မွေ့ နက်နဲလှသည် ဖြစ်သောကြောင့် အကယ်၍ အထမမြောက်ခဲ့ပါမူ ရာဇဝတ် ကောင်ကို မမိရုံမျှမက အတိုင်းတိုင်း အပြည်ပြည်မှ ရဲအရာရှိများက လှောင် ပြောင် ပြက်ရယ်ပြုကြမည်ကိုပင် စိုးရိမ်ရမည်ဖြစ်ရကား များစွာကျပ်တည်း ခဲယဉ်းသဖြင့် ဆင်ခြင်တုံတရား အများကြီးပိုလှသော အမှုမျိုး ဖြစ်ချေသည်။

မောင်ကံထူးမှာ အသက် (၂၅) နှစ် အရွယ်မျှသာ ရှိသေးသည်ဖြစ်ရာ အသားလတ်လတ် မတ်စောက်စွာရပ်လျက် ပြတ်သားသော စကားတို့ကို ပြော ဆိုတတ်သည့်ပြင် နှုတ်ခမ်းမွေးရေးရေးနှင့် အတော်ပင်ယဉ်ကျေးသော အရာရှိ ကလေးတစ်ယောက် ဖြစ်လေသည်။

မင်းကြီး ။ ။ "ဘုရင်ခံချုပ်ကြီးကို ဗုံးနဲ့ပစ်စဉ်က ဆုငွေ (၁၀၀၀၀ဝိ) ထုတ် တာတောင် တရားခံမပေါ်ဘူး မောင်ကံထူး"

ထူး ။ ။ "မှန်ပါ၊ မြန်မာပြည်မှာဖြစ်ရင် ပေါ်လောက်ပါတယ်ဘုရား"

မင်းကြီး ။ ။ (ပြုံးလျက်) "မောင်မင်း စုံထောက်ရလျှင် ပေါ်လိမ့်မယ်လို့ ဆိုချင်တယ်ပေါ့လေ။ သို့သော် သည်ဟာ ရှိစေ။ ကျွန်ုပ်တို့ စိုးရိမ်တာက သည်အတတ်ဟာ မြန်မာပြည်ကို ကူးစက်ပြီး လာမှာ စိုးရိမ်ရတယ် မောင်မင်း"

ထူး ။ ။ "မှန်ပါ စိုးရိမ်ရပါတယ် ဘုရား"

မင်းကြီး ။ ။ "ဂျာမနီပြည်က "ပါရာလိုက်" ဆိုတဲ့ လက်ပစ်ဗုံးကို 'နဟီ လစ်' ဆိုတဲ့ ကုလားလူမျိုး အသင်းသားများက မှာယူတယ်။ မှာယူကြောင်းကို ယခု ကျွန်ုပ်တို့က သတင်းရတဲ့အတွက် အကောက်ရုံးက စောင့်ပြီး ဖမ်းယူခဲ့တာ။ ဗုံးကတော့ဖြင့် မိပြီ။ သို့သော် ဗုံးမှာယူတဲ့လူစုကို မမိသေးဘူး။ သည်လူစုကို မမိသေးသမျှ ကာလပတ်လုံး ကိစ္စမပြီးဘူး မောင်ကံထူး။ နောက်တစ်ခါ မှာယူလို့ ယခုလို သတင်းမရခဲ့လို့ရှိရင် ရာဇဝတ် မှုကြီးများ ပေါ်ပေါက်ဖို့ ရှိတယ်။ ဒါကြောင့် ကုလားအသင်းကို မောင်မင်းမိအောင် ဖမ်းရမယ် မောင်ကံထူး"

mgyoe.com

mgyoe.com

ထူး ။ ။ “ကျွန်တော်မျိုး တတ်နိုင်သမျှ ကြိုးစားပါ့မယ်ဘုရား”

မင်းကြီး ။ ။ “ဒီဖုံးဟာက အင်မတန်ပြင်းထန်တဲ့ဖုံးမျိုး ဖြစ်တယ်။ ဒီဖုံး (၆) ခုလောက် ရန်ကုန်မြို့ပေါ်မှာ အရပ်အသီးသီးမှာ ပစ်ခွဲလိုက်လို့ရှိရင် အနည်းဆုံး မြို့ထက်ဝက်လောက် ပျက်စီးဖို့ရှိတယ် မောင်မင်း”

ထူး ။ ။ “ကြားဖူးပါတယ် ဘုရား”

မင်းကြီး ။ ။ “ယခုအခါ တိုင်းရေး ပြည်ရေးကလည်း လှုပ်လှုပ်ရှားရှား ရှိပြန်၊ ဘုရင်ခံချုပ်ကြီးကလည်း မကြာမီ ရောက်ပြန်မယ်ဆိုတော့။ အင်မတန်မှ စိုးရိမ်နေရတယ် မောင်ကံထူး”

ထူး ။ ။ “မှန်လှပါ”

မင်းကြီး ။ ။ “ငင်းလက်ပစ်ဖုံးကို ကျွန်ုပ်တို့ သိမ်းဆည်းထားရတာတောင် အင်မတန် တာဝန်ကြီးနေတယ်။ အဲဒါကြောင့် ၎င်းဖုံးနဲ့ တူအောင် နမူနာတစ်ခုလုပ်ကာ အစောင့်အကြပ်တွေနဲ့ ထားပြီး ဖုံးအစစ်ကိုတော့ တော်ရာမှာ ဝှက်ထားရတယ် မောင်ကံထူး၊ ကြားရဲ့လား”

ထူး ။ ။ “မှန်လှပါ”

မင်းကြီး ။ ။ “နဟီလစ်အသင်းသားများဟာ မဂိုလမ်းက ကော်စမိုပိုလီတန်ဆိုတဲ့ လူအမျိုးမျိုးပါဝင်တဲ့ ကလပ်တစ်ခုမှာ ညဥ့်အခါ စည်းဝေးကြတယ်လို့ ကျွန်ုပ်တို့ သတင်းရတယ်။ ၎င်းကလပ်မှာ လူကောင်းတွေလည်း ပါတယ်။ နဟီလစ်အသင်းသားလည်း ပါတယ်။ ဘယ်ဟာ လူကောင်း၊ ဘယ်ဟာ လူဆိုးဖြစ်တယ်ဆိုတာကို ကျွန်ုပ်တို့ အသေအချာ မသိရလေတော့ ဖမ်းဆီးဖို့ရာလည်း အင်မတန်မှ ခဲယဉ်းတယ် မောင်ကံထူး”

ထူး ။ ။ “မှန်လှပါ၊ ကျွန်တော်မျိုးက ၎င်းကလပ်ကို အမှတ်မဲ့သွားပြီး လူဆိုးလူကောင်း ခွဲခြားပြီး သိအောင်လုပ်ဖို့၊ သိရှိတဲ့အခါမှာ အရှင်ဘုရားထံ သတင်းပေးဖို့ သည်လို လုပ်ပါလားဘုရား”

မင်းကြီး ။ ။ “မှန်တယ်။ အဲသည်တော့ သည်ကိစ္စအတွက် လူဘယ်လောက်လိုသည်ဖြစ်စေ၊ ငွေဘယ်လောက် ကုန်သည်ဖြစ်စေ အရေးမကြီးဘူး။ သတင်းရရင် ပြီးရော။ မောင်မင်း ကြိုးစားလိုက်ပါ၊ ကြားလား”

ထူး ။ ။ “မှန်လှပါ”

mgyoe.com

mgyoe.com

ထိုနေ့ညသို့ မဂိုလမ်းရှိ ကော်စမိုပိုလီတန် အမည်ရှိ ဂုဏ်အသရေရှိ လူကြီးလူကောင်းအမျိုးမျိုးတို့ ပါဝင်ကြသည့် ကလပ်အတွင်း၌ အငြိမ့်ပွဲတစ်ခု ကပြလျက်ရှိရာ မြန်မာလူမျိုးဝတ်လုံများ၊ တရုတ်ကုန်သည်ကြီးများ၊ ကုလားလူမျိုး ဝတ်လုံကြီး၊ ကုန်သည်ကြီးများ အစရှိသည့် လူကုံထံတစ်စုတို့သည် မိမိတို့ခင်မင်ရာ အသီးသီးသော စားပွဲငယ်များတွင် ဝိုင်းဖွဲ့စားသောက်ကာ ပျော်ပါးလျက် ရှိကြလေ၏။ အခန်း၏တစ်ခုသော နံရံအနီး၌ မြန်မာလူမျိုး လူငယ်တစ်စုတို့သည် ဝီစကီနှင့် ဆိုဒါများကို သောက်စားလျက်လည်းကောင်း၊ တစ်ဖက်သော နံရံ၌ကား တရုတ်လူမျိုးတစ်စုသည် ဆတ်ချိုနုပါသော တရုတ်အရက်ဖြူများကို သောက်စားလျက်လည်းကောင်း၊ တစ်ခုသောထောင့်၌ကား ကုလားလူမျိုး လေးငါးယောက်တို့သည် ဘီယာပုလင်းများကို စားပွဲပေါ်၌တင်ကာ ပျော်ရွှင်စွာသောက်စားလျက် ရှိနေကြလေ၏။

(၉) နာရီကျော်အချိန်ခန့်တွင် ပုဆိုးရှည်၊ ခေါင်းပေါင်း၊ အုပ်ပေါင်း အစရှိသည်တို့ဖြင့် သပ်ရပ်ကောင်းမွန်စွာ ဝတ်ဆင်လျက်ရှိသော လူတစ်ယောက်သည် တုတ်ကောက်ကို ယမ်းကာ ပါးစပ်မှ တရှူးရှူးမြည်အောင် လေချွန်ပြီးလျှင် အရေးမကြီး ပမာဏမပြုသောအမူအရာနှင့် အခန်းတွင်းသို့ ဝင်လာပြီးလျှင် အငြိမ့်နှင့် မနီးမဝေး တစ်ခုသောထောင့်ရှိ စားပွဲ၌ ဝင်၍ ထိုင်ပြီးနောက် ဝီစကီ တစ်ခွက်ကို မှာယူကာ တဖြည်းဖြည်းသောက်လျက် ရှိလေ၏။ ထိုသူမှာ ကျွန်ုပ်တို့၏မိတ်ဆွေ မောင်ကံထူးပင် ဖြစ်လေသည်။

ယင်းကဲ့သို့ တဖြည်းဖြည်းသောက်နေစဉ် မောင်ကံထူးသည် ကုလားများ စုဝေးလျက်ရှိသော စားပွဲသို့ မကြာခဏ လှမ်း၍ အမှတ်မဲ့ စောင်းမြောင်းကာ အကဲခတ်လေရာ ကုလားလူမျိုးတို့မှာ အမည်အားဖြင့် မိမိသိပြီးသော လူများ သာလျှင် ဖြစ်သဖြင့် အခြေမပျက် စီးကရက်တစ်လိပ်ကို ညှိကာ သောက်ရှူလျက် ရှိနေပြန်လေ၏။ တစ်ခဏမျှကြာလျှင် အငြိမ့်မင်းသမီး၊ မင်းသားများ နှစ်ပါးသွားသည်ဖြစ်၍ အသင်းသားတို့သည် လက်ခုပ်လက်ဝါးတီးကာ သြဘာ ပေးရင် ဆုလာဘ်များပေးကမ်းလျက် ပျော်ရွှင်စွာ ရှိနေကြစဉ် ကုလားမတစ်ယောက်နှင့် ကုလားတစ်ယောက်သည် ကလပ်အခန်းတွင်းသို့ ဝင်လာကြပြီးလျှင် မောင်ကံထူး၏အနီး လစ်လပ်သော စားပွဲတစ်ခုတွင် ဝင်၍ ထိုင်ကြလေ၏။

မောင်ကံထူးလည်း အငြိမ့်ပွဲကို နှစ်သက်အားရသည့် လက္ခဏာနှင့် စိုက်ငေးကာ ကြည့်နေရာမှ နောက်ဝင်လာသူ နှစ်ယောက်တို့အား ကြည့်လိုက်ရာ တစ်ယောက်သောသူမှာ ဥရောပတိုက်သားသဖွယ် ကွတ်အင်္ကျီ၊ ဘောင်းဘီ စသည်တို့ဖြင့် သပ်ရပ်ကောင်းမွန်စွာ ဝတ်ဆင်ထား၍ အသက် (၃၀) အရွယ်ခန့်

mgyoe.com

mgyoe.com

ရှိသော ကုလားလူမျိုး လူချောလူလှတစ်ယောက်ဖြစ်ကြောင်း သိရှိရသည်နှင့် တစ်ပြိုင်နက် ၎င်း၏အင်္ဂါရုပ်ကို စိတ်၌ စွဲမြဲစွာ မှတ်သားထားပြီးလျှင် ၎င်း၏ အဖော်ကို ကြည့်မိပြန်လေ၏။ ထိုသူမှာမူ အသက် (၂၅) နှစ်ခန့်မျှရှိသော မဂို ကုလားမတစ်ယောက် ဖြစ်လေရာ မောင်ကံထူးသည် မိမိ၏ အလုပ်အကိုင်အား ဖြင့် လူပေါင်းစုံနှင့် ပေါင်းသင်းရ၍ အတွေ့အကြုံများသောသူတစ်ယောက် ဖြစ်ငြားသော်လည်း ဤမျှလောက် ချောမောလှပသော ကုလားမတစ်ယောက်ကို မည်သည့်အခါကမျှ မတွေ့မမြင်ခဲ့ဖူးချေ။ မောင်ကံထူးမှာ မိမိ၏အတွင်းစိတ် ကို သူတစ်ပါးတို့ မရိပ်မိစေခြင်းငှာ ဣန္ဒြေသည်တို့အရာ၌ ပထမတန်း ဖြစ်သည် မှန်သော်လည်း ၎င်းကုလားမ၏ ဆေးမဆိုးဘဲ ရဲရဲနီသောနှုတ်ခမ်း တို့ကိုလည်းကောင်း၊ ကျယ်ဝန်းမည်းနက်၍ အရောင်တဖျပ်ဖျပ်ထွက်သော မျက် လုံးများကို လည်းကောင်း၊ ဖြောင့်စင်းညီညာ အလွန်တရာ ပေါ်လွင်လှသော နှာတံကိုလည်းကောင်း၊ အနည်းငယ် ပြုံးရယ်လိုက်သည့်အခါ၌ ဖြူဝင်းညီညာ လွန်စွာ ပြောင်လက်သော သွားတို့ကိုလည်းကောင်း၊ မဆူလွန်း မကြုံလွန်း မနိမ့် လွန်း မမြင့်လွန်းဘဲ ပျော့ပျောင်းနုနယ် တင့်တယ်ခြင်းအမျိုးမျိုးနှင့် ပြည့်စုံ ပေသော ကိုယ်လုံးကိုယ်ပေါက်ကိုလည်းကောင်း တွေ့မြင်ရသောအခါ တော သားတစ်ယောက် ဆပ်ကပ်ကပွဲကို ပထမအကြိမ် ကြည့်ရှုရသည့်အခါ ပါးစပ်များ ဟ၍ အံ့သြသကဲ့သို့ အံ့သြစွာနှင့် စိုက်ငေးကာ ကြည့်နေမိလေ၏။

ကုလားမသည်လည်း မောင်ကံထူး၏ ဣန္ဒြေမဆည်နိုင်လောက်အောင် ချီးမွမ်းလျက်ရှိသော မျက်နှာထားကိုမြင်လျှင် စားပွဲပေါ်၌ မေးထောက်ကာ ခပ်ပြုံးပြုံးမျက်နှာဖြင့် **မောင်ကံထူးအား** ပြန်၍ ကြည့်လေ၏။ ၎င်းနောက် မိမိ နှင့်အတူဝင်လာသူ ကုလား**အား အူရဒူဘာသာ**ဖြင့်...

မ ။ ။ “ဟိုဘက်**စားပွဲက မြန်မာကို** ကြည့်စမ်း၊ ကျွန်မကို ငေးကြည့်နေ လိုက်တာ မျက်တောင်မခတ်ဘူး။ ကြည့်နော် ကျွန်မ မျက်စပစ်ပြ လိုက်မယ်”

ထိး ။ ။ “အလကားကောင်ပါ ဘီဘီရယ်။ အရေးလုပ်မနေပါနဲ့။ တိုင်ပင် စရာရှိတာကို တိုင်ပင်ကြရအောင်ဗျာ”

မ ။ ။ “အလကားအကောင်မှန်းတော့ သိပါတယ်။ ကျောက်ခဲမှာ နို့ညှစ် ရင် ရချင်ရမယ်။ ဒီအကောင်ဆီက ဘာမှ ထွက်မှာမဟုတ်မှန်းတော့ သိပါတယ်။ နို့ပေမဲ့ လူလုံး လူပုံ ချောလွန်းလို့ ဘယ်လိုအကောင် စားလဲလို့ အကဲခတ်နေတာပါ။ လူပုံကတော့ဖြင့် တယ်ပြီး ထုပုံ အပုံ မရဘူးရှင့်”

mgyoe.com

mgyoe.com

ထီး ။ ။ "အလကား အချိန်မဖြုန်းတီးစမ်းပါနဲ့ ဘီဘီရယ်။ တိုင်ပင်စရာ ရှိတာ တိုင်ပင်စမ်းပါဗျာ"

မောင်ကံထူးမှာ အိန္ဒိယပြည်သို့ပင် အမှုစုံထောက်ရန်အတွက် ရောက်ဖူးသည်ဖြစ်ရာ ကုလားဘာသာ (၃-၄) မျိုးကို အနည်းငယ်စီ နားလည်လေရကား ၎င်းတို့ပြောသောစကားများကို နားလည်သည်နှင့် "အာဂ ငနဲမပါတကား" ဟု စိတ်ထဲ၌ အောက်မေ့ပြီးလျှင် မိမိ၏မျက်နှာကို အငြိမ့်ပွဲဘက်သို့ လှည့်ပြီးနောက် ၎င်းတို့ပြောသောစကားများကို နားစိုက်ကာ ရှိနေခဲ့လေ၏။

ထီး ။ ။ (လက်ပတ်နာရီကို ကြည့်ပြီးနောက်) "(၁၁) နာရီ ထိုးသွားပြီ ဘီဘီရေ။ သည်အချိန်လောက်ဆိုရင် ဖုံးနမူနာတော့ဖြင့် ဒေးဗစ်လက်ကို ရောက်လောက်ပြီ ထင်တယ်။ ရဲကောင်များက ကျုပ်တို့မှာထားတဲ့ ဖုံးကို လမ်းတစ်ဝက်က ကြိုပြီး ယူနိုင်လေတော့ သူတို့အကြံပိလှပြီ ဆိုပြီး ဖုံးအစစ်ကိုတော့ ဝှက်ပြီးထား။ နမူနာကလေးနဲ့ ကျုပ်တို့ကို ထောင်ဖမ်းမယ်လို့ ကြံစည်တာကိုး ဘီဘီရဲ့"

မ ။ ။ "ကျွန်မတို့ လိုချင်တာကလည်း နမူနာကိုပဲ လိုချင်တယ်မဟုတ်လား"

ထီး ။ ။ "အစစ်ပေါ့ဗျ။ နမူနာရရင် ဖုံးထဲမှာ ဒိုင်းနမိုင်းထည့်ပြီး လုပ်လိုက်ရင် အလွယ်ကလေးဗျ"

မ ။ ။ "နမူနာကို ရအောင် ရှင် ဘယ်လိုဉာဏ်ဆင်ခဲ့သလဲ။ ပြောစမ်းပါရှင်"

ထီး ။ ။ "ဘာခက်သလဲဗျ။ သည်ထက်မက ခဲယဉ်းတဲ့ဥစ္စာတွေတောင် ကျုပ်ကြံပြီး ရအောင်ယူခဲ့တာ ဘယ်နှခါရှိပြီလဲ။ သည်လိုဗျ နမူနာကို ရဲမင်းကြီးက သူ့အိမ်မှာ မီးခံသေတ္တာထဲ ထည့်ပြီး ထားတယ်။ မီးခံသေတ္တာက သော့ကိုတော့ သူ့အိမ်မှာ ဘဏ္ဍာစိုးလုပ်တဲ့ အဗ္ဗဒူဆိုတဲ့ ကုလားက ကျုပ်တို့လူ ဖြစ်လေတော့ ဖယောင်းပုံနှိပ်ပြီး ယူ။ ၎င်းပုံစံအရ သော့တုတစ်ချောင်းလုပ်။ ဒီကနေ့ညတော့ ဂျင်မခါနာမှာ ကပွဲကြီးရှိလေတော့ မင်းကြီးရော၊ မင်းကြီးကတော်ရော ကလပ်ကို သွားကြရော။ ကျုပ်တို့လူများက မင်းကြီးအိမ်နဲ့ မနီးမဝေးမှာ မီးလန့်အောင် ရေနံဆီတစ်ပုံးကို မီးရှို့ရော။ သည်တော့ သူ့အိမ်မှာ စောင့်တဲ့ ဒရဝမ်တွေ၊ အစေခံတွေက မီးလန့်တဲ့ဆီကို ပြေးသွားကြရော။ သည်တော့ကာ အိမ်မှာ အဗ္ဗဒူတစ်ယောက်တည်းပဲ ကျန်ရစ်ကရော။ ကျန်ရစ်တော့ မီးခံသေတ္တာကို ဖွင့်။ နမူနာဖုံးကို ထုတ်ယူ။ ကျုပ်တို့လူစုဆီကို လက်ကမ်းပြီး ပေးလိုက်။ လက်ထဲရောက်ကရော မဟုတ်လား"

mgyoe.com

mgyoe.com

မ ။ ။ "ဘယ်အချိန်လောက် ယူဖို့ စီမံထားသလဲ"

ထီး ။ ။ "(၁၀) နာရီခွဲမှာ မီးလှန့်ဖို့ စီမံပြီးထားတယ်။ အခုအချိန်လောက်ရှိရင် လက်ပစ်ဗုံးနမူနာဟာ ကျုပ်တို့လူစုလက်ထဲ ရောက်ပြီ။ ခုလောက်ရှိရင် မော်တော်ကားပေါ်မှာ ပါသွားရောပေါ့ဗျာ"

မ ။ ။ "ဒါဖြင့် ပျောက်မှန်းကို သူတို့ တော်တော်နဲ့ မသိသေးဘူးပေါ့"

ထီး ။ ။ "နက်ဖြန်နံနက် မိုးလင်းလို့သိရင် ကံကောင်းပေါ့ဗျာ"

မ ။ ။ "နို့ ကျွန်မတို့နဲ့ ဗုံးနဲ့ ဘယ်နေရာမှာ ဆုံကြမလဲ"

ထီး ။ ။ "သပြေသာဆိုတဲ့ရွာမှာ ဆုံကြရလိမ့်မယ်"

မ ။ ။ "သည်ရွာက ဘယ်အနားမှာလဲ"

ထီး ။ ။ "ပြည်မြို့သွားတဲ့ မော်တော်ကားလမ်းပေါ်မှာ ရှိတယ်။ သည်ကနဲ့ မိုင် (၆၀) လောက် ဝေးလိမ့်မယ်"

မ ။ ။ "ဟိုမှာ ကျွန်မတို့လူစုတွေ အားလုံး စည်းဝေးမယ်လား"

ထီး ။ ။ "နံနက် (၄) နာရီလောက် ရောက်အောင် ကားနဲ့ သွားကြရလိမ့်မယ်"

ထိုခဏ၌ မောင်ကံထူးသည် ဘွိုင်ကုလားကို ခေါ်၍ မိမိသောက်ခဲ့သော ဝီစကီဖိုးကို ပေးချေပြီးလျှင် ကလပ်အခန်းတွင်းမှ ထွက်လာခဲ့လေ၏။

အပြင်သို့ရောက်သည်နှင့် တစ်ပြိုင်နက် မောင်ကံထူးသည် အနီးဆုံး တက္ကစီတစ်စီးပေါ်သို့ ပြေးတက်ပြီးလျှင် ရဲမင်းကြီး၏နေအိမ်သို့ မောင်းနှင်စေလေ၏။ နေအိမ်သို့ ရောက်သည့်အခါ အစေခံများအား "ဆယ်နာရီခွဲအချိန်ခန့်က အနီးအပါး၌ မီးလန့်ပါသလော" ဟု မေးမြန်းရာ မီးလန့်ကြောင်းနှင့် ထွက်ဆိုကြသည်တွင် "မည်သူများ သွားရောက် ကြည့်ရှုကြပါသနည်း" ဟု ထပ်လောင်း မေးမြန်းလေ၏။ ထိုအခါ အစေခံတို့က "အားလုံးပင် သွားရောက်ကြည့်ရှုကြ၍ အရေးမကြီးကြောင်း သိရှိရသည့်အခါမှ ပြန်လာကြောင်း" နှင့် ပြောပြကြသည်တွင် မောင်ကံထူးသည် မော်တော်ကားမောင်းသမားကို ဂျင်မခါနာသို့ လျင်မြန်စွာ မောင်းနှင်စေလေ၏။ ၎င်းတို့ ရောက်သောအခါ ရဲမင်းကြီးနှင့်တွေ့ဆုံရန် ကြိုးစားပါသော်လည်း ရဲမင်းကြီးသည် ဘိုမတစ်ယောက်နှင့် စကားပြောနေသည်ကို တွေ့သည်နှင့် ဘိုကြီးတို့မည်သည်မှာ အလုပ်ဝတ္တရားမည်မျှပင် အရေးကြီးသော်လည်း သခင်မများကို ကျေနပ်အောင် ဧည့်ခံရခြင်းအလုပ်မှာ အရေးအကြီးဆုံးဖြစ်ကြောင်း သိရှိရသည်နှင့် အခွင့်သာအောင်စောင့်ဆိုင်း၍နေပါက အချိန်လင့်၍သွားမည်ကို စိုးရိမ်သည်ဖြစ်သောကြောင့် ရဲမင်းကြီး၏နေအိမ်သို့ တစ်ဖန်ပြန်၍ မောင်းနှင်စေလေ၏။

mgyoe.com

mgyoe.com

ထိုနေရာသို့ရောက်လျှင် မောင်ကံထူးသည် ရဲမင်းကြီးအိမ်၌ ထားသော အလွန်အရေးကြီးသည့်အခါမှ အသုံးပြုရသည့် အထူးမော်တော်ကားကြီးကို မင်းကြီး၏အမိန့်နှင့် ထုတ်ယူလေ၏။ မောင်ကံထူးသည် ကားကြီးထဲသို့ ခေတ်ဆီများအပြည့်အစုံ ထည့်စေပြီးလျှင် အကူအညီအဖြစ်နှင့် ဌာနသို့ သွားရောက်၍ ရဲသားများကို ခေါ်ငင်နေခဲ့ပါလျှင် အချိန်ကုန်၍နေမည်ကို စိုးရိမ်သည်လည်း တစ်ကြောင်း၊ မိမိ၏အစွမ်းကို မိမိ ယုံကြည်အားထားသည်လည်း တစ်ကြောင်းကြောင့် မော်တော်ကားကို ကိုယ်တိုင်မောင်းနှင်၍ ပြည်လမ်းကြီးသို့ ထွက်လာခဲ့လေ၏။

မော်တော်ကားကြီးမှာ မြင်းကောင်ရေ (၁၂၀) အား ရှိသည်ဖြစ်၍ တစ်နာရီလျှင် မိုင်ပေါင်း (၈၀) မှ (၁၀၀) အထိ သွားနိုင်သည်ဖြစ်ရာ မောင်ကံထူးသည် လူသွားလူလာ ထူထပ်သော မြို့တွင်းလမ်းများကို ကျော်လွန်၍ ပြည်လမ်းကြီးပေါ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် တစ်နာရီလျှင် မိုင် (၅၀) ခရီးခန့်လောက်ရောက်အောင် ခပ်ပြင်းပြင်းမောင်းနှင်၍ သွားလေ၏။ မောင်ကံထူးမှာ အထူးစုံထောက်အဖြစ်ဖြင့် ၎င်းလမ်းကြီးတစ်လျှောက် အရေးကြီးသော အမှုများနှင့် ပတ်သက်၍ ကြိမ်ဖန်များစွာ သွားလာဖူးသူတစ်ယောက် ဖြစ်လေရကား လမ်းစခန်းများကို ကောင်းမွန်စွာ သိရှိသည့်ပြင် မည်သည့်ရွာသည် လမ်း၏ မည်သည့်ဘက်၌ တည်ရှိသည်။ မည်သည့်ရွာနှင့် မည်သည့်ရွာသည် ခရီးမည်မျှဝေးကွာသည်များကို သိရှိသည်ဖြစ်၍ ဖင့်နွှဲဆိုင်းတွခြင်းမရှိဘဲ သပြေသာရွာသို့ တိုက်ရိုက်မောင်းနှင်သွားလေ၏။

(၃) ချက်တီးအချိန် ကျော်လတ်သော် လမ်း၏အရှေ့ဘက်ရှိ သပြေသာရွာနှင့် တည့်ရာအရပ်သို့ ဆိုက်ရောက်ခဲ့ရာ မောင်ကံထူးသည် ကားကို အနည်းငယ် ကျော်လွန်မောင်းနှင်ပြီး လမ်းနံဘေးရှိ ချုံငယ်တစ်ခုအတွင်း၌ ဝှက်ထားခဲ့ပြီးလျှင် ရွာရှိရာသို့ ရေးရှု ခြေကျင်ထွက်လာခဲ့လေ၏။

လမ်းခရီး၌ လွှတ်ထားသော နွားတစ်အုပ်ကိုလည်းကောင်း၊ ရေပြည့်လျက်ရှိသော ကျင်းများ၊ ချိုင့်များကို လည်းကောင်း၊ ကွေ့ကောက်ကာ ရှောင်တိမ်းပြီးလျှင် မောင်ကံထူးသည် မိုင်တစ်ဝက်ခန့်မျှ သွားလတ်သော် အဝေးမှ မီးရောင်တစ်ခုကို တွေ့မြင်ရလေ၏။ ၎င်းမီးခွက်သည်ကား သပြေသာရွာအတွင်းရှိ တဲငယ်တစ်ခုမှ ထွန်းညှိ၍ထားသော မီးခွက်၏ အလင်းရောင်ပင် ဖြစ်ချေမည်ဟု တွေးဆခန့်မှန်းပြီးလျှင် မောင်ကံထူးသည် အလင်းရောင်ထွက်ပေါ်ရာသို့၏ ရေးရှုလျှောက်လာခဲ့လေ၏။

mgyoe.com

mgyoe.com

မောင်ကံထူးမှာ ကျွန်ုပ်တို့ သိရှိသည့်အတိုင်း ကော့စမိုပိုလီတန်ကလပ်သို့ ဝင်ခဲ့သည့်အခါက ခေါင်းပေါင်းအုပ်ပေါင်း၊ ပုဆိုးတောင်ရှည် အစရှိသည်တို့နှင့် ဝတ်ဆင်လျက် ထားခဲ့သည်ဖြစ်ရာ ၎င်းတို့ကို လဲလှယ်ရန် အချိန်မရခဲ့သည်ဖြစ်၍ ထိုအချိန်အခါတိုင်အောင် ဝတ်ဆင်လျက်ပင် ရှိနေသေးရကားချုံများ၊ ရေမြောင်းများကို ကျော်နင်းခုန်လွှားရသည့်အခါ၌ ဖိုသီဖတ်သီရှိသည်လည်း တစ်ကြောင်း၊ ရွာတွင်းသို့ ၎င်းအဝတ်အစားများနှင့် ဝင်သွားခဲ့သော် တစ်စုံတစ်ယောက်သောသူ မြင်ပါက ထူးဆန်းလှသည်ဟု မှတ်ထင်မည်ကို စိုးရိမ်ရသည်လည်း တစ်ကြောင်းကြောင့် ခေါင်းပေါင်း၊ ပုဆိုးတောင်ရှည်နှင့် အပေါ်ဝတ်အင်္ကျီများကို ချွတ်ပြီးလျှင် တစ်ခုသောချုံ၌ ဝှက်ထားခဲ့လေ၏။ ၎င်းနောက် မောင်ကံထူးသည် အတွင်းမှ ပါရှိသော ရှပ်အင်္ကျီနှင့် ဘောင်းဘီတိုကလေးဖြင့်သာလျှင် ဝတ်ဆင်လျက် ခြောက်လုံးပြူးသေနတ်ကို လက်မှကိုင်ပြီးလျှင် ခြေတစ်လှမ်းချင်း နားစွင့်ကာ တဖြည်းဖြည်း လျှောက်လာခဲ့လေ၏။

မီးရောင်ထွက်ပေါ်ရာအနီးသို့ ရောက်သောအခါ ၎င်းမီးရောင်မှာ မိမိတွေးထင်သည့်အတိုင်း ရွာ၏အစွန်၌ရှိသော ခနိမိုးသည့်အိမ်တစ်ဆောင် ပြတင်းပေါက်မှ ထိုးထွက်လျက်ရှိသော မီးခွက်ရောင်ဖြစ်ကြောင်း တွေ့ရှိလေရာ မောင်ကံထူးသည် ၎င်းမီးရောင်တွင် မိမိ၏ လက်ပတ်နာရီကို ကြည့်လိုက်သောအခါ (၃) နာရီခွဲနေကြောင်းကို တွေ့မြင်ရလေ၏။

ထိုအခါ မောင်ကံထူးသည် ဤအချိန်သည်ကား လူကောင်းသူကောင်းများ အိပ်ပျော်လျက်ရှိသောအချိန် ဖြစ်သည်။ ဤအိမ် တစ်အိမ်ထဲ၌သာလျှင် မီးထွန်းညှိလျက် ရှိရခြင်းမှာ မိမိချောင်းနေသော အသင်းသားများ စုဝေးရာဌာနဖြစ်ရမည်ဟု တွေးဆပြီးလျှင် သေနတ်ကို လက်တစ်ဖက်မှကိုင်လျက် ဝင်းထရံကို ဖြည်းညင်းပေါ့ပါးစွာ ကျော်နင်းခုန်သွားပြီးနောက် ဝင်းတွင်းသို့ ရောက်သွားလေ၏။

ထိုအိမ်မှာ နှစ်ထပ်အိမ်ကြီးဖြစ်လေရာ မောင်ကံထူးသည် လှေကားမှ မတက်ဘဲ ခေါင်တိုင်ကို တွယ်ဖက်၍ တက်ပြီးလျှင် မီးရောင်ထွက်ပေါ်ရာ ပြတင်းပေါက်မှ အိမ်အပေါ်ထပ်အတွင်းသို့ လှမ်း၍ ကြည့်လိုက်သည်တွင် အမိုးမှ တွဲရရွဲဆွဲထားသော လသာမီးအိမ်၏ အလင်းရောင်တွင် အသည်းနှလုံးတုန်လှုပ်ဖွယ် အခြင်းအရာများကို တွေ့မြင်ရသဖြင့် ကြက်သေ သေလျက် ရှိနေခဲ့လေ၏။

အခန်း၏အလယ် ကြမ်းပြင်ပေါ်၌ လူတစ်ယောက်သည် ပက်လက်လန်လျက် လဲနေရာ ကြမ်းပြင်တစ်လျှောက်၌ကား သွေးစက်တို့သည် အနှံ့

mgyoe.com

အပြားစွန်းပေလျက် ရှိလေ၏။ ထိုသူ၏ နဖူးပြင်၌ကား ဟက်ပက်ပြဲလျက်ရှိသော ဒဏ်ရာကြီးတစ်ခုသည် မြင်မကောင်း ရှုမကောင်းအောင် ရှိခဲ့လေရာ ထိုသူလဲနေပုံနှင့် ငြိမ်သက်စွာ ရှိနေပုံကို ထောက်ချင့်ရသော် အသက်လုံးလုံး ကုန်ဆုံးပြီဖြစ်ကြောင်းကို ခန့်မှန်းနိုင်ဖွယ်ရာ ရှိပေ၏။ ထိုသူမှာ အထက်သွားလေးချောင်းမျှ ကျွတ်ထွက်လျက်ရှိရာ အသက်ကုန်ဆုံးသည့်တစ်ခဏ၌ မိမိ၏ စိတ်တွင် မကျေမချမ်း ပြင်းထန်သောဝေဒနာကို ခံစားရသည်ဖြစ်၍ မျက်မှောင်ကြုတ်လျက်ရှိသည့်ပြင် နှုတ်ခမ်းတို့မှာ တစ်ကောင်သောခွေးသည် အခြားသော ရန်သူ ခွေးတစ်ကောင်ကို တွေ့မြင်ရသည့်အခါ၌ ဖြီး၍ ထားဘိသကဲ့သို့ သွားဖုံးများပေါ်သည့်တိုင်အောင် ဖြဲလျက်ရှိရကား အလွန်တရာ ကြောက်မက်ဖွယ်ကောင်းလှပေ၏။ ထိုသူ၏ မျက်လုံးတို့မှာလည်း မျက်ဖြူများပေါ်သည့်တိုင်အောင် ပြူးလျက် ထွက်ပြီးလျှင် မျက်နှာကြက်ကို စိုက်လျက် ကြည့်နေဘိသကဲ့သို့ ရှိလေ၏။ လက်ခြေတို့မှာလည်း ကြမ်းပေါ်၌ ကားရားကြီး ဖရိုဖရဲရှိနေခဲ့ပြီးလျှင် လက်ယာဘက် လက်မှာမူ စေ့စေ့ပါအောင် ဆုပ်ထားလျက် တစ်စုံတစ်ယောက်သောသူအား ထိုးခုတ်တော့မည်ကဲ့သို့ ချိန်ရွယ်ကာ ရှိနေလေ၏။

မောင်ကံထူးသည် ရောဂါအမျိုးမျိုးနှင့် သေဆုံးသော လူသေအမျိုးမျိုးကို တွေ့မြင်ဖူးခဲ့သည် မှန်၏။ သို့ရာတွင် နံနက်သုံးနာရီအချိန်ခန့်၌ တောရွာတစ်ရွာတွင် လူသူမရှိသော အိမ်ကြီးတစ်ဆောင်အတွင်း မီးခွက်ရောင်အောက်၌ ထိုကဲ့သို့သော အလောင်းကြီးကို တွေ့မြင်ရသောအခါ၌မူ ကြက်သီးမွေးညင်း ထမိလေ၏။

သို့ရာတွင် မောင်ကံထူးမှာ ကြာရှည်စွာ ကြောက်ရွံ့တတ်သောသူတစ်ယောက် မဟုတ်ချေ။ ထိုသူသည် အသက်မရှိကြောင်းကို မိမိ၏စိတ်၌ ကျေနပ်သည်နှင့်တစ်ပြိုင်နက် အခန်း၏အခြေအနေကို ကြည့်ရှုပြန်ရာ အခန်းတွင်း၌ အကြိတ်အနယ် ထွေးလုံး သတ်ပုတ်ထားကြသည့် လက္ခဏာနှင့် ဖျာရိုင်၊ သင်ဖြူး၊ လက်ဖက်ရည်ကြမ်းအိုး၊ လက်ဖက်ရည်ပန်းကန်၊ စားပွဲ၊ ကုလားထိုင် အစရှိသော အိမ်ထောင်မှုပစ္စည်းတို့သည် ဖရိုဖရဲ ကြဲလျက်ရှိသည်ကို တွေ့မြင်ရလေ၏။ အလောင်း၏အနီး၌လည်း သွေးစွန်းပေလျက်ရှိသော ဓားမြှောင်တစ်လက်နှင့် ဇာဝီတပ်ထားသော တုတ်ကြီးတစ်ချောင်း ရှိလေ၏။

သေသူအလောင်းမှာ ကုလားလူမျိုးတစ်ယောက် ဖြစ်လေရကား မောင်ကံထူးမှာ ဤအမှုသည် နဟီလစ် အသင်းသားတို့၏ လက်ချက်ပေတည်းဟု ယုံကြည်စိတ်ချလျက် ရွာသူရွာသားများကို နှိုးရသော် သင့်လျော်ချေမည်လောဟု တွေးတောမိရာ အကယ်၍ နှိုးခဲ့သော် မိမိအကြံအစည် ပျက်ပြားမည်ကို စိုးရိမ်

mgyoe.com

mgyoe.com

ရသည်ဖြစ်၍ မည်သည့်နည်းနှင့်မဆို နံနက်လင်းသည့်တိုင်အောင် စောင့်ဆိုင်းတော့မည်ဟု ဆုံးဖြတ်မိလေ၏။ ၎င်းနောက် လက်ပတ်နာရီကို ကြည့်လိုက်ရာ (၃) နာရီခွဲနေပြီဖြစ်၍ အသင်းသားတို့ ချိန်းဆိုထားသောအချိန်မှာ နာရီတစ်ဝက်ခန့်မျှသာ လိုတော့သည့်အကြောင်းကို သိရှိရလေ၏။

၎င်းနောက် မောင်ကံထူးသည် အလောင်း၏နံဘေး၌ ဒူးထောက်ပြီးလျှင် သက်သေခံပစ္စည်းများကို လုံလောက်စွာ ရရှိနိုင်စေခြင်းငှာ အလောင်း၏ အင်္ကျီအိတ်များကို လက်ဖြင့်စမ်းသပ်၍ ရှာဖွေသည်နှင့် တစ်ပြိုင်နက် အင်္ဂလိပ်ဘာသာဖြင့် ရုတ်တရက်...

"မတ်မတ်ရပ်လိုက်ပါ မောင်ကံထူး။ လက်ကိုလည်း မြှောက်လိုက်ပါ။ အဲ ဟုတ်ပြီ ကိုင်း ပြောတာကို စေ့စေ့နားထောင်။ မလှုပ်နဲ့နော် ငြိမ်ငြိမ်နေ။ တစ်ဆိတ်ကလေး လှုပ်လိုက်ရင် ခင်ဗျားဝမ်းဗိုက်ထဲကို ကျည်ဆန်သွင်းလိုက်မယ်။ နားလည်ရဲ့လား" ဟု အမိန့်ပေးသံကို ကြားသည်နှင့် မောင်ကံထူးသည် ခိုင်းစေသည့်အတိုင်း လက်နှစ်ဖက်ကို မြှောက်ပြီးလျှင် အသံကြားရာအရပ်သို့ လှည့်၍ ကြည့်လိုက်ရာ အလွန်တရာ အရုပ်ဆိုးလှသော ကုလားလူမျိုးတစ်ယောက်သည် ပြတင်းပေါက်ကိုမှီ၍ မတ်တတ်ရပ်လျက် လက်တစ်ဖက်မှ ခြောက်လုံးပြူးသေနတ်ကို ကိုင်ပြီးလျှင် မလွဲနိုင်လောက်သော နေရာဖြစ်သည့် မိမိ၏ဝမ်းဗိုက်ကို တည့်တည့်ချိန်ရွယ်ကာ ရှိနေသည်ကို တွေ့မြင်ရလေ၏။

ယင်းသို့ရှိစဉ် မောင်ကံထူးသည် ကုလားကြီး၏ ရုပ်အဆင်းသဏ္ဌာန်ကို သေချာစွာ ကြည့်ရှုမိရာ နဖူးမောက်မောက်၊ နှာယောင်ကောက်ကောက်၊ ရှေ့သွားကျဲကျဲ၊ မျက်စိမှာ တစ်ဖက်ကျဉ်း တစ်ဖက်ကျယ်ရှိလျက် အလွန်တရာ ပါးစပ်ပြဲလှသည့်အဖြစ်ကို တွေ့မြင်ရလေ၏။ အရုပ်အမောင်းမှာမူ မြင့်မြင့်မားမား တုတ်တုတ်ခိုင်ခိုင် ရှိသည်ဖြစ်၍ ကာယဗလနှင့် ပြည့်စုံသူဖြစ်ပေ၏။ ၎င်းနောက် ကုလားကြီးသည် အင်္ဂလိပ်ဘာသာဖြင့် ဆက်လက်၍...

"ကျုပ်နာမည်က ဘနာဂျီတဲ့။ နဟီလစ်အသင်းမှာ ခေါင်းဆောင်တစ်ယောက်ပဲ သိရဲ့လား။ ကျုပ်နာမည်ကို ရဲရဲတင်းတင်း ဖွင့်ပြီးပြောဝံ့တာ။ ခင်ဗျားက အံ့သြသလား။ မအံ့သြနဲ့ မောင်ကံထူး။ ခင်ဗျား ကျုပ်ကိုသိပေမဲ့ ကျုပ်အကြောင်းကို သတင်းပေးဖို့ အခွင့်ရတော့မှာ မဟုတ်ဘူး။ မကြာမီအတွင်း ဟောဟိုက ချက်တာဂျီနောက်ကို ခင်ဗျား လိုက်ရတော့မယ်။ အဲဒီအကောင်လည်း ကျုပ်တို့အသင်းသားပဲ။ နို့ပေမဲ့ သစ္စာဖောက်ချင်တဲ့ အကောင်မို့လို့။ ကျုပ်လက်နဲ့ အဆုံးစီရင်လိုက်ရတယ်။ ဟိုအကောင်သေပြီ မဟုတ်လား၊ ကြည့်

mgyoe.com

လိုက်စမ်း" ဟု ပြောသောအခါ မောင်ကံထူးသည် အကယ်၍ မိမိက လှုပ်ရှား ခဲ့ပါမူ ယိုးမယ်ဖွဲ့၍ သေနတ်ဖြင့် ပစ်သတ်မည်ကို စိုးရိမ်ရသည်ဖြစ်၍ လက်ကို မြှောက်မြဲတိုင်း မြှောက်ထားပြီးလျှင် ဦးခေါင်းကိုသာလျှင် အလောင်းရှိရာသို့ လှည့်၍ ကြည့်ရလေ၏။ မောင်ကံထူးမှာ မိမိအား အသင်းသားတို့သည် ထောင်၍ ဖမ်းခြင်းဖြစ်သည်ကိုကား တွေးမိလေ၏။ သို့ရာတွင် မည်ကဲ့သို့ ထောင်၍ ဖမ်း သည်ကိုမူ မတွေးတောတတ်ချေ။

ငင်းနောက် ကုလားကြီးက ဆက်လက်၍ "အမှန်ကို ပြောရမှာဖြင့် ခင်ဗျား ကားလမ်းပေါ်မှာ ဆိုက်လာတုန်းကတော့ ကျုပ်က ဘီဘီတို့ကား မှတ်ပေတယ်။ ဒါနဲ့ တစောင်းက ချောင်းပြီး ကြည့်နေတုန်း ခင်ဗျားက ကား ပေါ်က ဆင်းပြီးလာ၊ တော်တော်ကြာ ချုံတစ်ချုံနားရောက်တော့ အဝတ်တွေ ချွတ်ပြီး ဝှက်ထားခဲ့။ ကျုပ်က အဝတ်တွေကောက်ယူပြီး ခင်ဗျားအင်္ကျီအိတ် ထဲက စာတစ်စောင် ထုတ်ယူကြည့်တော့။ လား... လား... အထူးစုံထောက် မောင်ကံထူးဆိုပါကလား။ ခင်ဗျားနာမည်ကတော့ ကျုပ်တို့အသင်းက ကြားဖူး တယ်။ လူကိုသာ အခုမှ မြင်ဖူးတယ်။ သည်တစ်ခါမြင်ခြင်းဟာ ပထမမြင် ခြင်းလည်းဟုတ်တယ်။ နောက်ဆုံးမြင်ခြင်းလည်း ဟုတ်လိမ့်မယ် မောင်ကံထူး"

ယင်းသို့ ပြောဆိုလျက်ရှိစဉ် မောင်ကံထူးသည် ကုလားကြီး၏ အလစ် ကို ချောင်း၍ နေလေရာ မောင်ကံထူးသည် ထွေးလုံးသတ်ပုတ်သည့်အရာ ဌာန၌ ကျွမ်းကျင်လိမ္မာသူတစ်ယောက် ဖြစ်သောကြောင့် လက်ကို လက်ချင်း ပူး၍ သတ်ရသော် ကုလားကြီးကိုပင် နိုင်လောက်သော အစွမ်းရှိသည်ဟု ခန့်မှန်း မိလေ၏။ သို့ရာတွင် ကုလားကြီးသည် ခြောက်လုံးပြူးကို စိစိပါအောင် ဆုပ် ကိုင်လျက် မျက်တောင်မျှ မခတ်ဘဲ မိမိအား ကြည့်နေသည် ဖြစ်သောကြောင့် မောင်ကံထူးမှာ လစ်သောအကွက်ကို ရှာ၍ မတွေ့နိုင်ဘဲ ရှိလေ၏။

ငင်းနောက် ကုလားကြီးက "မောင်ကံထူး ညောင်းပြီလား။ ကုလား ထိုင်မှာ ထိုင်လေ။ လက်ကိုတော့ မချနဲ့နော်။ အဲ ဟုတ်ပြီ"

မောင်ကံထူးသည် ကုလားထိုင်တွင် ထိုင်မိသည်နှင့် တစ်ပြိုင်နက် ကုလား ကြီးသည် ခြောက်လုံးပြူးသေနတ်ကို လက်မှာ ကိုင်ပြီးလျှင် မောင်ကံထူး၏ အနီးသို့ ချဉ်းကပ်၍ မောင်ကံထူး၏ခါး၌ ထိုးထားသောသေနတ်ကို ထုတ်ယူပြီး နောက် စားပွဲပေါ်၌ တင်ထားလေ၏။ ငင်းနောက် အနီး၌ရှိသော ကြိုးတစ် ချောင်းကို ယူ၍ ကုလားကြီးသည် လက်တစ်ဖက်နှင့် မောင်ကံထူးအား ကုလား ထိုင်နှင့် ကပ်၍ တုပ်နှောင်လေ၏။ ယင်းသို့ ပြုလုပ်ရခြင်းမှာ လက်တစ်ဖက် တည်းနှင့် ပြုလုပ်ရခြင်းဖြစ်၍ အတော်အတန် ခဲယဉ်းလှသည်ဖြစ်ရာ မောင်ကံထူး

mgyoe.com

mgyoe.com


သည် ထိုအတွင်း၌ ကုလားကြီး၏အလစ်ကို ချောင်းပါသော်လည်း တစ်ချက်မျှ မလစ်ဘဲ ရှိနေလေ၏။

ငှင်းနောက် ကုလားကြီးက "ညောင်းတယ်လို့ မအောက်မေ့ပါနဲ့ မိတ်ဆွေ။ တော်တော်ကြာရင် ဒေးဗစ်တို့၊ အီဇရာတို့၊ ဘီဘီတို့ ရောက်လာကြပါလိမ့်မယ်။ သူတို့ရောက်တဲ့အခါမှာ ခင်ဗျားကို ဘယ်လိုစီရင်မယ်ဆိုတာ တိုင်ပင်ပြီး အမြန်ဆုံးနည်းနဲ့ ကျုပ်တို့ စီရင်ပေးပါ့မယ်" ဟု ပြောသောအခါ မောင်ကံထူးသည် ထိုအချိန်တိုင်အောင် စကားတစ်ခွန်းမျှ ပြောဖူးသေးသည် မရှိဘဲလျက် ထိုအခါမှ အင်္ဂလိပ်ဘာသာဖြင့် ခပ်အေးအေးနှင့်...

ထူး ။ ။ "ဘာဘူပြောတာကတော့ ဟုတ်ပါရဲ့ ဘာဘူ။ နို့ပေတဲ့ ကျုပ် တစ်ယောက်တည်းမဟုတ်ဘူး။ ကျုပ်မှာ လူတွေပါ သေးတယ်"

ကုလားကြီး ။ ။ (မောင်ကံထူးအား စေ့စေ့ကြည့်လျက်) "ကိစ္စမရှိဘူး ဆရာကြီး။ များများလာရင် များများသေမှာပဲ မှတ်ပေတော့"

ငှင်းနေ့နံနက် နေအရုဏ်တက်အချိန်ခန့်တွင် ကုလား (၃) ယောက်နှင့် ကုလားမ (၃) ယောက်တို့သည် သပြေသာရွာအတွင်း တစ်ဆောင်သောအိမ်ကြီး၏အခန်းတွင်း၌ ခရီးဆောင်လက်ဖက်ရည်ဘူးများမှ အငွေ့တချောင်းချောင်း ထွက်သော လက်ဖက်ရည်များကို ပန်းကန်ထဲသို့ငှဲ့ကာ သောက်သုံးလျက်ရှိကြရာ မနီးမဝေးရှိ ကြမ်းပြင်ပေါ်၌ကား ကုလားတစ်ယောက်၏ အလောင်းသည် ပက်လက်လှန်ကာရှိနေလျက် တစ်ခုသော ကုလားထိုင်ပေါ်၌ကား အထူးစုံထောက် မောင်ကံထူးသည် ကြိုးများနှင့် ကျပ်တည်းစွာ နှောင်ဖွဲ့ကာ ထားသည်ဖြစ်၍ ညောင်းညာလှသည် တစ်ကြောင်း၊ ချမ်းအေးလှသည် တစ်ကြောင်းကြောင့် ဖျော့တော့သော အရေအသားရှိလေ၏။ အီဇရာဆိုသူနှင့် ဘီဘီဆိုသူတို့မှာ ခရီးပြင်း မောင်းနှင်လာခဲ့ရသည်ဖြစ်၍ နွေးသော အဝတ်ထည်များကို ချွတ်ခွာပြီးလျှင် လက်ဖက်ရည်နှင့် မုန့်တို့ကို မြိန်ရှက်စွာ စားသောက်လျက်ရှိရာ ဒေးဗစ်ဆိုသူမှာမူ လက်ဖက်ရည်သောက်ရင်း ရံဖန်ရံခါ မသက်မသာ အကြံအိုက်သောမျက်နှာ ထားနှင့် ရှိနေလေ၏။ ဘနာဂျီဆိုသူ ကုလားမှာ ခြောက်လုံးပြူးသေနတ်ကို လက်တွင်ကိုင်လျက် အခန်းတွင်း၌ စင်္ကြံလျှောက်ရင်း မောင်ကံထူးအား စောင့်ကြပ်ကာ ရှိနေလေ၏။

လက်ဖက်ရည် သောက်သုံးကြပြီးနောက် အီဇရာဆိုသူက ဒေးဗစ်ဆိုသူ အား အူရဒူဘာသာဖြင့်...

"ဘယ့်နှယ်လဲ ဒေးဗစ်။ လက်ပစ်ဗုံးနမူနာ ကောင်းမွန်စွာ ရောက်ရှိပါသလား"

mgyoe.com

mgyoe.com

ဒေးဗစ်က ခပ်မှိုင်မှိုင်မျက်နှာထားနှင့် "ရောက်တော့ ရောက်ပါတယ်။ သို့သော် တစ်ခု ခက်နေတယ်"

"ဘာများ ခက်နေသလဲဗျ"

"ခလုတ်တစ်ခု ဖြုတ်လို့ မရတာက ခက်နေတယ်။ ဒီခလုတ်ဟာ ဘယ်အတွက် ထည့်ထားသလဲ ကျုပ်တို့ မပြောနိုင်ဘူး။ အလကားတပ်ထားတဲ့ ခလုတ်တော့ ဟုတ်မယ်မထင်ဘူး"

"ပြစမ်းပါဗျာ၊ ကျုပ် ကြည့်စမ်းပါ့မယ်"

ထိုအခါ ဒေးဗစ်ဆိုသူသည် အဝတ်များနှင့် ရစ်ပတ်၍ ထားသော လက်ပစ်ဗုံးကို မိမိ၏ အင်္ကျီအိတ်မှ ထုတ်ယူ၍ အီဗရာအား ပြလေရာ အီဗရာသည် ခလုတ်များကို လက်ဖြင့်စမ်းသပ်၍ ကြည့်ပါသော်လည်း တစ်ခုသော ခလုတ်မှာ မည်သည့်နည်းနှင့်မျှ လှုပ်၍ မရနိုင်အောင် မရွေ့မလျား ခိုင်မြဲစွာ ရှိနေသည်ကို တွေ့ရှိရလေ၏။ ထိုအခါ ဘီဘီဆိုသော ကုလားမက ခပ်ပြုံးပြုံး မျက်နှာထားနှင့် "ကျွန်မတို့ မိတ်ဆွေကြီးတော့ သိမှာပဲ၊ သူ့ကို အပြခိုင်းရရင် မကောင်းပေဘူးလား" ဟု ပြောသည်တွင် အီဗရာသည် ၎င်းအကြံပေးချက်ကို နှစ်သက်သည့် လက္ခဏာနှင့် မောင်ကံထူး၏ဘက်သို့ ရုတ်တရက်လှည့်၍ "ဟုတ်ပေသားပဲ။ ကျုပ်တို့ မိတ်ဆွေကြီးတစ်ယောက်လုံး ရှိလျက်နဲ့ မေ့နေတယ်။ ကိုင်း မောင်ကံထူး။ ဒီခလုတ်ကို ဘယ့်နှယ်ဖွင့်ရသလဲ ပြစမ်းလေဗျာ"

ထူး ။ ။ "ဘာကြောင့် ပြရမှာလဲ။ ကိုယ့်ဘာသာ ဖွင့်ပါလား"

အီဗရာ ။ ။ "ကောင်းကင်ဘုံကို ချောချောမောမော မသွားချင်ဘူးလား"

ထူး ။ ။ "မပြလည်း သေရမှာပဲ။ ပြလည်း သေရမှာပဲ။ အဲဒီလို အတူတူတော့ မပြဘူးကွာ။ မင်းတို့ဘာသာ ဖွင့်ကြ"

အီဗရာ ။ ။ (မျက်နှာထား တစ်မျိုးပြောင်းလျက်) "ပြပါလား ငါ့လူရယ်"

ထူး ။ ။ "မပြဘူးကွာ"

အီဗရာ ။ ။ "ပြမယ်ဆိုရင် ပြတတ်တယ် မဟုတ်လား"

ထူး ။ ။ "ပြချင်ရင် ပြနိုင်တယ်။ မပြဘူး"

အီဗရာ ။ ။ (အင်္ကျီအိတ်မှ ကတ်ကြေးငယ်တစ်စင်းကို ထုတ်ယူကာ မောင်ကံထူး၏အနီးသို့ ချဉ်းကပ်လျက်) "အချိန်ကုန်မခံပါရစေနဲ့ ငါ့လူရယ်။ ချောချောမောမော ခိုင်းတုန်းကို ပြလိုက်ပါ။ သေလို့မှ အလောင်းကို လှလှပပ မရလိုက်ရင် ဆွေမျိုးဉာတိတွေက ဆိုစရာ၊ ပြောစရာ ဖြစ်နေလိမ့်မယ်ဗျ။ ပြောရင် ပြော။ မပြောလို့ ရှိရင် ရှေးဦးစွာ လက်ယာဘက်နားရွက်ကို ဖြတ်မယ်။ နောက်

ပြီးတော့ လက်ဝဲဘက်နားရွက်ကို ဖြတ်မယ်။ ဒါနဲ့မှ မပြောသေးလို့ရှိရင် နှာခေါင်းကိုဖြတ်၊ နှုတ်ခမ်းကိုဖြတ်၊ အရှင်လတ်လတ် အကုန် လိုက်ဖြတ်ရလိမ့်မယ်။ သည်တော့ သေရမယ့်အတူတူ ပေမဲ့ အနာခံပြီး ရုပ်ပျက်ဆင်းပျက် အသေမခံချင်ပါနဲ့။ မောင်ကံထူး၊ ပြောသာ ပြောလိုက်ပါ"

ထူး ။ ။ "ဖြတ်ချင်ဖြတ် ငါမပြောဘူး"

ထိုအခါ အီဇရာသည် ကတ်ကြေးကို လက်တွင်ကိုင်လျက် မောင်ကံထူး၏အနီးသို့ ချဉ်းကပ်ပြီးလျှင် မောင်ကံထူး၏ လက်ယာဘက်နားရွက်ကို လက်တစ်ဖက်နှင့် ကိုင်ပြီးနောက် ကတ်ကြေးနှင့် ရွှိခနဲ ကိုက်ညှပ်လိုက်ရာ နားရွက်သည် ပြတ်၍ လက်တွင်းသို့ ပါသွားသဖြင့် သွေးတို့သည် မောင်ကံထူး၏ ပါးပြင်မှ တစ်ကိုယ်လုံး အနှံ့အပြား စီးဆင်းလေ၏။ မောင်ကံထူးမှာ နာကျင်လှသဖြင့် မအော်ဟစ်သော်လည်း ကျိတ်၍ခံရသဖြင့် မျက်နှာများပျက်၍ သွားရှာလေ၏။

အီဇရာ ။ ။ (နားရွက်ပြတ်ကို လက်တွင် ကိုင်တွယ်လျက်) "ဘယ့်နှယ်လဲ မောင်ကံထူး၊ ပြောတော့မှာလား၊ ဖြတ်ရဦးမှာလား"

ထူး ။ ။ "ဖန်ပြာခွက်နဲ့ ကျောက်စက်ရေ၊ အမောပြေအောင် တိုက်ပမလေး။ ဘယ်ဘက်က ယိမ်းယိမ်း၊ ညာဘက်က ယိမ်းယိမ်း။ ခွပ်လိုက်ကြစို့ သူငယ်ချင်း။ အောင်အစ်အစ်အွတ်" ဟု ကတောက်ကတက် ရေရွတ်ပြီးနောက် မျက်စိကိုမှိတ်၍ ထားလေ၏။

အီဇရာ ။ ။ "ဘယ့်နှယ်လဲ ပြောတော့မှာလား"

ထူး ။ ။ "ကုသိုလ်ရေးမို့ ကြိုးစားပါ။ ကျွန်တော်တို့မှာ ချွေးတလုံးလုံး"

အီဇရာ ။ ။ "ကောင်းကောင်း သတိမရဘူးလား။ ရူးသွားပြီလား။ ဘယ့်နှာလဲဟေ့။ ပေးလိုက်စမ်း ဗုံးနမူနာ သူ့လက်ကို ပေးလိုက်စမ်း။ ပြကောင်း ပြလိမ့်မယ်"

ထိုအခါတွင် ဘနာဂျီဆိုသော ကုလားသည် မောင်ကံထူး၏ လက်ယာဘက်လက်တွင် တုပ်နှောင်ထားသော ကြိုးများကို ဖြေပြီးနောက် ဗုံးကို လက်တွင်းသို့ ထည့်လိုက်သည်တွင်

အီဇရာ ။ ။ "ကိုင်း ပြမှာဖြင့် ပြနော်။ မပြရင် ဖြတ်လိမ့်ဦးမယ်"

ထူး ။ ။ (မှိတ်ထားသော မျက်စိများကို ရုတ်တရက် ဖွင့်ပြီးလျှင်) "ပြရပေတာပေါ့ မိတ်ဆွေတို့၊ ပြရပေတာပေါ့။ သို့သော် မင်းတို့ထင်တဲ့အတိုင်း သည်က ဗုံးဟာ နမူနာ မဟုတ်ဘူးကွဲ့။ လက်ပစ်ဗုံးအစစ်ပဲကွဲ့။ ကြည့်... ငါက ခလုတ်ကို နှိပ်လိုက်

mgyoe.com

မယ်"ဟု ပြော၍ ခလုတ်ကို နှိပ်လိုက်ရာ ချောက်ခနဲ မြည်သံကို ကြားကြရပြီးနောက် ခလုတ်တစ်ခုသည် ပွင့်၍ လာလေ၏။ ကုလားတစ်စုတို့လည်း စိုက်ငေးကာ ကြည့်နေကြရာ...

ထူး ။ ။ "အခုနေအခါမှာ ဗုံးကို ငါ့လက်က လွှတ်ချလိုက်ရင် ဘာဖြစ်မလဲ သိကြရဲ့လား။ မင်းတို့လည်း သေမယ်။ ငါလည်း သေမယ်။ သပြေသာရွာတစ်ရွာလုံး စိစိညက်ညက် ကြေသွားမယ် သိကြရဲ့လား။ ကိုင်း သည်တော့ မလှုပ်ကြနဲ့နော်။ မင်းတို့အထဲက တစ်ယောက်ယောက်က နည်းနည်းကလေး လှုပ်လိုက်လို့ရှိရင် ငါက ဗုံးကို လွှတ်ချလိုက်မယ်။ မသေချင်ကြရင် ငါပြောတာကို နားထောင်ကြ။ မလှုပ်ကြနဲ့ ကြားလား"

ထိုအခါ ကုလားသုံးယောက်တို့နှင့် ဘိဘိဆိုသော ကုလားမတို့မှာ ကြက်သေ သေလျက် ဗုံးကို ကိုင်ထားသော မောင်ကံထူး၏ လက်ကိုသာလျှင် စိုက်ငေးကာ ကြည့်နေကြလေ၏။

ထူး ။ ။ "ဟေ့ အီဇရာ"

အီဇရာ ။ ။ "ခင်ဗျာ"

ထူး ။ ။ "မင်းက ငါ့နားရွက်ကို ကိုက်ဖြတ်တဲ့ အကောင်ကိုးကွဲ့။ လာစမ်း သည်အနားကို"

အီဇရာသည် မလှုပ်မရှား ရှိနေလေ၏။

ထူး ။ ။ "ဟေ့အကောင် မလာဘူးလား"

အီဇရာသည် တဖြည်းဖြည်း တရွေ့ရွေ့ ချဉ်းကပ်လာလေ၏။

ထူး ။ ။ "ကြိုးတွေ ဖြေစမ်း"

အီဇရာသည် မောင်ကံထူးအား တုပ်နှောင်၍ထားသော ကြိုးများကို ဖြေလျက်ရှိစဉ်...

ထူး ။ ။ "ငါ့လက်ကို မထိစေနဲ့နော် သတိထား။ လွှတ်ကျသွားရင် အားလုံး သေကုန်ကြမယ်"

အနှောင်အဖွဲ့မှ လွတ်မြောက်သောအခါ...

ထူး ။ ။ "ဒီဗုံးဟာ မင်းတို့မှာတဲ့ ဗုံးပဲ။ ဒီဗုံးအကြောင်းကို မင်းတို့ သိတယ်မဟုတ်လား။ ငါ့စကားကို မင်းတို့ နားထောင်ကြတာ ကံကောင်းတယ်။ နို့မို့ဖြင့် အားလုံး သေကုန်ကြမယ်။ ကိုင်း လာကြ လာကြ။ ရွာသူကြီးအိမ်ကို သွားကြရမယ်။ ပြေးမယ်လို့များ မကြံကြနဲ့နော်။ တစ်ယောက်ပြေးရင် အားလုံး သေပြီသာ မှတ်ပေတော့"

mgyoe.com

mgyoe.com

မောင်ကံထူးသည် ကုလားများအား ရှေ့မှ သွားစေပြီးလျှင် မိမိမှာ ၎င်းတို့၏နောက်မှ ဗုံးကို ကိုင်ကာ လိုက်ပါလျက် ရွာသူကြီးအိမ်သို့ ရောက်သော အခါ ၎င်းတို့ကို ရွာသူကြီးလက်သို့ အကျဉ်းသမားအဖြစ်ဖြင့် အပ်နှံလေ၏။ ၎င်းတို့အားလုံး ချုပ်နှောင်ပြီးမှ မောင်ကံထူးသည် လက်မှ ဗုံးကို ပစ်ချလိုက်ရာ ဗုံးသည် ပေါက်ကွဲခြင်း မရှိချေ။ အကြောင်းမူကား ၎င်းမှာ နမူနာမျှသာ ဖြစ်သောကြောင့်ပေတည်း။

[ဒဂုန်မဂ္ဂဇင်း၊ အမှတ် (၁၀၂)၊ ဖေဖော်ဝါရီ ၁၉၂၉]

mgyoe.com

mgyoe.com

# ဝှက်ကပြီ ဖော်ရော့

ကျွန်တော်သည် မန္တလေးမြို့ ပွဲကုန်းရပ် သစ်ပွဲစားကြီး ဦးထွန်းကျော်၏ တစ်ယောက်တည်းသောသားဖြစ်၍ အင်္ဂလိပ်ကျောင်း၌ ပညာသင်ကြားလျက်ရှိသည်။ မိဘနှစ်ပါးတို့သည် ရုတ်တရက် ရောဂါဖြင့် တစ်လအတွင်း သေဆုံး၍သွားကြသည်တွင် ကျွန်တော်မှာ လူလား မမြောက်တမြောက်အရွယ်၌ ဥစ္စာကြေးငွေ အမွေအနှစ် အမြောက်အမြားကို လက်ခံရရှိခဲ့လေ၏။ ထိုအခါ ကျွန်တော်သည် ဖခင်၏လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ရန် မိတ်သင်္ဂဟအပေါင်းတို့က တိုက်တွန်းနိုးဆော်ကြပါသော်လည်း ပညာရေး၌သာလျှင် လုံးပန်းခဲ့၍ ဖခင်၏လုပ်ငန်းဆိုင်ရာ၌ အနည်းငယ်မျှ လေ့လာဆည်းပူးခဲ့ခြင်း မရှိသည့်ပြင် အသက်မှာ (၁၈)နှစ်မျှ ရှိသေး၍ ငယ်ရွယ်နုနယ်သေးသည် တစ်ကြောင်း၊ မိဘများအတွက် စိတ်လက်မကြည်လင်ရှိသည်လည်းတစ်ကြောင်း၊ ရောင့်ရဲတင်းတိမ်လွယ်သော သဘောရှိ၍ မိဘများထားခဲ့သော ပစ္စည်းသည် ကျွန်တော်၏လက်ထက်၌ စားသုံး၍ မကုန်နိုင်အောင်ရှိပြီဟု မှတ်ထင်ခဲ့သည်လည်း တစ်ကြောင်းကြောင့် ရှိသမျှ ပစ္စည်းများကို အတယ်တိုက်၌ အပ်နှံပြီးလျှင် မြန်မာပြည်အတွင်းရှိ စေတီပုထိုးများကို လှည့်လည်ဖူးမြော်ရင်း ဒေသန္တရ ဗဟုသုတကို ဆည်းပူးရန် ပြင်ဆင်ခဲ့လေ၏။

ကျွန်တော်သည် လက်ဆွဲသားရေအိတ်တစ်လုံး၊ အိပ်ရာလိပ်တစ်ခုနှင့် ရေကြောင်းခရီးမှ ထွက်လာခဲ့ပြီးနောက် ပုဂံမြို့ရှိ ဘုရားများကို လည်းကောင်း၊ မန်းစကျ်တော်ရာသို့ လည်းကောင်း နှံ့စပ်အောင် လှည့်လည်ဖူးမြော်ပြီးလျှင်

mgyoe.com

mgyoe.com

စာပို့သင်္ဘောနှင့် ရန်ကုန်မြို့သို့ ဆိုက်ရောက်ခဲ့လေ၏။ ရန်ကုန်မြို့၌မူ အသိမိတ်ဆွေ မရှိခဲ့သည်ဖြစ်၍ ကုန်သည်လမ်း ရှိုင်ရယ်ဟိုတယ်၌ တည်းခိုနေထိုင်ခဲ့ရာ ကျွန်တော် ဆိုက်ရောက်ပြီးသည့် နောက်တစ်နေ့၌ပင် မင်းကတော်ကြီး ဒေါ်သိန်းတင်ဆိုသူနှင့် ၎င်းသမီး မခင်ထားတို့သည် ကောင်းမွန်သားနားသော သားရေသေတ္တာကြီးများ၊ အိပ်ရာလိပ်ကြီးများမှ စ၍ အဖိုးထိုက်တန်သော ခရီးဆောင်ပစ္စည်းများနှင့် ရှိုင်ရယ်ဟိုတယ်သို့ ဆိုက်ရောက်လာကြပြီးလျှင် ၎င်းဟိုတယ်၌ အကောင်းဆုံး အကျယ်ဝန်းဆုံးသော အခန်းကြီးတစ်ခန်းကို ငှားရမ်းနေထိုင်လျက် ရှိကြလေ၏။ ၎င်းတို့မှာလည်း ကျွန်တော်ကဲ့သို့ပင် ဘုရားဖူးလာရောက်ကြသော ဧည့်သည်များ ဖြစ်ကြ၍ ရန်ကုန်မြို့၌ အသိမိတ်ဆွေများရှိကြငြားသော်လည်း သူတစ်ပါးအိမ်၌ တည်းခိုနေထိုင်ရခြင်းကို ကျဉ်းကျုတ်သည်ဟု သဘောရ၍ ဟိုတယ်၌ တည်းခိုနေထိုင်ကြခြင်း ဖြစ်လေသည်။

၎င်းဟိုတယ်၌ တည်းခိုနေထိုင်ကြသောသူများမှာ များသောအားဖြင့် ဥရောပတိုက်သားများ ဖြစ်ကြ၍ ကျွန်တော်တို့ (၃) ဦးသာလျှင် မြန်မာလူမျိုးရှိသည်ဖြစ်သောကြောင့် ကျွန်တော်တို့သည် ရက်အနည်းငယ်အတွင်း သိဟောင်းကျွမ်းဟောင်းများ၏အလား၊ များစွာ အကျွမ်းတဝင် ဖြစ်ကြပြီးလျှင် စေတီပုထိုးတို့ကို လှည့်လည်ဖူးမြော်ရာ၌ လည်းကောင်း၊ ရန်ကုန်မြို့၏ ကျက်သရေဖြစ်သော အဆောက်အအုံကြီးများကို လှည့်လည်ကြည့်ရှုရာ၌ လည်းကောင်း အစဉ်မပြတ် အတူတကွ သွားရောက်လည်ပတ်ကြလေ၏။ မင်းကတော်ကြီး၏သမီး မခင်ထားမှာ ကျွန်တော်နှင့် သက်တူရွယ်တူမျှဖြစ်သည့်ပြင် ပင်ကိုအားဖြင့် အပြစ်ဆိုဖွယ်ရာ မရှိလောက်အောင်ပင် ချောမောလှပသော ရုပ်အဆင်းကို အပြစ်ဆိုဖွယ်ရာမရှိသော အဝတ်အစားတို့ဖြင့် ဆင်ပြင်ဝတ်စားလျက် ရှိရကား၊ လပုံသဏ္ဌာန်ရှိသော ရင်ထိုးကို ရင်ဘတ်တွင် စိုက်ထိုးလျက် စတိုင်ကောင်း၊ ရုပ်ကောင်း၊ အမူကောင်း၊ အပြောကောင်း အစစအရာရာ၌ ကောင်းသော မိန်းကလေးတစ်ယောက် ဖြစ်သည်နှင့်အညီ ကျွန်တော် အညာသား မောင်လှဦးသည် တားမနိုင်ဆီးမရအောင် ချစ်မေတ္တာစိတ် ယိုဖိတ်လျက် ရှိခဲ့လေ၏။

မိခင်ဖြစ်သူ မင်းကတော်ကြီးသည် ကျွန်တော်၏ စိတ်အကြံကို ရိပ်မိဟန် လက္ခဏာရှိသော်လည်း ပိတ်ပင်တားဆီးလိုသည့် လက္ခဏာမရှိဘဲ ကျွန်တော်တို့နှစ်ဦးအား 'မျက်နှာလွှဲ' ၍ ထားခဲ့သည်ဖြစ်ရာ တစ်နေ့သ၌ ကန်တော်ကြီးသို့ အလည်အပတ် သွားရောက်ကြစဉ်တွင် ကျွန်တော်သည် မိမိ၏နှလုံးသားကို မခင်ထားအား ဖွင့်ဟပြောဆိုခဲ့လေ၏။ မခင်ထားကလည်း ကျွန်တော်၏ စကားကို ပယ်ရှားခြင်းမရှိဘဲ တစ်ဦးအား တစ်ဦး ချစ်ခင်စုံမက်ကြောင်းကို

mgyoe.com